

ချစ်ရပါသော အိုမန်နီ
ငြိမ်းအိအိထွေး
Design by Thein Tun Oo

# ချစ်ရပါသော အိုမန်နီ

## ငြိမ်းအိအိထွေး

7.Aug.2018.

ဧပြီဦး စာပေတိုက်နှင့် ဖြန့်ချိရေး
တိုက် ၁၂၊ အခန်း ၆၄၊ ပြည်ရိပ်မွန် ၆ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၇၃၀ ၆၀ ၂၆၉၊ ၀၉ ၇၇၀ ၈၅၀၄၆၄

## ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း**
သိန်းထွန်းဦး

**မျက်နှာဖုံးပန်းချီနှင့်ဓာတ်ပုံ**
ဝေယံ

**မူပိုင်**
ဒေါ်မြင့်သိန်း
အမှတ် ၃၃၁(က)၊ အောင်သိဒ္ဓိလမ်း၊
ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်မြင့်ကေခိုင်(ဧပြီဦးစာပေတိုက်) ၀၂၂၆၂
တိုက် ၁၂၊ အခန်း ၆၄၊ ပြည်ရိပ်မွန် ၆ ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
သားနုယဉ် ရောင်စုံပုံနှိပ်တိုက်
အမှတ် ၄၅၄၊ ကြားညှိုလမ်း၊
အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်။

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၈၀၀ ကျပ်

# မာတိကာ


| | | |
|---|---|---|
| ၁။ | ချစ်ရပါသော အိုမန်နီ (၁) | ၇ |
| ၂။ | ချစ်ရပါသော အိုမန်နီ (၂) | ၁၁ |
| ၃။ | ချစ်ရပါသော အိုမန်နီ (၃) | ၁၅ |
| ၄။ | ချစ်ရပါသော အိုမန်နီ (၄) | ၁၉ |
| ၅။ | ချစ်ရပါသော အိုမန်နီ (၅) | ၂၃ |
| ၆။ | ချစ်ရပါသော အိုမန်နီ (၆) | ၂၇ |
| ၇။ | ချစ်ရပါသော အိုမန်နီ (၇) | ၃၂ |
| ၈။ | ချစ်ရပါသော အိုမန်နီ (၈) | ၃၇ |
| ၉။ | ချစ်ရပါသော အိုမန်နီ (၉) | ၄၀ |
| ၁၀။ | ချစ်ရပါသော အိုမန်နီ (၁၀) | ၄၇ |
| ၁၁။ | ချစ်ရပါသော အိုမန်နီ (၁၁) | ၅၂ |
| ၁၂။ | ချစ်ရပါသော အိုမန်နီ (၁၂) | ၅၇ |
| ၁၃။ | ချစ်ရပါသော အိုမန်နီ (၁၃) | ၆၂ |
| ၁၄။ | ချစ်ရပါသော အိုမန်နီ (၁၄) | ၆၉ |
| ၁၅။ | ချစ်ရပါသော အိုမန်နီ (၁၅) | ၇၄ |
| ၁၆။ | ချစ်ရပါသော အိုမန်နီ (၁၆) | ၈၁ |
| ၁၇။ | ချစ်ရပါသော အိုမန်နီ (၁၇) | ၈၆ |
| ၁၈။ | ချစ်ရပါသော အိုမန်နီ (၁၈) | ၉၂ |
| ၁၉။ | ချစ်ရပါသော အိုမန်နီ (၁၉) | ၉၈ |
| ၂၀။ | ချစ်ရပါသော အိုမန်နီ (၂၀) | ၁၀၄ |

| | | |
|---|---|---|
| ၂၁။ | ချစ်ရပါသော အိုမန်နီ (၂၁) | ၁၀၉ |
| ၂၂။ | ချစ်ရပါသော အိုမန်နီ (၂၂) | ၁၁၅ |
| ၂၃။ | ချစ်ရပါသော အိုမန်နီ (၂၃) | ၁၂၁ |
| ၂၄။ | ချစ်ရပါသော အိုမန်နီ (၂၄) | ၁၂၇ |
| ၂၅။ | ချစ်ရပါသော အိုမန်နီ (၂၅) | ၁၃၂ |
| ၂၆။ | ချစ်ရပါသော အိုမန်နီ (၂၆) | ၁၃၈ |
| ၂၇။ | ချစ်ရပါသော အိုမန်နီ (၂၇) | ၁၄၃ |
| ၂၈။ | ချစ်ရပါသော အိုမန်နီ (၂၈) | ၁၄၉ |
| ၂၉။ | ချစ်ရပါသော အိုမန်နီ (၂၉) | ၁၅၄ |
| ၃၀။ | ချစ်ရပါသော အိုမန်နီ (၃၀) | ၁၅၉ |
| ၃၁။ | ချစ်ရပါသော အိုမန်နီ (၃၁) | ၁၆၄ |
| ၃၂။ | ချစ်ရပါသော အိုမန်နီ (၃၂) | ၁၇၀ |
| ၃၃။ | ချစ်ရပါသော အိုမန်နီ (၃၃) | ၁၇၅ |
| ၃၄။ | ချစ်ရပါသော အိုမန်နီ (၃၄) | ၁၈၀ |
| ၃၅။ | ချစ်ရပါသော အိုမန်နီ (၃၅) | ၁၈၄ |
| ၃၆။ | ချစ်ရပါသော အိုမန်နီ (၃၆) | ၁၈၉ |
| ၃၇။ | ချစ်ရပါသော အိုမန်နီ (၃၇) | ၁၉၄ |

## ကျေးဇူးတင်စကား

လူတိုင်းလိုလို စိတ်ကူးယဉ်တတ်ကြပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေက ပိုစိတ်ကူးယဉ်တတ်ကြမလားပါပဲ။ အကြောင်းအရာမျိုးစုံကို ကိုယ်ဖြစ်ချင်တဲ့ ပုံစံလေးထဲဝင်အောင် စိတ်ကူးယဉ်ကြည်နူးတတ်ကြပြီး အဲဒီစိတ်ကူးယဉ်သူတွေထဲမှာ ကျွန်မလည်း တစ်ယောက်အပါအဝင်ပါ။ ခက်ခဲတဲ့အခြေအနေတွေကို စိတ်ကူးတတ်ကြပေမယ့် ကိုယ်ဝန်ဆောင်ထားတဲ့ ဘယ်အမျိုးသမီးကမှတော့ လေယာဉ်ပေါ်မှာ ရုတ်တရက် ကလေးမွေးရမယ့်အခြေအနေ၊ ကလေးမွေးပြီး ကိုယ်မသိခဲ့တဲ့ နိုင်ငံတစ်နိုင်ငံကို အရေးပေါ်ဆင်းသက်လိုက်ရမယ့် အခြေအနေ၊ အဲဒီနိုင်ငံမှာပဲ ခက်ခဲလွန်းတဲ့ အခြေအနေတွေကို အချိန် သုံးလကျော် ကျော်ဖြတ်ရမယ့် အခြေအနေတွေကိုတော့ စိတ်ကူးယဉ်ကြည့်ကြမှာ မဟုတ်ပါဘူးနော်။

ဒါပေမဲ့ ကျွန်မ ဒီ ' ချစ်ရပါသော အိုမန်နီ ' ဆိုတဲ့ တကယ့်ဖြစ်ရပ်မှန် အခြေအနေလေးကို ချရေးလိုက်တဲ့အခါ အမျိုးသမီးတော်တော်များများက ' သူတို့သာဆိုရင် ' ဆိုတဲ့ အတွေးနဲ့ စိတ်ကူးယဉ်ကြည့်ကြပြီး ကျွန်မကို ဂရုဏာသက်ခဲ့ကြတယ်၊ စာဖတ်ရတဲ့ အမျိုးသားတွေကတော့ မိခင်စိတ်ဓာတ်ကြောင့် ကျော်ဖြတ်နိုင်တယ်ဆိုတဲ့ အမျိုးသမီးတွေကို လေးစားတဲ့စိတ်နဲ့ ကျွန်မကို အသိအမှတ်ပြုခဲ့ကြတယ်။

အမှန်က ကျွန်မ ကြုံတွေ့ခဲ့ရပြီး ပြန်စဉ်းစားလိုက်တိုင်း ညအိပ်မပျော်နိုင်၊ မျက်ရည်ဝဲ၊ လက်ဖျားခြေဖျားတွေ အေးတဲ့အထိ ခံစားမိတဲ့အခြေအနေမှန်ကို သက်သာသွားအောင် အမှန်အတိုင်းပဲ ဖောက်ထုတ်ပစ်ချင်ခဲ့ပါတယ်။ စာတွေအဖြစ် ချရေးလိုက်ရင် ခံစားနေရတာ ပေ့ါပါးသွားမယ်လို့ စိတ်မှာဆုံးဖြတ်မိလို့ လိမ်ညာမှု လုံးဝမပါဘဲ ' ချစ်ရပါသော အိုမန်နီ(၁) ' က ဖြစ်ပေါ်လာခဲ့တာပါ။ အပိုင်း(၂) ကစပြီး မြန်မာနိုင်ငံပြန်ရောက်တဲ့ နောက်ဆုံးပိုင်း အပိုင်း (၃၇)၊ အခု စာအုပ်လေးအထိဖြစ်လာတာကတော့ လိုက်ပါခံစားပြီး အားပေးခဲ့တဲ့ စာဖတ်သူတစ်ယောက်ချင်းစီရဲ့ ကျေးဇူးကြောင့်ပါ။ ဒါကြောင့် ခွန်အားပေးခဲ့တဲ့ စာဖတ်သူတစ်ယောက်စီတိုင်းကို ကျေးဇူးအထူးတင်ပါတယ်။

ကျွန်မနဲ့ သိကျွမ်းခဲ့ဖူးချင်း မရှိဘဲ အရေးပေါ်အခြေအနေမှာ လေယာဉ်ပေါ်က လိုက်ဆင်းပေးခဲ့သလို မျက်နှာအမူအရာ၊ စကားတစ်လုံးချင်းစီကအစ ခွန်အားယူခွင့်ပေးခဲ့တဲ့ ဆရာစိုင်းကျော်တင့် (ဦးစိုင်း)ကို ကျေးဇူးအထူးတင်မိသလို နားလည်ပေး၊ကိုယ်တိုင် စိတ်ပူအားပေးခဲ့တဲ့

ဦးစိုင်းရဲ့ မိသားစုဝင်အကုန်လုံးကို ကျေးဇူးတင်ရပါတယ်။

အခက်အခဲ အဟန့်အတားတွေ အများကြီးကို ငြီးတွားမှုမရှိပဲ ကျော်ဖြတ်ပြီး ကျွန်မတို့ သားအမိနှစ်ယောက်နောက်ကို လိုက်လာခဲ့တဲ့၊ အဆိုးရွားဆုံးသော စိတ်ဓာတ်ကျစရာ အခြေအနေတွေမှာတောင် မျက်နှာတစ်ချက် မပျက်ဘဲ အတူလက်တွဲ ရင်ဆိုင်ပေးခဲ့တဲ့အပြင် ' ချစ်ရပါသော အိုမန်နီ ' ရေးဖို့ အတိုက်တွန်းဆုံးဖြစ်တဲ့၊ နောက်ဆုံး ခုလိုစာအုပ်ဖြစ်လာတဲ့အထိ အတူကြိုးစားပေးခဲ့တဲ့ ကျွန်မရဲ့အမျိုးသားကို ကျေးဇူးတင်မိပါတယ်။

တစ်ဦးတည်းသော သမီးဖြစ်တဲ့ ကျွန်မကို စက္ကန့်နဲ့အမျှ စိတ်ပူခဲ့ပြီး သမီးနဲ့ မြေးကို စောင့်ရင်း မြန်မာနိုင်ငံမှာ တစ်ယောက်တည်းပူပင်စွာ ကျော်ဖြတ်ခဲ့ရတဲ့ ကျွန်မရဲ့အမေ၊ ဖြစ်စဉ်အစ အဆုံး လိုက်ပါပူလောင်ရင်း တစ်သားတည်းခံစားပေးခဲ့တဲ့ ကျွန်မအမျိုးသားရဲ့ မိသားစု၊ ကျွန်မ သတင်းကြားတဲ့အချိန်ကနေ မြန်မာနိုင်ငံပြန်ရောက်တဲ့အထိ ထပ်တူ စိတ်ပူရင်း ဆုတောင်းပေးခဲ့ကြတဲ့ ဆွေမျိုးအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

အိုမန်နိုင်ငံက၊ Royal ဆေးရုံ NICU ထဲမှာ ကလေးတက်ရောက်ခဲ့တဲ့ကာလ နှစ်လတာအတွင်း ကလေးနဲ့ မိခင်ဖြစ်သူ ကျွန်မတို့ရဲ့ ဆေးကုသစရိတ်နဲ့ တည်းခိုမှုအတွက် တာဝန်ယူပေးခဲ့တဲ့ ကာတာလေကြောင်းလိုင်း၊ အိုမန်နိုင်ငံမှာ နေထိုင်ကြပြီး အစစအရာရာ ညီအစ်မအရင်းတွေလို ကူညီခဲ့ကြတဲ့ အိုမန်လေကြောင်းလိုင်းက မသစ္စာ အပါအဝင် မြန်မာလေယာဉ်မယ်များအားလုံး၊ ကျွန်မ အလုပ်လုပ်ကိုင်ရာ မြန်မာတိုင်းမ်ဂျာနယ်တိုက်က ဝန်ထမ်းမောင်နှမတွေနဲ့ အမျိုးသား အလုပ်လုပ်ကိုင်ရာ Xinhua သတင်းဌာနက တာဝန်ရှိသူအားလုံးနဲ့ နေထိုင်ရာ ကာလအတွင်း ကိုယ်တိုင်စကားနဲ့ဖြစ်စေ၊ ဖုန်း၊ စာ၊ အီးမေးလ်ကအစ အားတက်အောင် ပံ့ပိုးခဲ့ကြတဲ့ မိတ်ဆွေအားလုံးကို ကျေးဇူးတင်ပါတယ်။

နောက်ဆုံး အနေနဲ့ သမီး အသက်ရှင်ဖို့ကစပြီး ခုလို ကျန်းမာစွာ နေထိုင်ခွင့်ရအောင် စိတ်ရောကိုယ်ပါ အပြည့်အဝ ကြိုးစားပေးခဲ့တဲ့၊ ကျွန်မတို့ မိသားစုနဲ့ထပ်တူ လိုက်ပါပျော်ရွှင်ဝမ်းနည်းပေးကြတဲ့၊ အစစအရာရာ ကူညီပေးခဲ့ကြတဲ့ အိုမန်၊ Royal ဆေးရုံက ကလေးအထူးကြပ်မတ်ဆောင် NICU၊ လူမှုဆက်ဆံရေးဌာန၊ မိခင်အဆောင် အစရှိသဖြင့် တာဝန်ရှိသူ၊ ပတ်သက်ခဲ့သူမှန်သမျှကို စိတ်ရင်းနဲ့ တစ်သက်တာ ကျေးဇူးတင်ကြောင်း ပြောပါရစေ။

ငြိမ်းအိအိထွေး

# ချစ်ရပါသော အိုမန်နီ (၁)



ရေမြှာပေါက်တာ ဖြစ်မယ်၊
လုပ်ကြပါဦးဆိုပြီး ပြောတော့
လေယာဉ်ဝန်ထမ်းတွေ ကိုယ့်အနားမှာ
ခြေမကိုင်မိ လက်မကိုင်မိနဲ့
ပြာယာတွေ ခတ်ကုန်ကြပါတယ်။

စူးခနဲ ခါးထဲက အောင့်ရင်း တစ်ပြိုင်နက်တည်း ဗိုက်အောက်ပိုင်းတစ်ခုလုံး အီလည် လည် တင်းကျပ်ကျပ်ကြီး ဖြစ်နေတယ်။ နဖူးက ချွေးတွေကို လက်ခုံနဲ့သုတ်လိုက်ရင်း ပိတ်ထားတဲ့ မျက်လုံးကို ဖွင့်၊ လေယာဉ်ပြတင်းပေါက်ဆီ လှမ်းကြည့်လိုက်တယ်။

အာ. . . ခုချိန်ထိ လေယာဉ်က ပြေးလမ်းပေါ်ကနေ မတက်သေးဘဲ အချိန်ဆွဲပြီး လေယာဉ်ပြေးလမ်းအလိုက် တလက်လက် လင်းနေတဲ့ ရောင်စုံ မာကျူရီလမ်းပြမီး အလင်းရောင် တွေကြားထဲ ပြေးနေတုန်းပဲ။

အဲဒီနေ့က ဇူလိုင် ၁၄ ရက်နေ့။ မနက်စောစော လန်ဒန်ကနေ ထွက်လာတဲ့ လေ ယာဉ်နဲ့ ညနေဘက် ကာတာနိုင်ငံ၊ ဒိုဟာလေဆိပ်ရောက်ပြီး လေယာဉ်ပြောင်းစီးကာ မြန်မာနိုင်ငံ ကို ပြန်လာနေခဲ့တာ စာရေးသူ ကျွန်မတစ်ယောက်တည်း ဖြစ်ပြီး ကိုယ်ဝန်ကလည်း ငါးလကျော်၊ ခြောက်လထဲ ဝင်ခါစ။

လန်ဒန်မြို့မှာ နှစ်ပတ်ကြာကျင်းပခဲ့တဲ့ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများ တိုးတက် ကောင်းမွန်စေရန် သုံးသပ်ပြင်ဆင်ခြင်းဆိုတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မြန်မာတိုင်း(မ်) သတင်း စာက သတင်းသမားတစ်ယောက်အနေနဲ့ မြန်မာနိုင်ငံက တစ်ဦးတည်း သွားတက်ရောက်ခဲ့ပြီး အပြန်ခရီးအတွက် လေယာဉ်ကြာချိန်ပေါ် စိုးရိမ်တာကြောင့် လန်ဒန်က တက္ကသိုလ်ဆေးရုံမှာ ဆေးစစ်မှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။

ဆီးပိုးဝင်တယ်ဆိုတဲ့အဖြေကြောင့် ဆေးရုံကပေးလိုက်တဲ့ ဆေးတွေလည်း သေချာ သောက်ပြီး စိတ်ချရမှ မြန်မာနိုင်ငံကိုပြန်လာပေမယ့် ခု ဒိုဟာလေဆိပ်ကနေ မြန်မာနိုင်ငံကို ဆက် လက်ထွက်ခွာမယ့် လေယာဉ်ပေါ် ရောက်မှပဲ ဗိုက်အောက်ပိုင်းက သိသိသာသာကြီး တစ်မျိုးဖြစ်နေ ပါတယ်။ စီးလာတဲ့ လေယာဉ် (ကာတာလေကြောင်းလိုင်း အမှတ် QR 0918) က ခရီးသည်နည်း နေတာကြောင့် သုံးယောက်ခုံတန်းမှာ ကျွန်မတစ်ယောက်တည်း ထိုင်နေရင်း လေယာဉ်အိမ်သာကို ထသွားလိုက်၊ ရေတောင်းသောက်လိုက်၊ ဝမ်းချုပ်တာကြောင့် ခုလို ခံစားနေရတာဖြစ်မယ်ဆိုပြီး လေယာဉ်ဝန်ထမ်းတွေဆီက ဝမ်းနုတ်ဆေးတွေ (မရပေမယ့်) တောင်းသောက်လိုက်နဲ့ နည်းနည်း ပျာယာခတ်လာတဲ့ ကျွန်မကို လေယာဉ်ဝန်ထမ်းတွေလည်း သတိထားမိလာပါပြီ။

ကျွန်မကို နောက်ထပ် ဂရုတစိုက် သတိထားကူညီလာသူက ရုံးမှာ အတူအလုပ်လုပ် ဖူးတဲ့ စီနီယာအစ်မတစ်ယောက်ရဲ့ အမျိုးသားဖြစ်ပြီး သူက အမေရိက,ကအပြန် ဒိုဟာလေယာဉ် ကွင်းချိန်းမှာ ကျွန်မနဲ့ စတင်သိကျွမ်းခဲ့သူ ဦးစိုင်းပါ။

ကျွန်မ အိမ်သာဘက် လမ်းလျှောက်လိုက်၊ ပြန်ထိုင်လိုက်၊ မျက်လုံးမှိတ်ထားလိုက် ဖြစ်နေချိန်မှာ အရှေ့ပိုင်း သူ့ထိုင်ခုံကနေ လာနှုတ်ဆက်ပြီး 'အဆင်ပြေရဲ့လား သမီး၊ ဘာလုပ်ပေးရမလဲ' လို့ မေးခဲ့ပေမယ့် ကျွန်မ အဆင်ပြေတယ်ပဲ ဖြေဖြစ်ခဲ့ပါတယ်။ ကိုယ်ဝန် ဒုတိယကာလ အပတ် (သုံးလကနေ ခြောက်လအတွင်း)မှာ လိပ်ခေါင်းရောဂါလည်း ကိုယ်ဝန်ဆောင်မိခင်တွေ ရတတ်တယ်လို့ စာတွေထဲ ဖတ်ထားရတော့ ဝမ်းချုပ်နေတဲ့ ကျွန်မ၊ ခုလို မအီမသာဖြစ်နေတာဟာ လိပ်ခေါင်းဖြစ်ချင်လို့များလားလို့ပဲ အတွေးရောက်နေပါတယ်။

လန်ဒန်ကို ခရီးမထွက်ခင်မှာ မြန်မာနိုင်ငံက နာမည်ကြီး ကလေးနဲ့ သားဖွားအထူးကုဆေးခန်းတစ်ခုမှာလည်း စစ်ဆေးမှုတွေပြုလုပ်ခဲ့သလို လန်ဒန်ကနေ မြန်မာနိုင်ငံ မပြန်လာခင်မှာလည်း လန်ဒန်မှာ ဆေးစစ်မှုတွေ ခံယူခဲ့တာမို့ ကလေးမမွေးနိုင်သေးဘူးလို့တော့ တစ်ထစ်ချ စိတ်ချထားခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးတစ်ခေါက် အိမ်သာသွားတော့ ဘယ်လိုမှ မထိုင်နိုင်ပဲ တင်းကျပ်ကျပ်အပြင် ထိုးအောင့်သလိုကြီး ဖြစ်နေတာကြောင့် အိမ်သာက ပြန်အထွက်မှာ ထိုင်ခုံ မသွားတော့ဘဲ လေယာဉ်အနောက်ပိုင်းက လွတ်နေတဲ့ခုံတန်းမှာ လေယာဉ်ကပေးတဲ့ ခြုံစောင်တွေနဲ့ ခေါင်းအုံးတွေ ထပ်ပြီး လှဲအိပ်လိုက်ပါတယ်။

ပထမဆုံး ကိုယ်ဝန်ဆောင်ဖြစ်တာမို့ ဗိုက်က အပြင်ကို သိပ်မထွက်ပေမယ့် အထဲမှာတော့ ကလေးက တစ်ချိန်လုံးလိုလို လှုပ်နေခဲ့တာပါ။ ဒါပေမဲ့ လှဲအိပ်နေရင်း ဗိုက်ထဲက ကလေးကို အာရုံစိုက်ကြည့်လိုက်တော့ လှုပ်မနေတာကို သတိထားမိလိုက်ပါတယ်။ ကလေးမွေးခါနီးဆိုရင် ကလေးက မလှုပ်တော့ဘဲ အောက်ဘက်ကို ဆင်းလာတယ်ဆိုတဲ့ ဖတ်ထားတဲ့စာအုပ်ထဲက စာကြောင်းတွေကို သတိရမိတာမို့ လန့်သွားသလို၊ ဗိုက်ကလည်း တော်တော်ကို တင်းကျပ်လာပါပြီ။ အဲဒါကြောင့် လှဲအိပ်မနေတော့ဘဲ လေယာဉ်ဝန်ထမ်းတွေကို လှမ်းခေါ်ကာ အရှေ့ပိုင်း ခုံတန်းတစ်ခုမှာရှိမယ့် ဦးစိုင်းကိုပဲ အနားကိုခေါ်ပေးဖို့ အကူအညီတောင်းလိုက်ပြီး ခြေထောက်တစ်ဖက်ကို ခုံတန်းပေါ်မှာ ဒူးထောက်သလို တင်၊ နောက်တစ်ဖက်ကို အောက်မှာထောက်ပြီး နေရသက်သာမယ့် ပုံစံမျိုးနဲ့ မတ်တတ်ရပ်နေလိုက်ပါတယ်။

အနားကို အမြန်ပြေးလာတဲ့ ဦးစိုင်းကို ကျောပိုးအိတ်ထဲက အကိုက်အခဲပျောက်ဆေးနှစ်လုံးနဲ့ ပိုးသတ်ဆေးကို ထုတ်ပေးဖို့ အကူအညီတောင်းရင်း အနားမှာဝိုင်းနေတဲ့ လေယာဉ်ဝန်ထမ်းတွေကို ဝမ်းနုတ်ဆေးပဲ အတင်းတောင်းနေမိပါတယ်။ ဘာမှမဖြစ်ဘူးနော်၊ မစိုးရိမ်ပါနဲ့ အားလုံးအဆင်ပြေမှာပါ၊ ဆရာဝန်နဲ့ ဆေးအဖွဲ့လည်း ရှိပါတယ်လို့ လေယာဉ်မယ်တွေက ခဏခဏပြော


ပေမယ့် ဆရာဝန်ဆိုတဲ့လူကို လုံးဝမတွေ့တာကြောင့်၊ ချွေးတွေရွှဲနေတဲ့ ကျွန်မ ဒေါသသံနဲ့ပဲ ' ဘယ်မှာလဲ၊ ခုပြောနေတဲ့ ဆရာဝန်၊ ငါ တကယ် သူ့ကိုလိုအပ်နေပြီ၊ ခုခေါ်ပေးတော့ ' လို့ပြောတော့ လေယာဉ်မယ်တွေ ပြန်ငြိမ်သွားကြပါတယ်။

ကျွန်မလက်ထဲကို ဆေးတွေ ဦးစိုင်း လာထည့်ပေးချိန်မှာပဲ မရတော့ဘူး၊ ဗိုက်ထဲက ဘာဖြစ်တာလဲ မသိဘူး၊ လိပ်ခေါင်းထွက်တာ ဘယ်လိုမျိုးလဲဆိုပြီး မေးနေရင်း တစ်ခုခုက အောက်ကို ထိုးဆင်းသွားပြီး ဗွမ်းခနဲ ရေတွေ ကိုယ်ထဲက ထွက်ကျသွားပါတယ်။ မျက်လုံးပြူး အလန့်တကြား ဖြစ်ရင်း ရေတွေ အများကြီးထွက်သွားပြီ။ ရေမြွှာပေါက်တာ ဖြစ်မယ်၊ လုပ်ကြပါဦးဆိုပြီး ပြောတော့ လေယာဉ်ဝန်ထမ်းတွေ ကိုယ့်အနားမှာ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ပြာယာတွေ ခတ်ကုန်ကြပါတယ်။

ရေက အများကြီး မဟုတ်ပေမယ့် ဘောင်းဘီတစ်လျှောက် ဆင်းသွားပြီး ဒူးထောက်တင်ထားတဲ့ ခုံမှာပါ ရေနဲ့ သွေး ရောနေတာတွေ ပေကုန်ပါတော့တယ်။ ကျွန်မစိတ်ထဲမှာ ရေမြွှာပေါက်ပြီဆိုတော့ သေချာပြီ၊ ကလေးက ထွက်လာတော့မှာ။ ဒါပေမဲ့ သားဦးကလေးဆိုရင် ရေမြွှာပေါက်ပြီး ငါးနာရီ ဒါမှမဟုတ် တစ်ရက်လောက်ကြာပြီးမှ ကလေးက အပြင်ကို ထွက်လာတတ်တယ်လို့ စာတွေထဲ ဖတ်ထားတာကို ပြန်သတိရနေပါတယ်။

■ ■ ■

# ချစ်ရပါသော ဒိုမန္နီ (၂)



မတ်တပ်ရပ်နေရင်း လေယာဉ်ဝန်ထမ်းတွေကို ဆရာဝန်ခေါ် ပေးဖို့ ပြောနေရင်း၊ တခြား ခရီးသည်တွေပါ အာရုံစိုက်လာတာခံနေရင်းနဲ့ကို ခုန ရေမြွာပေါက်သလိုမျိုး ထိုးဆင်းတဲ့ ခံစားချက်က ဒုတိယအကြိမ် ထပ်ဖြစ်လာပါတယ်။ နောက်တစ်ခါ ရေတွေ ထပ်ဆင်းတော့မယ်လို့ ထင်ပေမယ့် တကယ်တမ်း အပြင်ကိုထွက်ကျလာတာက ဗိုက်ထဲက ကလေးလေးဆိုတာကို သူထွက်ကျနေရင်း လှုပ်နေချိန်မှာ ကျွန်မကိုယ်တိုင် လက်နဲ့စမ်းကြည့်လိုက်ပြီး အလန့်တကြား သိသွားပါတယ်။

'ကလေး . . . ကလေးထွက်လာတာ. . . လှုပ်နေတယ်. . . လုပ်ကြပါဦး' လို့ လေယာဉ်ဝန်ထမ်းတွေကို အော်ပြော၊ သူတို့ကလည်း လေယာဉ်ပေါ် သီးသန့်ခန်းလည်း မရှိတာမို့ လေယာဉ်အနောက်ဘက်ဆုံးနေရာမှာ စောင်တွေ အထပ်လိုက်ခင်း၊ ခေါင်းအုံးလေးတွေ စီရင်း အဲဒီမှာပဲ လှဲအိပ်လိုက်ဖို့ ပြောပါတယ်။ အနားမှာရှိတဲ့ ဦးစိုင်းကို ပုခုံးကနေ ကျော်ဖက်တွယ်ရင်း ထွက်ကျနေတဲ့ ကလေးကို ထိမိမှာစိုးလို့ အသာလမ်းလျှောက်ပြီး အဲဒီစောင်တွေပေါ် လှဲအိပ်လိုက်ပါတယ်။ လေယာဉ်ဝန်ထမ်းနဲ့ ဦးစိုင်းက ကျွန်မဝတ်ထားတဲ့ ကိုယ်ဝန်ဆောင်တွေပါ ဝတ်နိုင်တဲ့ အပျော့သားဘောင်းဘီကိုရော၊ ခြေအိတ်၊ ရှူးဖိနပ်တို့ကိုပါ အကုန်ချွတ်လိုက်ပြီး အပြင်ကိုရောက်နေပြီဖြစ်တဲ့ ကလေးလေးကို ဆွဲမလိုက်ကြပါတယ်။

ချက်ကြိုးက တန်းလန်းအတိုင်းပဲမို့ ကလေးကိုဆွဲရင် တင်းခနဲ ဖြစ်သွားတာကြောင့် မဆွဲဖို့ အမူအရာနဲ့ပြောလိုက်ရင်း ကလေးကို လှမ်းကြည့်လိုက်တော့ ငိုလည်း မငိုပဲ မျက်လုံးအပြူးသားနဲ့ ဟိုဒီလျှောက်ကြည့်နေတဲ့ ကလေးသေးသေးလေးတစ်ယောက်ကို တွေ့ရပြီး သူ့မျက်နှာက အညိုရောင် ဖြစ်နေတာပါ။

လေယာဉ်မောင်တစ်ယောက်က ကျွန်မ ခေါင်းနားကနေ အောက်ဆီဂျင်ဘူးလေးနဲ့ ကျွန်မကို ပေးရှူပေမယ့် မလိုဘူးလို့ငြင်းပြီး ကလေးကိုပဲ အောက်ဆီဂျင် ပေးရှူစေလိုက်ပါတယ်။ ဒါပေမဲ့ ကလေးက မငိုတော့ အနားမှာဝိုင်းနေတဲ့ လေယာဉ်မောင်မယ်တွေ မျက်နှာတွေပျက်နေကြတာပါ။ ကျွန်မလက်ထဲကို ကလေးလှမ်းထည့်ပြီး 'ဒီမှာ ကလေးကို အမေ့ရင်ဘတ်ထဲ ထည့်ပြီး နွေးပေးပါ' လို့ ပြောပေမယ့် ကလေးတစ်ခုခုဖြစ်ရင် သူတို့ အပြစ်မကင်းဖြစ်မှာစိုးလို့ ကျွန်မလက်ထဲ အတင်းထည့်နေတယ်လို့ စိတ်ထဲမှာ ခံစားမိပါတယ်။ အဲဒီအချိန်မှာပဲ ကလေးက 'ဝါး ဝါး' ဆိုပြီး အသံအကျယ်ကြီးနဲ့ အော်ငိုပါတော့တယ်။

အဲဒီတော့မှ 'ကလေးမသေဘူး၊ အသက်ရှိတယ်၊ ဝေး' ဆိုပြီး လေယာဉ်မောင်မယ်တွေ အကုန်ထအော်ကြ၊ ကျွန်မဘေးက လေယာဉ်မယ်က ကလေးနာမည်ကို ကာတာလေယာဉ်ပေါ် မှာ

မွေးလို့ ' ကာတာရီ ' လို့ ပေးသင့်ကြောင်း၊ ကလေးက ချောကြောင်း၊ သေးပေမယ့် အသက်ရှိပြီး လှုပ်ရှားနေတာမို့ စိတ်မပူရကြောင်းတွေ တဖွဖွပြောနေပါတယ်။

ကျွန်မလည်း ကလေးလည်း အပြင်ရောက်ပြီဆိုတော့ နာရီကြည့်ချင်ပါတယ်၊ နောက်ထပ် ဘယ်လောက်ကြာရင် မြန်မာနိုင်ငံရောက်မလဲဆိုတာလည်း သိချင်ပါပြီ၊ အမျိုးသားနဲ့ ကျွန်မမိခင်လည်း လေဆိပ်မှာ လာကြိုဖို့ပြင်နေတာ ခုန ဒိုဟာမှာ အင်တာနက်ကနေ ဖုန်းပြောကတည်းက သိနေတာမို့ ပြန်ဖို့ပဲ အာရုံစိုက်မိပါတယ်။

အဲဒီအချိန်မှာ အရှေ့ပိုင်း လေယာဉ်ခရီးသည်တွေထဲက မြန်မာအမျိုးသမီး ဆရာဝန်တစ်ဦး ထွက်လာပြီး ကျွန်မဆီလာကာ ကလေးကိုလည်း ကြည့်၊ ကျွန်မကိုလည်း စကားပြောရင်း ကလေးအသက်ရှင်ကြောင်း စိတ်မပူဖို့တွေ လာပြောပါတယ်။ ဒါပေမဲ့ လေယာဉ်မောင်မယ်တွေကို ဦးဆောင်သူ အရာရှိတစ်ဦးက လေယာဉ်ကို နီးစပ်ရာ နိုင်ငံတစ်နိုင်ငံမှာ ဆင်းတော့မှာဖြစ်ပြီး ကျွန်မကိုထားခဲ့မယ်ဆိုတာ သိလိုက်ချိန်မှာ အံ့ဩဝမ်းနည်းပြီး ' ဘာဖြစ်လို့လဲ၊ ကျွန်မ အိမ်ပြန်ချင်ပါတယ်၊ လေယာဉ်ဆက်မောင်းပေးပါ ' လို့ပဲ ပြောလိုက်ပါတယ်။

တကယ်တော့ ကျွန်မဗိုက်ထဲက ကလေးထွက်အပြီးမှာ ချက်ကြိုးကို မဖြတ်ရသေးပဲ ကလစ်နဲ့ ညှပ်ထားသလို အချင်းလည်း ထွက်မလာသေးပါဘူး။ လေယာဉ်ပေါ်က မဆင်းချင်တဲ့ ကျွန်မက တစ်ယောက်ထဲဆို မဆင်းနိုင်ကြောင်း အနားမှာ ကျွန်မကို ဓာတ်ပုံတွေ ဗီဒီယိုတွေ ဖုန်းနဲ့ ရိုက်နေတဲ့ ဦးစိုင်းကို အားကိုးတကြီး လှမ်းကြည့်လိုက်ပြီး ' သမီးနဲ့ လိုက်ဆင်းပေးပါ ' လို့ လှမ်းအကူအညီ တောင်းလိုက်ပါတယ်။ အဲဒီအချိန်မှာ စိတ်ဓာတ်က တော်တော်ကို ကျသွားတာပါ။ ဦးစိုင်းကလည်း ' အိုခေနော် သမီး ဘာမှမဖြစ်ဘူး၊ စိတ်အေးအေးထား ဦးစိုင်း လိုက်ဆင်းပေးမယ်၊ စိတ်မပူနဲ့ ဘေးမှာ ဦးလေးရှိပါတယ် ' လို့ ပြောပေမယ့် လေယာဉ်ဝန်ထမ်းတွေက တစ်ကယ်လို့ ဦးစိုင်းပါ လိုက်ဆင်းရင် နောက်ထပ်ပြန်မယ့် လေယာဉ်လက်မှတ်ကအစ ကိုယ့်ပိုက်ဆံနဲ့သာ ရှင်းရမှာဖြစ်ကြောင်း၊ ကာတာလေကြောင်းလိုင်းက တာဝန်မယူကြောင်း၊ မွေးလာတဲ့ ကလေးအတွက်သာ တာဝန်ယူမှာဖြစ်ကြောင်းတွေ ဆက်တိုက် ပြောလာပါတော့တယ်။

ကျွန်မလည်း ' ရတယ်၊ ကုန်ကျစရိတ် ကျွန်မတို့ ရှင်းပါ့မယ်၊ တစ်ယောက်တည်းတော့ ဘယ်လိုမှ အဆင်မပြေပါဘူး၊ ဒီ ဦးလေးက ကျွန်မအတွက် စိတ်ချရတဲ့ ကူညီမယ့်သူပါ ' လို့ပြောပြီး ဦးစိုင်းကိုလည်း ကျွန်မ အိတ်တွေ၊ ပတ်စပို့စ်၊ ဖိနပ်၊ ချောကလက်အိတ် စတာတွေကို လှမ်းပြောပြလိုက်ပါတယ်။ ခဏ ထပ်အကြာမှာတော့ လေယာဉ်က တစ်ဖြည်းဖြည်း ဆင်းသွားပြီး လေယာဉ်


ကွင်းတစ်ခုမှာ ကျွန်မကို လူနာတင်ကတ်ပေါ် တင်ကာ အရေးပေါ် ဆင်းပေါက်ကနေ အောက်ကို ချလိုက်ပါတယ်။ လေယာဉ်ပန်ကာကြောင့် လေတွေ တဟူးဟူး တိုက်နေတဲ့ကြားက ပူရှိန်းနေတဲ့ အထိအတွေ့ကို ရလိုက်ပြီး အနားမှာ ဦးစိုင်းလည်း အထုပ်တွေ မနိုင်မနင်းနဲ့ လိုက်ဆင်းခဲ့ကာ ကျွန်မ လှမ်းကြည့်လိုက်တိုင်း ပြုံးပြနေခဲ့ပါတယ်။

ကလေးကို ရင်ဘတ်ပေါ် မှာတင်ပြီး လူနာတင်ကဒ်ပြားပေါ် ကနေ အရေးပေါ် ဆေးရုံ ကားထဲ ပြောင်းရွှေ့ခံလိုက်ရပေမယ့် နောက်ထပ် အချိန်တစ်နာရီနီးပါးက လေယာဉ်ကွင်းထဲက ထွက်ခွင့်မရသေးဘဲ လုံခြုံရေးအရ စစ်ဆေးနေတယ်လို့ပဲ သိရပါတယ်။ ဆေးရုံကားပေါ် မှာ ပါလာတဲ့ ဆရာဝန်နဲ့ ဆေးရုံဝန်ထမ်း အမျိုးသားတွေက ကျွန်မ ရာသီလာတဲ့ နောက်ဆုံးရက်ကို တွက်ချက်ကာ ကလေးကို ချက်ကြိုးဖြတ်၊ ကျွန်မကိုလည်း စိတ်မပူဖို့ပြောပြီး ကားထဲက ခုံတန်းလေးမှာ ထိုင်နေတဲ့ ဦးစိုင်းကလည်း တစ်ချိန်လုံး စိတ်မလျှော့ဖို့ ပြောနေခဲ့ပါတယ်။ ချက်ကြိုးဖြတ်ပြီးတာနဲ့ ဆရာဝန်လို့ ယူဆရတဲ့ ဆေးရုံဝန်ထမ်းက ကလေးကို ချီထားပါတယ်။

လေဆိပ်ရဲအရာရှိတချို့ ကျွန်မ လှဲအိပ်နေရတဲ့ အရေးပေါ် ကားနောက်ခန်းထဲ ဝင်လာပြီး စစ်ဆေးကြည့်ကာ အချင်းချင်း အင်္ဂလိပ်စကားမဟုတ်တဲ့ ဘာသာစကားတစ်ခုကို ပြောဆိုရင်း နောက်ဆုံး သွားခွင့်ပြုလိုက်ပါတယ်။ ကားပေါ် က ဆေးရုံဝန်ထမ်းတွေကို ကျွန်မတို့ ဘယ်မှာ ရောက်နေတာလဲဆိုတာ မေးကြည့်မှ အရှေ့အလယ်ပိုင်း နိုင်ငံတစ်ခုဖြစ်တဲ့၊ အိုမန်နိုင်ငံ (ဆူလ်တန်နိုင်ငံတစ်နိုင်ငံ) ဖြစ်ကြောင်း သိရပါတယ်။ အရှေ့အလယ်ပိုင်းလို့ ကြားလိုက်တာနဲ့ ပါကစ္စတန်၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား၊ အီရတ်၊ အီရန် ၊ ဆော်ဒီအာရေဗျ၊ ဒူဘိုင်း စတဲ့ ကိုယ်သိထားတဲ့ နိုင်ငံနာမည်တွေ ခေါင်းထဲကို ဆက်တိုက်ဝင်လာသလို ဘာတွေဆက်ဖြစ်ဦးမလဲ ဘာပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်ရမယ်ဆိုတဲ့ အတွေးက ခပ်မြန်မြန် ရောက်လာပါတော့တယ်။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၂)



ကလေးလေး. . .
ခု ဘယ်နားမှာများရှိနေမလဲ၊
သီးသန့် ဆေးကုဆောင်မှာထားတယ်လို့တော့
သိရပေမယ့် ခု ကိုယ်နေတဲ့နေရာနဲ့
ဘယ်လောက်ဝေးမလဲ၊ သွားကြည့်လို့ရမလား၊
ကလေးက အင်္ဂါမှုစုံရဲ့လား . . .

ကုန်းအမြင့်တစ်ခုကို တက်နေသလို ခံစားရပြီး အချိန်အနည်းငယ်အကြာမှာ မြေနိမ့်ပိုင်းကို ပြန်ဆင်းသွားတဲ့ ခံစားချက်က ကားပေါ်မှာ ပက်လက်အနေအထားနဲ့ သိနေတာကြောင့် ဒီနိုင်ငံဟာ တောင်တန်းတွေကြားထဲမှာများလားလို့ စဉ်းစားနေမိရင်း ခေါင်းရင်းဘက်မှာရှိတဲ့ ဆေးရုံဝန်ထမ်းချိတ်ထားတဲ့ ကလေးဆီလည်း စိတ်ကရောက်နေပါတယ်။ သိပ်မကြာခင် မီးအလင်းရောင်တွေ စူးရှတောက်ပနေတဲ့ ဆေးရုံဝင်းတစ်ခုထဲ ရောက်လာပြီး ပက်လက်လှဲနေတဲ့အတိုင်းပဲ တွန်းလှည်းကတစ်ဆင့် မွေးခန်းလို့ယူဆရတဲ့ အခန်းထဲကို ခေါ်ဆောင်သွားပါတယ်။

ဆရာစိုင်းလည်း အထုတ်တွေနဲ့ မွေးခန်းထဲထိ ဘေးမှာလိုက်ပါရင်း၊ အားပေးနေခဲ့ပေမယ့် ဆေးရုံတာဝန်ရှိသူတွေက အချင်းထုတ်မှာဖြစ်တဲ့အတွက် အပြင်ကို ခဏထွက်ပေးဖို့ ပြောတာကြောင့် အခန်းအပေါက်ဝနားမှာ သူရှိကြောင်း အသံပြုရင်း စောင့်နေပါတယ်။ ခဏအကြာမှာ ကလေးအခန်းကို ဆရာစိုင်း လိုက်သွားဖို့ လာခေါ်နေသံကြားရပြီး မကြာခင် သူပြန်ရောက်လာပါတယ်။ သူ ပြန်မရောက်ခင်အချိန်လေးအတွင်းမှာတော့ အချင်းလည်း ထွက်လာနိုင်ပြီမို့ ဆရာဝန်တွေက ' စိတ်မပူဖို့၊ စိတ်အေးအေးထားပြီး ဘာလုပ်ချင်လဲ ' လို့ပဲ မေးပါတယ်။

ရေအရမ်းငတ်ပြီး ဗိုက်လည်း အရမ်းဆာနေတာကို ပြောပြတော့ သူနာပြုတစ်ယောက်က ရေသန့်ဘူးအသေး၊ ပန်းသီးတစ်လုံး၊ ကိတ်မုန့်အသေးတစ်ခုနဲ့ အချိုရည်ဘူး အသေးလေးတစ်ခု လာပေးပါတယ်။ အားလုံးကို ချက်ချင်း စားပစ်လိုက်ပြီး သန့်ရှင်းရေးလုပ်ဖို့ သန့်စင်ခန်းကိုမေးပြီး ခုတင်ပေါ်က ထထိုင်ရင်း ဆင်းဖို့လုပ်တော့ သူနာပြုတွေ အံ့ဩပြီး တွန်းလှည်းနဲ့သွားဖို့ ခဏစောင့်ဖို့ ပြောတာကြောင့် သူတို့ယူလာတဲ့ တွန်းလှည်းပေါ်ထိုင်ရင်းနဲ့ပဲ သန့်စင်ခန်းသွား၊ သန့်ရှင်းရေးလုပ်ပြီး၊ ပန်းရောင်အကျႌလက်ရှည်နဲ့ ဘောင်းဘီရှည် ဆေးရုံဝတ်စုံ လဲလိုက်ပါတယ်။ ခုန မွေးခန်းကိုပဲ ပြန်သွားပြီး ဆရာစိုင်းကို ခဏစောင့်ကာ မိခင်တွေထားတဲ့အဆောင်ကို ဆက်သွားရပါတော့တယ်။ အမြန်ပြန်လာတဲ့ ဆရာစိုင်းလည်း ကလေးအဆင်ပြေကြောင်း အားပေးစကားပြောရင်း မိခင်ဆောင်က ကုတင်အထိ လိုက်၊ ခဏအကြာမှာ ကာတာလေကြောင်းလိုင်းက လာခေါ်တဲ့ တာဝန်ရှိသူနဲ့အတူ ဆေးရုံနဲ့အနီးဆုံးဟိုတယ်ကို လိုက်ထွက်သွားပါတယ်။

မနက်ခင်း အစောပိုင်း ၂ နာရီဝန်းကျင်လို့ ခန့်မှန်းမိတာကြောင့် စိတ်တုံးတုံးချပြီး ဘာဖြစ်ဖြစ် ရင်ဆိုင်နိုင်ဖို့ အားရှိဖို့လိုတယ်၊ အဲဒါကြောင့် အိပ်မှဖြစ်မယ်ဆိုတဲ့ အသိစိတ်ကြောင့် ကြိုးစားအိပ်ခဲ့ရတယ်။

ဘာတွေ ဆက်ဖြစ်လာဦးမလဲ၊ ခု ဘာတွေဖြစ်နေတာလဲ၊ အိပ်မက်မက်နေတာများ

လား၊ ဘာမှ မစဉ်းစားချင်တော့ဘူး . . .

ဆေးရုံခုတင် တစ်ခုချင်းစီကို လိုက်ကာအနီရောင်ကြီးတွေနဲ့ ကာရံထားပြီး သန့်ရှင်းရေး ဝန်ထမ်းတွေ ခဏခဏ သန့်ရှင်းရေးတွေလုပ်ကြတယ်၊ ဆရာဝန်အငယ်တွေနဲ့ သူနာပြုတွေ ခဏခဏ လာကြည့်တယ်၊ နာ့စ်က ဆေးတွေ လာပေးတယ်။ ညက တကယ်ကြီး ကလေးမွေးပစ်လိုက်တာလား၊ လေယာဉ်ပေါ်ကနေ နီးရာနိုင်ငံကို ဆင်းလိုက်တာ တကယ်ပဲလားလို့ တွေးရင်း ဟာတာတာဖြစ်နေတဲ့ ဗိုက်လေးကို စမ်းကြည့်၊ အငြိမ်မနေတတ်တဲ့ ဗိုက်ထဲက ကလေးလေးကို ချက်ချင်း လွမ်းသွားတယ်။

ကလေးလေး. . . ခု ဘယ်နားမှာများရှိနေမလဲ၊ သီးသန့် ဆေးကုဆောင်မှာထားတယ်လို့တော့ သိရပေမယ့် ခု ကိုယ်နေတဲ့နေရာနဲ့ ဘယ်လောက်ဝေးမလဲ၊ သွားကြည့်လို့ရမလား၊ ကလေးက အင်္ဂလိပ်မှုစုံရဲ့လား၊ ဘာတွေများဖြစ်နေမလဲ၊ မသွားကြည့်ဘဲ ခုလို ငြိမ်ငြိမ်လေး ဆက်လှဲနေတာပဲ ကောင်းမလား။ အဲဒီအတွေးပေါင်းစုံနဲ့ပဲ လှဲနေရင်းက စိတ်ကို တည်ငြိမ်အောင် ထိန်းနေရပါတယ်။ ဒါပေမဲ့ ဘေးကပ်လျက် ခုတင်က ကလေးပုခက်စင်က ကလေးငိုသံ၊ မိခင်ရဲ့ စုတ်သပ်ပြီး ချော့သံ၊ ခြေရင်းဘက်ခုတင်က နာလို့အော်နေတဲ့ မိခင်တစ်ယောက်ရဲ့အသံ၊ နောက် ခုတင်တစ်ခု အကျော်က ကလေး ရုတ်တရက် ထအော်ငိုသံ၊ တစ်ခြားအခန်းတစ်ခုက ကလေးတွေ အော်သံတွေက လှဲနေတဲ့ ကာလတစ်ခုလုံး လူကို စိတ်ပိုဖိစီးအောင် လုပ်နေသလိုပါပဲ။

Maternity ward 2 ရဲ့ ထောင့်ဆုံးအခန်း၊ ထောင့်ဆုံးခုတင် နံပါတ်(၆)မှာ နေရတာမို့ ကိုယ့်ဘယ်ဘက်မှာ စကြံလမ်းကို ထွက်လို့ရမယ့် မှန်တံခါးကြီးတွေကို လိုက်ကာအနီရောင်တွေနဲ့ပဲ ဆွဲပိတ်ထားပါတယ်။ အပေါ့သွားချင်လို့ ခုတင်ပေါ်က ထပေမယ့် ခန္ဓာကိုယ်အောက်ပိုင်း (ဝမ်းဗိုက်အောက်ပိုင်းတစ်ခုလုံး) နာနေတဲ့အတွက် ကုန်းပြီး ဖြည်းဖြည်းချင်း လမ်းထလျှောက်၊ အခန်းအပြင်ထွက်ကြည့်မှ ကိုယ်နေတဲ့အခန်းနဲ့ ဆင်တူ နောက်တစ်ခန်းအကျော်မှာ သန့်စင်ခန်းရှိနေတာတွေ့ရပါတယ်။ သန့်စင်ခန်းဆီ ဖြေးဖြေးချင်းသွားပြီးအပြန် အခန်းကို တန်းမပြန်လာသေးပဲ ဝင်ပေါက်တည့်တည့်ကို ဆက်လျှောက်ကြည့်တော့ သူနာပြုတွေ စုပြီး ထိုင်နေကြတဲ့ စားပွဲကောင်တာ တစ်ခုကို တွေ့ရတယ်။ နောက် အဲဒီနားက နံရံတွေထဲမှာ မြှုပ်ထားတဲ့ အယ်လ်အီးဒီ စခရင်မ်တွေကနေ ဆေးရုံရဲ့ စားသောက်ပုံစနစ်၊ သန့်ရှင်းရေးကို ဂရုစိုက်ဖို့နဲ့ မိခင်နဲ့ ကလေး သိသင့်တာတွေ ဆက်တိုက် တစ်ခုပြီးတစ်ခု ပေါ်နေပါတယ်။

တိုင်ကပ်နာရီတစ်ခုကို လှမ်းမြင်လို့ အချိန်ကြည့်မိတော့ မနက် ၄ နာရီ။ ခုချိန်

မြန်မာနိုင်ငံမှာ ဘယ်နှစ်နာရီရှိနေမလဲ၊ ခုလို ကျွန်မ လေယာဉ်ပေါ် ကလေးမွေးပြီး အရှေ့အလယ်ပိုင်း နိုင်ငံတစ်နိုင်ငံမှာ ဆင်းကျန်ရစ်နေတာ အိမ်က သိပြီလား၊ လေဆိပ်မှာ လာကြိုနေမယ့် ကျွန်မ အမျိုးသားနဲ့ မိခင်ကိုရော လေယာဉ်ပေါ်က ဆင်းလာတဲ့လူတွေက ကျွန်မအကြောင်း ဘယ်လို ပြောပြကြမလဲ၊ စတာတွေ စိတ်လှုပ်ရှားစွာတွေးရင်း မတ်တတ်ရပ်နေမိတယ်။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၄)



သူတို့လည်း
ကိုယ့်ကိုဆက်သွယ်လို့ရပြီပဲ၊
စိတ်ပူစရာ လျော့သွားတာပေါ့လို့
ဖြေတွေးရင်း ကိုယ့်ခုတင်ဆီကို
ပြန်လျှောက်လာပါတော့တယ်။

သူနာပြု ခပ်ငယ်ငယ်တစ်ယောက်က . . .

' အိုး . . . အစ်မ၊ ဖိနပ်လည်း မပါဘဲ လျှောက်သွားနေတာလား၊ သန်းခေါင်ကမှ ကလေး မွေးထားတဲ့ မိခင်ထင်တယ်၊ အခန်းပြန်နေပါ၊ ရအောင် အိပ်ပါ ' လို့ ဖွတ်အတင်း လာပြောပါတယ်။ ကျွန်မလည်း ပြန်ပြုံးပြ ခေါင်းညိမ့်ပြပြီး အခန်းဆီကို လမ်းပြန်လျှောက်လာကာ ဖြစ်သမျှအကြောင်း အကောင်းပါပဲ၊ ခုချိန်ထိ အသက်ရှင်နေသေးတာ ကံကောင်းတာပဲမဟုတ်လားလို့ ဖိတွေးပြီး ခုတင်ပေါ် ပြန်လှဲနေလိုက်ပါတယ်။

မွေးခန်း အိပ်ပျော်မလိုရှိသေး လိုက်ကာကို ဟလိုက်တဲ့အသံကြောင့် မျက်လုံးဖွင့်ကြည့် လိုက်တော့ အညိုရောင် အင်္ကျီ၊ ဘောင်းဘီရှည်ဝမ်းဆက်နဲ့ အိန္ဒိယနွယ်ဖွားလို့ ယူဆရတဲ့ သန့်ရှင်း ရေးဝန်ထမ်း အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ကျွန်မခုတင်နားမှာ သန့်ရှင်းရေးလုပ်ရမလားလို့ အမူ အရာနဲ့ လှမ်းပြောပါတယ်။ ကျွန်မက ပြုံးပြပြီး ' အိုခေပါ လုပ်နိုင်ပါတယ် ' လို့ စကားပြန်ပြောတော့ သူက ကြမ်းတိုက်၊ ဖုန်သုတ် လုပ်စရာရှိတာတွေ ဆက်တိုက်လုပ်ပါတော့တယ်။ အရမ်းပင်ပန်းလာ တယ်လို့ စိတ်က လေးလာတာကြောင့် မျက်လုံးအသာမှိတ်ပြီး ငြိမ်နေလိုက်ပေမယ့် အခန်းပေါက် ဝကနေ ' နီရမ် ရှိလား ' လို့ အော်မေးတဲ့အသံ ဆက်တိုက်ကြားနေရတယ်။

ခဏစဉ်းစားပြီး ကျွန်မနာမည်က Nyein ဆိုတော့ တခြားနိုင်ငံရောက်တိုင်း အသံထွက် ခေါ်ကြည့်ကြဖို့ ခက်ပြီး ပထမဆုံးအကြိမ် စနှုတ်ဆက်ခံရတိုင်း နီရမ်၊ နီရင်၊ ညီရင် စတာတွေထွက် တတ်တာမို့ ခုတင်ဘေးတန်းကို ကိုင်ကာ ကုန်းရုန်းထရင်း ' ငါ့ကို ခေါ်တာလား ' လို့ လိုက်ကာကို ဖွင့်ပြီး မေးလိုက်ပါတယ်။ သူနာပြုက ' အော် . . . နင်ဖြစ်မယ်၊ တခြားနိုင်ငံက ဖုန်းလာနေတယ်၊ နင့် နာမည်နဲ့၊ လာ ငါ့နောက်လိုက်ခဲ့ ' ဆိုပြီး ရှေ့က ထွက်သွားတာမို့ ဗိုက်အောက်ပိုင်း နာနေပေမယ့် အပြေးတစ်ပိုင်း အမြန်လျှောက်ရင်း ခုနက သွားကြည့်တဲ့ကောင်တာကို ရောက်လာပါတယ်။ ဖုန်း ချထားတာတွေ့လို့ ' အဲဒါ ငါ့ဆီလာတဲ့ ဖုန်းလား ' လို့ မေးပြီး မြန်မြန်ကောက်ကိုင်လိုက်တော့ မြန်မာနိုင်ငံက ကျွန်မအမျိုးသားရဲ့ အစ်မငယ် မငြိမ်းရဲ့အသံကို စကြားရပါတယ်။

' ငြိမ်းလား . . . စိတ်မပူနဲ့တော့၊ အဆက်အသွယ်ရပြီ၊ ခု ဘယ်လိုနေလဲ၊ ကိုယ့်အတွက်ပဲ ဂရုစိုက်၊ ကလေးကို စိတ်ထဲမထားနဲ့ဦး၊ အဆင်ပြေမှာ ' လို့ ဆက်တိုက် အမောတကော ပြောသံ ကြား၊ ကိုယ်က လည်ပင်းထဲမှာ တစ်ဆို့ပြီး ဘာမှပြန်မပြောနိုင်လို့ သူက စိတ်ပူပြီးထပ်ပြော၊ စိတ် တင်းပြီး ' ဟုတ်ကဲ့ အဆင်ပြေပါတယ် အစ်မ၊ ဘာမှမဖြစ်ဘူးနော် ' လို့ ပြန်ပြောနေရင်း ဖုန်းက ကျသွားပါတော့တယ်။

အနားမှာထိုင်ပြီး ကွန်ပျူတာထဲ စာရင်းတွေထည့်နေတဲ့ သူနာပြုတွေကို ‘ ဖုန်းပြန်ဆက်ချင်တယ် ’ လို့ လှမ်းပြောတော့ သူတို့က တခြားနိုင်ငံက ဖုန်းဖြစ်ကြောင်း၊ ပြန်ဆက်လို့ မရကြောင်း၊ သူတို့ထပ်ခေါ်ရင် ပြန်ပြောပေးမယ့်အကြောင်း ပြောပါတယ်။

အိမ်ကလည်း သိပြီဆိုတဲ့ အသိစိတ်ကြောင့် လူက နေမထိ ထိုင်မသာနဲ့ ဘာလုပ်ရမလဲ ဘာလုပ်ရမလဲပဲ ထပ်ကာထပ်ကာ တွေးနေရင်း နာရီကို လှမ်းကြည့်မိတော့ မနက် ၅ နာရီခွဲကျော်ပဲ ရှိသေးတာကို တွေ့ရပါတယ်။ အချိန်အနည်းငယ်ကြာအောင် ထိုင်စောင့်နေတာမို့ သူနာပြုတွေက အခန်းမှာ ပြန်နားသင့်ကြောင်း၊ ဘယ်နိုင်ငံကလဲ၊ ဘာလူမျိုးလဲ စတာတွေမေးရင်း အတင်းကို ပြန်အိပ်ခိုင်းပြန်ပါတယ်။ ကျွန်မလည်း နောက်ဆံတင်းရင်းကပဲ အခန်းဘက်ကို လမ်းပြန်လျှောက်လာရင်း ခုတင်ပေါ်ပြန်တက်ပြီး ထိုင်နေပေမယ့် နောက်ထပ် ဖုန်းထပ်လာမယ်ဆိုတာ သိနေတဲ့အတွက် လိုက်ကာဖွင့်ထားပြီး လာခေါ်မယ့် ညာဖက်ခြမ်းတံခါးအပေါက်ဝကိုပဲ လှမ်းမျှော်နေမိခဲ့ပါတယ်။

အလင်းရောင်သန်းလာပြီဖြစ်တဲ့အတွက် ခုတင်ရဲ့ ဘယ်ဘက်ခြမ်း မှန်တံခါးကနေ အပြင်ကို လှမ်းကြည့်တော့ သံလွင်ပင်လို့ ထင်ရတဲ့ အပင်အုပ်အုပ်လေးတွေ၊ ရှားစောင်းလက်ပက်ပင်တွေနဲ့ ရေပန်းတစ်ခု၊ အဲဒါတွေကို ကျော်ပြီး သုံးထပ်အဆောက်အအုံတစ်ခုရဲ့ စင်္ကြံလျှောက်လမ်းကို လှမ်းတွေ့ရတာမို့ ဆေးရုံရဲ့ နောက်ထပ်အဆောင်တစ်ခုဖြစ်မယ်လို့ သတ်မှတ်လိုက်ပါတယ်။ ခဏအကြာ ‘ နီရမ်ရေ ဖုန်းထပ်လာပြီ ’ လို့ အော်သံကြားတာနဲ့ ခုတင်ပေါ်က ခုန်ဆင်း၊ စီးစရာ ဖိနပ်လည်း မရှိတာမို့ ခြေဗလာနဲ့ပဲ တယ်လီဖုန်းထားရာ ကောင်တာကို အပြေးသွားပါတယ်။ ချထားတဲ့ ဖုန်းခွက်ကို တွေ့တာနဲ့ အမြန်ကိုင်လိုက်တော့ ခုန စကားပြောတဲ့ အမျိုးသားရဲ့အစ်မငယ်အပြင်၊ အမျိုးသားကပါ ‘ အဆင်ပြေရဲ့လား၊ ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ၊ အားမငယ်နဲ့ ’ လို့ ပြောတဲ့အသံတွေ ကြားရပါတယ်။

ပြီးတော့ ဖုန်းစပီကာဖွင့်ထားတဲ့ အနေအထားမို့နဲ့ အမေ့ကို ‘ မေကြီး ပြောလိုက်ဦးလေ ’ လို့ ဝိုင်းပြောနေတဲ့ အသံတွေရယ်၊ ‘ သမီးလေး ဘာမှအားမငယ်နဲ့နော်၊ ကိုယ့်အတွက်ပဲ ဂရုစိုက်နော် ’ လို့ ငိုသံနဲ့လှမ်းပြောတဲ့ အမေ့အသံ၊ နောက် အမျိုးသားရဲ့အစ်မကြီး မထားရဲ့အားပေးသံ စကားမဆုံးခင် ဖုန်းက ထပ်ကျသွားပါတယ်။

သေချာပါတယ်။ ဒါဆိုရင်တော့ ဖုန်းဆက်ခ များလွန်းတာကြောင့် ဖုန်းခေါ်ရင်း ပိုက်ဆံကုန်သွားလို့ ကျကျသွားတာဖြစ်မယ်၊ သူတို့လည်း ကိုယ့်ကို ဆက်သွယ်လို့ရပြီပဲ၊ စိတ်ပူစရာ လျော့

သွားတာပေါ့လို့ ဖြေတွေးရင်း ကိုယ့်ခုတင်ဆီကို ပြန်လျှောက်လာပါတော့တယ်။ ခုတင်ပေါ် ပြန်လှဲနေရာက အစ္စလာမ်အမျိုးသမီးတွေ ခေါင်းကိုဆောင်းတဲ့ ခေါင်းဆောင်းပဝါ အနက်တွေနဲ့ချည်းဆေးရုံတစ်ခုလုံးက ဝန်ထမ်းတွေကို တွေ့ရတာမို့ ဒါက အစ္စလာမ်နိုင်ငံတစ်နိုင်ငံဆိုတာ သေချာမယ်လို့ တွေးနေရင်း ယူနီဖောင်း ကာကီရောင်နဲ့ ခပ်ဝဝ အမျိုးသမီးတစ်ယောက်က ကတ်ထူစာရွက်တစ်ခုကိုလာပေးရင်း ဒီနေ့အတွက် မနက်စာက ကြက်ဥ၊ဆန်ပြုတ်၊ ပေါင်မုန့်နဲ့ ချိစ်တွေ ဖြစ်ကြောင်း၊ နေ့လယ်စာကို ရွေးပါဆိုပြီး အင်္ဂလိပ်လိုပြောပေမယ့် အသံဝဲလွန်းတာကြောင့် နားစိုက်ထောင်မှ ' ကြက်သားလား အမဲသား ' လို့ မေးတာကိုသိရပြီး ကြက်သားလို့ ပြန်ဖြေ၊ နောက်အရွက်သုပ်လားလို့ သူက ပြန်မေး၊ ကိုယ်လည်း ပြီးပြီးရော ' အဆင်ပြေတာသာ ပေးပါ ' လို့ ပြောတော့ ' မရဘူး၊ ရွေးပါ ' လို့ ပြောလာပြန်ပါတယ်။

ညစာအတွက်လည်း သူမေးတာတွေ ကိုယ်ပြောချင်တာတွေ လျှောက်ပြောပြီး အတိုင်အဖောက် မညီစွာပဲ ၁၅ မိနစ်လောက်အကြာမှာ အစားအသောက်စာရင်းကိုစွ ပြီးသွားပါတယ်။ သူထွက်သွားပြီး ခဏအကြာမှာ မနက်စာစားချိန် မနက် ၆ နာရီရောက်ပြီမို့ ဘယ်ဘက်စင်္ကြံတစ်လျှောက်ကနေ တဂျိုးဂျိုးနဲ့ အစားအသောက်တွန်းလှည်းတွေနဲ့ ဝန်ထမ်းတွေ တွန်းဝင်လာကြပါတော့တယ်။

■ ■ ■

# ချစ်ရပါသော အိုမန်နဒီ (၉)



အောက်ဆီဂျင် ပိုက်အကြီးကြီးတစ်ခုကို
နှာခေါင်းပေါက်မှာ တပ်ထားပြီး
ပါးနှစ်ဖက်မှာ မရွေ့အောင်
ဖော့တုံးတွေ ညှပ်ခံပြီး
တိပ်တွေနဲ့ ကပ်ထားတဲ့
ညိုပုပ်ပုပ် မျက်နှာသေးသေးလေး ...

မနက်စာက စပါးလို ဂျုံလို အနှံတစ်မျိုးကို နို့နဲ့ ခပ်ပျစ်ပျစ်ပြုတ်ထားတာရယ်၊ ကြက်ဥ၊ ပေါင်မုန့်၊ တစ်ခါစား ချိစ်အသေးလေးတွေနဲ့ ရေသန့်ဘူးသေး တစ်ဘူး။

နောက်ထပ် ဘာတွေပဲကြုံရပါစေ ရင်ဆိုင်နိုင်ဖို့ ဗိုက်ထဲအဆာရှိမှ ဖြစ်မယ်ဆိုတဲ့ အသိနဲ့ ဆံ့သလောက် စားပစ်တယ်။ ခဏအကြာ ဆရာဝန်တစ်ဖွဲ့ ဆေးရုံတွင်း လှည့်လည်တဲ့အချိန် ကိုယ့်ခုတင်ကိုရောက်တော့ နာမည်မခေါ်တတ်၊ နိုင်ငံနာမည် ပြောပြတော့လည်း မသိကြတာနဲ့ ကလေးမွေးခဲ့တဲ့ အစအဆုံးကို ရှင်းပြလိုက်တယ်။ ဗိုက်အောက်ပိုင်း နာနေတာကို စစ်ဆေးတယ်၊ ' မစိုးရိမ်ရဘူး ' လို့ ပြောပြီး ပြန်ထွက်သွားကြတယ်။ ခဏကြာတော့ သူနာပြုတွေ ရောက်လာပြီး ဆေးတွေပေးတယ်။ သူတို့ရှေ့မှာပဲ သောက်ခိုင်းတာမို့ အကုန်သောက်လိုက်ပြီး ကလေးမွေးတဲ့ ဖြစ်စဉ်ကို ဝိုင်းမေးမြန်းကြတာမို့ အစကနေ တစ်ခေါက် ပြန်ပြောပြလိုက်ရတယ်။

ဘာဆက်လုပ်ရမယ် မသိလို့ ငုတ်တုတ်ထိုင်နေရင်းက မနက် ၁၀ နာရီဝန်းကျင်မှာ ဦးစိုင်းရောက်လာပြီး ' ကလေးဆီ သွားကြည့်ကြမယ် ' လို့ခေါ်တယ်။ အိမ်က ဖုန်းလာတဲ့အကြောင်း ပြန်ပြောပြတော့ ဦးစိုင်းက သူ ဟိုတယ်ရောက်ရောက်ချင်း ဇနီး မေနန်းကနေတစ်ဆင့် ကိုယ့်အမျိုး သားရဲ့အိမ်ကို ဆက်သွယ်လိုက်ကြောင်း သိရတယ်။ တကယ်ကို ကျေးဇူးတင်မိတယ်။ ဦးစိုင်းက သူနေတဲ့ဟိုတယ်နဲ့ ဒီဆေးရုံနဲ့က သိပ်မဝေးပေမယ့် အပြင်မှာ ရာသီဥတုအရမ်းပြင်းလို့ လမ်းဖြည်း ဖြည်းလျှောက်ပေမယ့် လမ်းလျှောက်သူကလည်း သူတစ်ယောက်တည်းဖြစ်နေတာကို တအံ့တသြ ပြောပြတယ်။ သူ့ကိုကြည့်လိုက်တော့ ပင်ကိုအသားဖြူဖြူက နေပြင်းမိထားလို့ အနီရောင်ဘက် သန်းနေပြီ။ အဲဒီထက် ပိုအရေးကြီးတာက မနေ့က ကိုယ် လေယာဉ်ပေါ်မှာ ကလေးမွေးကတည်း က သူ့ကိုလှမ်းဖက်ရင်း ပေကျံနေတဲ့ အင်္ကျီကိုပဲ ဆက်ဝတ်ထားတယ်။

ဟုတ်တယ်။ သူ့မှာရော ကျွန်မမှာပါ ခရီးဆောင်အိတ်တွေ မရှိကြဘူး၊ နိုင်ငံကူးလက် မှတ်ကအစ လေဆိပ်က အကုန်သိမ်းထားလိုက်တော့ ကျွန်မကမှ ဆေးရုံအဝတ်အစားနဲ့ အဆင်ပြေ နေခဲ့သေးတယ်။ ဦးစိုင်းက ကိုယ့်မျက်နှာကိုကြည့်ပြီး ' အားလုံးအဆင်ပြေမှာပါ၊ သူ ခဏအိပ်ပြီး လာခဲ့တာ၊ ကလေးကလည်း ညက သူ့ရှေ့တင် သေချာဂရုတစိုက်ရှိကြကြောင်း ' နူးနူးညံ့ညံ့ပြော နေတယ်။

ကလေးသွားကြည့်ဖို့ကို ရင်အရမ်းတုန်ပြီး ချိတုံချတုံ ဇဝေဇဝါ အရမ်းဖြစ်နေလို့ ဦးစိုင်းက ကလေးက အသိရှိတယ်၊ အားပေးရမယ်၊ စကားလည်း ပြောပေးရမယ်ဆိုပြီး ဘေးက တိုက်တွန်းနေတယ်။ တကယ်က ကလေးကိုတွေ့ရင် ' ကိုယ် ခံနိုင်ရည်ရှိပါ့မလား၊ ကလေးက ဘယ်

လိုဖြစ်နေမှာလဲ၊ နောက်ထပ် ဘာတွေကြုံရမှာလဲ ' စသဖြင့် အတွေးတွေ တစ်ညလုံး ဖိစီးတဲ့စိတ်ကြောင့် ကြောင်တောင်တောင် ဖြစ်နေတာ။ နောက်ဆုံး သွားကြမယ်လို့ပြောလိုက်တော့ ဦးစိုင်းက 'ဒါဆို ဗှီးချဲ ခေါ်မယ် ' ဆိုပြီး သူနာပြုဆရာမတစ်ယောက်နဲ့ ဗှီးချဲ သွားယူလာတယ်၊ မလိုဘူးလို့ ပြောပေမယ့် ဖိနပ်လည်း မပါတာမို့ ကုတင်နားရောက်လာတဲ့ ဗှီးချဲပေါ် ပဲ တက်ထိုင်နေလိုက်တယ်။

သူနာပြုတစ်ယောက်က လျှောက်လမ်းအတိုင်း ဗှီးချဲကို တွန်းပေးပြီး မိခင်ဆောင်အပေါက်ဝကနေ အပြင်ထွက်လိုက်တော့ လျှောက်လမ်းကျယ်တစ်ခု ထပ်တွေ့ ညာဖက်ကိုကွေ့၊ ပြီးတော့ ဘယ်ဖက်ကို ထပ်ချိုးပြီး ပိတ်ထားတဲ့ တံခါးချပ်တစ်ခုရှေ့မှာ ဗှီးချဲကို ရပ်လိုက်တယ်။ ပြီးတော့ တံခါးကိုဖွင့်ဖို့ နံရံမှာရှိတဲ့ ဂဏန်းတွေထဲက လျှို့ဝှက်နံပတ်လေးလုံးကို နှိပ်လိုက်တော့ တံခါးပွင့်သွားတယ်။ တံခါးအတိုင်းဆက်သွားပြီး ဘယ်ဘက်မှာ နောက်ထပ်တံခါးတစ်ခုဖွင့်ဖို့ ခလုပ်ထပ်နှိပ်ပြီး ထပ်ဝင် သွားရကာ ညာဖက်ချိုး အခန်းသုံးခန်းအကျော်၊ နောက်ဆုံးအခန်းမှာ NICU room 1 ဖြစ်ပြီး တံခါးလည်း ဖွင့်ထားပါတယ်။

အခန်းထဲမှာ ရွှေ့နိုင်တဲ့ ဖန်ပေါင်းချောင်ငယ်တွေပေါ် မှာ အပြာရောင် မီးအုပ်ဆောင်းတွေ မိုးထားတဲ့ မြင်ကွင်းကိုမြင်ရပြီး ရင်တုန်နေဆဲမှာပဲ ဝင်ဝင်ချင်း ခုတင်နံပါတ် ၁ ဆိုတဲ့ ဘေးမှာ ကိုယ့်ဗှီးချဲကို ရပ်လိုက်ပါတယ်။

' သမီး. . . ဒါ သမီးရဲ့ ကလေးလေးလေ၊ သူ အရမ်းကြိုးစားနေတယ်၊ တော်လိုက်တဲ့ ကလေး ' လို့ ဦးစိုင်းက ဘေးကနေပြောနေပေမယ့် ဦးခေါင်းတစ်ခုလုံးကို အဖုံးစွပ်တစ်ခုနဲ့ ဖုံး၊ မျက်လုံးနေရာမှာ မျက်လုံးပိတ်၊ ပြီးတော့ အောက်ဆီဂျင် ပိုက်အကြီးကြီးတစ်ခုကို နှာခေါင်းပေါက်မှာတပ်ထားပြီး ပါးနှစ်ဖက်မှာ မရွေ့အောင် ဖော့တုံးတွေညှပ်ခံပြီး တိပ်တွေနဲ့ကပ်ထားတဲ့ ညိုပုပ်ပုပ်မျက်နှာသေးသေးလေး၊ နီရဲသေးငယ်ပြီး ရှည်မျောမျောခန္ဓာကိုယ်လေးမှာ လက်နှစ်ဖက်စလုံး အပ်တွေနဲ့ ပိုက်တွေ၊ ရင်ဘတ်နှစ်ဖက်စလုံးမှာလည်း နှလုံးခုန်နှုန်းတိုင်းနေတဲ့ စက်သေးသေးလေးတွေနဲ့ ကြိုးတွေ၊ ပါးစပ်ထဲမှာ ပိုက်တန်းလန်း၊ ခြေထောက်မှာ ခန္ဓာကိုယ်တွင်း အောက်ဆီဂျင်တိုင်းတဲ့ အနီရောင်ကိရိယာလေးနဲ့ နောက်တစ်ဖက်မှာ ' ကလေးမွေးစာရင်းနံပတ် ၁၂၂၁၃၁၂၂ ' ဆိုတဲ့ အပြာရောင်ကွင်းလေး။

ကြည့်နေရင်း မျက်လုံးတွေ ပျာခနဲဖြစ်သွားပါတယ်၊ လည်ပင်းမှာ ရုတ်တရက် ကျပ်ပြီး ရင်ဘတ်တွေ အောင့်လာတယ်၊ အသက်မရှူနိုင်တော့ပေမယ့် မျက်ရည်မကျအောင် မျက်တောင်ကို ခဏခဏပုတ်ခတ်ရင်း လက်ကို ပိုးသတ်ဆေးနဲ့ မြန်မြန်ဆေး၊ ကလေးပိစိလေး ထည့်ထားတဲ့


ပေါင်းချောင်ထဲကို လက်ထည့်လို့ရတဲ့ အပေါက်လေးရှိပြီး အဲဒီမှာ တာဝန်ကျနေတဲ့ သူနာပြု တစ်ယောက်က ဖွင့်ပေးတာနဲ့ လက်ထည့်လိုက်တော့ နွေးနေအောင်ပူနေတဲ့ ပေါင်းချောင်အတွင်း အထိအတွေ့။

'ကျွန်မ သူ့လက်ကလေးကို ခဏလောက် ထိလို့ရမလား' လို့ အနားမှာ လာရပ်ပြီး ကြည့်နေတဲ့ ဆရာဝန်တွေနဲ့ သူနာပြုတွေကို မော့ပြီးမေးလိုက်တော့ 'အို. . . ဘာလို့ မရရမှာလဲ၊ ဒါ နင့်ကလေးပါ၊ လက်တင်မကဘူး ခန္ဓာကိုယ်တစ်ခုလုံးကိုလည်း နင်ပိုင်ပါတယ်၊ ဖြည်းဖြည်းနော် ' လို့ နူးနူးညံ့ညံ့ ဖြေကြပါတယ်။

ကျွန်မရှေ့မှာ မြင်နေရတဲ့ ကျွန်မရဲ့ ကလေးလေး၊ ပြီးခဲ့တဲ့ တစ်ရက်မပြည့်ခင် နာရီ ပိုင်းမှာတောင် ဗိုက်ထဲမှာပဲ ရှိနေတဲ့ အမြဲလှုပ်နေတတ်တဲ့ သမီးလေးရဲ့ လက်သေးသေးလေးကို ကျွန်မ လက်နဲ့ ထိလိုက်ချိန်မှာ ဦးစိုင်းက အသံပေးလိုက်ပါဦးဆိုလို့ ' ကလေးလေးရေ ' လို့ ခေါ်လိုက်ပါ တယ်။

ချက်ချင်း ဝါးခနဲ ထအော်ပြီး ခြေလက်တွေအကုန်လှုပ်ရှား၊ နှလုံးခုန်နှုန်းတွေ အမြင့် ဆုံးကို တက်သွားပြီး ဆက်တိုက်အော်ငိုနေတဲ့ ကလေးလေးက စိတ်ထဲကနေ ကျွန်မကို သူ့ကို ခဏ ပစ်ထားမိလို့ ရန်တွေ့နေမှာ သေချာပါတယ်။ ကျွန်မလည်း ပါးစပ်က အသံမထွက်နိုင်ပေမယ့် စိတ်ထဲကနေ ' သမီးကို မေမေ အပြစ်မတင်ဘူးနော်၊ ကလေးအရမ်းတော်တယ်၊ အခုလည်း အရမ်း ခံနိုင်ရည်ရှိတယ်၊ အားတင်းထား၊ ခုအချိန်ဆိုတာ ခဏလေးပဲ၊ ခဏနေ ဒီအချိန်တွေကို ကျော်ဖြတ် ကြရမှာ၊ အဖြစ်အပျက်တွေ အားလုံးပြီးလို့ ပြန်စဉ်းစားကြည့်ရင်း အဆင်ပြေနေပြီနော် ' လို့ ဆက် တိုက်ပြောနေပါတယ်။

■ ■ ■



# ချစ်ရပါသော အိုမန့်နီ (၄)

တိုက်ဆိုင်တာက ကျွန်မစိတ်ထဲကနေ လှမ်းပြောနေတဲ့အချိန်မှာ ကလေးလေးက သူ့လက်သေးသေးလေးနဲ့ ကျွန်မလက်ကို မလွှတ်တမ်း အားနဲ့ဆုပ်ကိုင်ထားတာပါ။ လုံးဝ မလွှတ်ပဲ ကိုင်ထားပြီး ကျွန်မရော သူ့ပါ ခဏငြိမ်သွားတော့ ဘေးမှာဝိုင်းကြည့်နေတဲ့ ဦးစိုင်းရော ဆရာဝန်နဲ့ သူနာပြုတွေကပါ ' သိတယ် ကြည့်စမ်း၊ ကလေးက အရမ်းသိတာပဲ 'လို့ ပြောနေကြပါတယ်။

ဒါပေမဲ့ ခဏအတွင်းမှာပဲ ' နောက်တစ်ခေါက်မှ လာကြည့်ပါ၊ နင်အရမ်းပင်ပန်းနေပြီ၊ ဒီအခန်းက ၂၄ နာရီ နင့်ကို ကြိုဆိုပါတယ် ' လို့ ဆရာဝန်ကြီးတစ်ယောက်က ပြောတာကြောင့် ကျွန်မတို့ ပြန်ရမယ်ဆိုတဲ့အသိနဲ့ သမီးလေးကိုထားခဲ့ပြီး ကျွန်မ ခုတင်ရှိရာကို ပြန်ခဲ့ကြပါတယ်။ စိတ်ထဲမှာတော့ သမီးလေး ရှိနေတယ်၊ အသက်ရှင်တယ်၊ သူကြိုးစားနေတယ် ဆိုတာတွေ တွေးပြီး လတ်တလောမှာ စိတ်ကို အကောင်းဆုံးဖြစ်အောင်၊ အတည်ငြိမ်ဆုံးဖြစ်အောင် ဘယ်လိုနေမယ်။ ရှေ့ဆက် ဘာတွေကြုံရမလဲမသိပေမယ့် သမီးနဲ့အတူ အိမ်ပြန်ချင်နေပါတယ်။

ခုတင်ပြန်ရောက်တော့ ဦးစိုင်းက သူတည်းတဲ့ ဟိုတယ်ကအကြောင်းတွေရယ်၊ အိမ်ကလူတွေနဲ့ ဖုန်းပြောတဲ့အခါ ကလေးအကြောင်း ထည့်ပြောဖို့တွေ (မိသားစုအကုန်လုံးက ကလေးကိုလည်း သိပ်မျှော်လင့်ချက်မရှိတော့ဘဲ ကိုယ့်ကိုကိုယ်သာ ကျန်းမာရေးကောင်းဖို့၊ ဂရုစိုက်ဖို့တွေ စိတ်ပူပူနဲ့ ဝိုင်းမှာနေခဲ့တော့လေ) သားအမိဆိုတဲ့ဆက်နွယ်မှုက စိတ်နဲ့လှမ်းဆက်သွယ်လို့ ရတာကြောင့် ကလေးလေးကို လိုအပ်နေကြောင်း၊ ချစ်ကြောင်း၊ ချီးကျူးစကားတွေကို စိတ်ထဲကနေ လှမ်းလှမ်းပြောဖို့ လိုကြောင်းတွေ ပြောပြနေပါတယ်။

ပြီးတော့ စိတ်ပြေလက်ပျောက်ဖြစ်အောင် ဦးစိုင်း ငယ်ငယ်က ရှမ်းပြည်မှာ နေခဲ့တဲ့ အကြောင်းတွေ၊ နောက်ပြီး သူ့ဇနီး မေနန်းနဲ့ ဆုံတွေ့တာတွေ၊ ရှမ်းပြည်ကျေးလက်က တစ်ချို့ မီးနေသည်တွေ ဒီနေ့ ကလေးမွေး၊ နောက်နေ့ လုပ်ငန်းခွင်ဝင်ကြကြောင်းတွေကို အားတက်စရာ စကားပတ်ကုံး ပြန်ပြောပြနေပါတယ်။

ခုတင်ပေါ်မှာ လှဲရင်း ဦးစိုင်းပြောတာတွေကို ပုံဖော်နားထောင်လိုက်၊ သမီးဆီ စိတ်က ရောက်လိုက် ဖြစ်နေပေမယ့် စိတ်ကို အကြည်လင်ဆုံးထားနေလိုက်ပါတယ်။ ကျွန်မ မျက်နှာတွေ ပျက်၊ မျက်ရည်တွေ ကျ၊ ငိုယိုပူဆွေးနေရင် ကျွန်မအတွက် စွန့်စားပြီး ကိုယ်မသိတဲ့ နိုင်ငံတစ်နိုင်ငံကို လိုက်ဆင်းကျန်ရစ်တဲ့ ဦးစိုင်းကို စိတ်ဒုက္ခထပ်မပေးချင်လို့ပါ။

မွန်းလွဲ ၁ နာရီမှာ ဘယ်ဘက်စကြိုကနေ နေ့လယ်စာ တွန်းလှည်းတွေကို အညို ရောင်ဆင်တူ ဝတ်စုံတွေနဲ့ ဝန်ထမ်းတွေက အသံမြည်အောင်တွန်းရင်း တစ်ခန်းဝင် တစ်ခန်းထွက်

ရောက်လာကြပါတော့တယ်။

နေ့လယ်စာ။ ဒံပေါက်လို ထမင်းအဝါရောင်ထဲမှာ ဖာလာ၊ ဇီရာ၊ စမုန်စပါးနဲ့ အနံ့မွှေးတဲ့အရွက်တွေ ထည့်ချက်ထားတဲ့ ပူစပ်စပ်ထမင်းဖြစ်ပြီး ဟင်းကတော့ အရသာ လုံးဝမပါတဲ့ ကြက်သားအဖြူကြော် တစ်တုံးနဲ့ ဘူးသီး၊ အာလူးတွေ ရောချက်ထားတဲ့ ဟင်းရည်တစ်ခွက်၊ ပြီးတော့ ဒိန်ချဉ်ဘူးသေး တစ်ဘူးနဲ့ သခွားသီးတစ်ပန်းကန်။ ကိုယ့်ဘေးမှာ အားပေးစကားပြောနေတဲ့ ဦးစိုင်းကိုလည်း ဟိုတယ်မှာ ပြန်အနားယူသင့်ကြောင်း ကျွန်မ တိုက်တွန်းလိုက်ပါတယ်။ အပြင်မှာ ရာသီဥတု အရမ်းပြင်းတာကြောင့် ညကျမှ တစ်ခေါက်ထပ်လာမယ်လို့ သေချာမှာပြီး ပြန်သွားချိန်မှာ နေ့လယ်စာကို ဝင်သလောက် မြန်မြန်စား (မမြန်ရင် ပန်းကန်တွေ လာသိမ်းတဲ့အခါ ဘေးမှာ ဝန်ထမ်းက ကိုယ်စားနေတာကို မတ်တတ်ရပ်စောင့်နေတော့ အဆင်မပြေလို့) လိုက်ပါတယ်။

နောက် အိမ်သာဖက်ကို လမ်းလျှောက်သွား၊ ခုတင်ဖက် ပြန်လာ၊ ဗိုက်အောက်ပိုင်းက အရမ်းနာနေတော့ ခုတင်ပေါ် ပြန်တက်၊ ငြိမ်ငြိမ်လေး ပြန်လှဲနေရင်း လက်ထဲမှာ ဖုန်း အပါအဝင်၊ ပက်စပို့စ်၊ စာရွက်စာတမ်းတွေနဲ့ ဘာအိတ်မှမရှိတာကို ပြန်သတိရလာပါတယ်။ ဖုန်းကတော့ ဒီနိုင်ငံရဲ့ ဆင်းမ်ကဒ်ထည့်ဖို့ ဦးစိုင်းယူသွားတာဖြစ်ပြီး ကျန်တဲ့ပစ္စည်းတွေ အကုန်လုံးကိုတော့ လေဆိပ်က ယူထားလိုက်တာပါ။ ကုတင်ခေါင်းရင်းမှာ ကျွန်မ ကလေးမွေးတုန်းက ဝတ်ထားတဲ့ အင်္ကျီလေးနဲ့၊ ဘောင်းဘီကတော့ လွှင့်ပစ်လိုက်ရပြီး လေယာဉ်ပေါ်က စောင်တွေ ပတ်ထားခဲ့တဲ့ထဲက နောက်ဆုံး မွေးခန်းထဲထိ ကိုယ်နဲ့ပါသွားတဲ့ စောင်တစ်ထည်၊ သူနာပြုလေးတွေ လာပေးတဲ့ တစ်ခါသုံး အတွင်းခံနှစ်ထည်. . . အဲဒါတွေကို တစ်ခုချင်း သေချာလိုက်ကြည့်နေလိုက်ပါတယ်။ ဘာမှ လုပ်စရာမရှိတာမို့ အိမ်ကိုလည်း စိတ်က ပြန်ရောက်သွားတော့ ပူတဲ့စိတ်တွေ လှုပ်လှုပ်ရှားရှား ပြန်ဖြစ်သွားပြီး စိတ်ပူနေတာတွေကို လျော့ကျသွားအောင် လတ်တလော ကိုယ့်အခန်းထဲက ပတ်ဝန်းကျင်အသေးစားလေးကိုပဲ အာရုံစိုက်ထားလိုက်တယ်။

ခြေရင်းဘက်က ညည်းသံ ခဏခဏကြားရတဲ့ အမျိုးသမီးကြီးကိုတော့ သန့်စင်ခန်းဘက် လမ်းလျှောက်ရင်း တွေ့ပြီးပြီမို့ ကပ်လျက် ဘေးခုတင်မှာ မနေ့ညက အရမ်းအော်ငိုတဲ့ ကလေးလေးကို ကြည့်ချင်စိတ်ပေါ် လာတယ်၊ ဒါပေမဲ့ လိုက်ကာဆွဲဖွင့်ရမှာမို့ မကြည့်ဖြစ်တော့ဘဲ ကိုယ့်ခုတင် ဘယ်ဖက်အခြမ်းက မြင်နေရတဲ့ မှန်တံခါးကတစ်ဆင့် ဆေးရုံ ပန်းခြံငယ်လေးထဲကို လှမ်းကြည့်နေလိုက်တယ်။

အိမ်က အမေနဲ့ အမျိုးသား၊ နောက် မနုဖြူနဲ့ မန္တလေးက ဆွေမျိုးတွေ၊ အမျိုးသားရဲ့

မိသားစု၊ ပြီးတော့ ကိုယ့်အလုပ်ထဲက သူငယ်ချင်းတွေနဲ့ အပြင်က မိတ်ဆွေတွေ ကိုယ့်ကို ဘယ်လောက် စိတ်ပူနေကြမလဲလို့ တစ်ယောက်ပြီး တစ်ယောက် ဆက်တိုက်တွေးကြည့်နေတယ်။ ညနေ ၃ နာရီမှာ စကြဝဠာအတိုင်း တွန်းလှည်းသံ ထပ်ပေါ်လာပြီး ကိုယ့်ခုတင်ခြေရင်းမှာ ရပ်သွားလို့ လိုက်ကာ ဖယ်မယ့်အချိန် စောင့်ကြည့်လိုက်တော့ လက်ဖက်ရည်နဲ့ မုန့် လာပို့ချိန်။ ထားခဲ့ပါလို့ ပြုံးပြပြီး ပြောလိုက်တယ်။

ခဏအကြာမှာ သန့်ရှင်းရေးဝန်ထမ်းတွေ ရောက်လာပြီး ကြမ်းပြင်တွေ သန့်ရှင်းရေးလုပ်၊ လိုက်ကာစတွေ အကုန်စု သိမ်းလိုက်တာမို့ အခန်းထဲက ခုတင် ၆ လုံးစလုံးကို ရှင်းရှင်းလင်းလင်းမြင်ရပြီး တစ်ဖက်ခုတင် ၃ လုံးရှိတဲ့အထဲ ကိုယ်နေတဲ့ဘက်က ခုတင်တွေ လူပြည့်နေပေမယ့် ခြေရင်းပိုင်းက ခုတင် ၂ လုံး လွတ်နေတာကိုပါ သတိထားမိတယ်။ ကိတ်မုန့်အသေးလေးနဲ့ ဇီရာနဲ့ စမုန်စပါးတွေ ထည့်ဖျော်ထားတဲ့ လက်ဖက်ရည်ချိုချိုကို ဖြေးဖြေးချင်းသောက်နေရင်း ခုတင်ခြေရင်းဘက်က နောက်ထပ် မိခင်တစ်ယောက်ရဲ့ စုတ်သပ်ညည်းသံကြောင့် သူ့ကို လှမ်းကြည့်မိတယ်။

ခေါင်းဆောင်းပဝါ အပါအဝင် ခေါင်းစခြေအဆုံး တစ်ကိုယ်လုံး အနက်ရောင်နဲ့ လူကောင်ခပ်ထွားထွား အမျိုးသမီးက ညည်းညူနေရင်းက သူ့ခုတင်ဘေးက ကလေးပုခက်လေးထဲမှာ တစ်ချက်တစ်ချက် ထအော်ငိုတဲ့ ကလေးကို ချော့နေတယ်။ ခဏအကြာ သူနာပြုအမျိုးသမီး ရောက်လာပြီး ကလေး သေးသေးလေးကိုရော အဲဒီအမျိုးသမီးကိုပါ ဂရုတစိုက်စကားတွေ ပြောနေပေမယ့် သူကတော့ စိတ်မကြည်တဲ့ဟန်နဲ့ သူနာပြုကိုပါ ပြန်အော်နေပါတယ်။ သူ့အကြောင်း ဆက်မစဉ်းစားတော့ဘဲ အိုမန်နိုင်ငံထဲအဝင် လေဆိပ်မှာသိမ်းသွားတဲ့ ကိုယ့်ပတ်စ်ပို့စ်အကြောင်းပဲ အာရုံစိုက်ပြီး တွေးနေလိုက်တော့တယ်။

နောက်ထပ် အချိန်တစ်နာရီလောက်အကြာမှာ ချောကလက်တွေ၊ ပန်းစည်းတွေ၊ သကြားလုံးဘူးကြီးတွေ၊ မိုးပျံပူဖောင်းတွေနဲ့ အခန်းထဲကို ဧည့်သည်တွေ တစ်သုတ်ပြီး တစ်သုတ် ဝင်လာတယ်။ လူနာတွေတိုင်းကို ရယ်မောအော်ဟစ် နှုတ်ဆက်ကြပြီး အရောက်သွားကြပေမယ့် ကိုယ့်ဆီကိုတော့ တစ်ယောက်တလေမှ မရောက်လာခဲ့ဘူး။

ယောက်ျားလေးမွေးထားတဲ့ မိခင်ဆိုရင် ‘ သားလေးကိုကြိုဆိုပါတယ်။ နင် အရမ်းတော်တဲ့ မိခင်ပါ ’ စတဲ့ စာတန်းကို စားပွဲတင် စက်ဘီးသေးသေးလေးပေါ်မှာ တင်ထားပြီး မိုးပျံပူဖောင်းတွေနဲ့ အလှဆင်ထားတာမျိုး၊ မိန်းကလေးမွေးတဲ့ မိခင်ကိုလာတဲ့ ဧည့်သည်မှာ ပန်းရောင်ပန်းတွေ စုထည့်ထားတဲ့ လက်ဆောင်ခြင်းတွေနဲ့ သကြားလုံး အရောင်တောက်တောက်လေးတွေ ထည့်

ထားတဲ့ ဘူးလေးတွေမျိုး၊ ရောင်စုံပန်းစည်းတွေကို အဖွဲ့လိုက် သယ်ယူလာတာမျိုးနဲ့ . . . ကိုယ့် ခုတင်ကလွဲရင် တစ်ခန်းလုံးမှာရှိတဲ့ ခုတင်လေးခုစလုံးမှာ ရယ်မောသံတွေနဲ့ စည်ကားသွားတယ်။ သေချာလိုက်ကြည့်နေမိသလို ဖြစ်နေမှာစိုးလို့ရော၊ ကိုယ့်ဆီကို လာကြည့်မယ့်သူ မရှိဘူးဆိုတဲ့ အသိနဲ့ပါ အားငယ်စိတ်ဝင်လာမှာစိုးလို့ ကိုယ့်အကြည့်ကို ဘယ်ဖက်မှာရှိတဲ့ မှန်တံခါးကနေတစ်ဆင့် အပြင်က တဖြေးဖြေးလျော့လာတဲ့ နေ့အလင်းရောင်ကို လှမ်းငေးနေလိုက်တယ်။

ဦးစိုင်း မြန်မြန်ရောက်လာရင် သိပ်ကောင်းမှာပဲ။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၇)



ခဏအကြာ ဦးစိုင်း ရောက်လာပြီး
အပြင်မှာ အရမ်းပူတဲ့အကြောင်း၊
အဝတ်အစား ထည့်ထားတဲ့
အိတ်တွေလည်း မရသေးတဲ့အတွက်
ညစ်ပေနေတဲ့ အင်္ကျီအဝတ်အစားနဲ့ပဲ
တောက်လျှောက်နေခဲ့ရာက
အဝတ်လျှော်ဖြစ်ကြောင်း

ညစာ။

အိုမန်နိုင်ငံ၊ ဆေးရုံညစာက နေ့လယ်ကလို ထမင်းမဟုတ်တော့ဘူး။ ' ကူးဘို့စ် ' လို့ သူတို့ခေါ်ကြတဲ့ နံပြားခပ်ထူထူ နှစ်ချပ်၊ ပြုတ်ကြော်လုပ်ထားတဲ့ ကြက်သားရင်ပုံတစ်ခု၊ သခွားသီး။

အစကတည်းက စိတ်ဆင်းရဲမှုတွေကြောင့် လည်ပင်းတစ်လျှောက်လုံး နင်နေတဲ့ကြား က ဘယ်လိုမှ အတွဲအစပ်မလိုက်ဖက်တဲ့ မာတောင့်တောင့် ညစာကို မဆိုစလောက်ပဲ စားဖြစ်ခဲ့ တယ်။ လူနာမေးလာသူတွေကလည်း ခုထိ မပြန်ကြသေးတော့ အခန်းထဲ ဆူညံနေသေးပေမယ့် လိုက်ကာတွေ ပြန်ချထားတာမို့ သိပ်ဂရုစိုက်စရာမလိုတော့ဘူး။ ခြောက်ကပ်ကပ်တွေ ပါးစပ်ထဲ ရောက်လာသမျှ ကောက်ဝါး မျိုချ၊ မရရင် ရထားတဲ့ အအေးဘူးအသေးလေးနဲ့ အရင်မျောချ။ ရေကတော့ ရတဲ့ကိုယ်တာလေးက နည်းတာမို့ သိပ်မသောက်ရဲဘူး။ နောက်မှ ထပ်တောင်းကြည့် မယ်လို့ တွေးထားတယ်။

အပြင်က အလင်းရောင်တွေ ပျောက်ပြီး အမှောင်ချုပ်ချုပ်ရောက်တဲ့အထိ ဦးစိုင်းက မရောက်လာသေးပေမယ့် မနေ့ကနဲ့မတူဘဲ ပြောင်းသွားတဲ့သူနာပြုတွေက လိုက်ကာတွေ လိုက်ဖယ် ကြည့်ရင်း နှုတ်ဆက်တာမို့ ပြန်ပြောပြရ၊ ကိုယ့်နိုင်ငံကို အသံထွက်ကအစ ထွက်ပြရတဲ့အထိ မသိ တဲ့အတွက် အာပေါက်မတတ် ရှင်းပြရ၊ လေယာဉ်ပေါ်က အကြောင်းတွေ ပြန်ပြောပြရနဲ့ လက် မလည်ဘဲ စကားပြောဖော်ရှိနေတဲ့အတွက် စိတ်လည်း နည်းနည်းသက်သာနေပါတယ်။ သောက်ရ မယ့်ဆေးတွေကို သူနာပြုတွေက သေချာပြပြီး ချက်ချင်းသောက်ဖို့ ကလေးလည်း မွေးထားတာမို့ အရမ်းနာရင် လှမ်းခေါ်လိုက်ဖို့၊ စိတ်လျှော့ထားဖို့တွေ ပြောပြီး ထွက်သွားကြပါတယ်။

ခဏအကြာ ဦးစိုင်း ရောက်လာပြီး အပြင်မှာ အရမ်းပူတဲ့အကြောင်း၊ အဝတ်အစား ထည့်ထားတဲ့ အိတ်တွေလည်း မရသေးတဲ့အတွက် ညစ်ပေနေတဲ့ အကျီအဝတ်အစားနဲ့ပဲ တောက် လျှောက်နေခဲ့ရာက အဝတ်လျှော်ဖြစ်ကြောင်း၊ အဝတ်လျှော်ထားချိန်မှာ ဝတ်စရာမရှိတာကြောင့် ဟိုတယ်ကပေးတဲ့ ရေသုတ်တဘက် ပတ်ထားကြောင်းတွေ ပြောပြ၊ ဟိုတယ်မှာ သဘက်ကြီးပတ် ပြီး အဲကွန်းက အေးအေးနဲ့ပိတ်လိုက် ခဏနေပူလာရင် ပြန်ဖွင့်လိုက် လုပ်နေကြောင်းတွေ ရယ်ရယ် မောမော ပြောပြနေပါတယ်။ ပြီးတော့ ကျွန်မတို့နှစ်ယောက် သမီးဆီတစ်ခေါက် ထပ်သွားကြဖို့ ပြောပြီး ဒိုးချဲမလိုဘဲ ကျွန်မ လမ်းလျှောက်ချင်ကြောင်း ပြောပြပြီး ဗိုက်အောက်ပိုင်း တစ်ပြင်လုံးနာ နေတဲ့ကြားက ခပ်ဖြည်းဖြည်း လျှောက်သွားကြပါတယ်။

သမီး ပိစိသေးသေးလေးကတော့ ပေါင်းချောင်ထဲမှာ ဒေါသထွက်နေသလို အသံ

ကြားတာနဲ့ ခြေတွေလက်တွေ လှုပ်နေခဲ့တာပါ။ ပိုက်တွေ မျက်နှာဖုံးတပ်ထားတာတွေက သူ့ကို စိတ်အိုက်ပြီး မီးအပူကလည်း နေရတော်တော်ခက်စေတဲ့ ပုံပါပဲ။

သမီးလေးထားတဲ့ အခန်းထဲက သူနာပြုတွေက မနက်ကနဲ့ မတူတော့ပဲ ပြောင်းသွားပြီဖြစ်ပေမယ့် ကျွန်မဝင်လာတာနဲ့ ထိုင်ခုံယူပေးကြ၊ သက်သောင့်သက်သာနေဖို့ ပြောကြပြီး သူနာပြုတစ်ယောက်က နို့လိုအပ်နေတာကြောင့် နို့ညှစ်ရမယ်လို့ လာပြောပါတယ်။ ဒါနဲ့ ဦးစိုင်းကို ခဏထားခဲ့ပြီး အခန်းထဲက ပြန်ထွက်၊ ညာဘက် နှစ်ခန်းကျော်က နို့ညှစ်ခန်းကို သူနာပြု တစ်ယောက်နဲ့ အတူ သွားခဲ့ပြီး သမီးရဲ့ မွေးနံ့ပါတ်ကပ်ထားတဲ့ ပိုးသတ်ဆေးရည်တွေ အပြည့်နီးပါးဖြည့်ထားတဲ့ ကော်ဘူးကြီးကို သူနာပြုဆရာမက ထုတ်ပေးပါတယ်။ ကော်ဘူးထဲမှာ ထည့်စိမ်ထားတဲ့ ကန်တော့ပုံ ကော်ခွက်ငယ်ကိုယူ ရင်သားမှာ တပ်ပြီး ထိုင်ခုံယူထိုင်၊ အခန်းထဲက နို့ညှစ်စက် ခြောက်လုံးရှိတဲ့ အနက်တစ်လုံးနဲ့ ချိတ်ကာ ခလုပ်ဖွင့်ပြီး နို့ရည်ကို စုပ်ယူရပါတယ်။ စုပ်တဲ့အား အဆင့် ဘယ်လောက် မြှင့်မြှင့် နို့ရည်ထွက်မလာတဲ့အတွက် သူနာပြုက စိတ်လျှော့ထားမှ နို့ရည်ထွက်မယ့်အကြောင်း ရှင်းပြပါတယ်၊ အစကတည်းက ဒဏ်ရာရမှာ နာကျင်မှာ မကြောက်တတ်တဲ့ ကျွန်မလည်း စက်ကို အားအမြင့်ဆုံးထိ ထားပြီး နို့ရည်ထပ်စုပ်ထုတ်ပါတယ်။ သွေးထွက်လာတယ်လို့ ထင်ရလောက် အောင် နာကျင်ပေမယ့် တကယ်တမ်း အချိန်နာရီဝက်အကြာမှာ ရလာတာက ပန်းရောင်သန်းနေတဲ့ အဝါရောင် နို့ရည်ကြည်လေး နှစ်စက်လောက်ပါပဲ။

သူနာပြုက ဒဏ်ရာဖြစ်မှာစိုးတဲ့အတွက် နို့ညှစ်တာရပ်လိုက်ဖို့ ဘေးကနေ တိုက်တွန်းပြီး နောက်နေ့တွေကျရင် အဆင်ပြေသွားမှာပါလို့ အားပေးတာမို့ သမီးဆီကို အတူပြန်လာကြပါတယ်။ ဦးစိုင်းကို နို့ရည်ကတော့ အခြေအနေမကောင်းတဲ့အကြောင်း ပြောပြီး ညဉ့်နက်နက်မှာ ကိုယ်မသိတဲ့နိုင်ငံတစ်ခုမှာ တစ်ယောက်တည်း ဟိုတယ်ကိုလမ်းလျှောက်ပြန်ဖို့ အဆင်မပြေမှာစိုးတဲ့အတွက် ဦးစိုင်းကို ဟိုတယ်ပြန်ဖို့ တိုက်တွန်းပြီး သမီးဆီက ပြန်လာခဲ့ကြပါတယ်။

ခြေဗလာနဲ့ လျှောက်သွားနေတာဖြစ်တဲ့အတွက် သူနာပြုတွေက ဖိနပ်စီးဖို့လိုကြောင်း ပြောပေမယ့် ဘယ်လိုဝယ်ရမှန်းမသိ ဖြစ်နေတာကို ဦးစိုင်းက မနက်ဖြန် သူဝယ်လာမှာဖြစ်ကြောင်း၊ ဆက်သွယ်ဖို့အတွက် ဖုန်းကဒ်လည်း ဝယ်မှာဖြစ်ကြောင်းနဲ့ တခြား လိုအပ်တာတွေမေးပြီး ဟိုတယ်ကို ပြန်သွားပါတော့တယ်။

ခုတင်ပြန်ရောက်တော့ ခြေထောက်ကို ရေဆွတ်ထားတဲ့ တစ်ရှူးနဲ့သုတ်ပြီး အသာလှဲနေပါတယ်။ အိပ်ရာအထနဲ့ လှဲအိပ်ရာမှာ ဗိုက်အောက်ပိုင်းက အရမ်းနာနေတဲ့အတွက် ခုတင်

ဘေးသံတန်းကိုကိုင်ကာ ခက်ခက်ခဲခဲ အိပ်ရထရတဲ့အကြောင်းကို သူနာပြုတွေ ညဆေးလာပေးချိန်မှာ ပြောပြလိုက်ပါတယ်။ ခဏအကြာမှာ အနာပျောက်စေမယ့် ဆေးတစ်မျိုး ထပ်လာပေးတာကို သောက်ရင်း နောက်ထပ် သူနာပြုအသစ် ပြောင်းသွားပြန်တာမို့ ကလေးမွေးဖြစ်တဲ့အကြောင်း အစကနေတစ်ခေါက် ပြန်ရှင်းပြရပြန်ပါတယ်။

အိပ်ဖို့လိုအပ်တာကြောင့် အိပ်ရာပေါ် လှဲနေရင်းက အိမ်ကလည်း အဆက်အသွယ်ရပြီ သမီးလေး အသက်ရှင်ဖို့တစ်ခုပဲ ကျန်တော့တယ်လို့ အားတက်စေမယ့် အတွေးတွေပဲ တွေးပြီး ကြိုးစားအိပ်ပါတယ်။ အခန်းတွင်း လေအေးပေးစက်က အရမ်းအေးတဲ့အတွက် လေယာဉ်ပေါ်က အဆင်း မွေးခန်းထဲအထိ ကျွန်မကိုပတ်ထားတဲ့ စောင်တွေထဲက အမှတ်တရအဖြစ် သိမ်းယူလာတဲ့ စောင်လေးကို ထုတ်ခြုံပြီး ဝင်သက်ထွက်သက် မှတ်ပါတယ်။

နည်းနည်း ညဥ့်နက်လာချိန်မှာ သူနာပြုတစ်ဖွဲ့ ထပ်ရောက်လာပြီး ဆေးသောက်ပြီးတာ သေချာမှု စစ်၊ အခန်းအတွင်း မီးတွေပိတ်၊ လိုက်ကာတွေ ဆွဲပိတ်၊ အားပါးတရ အိပ်ဖို့လိုကြောင်းတွေ လာပြောကြပြီး ကျွန်မခုတင်မှာတော့ ဝိုင်းအုံ မေးမြန်းကြပါတော့တယ်။ စိတ်မကောင်းဖြစ်သွားပုံရတဲ့ ခေါင်းဆောင်သူနာပြုအစ်မကြီးက ' ငြိမ်း ' လို့ နာမည်ကို ကြိုးစားခေါ်ကြည့်ပြီး ဘာလိုအပ်လဲ၊ ဘာလုပ်ပေးရမလဲ မေးမြန်းကာ ခဏအကြာ အားလုံး ပြန်ထွက်သွားကြပါတော့တယ်။

မျက်လုံးကိုမှိတ်ပြီး ကြိုးစားအိပ်ပေမယ့် စိတ်ထဲ တစ်ယောက်ယောက် လာကြည့်နေသလို ခံစားရတာမို့ ဖျတ်ခနဲ မြန်မြန်ဖွင့်ကြည့်လိုက်တော့ လိုက်ကာလေး အသာဟပြီး ချောင်းကြည့်နေတဲ့ မျက်နှာမည်းကြီးတစ်ခု။ ရုတ်တရက် လန့်သွားပြီး သေချာစိုက်ကြည့်တော့မှ ခေါင်းအစခြေအဆုံး တစ်ကိုယ်လုံး အနက်ရောင် ဝတ်ရုံကြီး ဝတ်ထားတဲ့ဘေးခုတင်က အမျိုးသမီး။


သူက ကိုယ်နားမလည်တဲ့ စကားတွေနဲ့ ခေါင်းလေးကို ခါခါပြီး မေး၊ ကိုယ်ကလည်း ပြန်ပြုံးပြရင်း အင်္ဂလိပ်လိုပြန်ပြော၊ သူက နားမလည်။ နောက်ဆုံး အိပ်ရာပေါ်မှာ အားယူပြီးထထိုင်လိုက်တော့မှ အမျိုးသမီးက သူ့ ခုတင်ဘက် ပြန်ထွက်သွားပါတယ်။ ပြန်သွားပြီထင်ပေမယ့် ချက်ချင်းဆိုသလို လိုက်ကာကို ပြန်မပြီး အနှီးနဲ့ထုပ်ထားတဲ့ သူ့ကလေး တစ်လုံးတစ်ခဲကြီးကို ကျွန်မလက်ထဲ လာပေးတာပါ။ ပြီးတော့ အမူအရာနဲ့ ကျွန်မ ကလေးရောလို့ မေးပါတယ်။ ကျွန်မရဲ့ ကလေးက NICU ထဲမှာ ဖြစ်ကြောင်း၊ သမီးလေးဖြစ်ကြောင်း ပြောပြပေမယ့် အာရဗီ ဘာသာတစ်မျိုးပဲ ရတဲ့သူက နားမလည်ပြန်ပါဘူး။ နှစ်သိမ့်တဲ့အနေနဲ့ သူ့ကလေးကြီးကို ချီခိုင်းပြီး ကျွန်မကို

ဝမ်းမနည်းဖို့ မငိုဖို့တွေ အမူအရာနဲ့ အားပါးတရပြောနေတာ ကပြနေသလားတောင် ထင်ရပါတယ်။ ကျွန်မက ပြုံးပြရင်း အဆင်ပြေကြောင်း၊ ကျွန်မသမီးလည်း အဆင်ပြေမှာဖြစ်ကြောင်းတွေကို သူ့လိုပဲ အမူအရာတွေနဲ့ပြောပြပြီး သူ့ကလေးကို ချောကြောင်း၊ ကျွန်မနာမည်မှာ ' ငြိမ်း ' ဖြစ်ကြောင်း မိတ်ဆက်ပါတယ်။

သူကတော့ နာမည်မပြောပြတတ်တာကြောင့် သူ့ခုတင်ခေါင်းရင်းမှာရှိတဲ့ မွေးလူနာမိခင်တွေရဲ့နာမည်ကတ်ကို လိုက်ကြည့်ပြီး ' ဘော်ဒရင်ရာ ' လို့ ခေါ်ကြည့်တော့ ခေါင်းတစ်ညိတ်ညိတ်နဲ့ အားပါးတရ ပြုံးပြပါတယ်။ ဘော်ဒရင်ရာရဲ့ ကလေးဝတုတ်ကြီးကို ဗိုက်နဲ့ ခါးအောက်ပိုင်းတွေ နာနေတဲ့ကြားက မနိုင်မနင်း မချီပြီး ယောက်ျားလေးလား မိန်းကလေးလား မေးတော့လည်း အမေဖြစ်သူက ပြုံးပြီး ခေါင်းပဲ တစ်ခါခါ လုပ်နေပြန်တော့ ဘာဖြစ်ဖြစ်ပါ ဆိုပြီးပဲ ကလေးကို ချီထားရင်း အဲဒီကလေးရဲ့ သုံးပုံတစ်ပုံတောင်မရှိတဲ့ ကျွန်မသမီး ပိစိသေးသေးလေးကို ဖျတ်ခနဲ လွမ်းမိပါတော့တယ်။

■ ■ ■

# ချစ်ရပါသော ဆိုမန်နီ (၈)



ဘော်ဒရင်ရာရဲ့ ကလေးဝတုတ်လေးကို ပုခက်စင်ထဲ ပြန်ထည့်ပေးပြီး ကိုယ့်ခုတင်ပြန်မှာကို သူက ချောကလက်တွေ အတင်းကျွေးနေပေမယ့် ကျွန်မလည်း ယူမစားဖြစ်ခဲ့ပါဘူး။ သူ့ကြည့်ရတာ တစ်နေ့တာလုံး ကျွန်မကို အကဲခတ်နေသလိုကြည့်ရင်း တစ်ယောက်တည်း ငြိမ်ငြိမ်လေး ငေးနေတတ်တာမို့ သနားတယ်နဲ့တူပါတယ်။ ခုတင်ပြန်ရောက် ခဏလေး မှေးခနဲအိပ်ပျော်ချိန်မှာ ဝါးခနဲ ကလေးအော်ငိုသံကြောင့် ပြန်လန့်နိုးလာတယ်။ ခြေရင်းဘက်က ကလေး ထငိုတာဖြစ်ပြီး သူငိုတာနဲ့ ဘော်ဒရင်ရာရဲ့ကလေးကပါ လန့်နိုးပြီး အော်ငိုပါတော့တယ်။

နောက် ဘေးခန်းတွေက ကလေးတွေပါ နိုးကြပြီး မနေ့ညကအတိုင်း ကလေးငိုသံတွေနဲ့ ဆေးရုံရဲ့ညက အသက်ဝင်လာတာမို့ အမေတွေရဲ့ ကလေးအပြိုင်ချော့သံတွေ၊ မွေးဖွားထားရလို့ နာကျင်တဲ့အတွက် ညည်းညူသံတွေနဲ့ စည်ဝေနေပြီး တစ်ပြိုင်နက်တည်းမှာ ကျွန်မကို အိပ်ရေးမပျက်စေဘဲ အသက်ဆက်ရှင်ဖို့ တစ်ယောက်တည်းရုန်းကန်နေရတဲ့ သမီးလေးကိုပဲ စိတ်ကရောက်ပြီး ကျေးဇူးတင်နေမိပါတယ်။

ခဏအကြာ တစ်စတစ်စနဲ့ ပြန်တိတ်ဆိတ်သွားပါတယ်။ ဒါပေမဲ့ နောက်ထပ်နာရီဝက်လောက်အကြာမှာ ခပ်ဆူဆူအသံတွေ ထပ်ကြားရပြီး ခြေရင်းက ခုတင်လွတ်ကို ကလေးမွေးပြီးခါစ မိခင်တစ်ဦးနဲ့ သူ့ရဲ့ကလေးလေး ရောက်လာပါတယ်။ ကလေးလေးရဲ့ အော်ငိုသံရော၊ မိခင်ရဲ့ အော်ဟစ်ညည်းညူသံတွေကြောင့်ပါ ပိုလှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ ကျွန်မတို့အခန်းလေးမှာ ဘယ်လိုဆက်အိပ်ရမလဲ မသိပေမယ့် ကြိုးစားပြီး မျက်လုံးမှိတ်ထားပါတယ်။ ခဏအကြာမှာ တွန်းလှည်းသံ ထပ်ကြားရပြီး ကလေးအသံ၊ စကားပြောသံတွေကြောင့် အိပ်မရမယ့်အတူတူ လမ်းထလျှောက်ရင်ကောင်းမယ်ဆိုတဲ့ အတွေးနဲ့ ခုတင်ပေါ်က ကုန်းရုန်းထပြီး လိုက်ကာဆွဲဖွင့်ကြည့်တော့ ခုတင်တိုင်းက ကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် သူနာပြုတစ်ယောက်စီက ရေချိုးပေးနေကြတာပါ။ တွန်းလှည်းပေါ်မှာ ရေချိုးဇလုံတင်ပြီး ကလေးရေချိုးရာမှာအသုံးပြုတဲ့ ဆပ်ပြာရည်ဘူးတွေကအစပါတဲ့ ခြင်းလေးနဲ့ သူနာပြုက အေးအေးဆေးဆေး ရေချိုးပေးနေချိန်မှာ ကလေးကတော့ အော်ငိုနေပြီး မိခင်ဖြစ်သူက လိုက်မှတ်နေတဲ့ မြင်ကွင်းကို မြင်ရတာမို့ အထူးအဆန်းအဖြစ် ငေးကြည့်နေမိပါတော့တယ်။

မနေ့ညက ညစာ ခြောက်ကပ်ကပ်ကြီးကို ဝင်သလောက်လေး စားခဲ့မိတဲ့ရလဒ်က မနက် ၅ နာရီဝန်းကျင်မှာကတည်းက ဗိုက်အလွန်ဆာနေခြင်းပါပဲ။ ခြောက်နာရီထိုးမှ မနက်စာရောက်မှာမို့ နာရီကြည့်စရာလည်း လက်ထဲမရှိတာနဲ့ စကြံတစ်လျှောက်က မနက်စာ တွန်းလှည်း

တွန်းလာမယ့်အသံ တကျောင်းကျောင်းကိုပဲ ဗိုက်ဆာဆာနဲ့ မျှော်နေခဲ့ပါတယ်။ သိပ်မကြာခင် မျှော်လင့်နေတဲ့ မနက်စာရောက်လာတာမို့ ကပျာကယာ စားပြီးတာနဲ့ သမီးဆီသွားဖို့ လိုအပ်တဲ့နို့ကို ညှစ်ထုတ်ပေးဖို့ စိတ်လောပြီး ခပ်သွက်သွက် လုပ်နေပေမယ့် သူနာပြုတွေရောက်လာပြီး ဆေးရုံက တာဝန်ရှိလူကြီး လာတွေ့မှာဖြစ်တဲ့အတွက် ဘယ်မှမသွားပဲ ခုတင်ကပဲ စောင့်နေဖို့ လာပြောပါတယ်။

မနက်ခင်း ဆေးရုံမှာ အလှည့်ကျစစ်ဆေးတဲ့ ဆရာဝန်ကြီးတွေ တစ်ဖွဲ့လုံးကို ဖြစ်ပျက်ပုံ အဆင့်ဆင့် ရှင်းပြပြီး ကိုယ့်ဆီလာမယ်ဆိုတဲ့ တာဝန်ရှိသူတွေကို သမီးဆီ မသွားရသေးပဲ ခုတင်မှာပဲ ထိုင်စောင့်နေမိတယ်။ အိမ်က မြန်မြန်လိုက်လာနိုင်ဖို့ထက် အိမ်ကို မြန်မြန်ပြန်ချင်နေတဲ့ စိတ်အပြည့်နဲ့ပါ။ ဒါပေမဲ့ တစ်ပြိုင်နက်တည်းမှာပဲ သမီးကိုလည်း စိတ်ချရတဲ့အခြေအနေ ဖြစ်စေချင်တာမို့ ဘာဖြစ်ချင်မှန်းမသိတော့လောက်အောင် စိတ်ရှုပ်ထွေးနေပြန်ပါတယ်။

သူနာပြုဆရာမနှစ်ယောက်က ကိုယ့်ခုတင် လိုက်ကာကို ဖျတ်ခနဲ လာသိမ်းလိုက်တဲ့ အချိန် မော့ကြည့်လိုက်တော့ အသက် ၅၀ ဝန်းကျင်၊ အဖြူရောင်ဝတ်စုံ၊ ခေါင်းပေါင်းနီနီနဲ့ ခပ်ပြုံးပြုံး မျက်နှာတစ်ခု။ သူက သမီးထားတဲ့ အရေးပေါ်အခန်းက တာဝန်အရှိဆုံး ဆရာဝန်ကြီးပါလို့ သူ့ကိုယ်သူ နှုတ်ဆက်ရင်း အိုမန်နိုင်ငံမှာ ခုလို ကလေးမီးဖွားဖြစ်တဲ့အတွက် ဝမ်းမြောက်စွာ ကြိုဆိုကြောင်း၊ ကိုးကွယ်ရာဘာသာ၊ အသားအရောင်၊ နေရာဒေသ ခွဲခြားခြင်းမရှိတဲ့ လူသားဖြစ်ခြင်း တစ်ခုတည်းကိုသာ ရှေးရှု ကူညီချင်ကြောင်းနဲ့ ကိုယ်ဘာအလုပ်လုပ်တယ်က အစ၊ ကိုယ့်နိုင်ငံက အခြေအနေတွေအဆုံး သေချာမေးမြန်းပြီး ဖြေသမျှကိုလည်း အသေအချာ နားထောင်ပါတယ်။ စိတ်အားတက်သလိုခံစားရပြီး ကူညီပါလို့ပဲ အထပ်ထပ်အခါခါ ပြောနေမိပါတယ်။ သူ ပြန်ထွက်သွားပြီး ကိုယ်လည်း သမီးဆီ သွားဖို့ပြင်ဆင်နေရင်း ဦးစိုင်းကို စောင့်နေပေမယ့်လည်း ရောက်မလာတဲ့ အတွက် တစ်ယောက်တည်းပဲ သွားဖြစ်ပါတယ်။

သမီးက ခေါင်းအပြည့်ကို ပတ်တီးကြီးကြီးနဲ့ အုပ်စည်းထားပြီး မျက်လုံးနေရာမှာလည်း နေကာ အစွပ်လေးတစ်ခု တပ်ထားပါတယ်။ နှာခေါင်းမှာ ပိုက်ကြီးကြီးနဲ့ အောက်ဆီဂျင်သွင်းနေပြီး ရင်ဘတ်တစ်ခုလုံးနဲ့ ခြေထောက်၊ လက်တွေမှာ အောက်ဆီဂျင်၊ နှလုံးခုန်နှုန်း၊ သွေးခုန်နှုန်း စတာတွေ တိုင်းတဲ့ စက်အသေးလေးတွေ အပြည့်တပ်ထားတာဆိုတော့ သူ နေရတော်တော်ခက်နေပုံပါပဲ။ ကျွန်မ သူ့ ဖန်ပေါင်းချောင်လေးနား ကပ်ပြီး ' သမီးလေးရေ မေမေရောက်ပြီနော်၊ တော်လိုက်တာ ငါ့သမီးလေးက၊ သတ္တိခဲလေးပါ ' လို့ ပြောလိုက်တာနဲ့ ချက်ချင်း တစ်ကိုယ်လုံး တွန့်လိမ်ပြီး နှာခေါင်းက ပိုက်တွေကို လက်သေးသေးလေးတွေနဲ့ ဆွဲဖြုတ်တော့တာပါပဲ။ ပါးနှစ်ဖက်နေရာမှာ

ကော်ပိုက်တွေနဲ့ ချိတ်ထားတာမို့ တာဝန်ကျ သူနာပြုဆရာမတွေကို ဒဏ်ရာရမှာစိုးလို့ တစ်ခုခု စီစဉ်ပေးပါလို့ တောင်းပန်တော့ ' စိတ်မပူနဲ့ ငြိမ်း ' လို့ ပြောပြီး ဂွမ်းအစပိုင်းလေးနှစ်ခုကို ကော်ပိုက်နဲ့ အသားကြား ကပ်ပေးပါတယ်။


သမီးခေါင်းရင်းဘက်မှာရှိတဲ့ ပစ္စည်းတွေတင်တဲ့ စင်ပေါ်က ကိုယ့်နာမည်တပ်ထားတဲ့ နို့ညှစ်ပစ္စည်းတွေ ထည့်ထားတဲ့ဗူးကို ယူပြီး ဆရာမတွေဆီက နို့ထည့်ဖို့ ဘူးအသစ် တောင်းလိုက်ပါတယ်။ ' သမီးရေ ခဏနေဦးနော်၊ မေမေပြန်လာမယ်၊ သမီးအတွက် နို့ညှစ်ရမယ် ' လို့မှာပြီး နို့ညှစ်ခန်းကို လမ်းလျှောက်သွားပြီး လွတ်နေတဲ့ စက်တစ်ခုမှာ ခပ်မြန်မြန် နေရာဦး၊ ပစ္စည်းတွေကို ရေနဲ့ သေချာထပ်ဆေးပြီး နို့ စညှစ်ရပါတယ်။ စ ညှစ်ညှစ်ချင်း အဝါရောင် အရည်ကြည်လေး နည်းနည်းပဲ ထွက်ပြီး ဆက်မထွက်တော့ပြန်ပါဘူး။ မိခင်နို့က အကောင်းဆုံးဆိုတဲ့ အသိကြောင့် ဝဲလာတဲ့ မျက်ရည်ကို ထွက်မကျအောင် ပြန်ထိန်းရင်း နို့ရည်ကို ဆက်ညှစ်ထုတ်ပါတယ်။ နောက်ဆုံး တစ်နာရီလောက်ကြာတဲ့အထိ နို့မရတော့ စိတ်လျှော့လိုက်ပြီး ဘူးထဲက နို့အဝါကြည်လေး စင်တာမီတာ အနည်းငယ်လောက်ကို ဂရုတစိုက်သေချာသယ်ရင်း သမီးဆီ ပြန်သွားပါတော့တယ်။

တာဝန်ကျနေတဲ့ သူနာပြုမျက်နှာစိမ်းတစ်ယောက်က ' နင့် နို့ရည်က ဘယ်လိုမှ သုံးမရဘူး၊ ထပ်ညှစ်လို့ မရဘူးလား၊ စိတ်ပျက်စရာပဲ ' လို့ ကိုယ့်နို့ဘူးကို ကြည့်ပြီး ပြောလိုက်တဲ့ အချိန် အရမ်းဝမ်းနည်းသွားပေမယ့် အတတ်နိုင်ဆုံး မျက်နှာကိုပြုံးပြီး သူ့ကို မော့ကြည့်၊ ' ငါ နို့ထွက်အောင် ဘယ်လိုလုပ်ရမလဲ အကြံပေးပါဦး၊ ကျေးဇူးတင်ပါတယ် ' လို့ ပြောလိုက်တော့ သူက ' ဆရာဝန်ဆီမှာ နို့ထွက်ဆေး တောင်းသောက် ' လို့ ခပ်မာမာ ပြန်ပြောပါတယ်။

အခန်းထဲမှာရှိနေတဲ့ ဆရာဝန်တွေကို လှမ်းကြည့်ပြီး သူတို့ဆီသွားကာ ' ငါ နို့မထွက်လို့ နို့ထွက်ဆေး လိုချင်ပါတယ် ' လို့ ပြောလိုက်တော့ ' အဲဒီဆေးက ငါတို့ဆီမှာ မရှိဘူး၊ နင် ခုနေတဲ့ မိခင်ဆောင်မှာ တောင်းရမယ်။ အဓိက,က စိတ်ကိုလျှော့ထားပါ၊ စိတ်ဖိစီးမှုများရင် နို့မထွက်ဘူး၊ နောက်ပြီး နင် ရေများများသောက်ရမယ် ' လို့ ပြောပါတယ်။ ကျွန်မ သမီးကို မြန်မြန်စကားပြောပြီး အဆောင်ရှိရာကို ခပ်သွက်သွက် ပြန်လာခဲ့ပါတယ်။ မိခင်ဆောင်ရောက်တာနဲ့ ကောင်တာက သူနာပြုတွေကို ' နို့ထွက်ဆေး ပေးပါ ' လို့ တောင်းပေမယ့် ဆရာဝန်တွေပေးမှရမယ်လို့ ဆိုတာကြောင့် ဘယ်ဆရာဝန် တာဝန်ကျနေလဲလို့လိုက်မေးရင်း အခန်းတွေဆီမှာ ဆရာဝန်ကို လိုက်ရှာမိပါတော့တယ်။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၉)



အိုမန်ဆိုတာ ဘယ်လို နိုင်ငံပါလိမ့်။
သူမှာ ပတ်စ်ပို့လည်း မပါ၊
အလွန်အေးချမ်းတဲ့ မျက်နှာနဲ့ဆိုတော့
ပြဿနာတစ်ခုခုများ တက်ရင်
သူ ဘယ်လိုလုပ်မှာပါလိမ့်။

မွန်းတည့် ၁၂ နာရီ။ ဗိုက်ဆာလို့ ရင်တွေအရမ်းပူနေတယ်။ ဒါပေမဲ့ မွန်းလွဲ ၁ နာရီမှ နေ့လယ်စာက လာမှာ။ အိုမန်မှာက ထမင်းကို နေ့လည်စာတစ်နပ်ပဲ စားကြတော့ ဒီအချိန်လေးပဲ အားတင်းပြီး စားရတယ်။ အသီးအရွက်တွေ ရှားတဲ့နိုင်ငံမို့ ကြက်သားနဲ့ ဆိတ်သားပဲ တစ်လှည့်စီ ကျွေးတယ်။

ဦးစိုင်း ဘယ်ရောက်နေလဲ။ ဗိုက်ဆာရင်း ဦးစိုင်းအကြောင်းကို အတွေးက ရောက်သွားတယ်။ မနေ့ညက သူ ဖုန်းဆင်းကဒ်တွေ ဝယ်မယ်၊ ကိုယ့်အတွက် ဖိနပ်လည်း ဝယ်လာမယ် နော်လို့ သေချာမှာသွားတာ ခု နေ့လည်အထိ မရောက်လာသေးပါလား။ အိုမန်ဆိုတာ ဘယ်လိုနိုင်ငံပါလိမ့်။ သူ့မှာ ပတ်စ်ပို့လည်း မပါ၊ အလွန်အေးချမ်းတဲ့ မျက်နှာနဲ့ဆိုတော့ ပြဿနာတစ်ခုခု များတက်ရင် သူ ဘယ်လိုလုပ်မှာပါလိမ့်။

အရှေ့အလယ်ပိုင်းနိုင်ငံဆိုတော့ မျက်လုံးထဲမြင်လာတာ ခေါင်းပေါင်းစ တလူလူ၊ အဖြူရောင် သင်တိုင်းရှည်ကြီးတွေနဲ့ ပြီးတော့ စစ်ကားတွေထဲကလို သေနတ်တွေ ကိုယ်စီလွယ်ပြီး တင့်ကားတွေ အပြိုင်မောင်းလို့။ လျှောက်တွေးရင်း လူက နေမထိ ထိုင်မသာဖြစ်လာတယ်။ ဘယ်လိုလုပ်ရမယ်မသိတော့ တာဝန်ကျ သူနာပြုဆရာမလေးတစ်ယောက် အခန်းထဲဝင်လာချိန် ခဏ လာပါဦးလို့ လှမ်းခေါ်လိုက်တယ်။

သူက ' နို့ထွက်ဆေး ရပြီနော်၊ သေချာသောက်လား ' လို့ မေးတာကို ခေါင်းပဲ ညိတ်ပြနိုင်တယ်။ ပြီးတော့ ချက်ချင်း သူ့ကို ' နင်က ဒီနိုင်ငံကလား ' လို့ ခပ်မြန်မြန် မေးလိုက်တယ်။ သူက ' မဟုတ်ဘူး၊ အိန္ဒိယက ' လို့ ပြန်ဖြေတယ်။ အင်း . . . ဒါဆို ဒီနိုင်ငံကိုရောက်တာ ကြာပြီလားဆိုတော့ ' သုံးနှစ်လောက်ရှိပြီ ဘာဖြစ်လို့လဲ ' တဲ့။ ' ငါ မေးချင်တာကလေ ဒီနိုင်ငံမှာ ဟိုဟာ သေနတ်တွေ ဘာတွေ ကိုင်ကြလား ' ဆိုတော့ သူကပါ ရုတ်တရက် လန့်သွားတယ်။ ပြီးတော့ ကိုယ့်မျက်နှာကို သေချာစိုက်ကြည့်ပြီး ' ငြိမ်း ဘာဖြစ်လို့လဲဟင် ' တဲ့။ ' သေနတ်တွေ ကိုင်ကြလား၊ ရန်တွေဘာတွေ ဖြစ်ကြလား၊ ရန်ဖြစ်ရင် ဘာလုပ်ကြလဲ ' လို့ လှည့်ပတ်ပြီးပြောတော့ သူက ' အင်း သေနတ်တော့ တွေ့တယ်။ ဒါပေမဲ့ ပွဲတွေမှာပဲ တွေ့တာ။ ဒီက ဘုရင်က ဓားပဲ အဓိက ကိုင်တာ ' တဲ့။ ' အဲဒါနဲ့ . . . နင်သိလား . . . ငါနဲ့အတူ ဆေးရုံကိုလိုက်လာတဲ့ ဦးလေးကြီးလေ ' ဆိုတော့ သူက ' အေး . . . နင့်အဖေလေ ' တဲ့။ ဘာမှ ဆက်ငြင်းမနေတော့ပဲ . . . ' အေး သူ အခု ပျောက်နေတာ နေ့တစ်ဝက်ရှိနေပြီ၊ ငါ စိတ်ပူတယ် ' လို့ ပြောလိုက်တယ်။ သူက ' အင်း . . . ဒီနိုင်ငံမှာ ဘာပြဿနာမှမဖြစ်ပါဘူး။ နင် လျှောက်တွေးနေတာဖြစ်မယ်၊ စိတ်မပူနဲ့ ' တဲ့။ ' ဒါပေမဲ့ သူ့ကို ငါ

အရမ်းစိတ်ပူနေပြီ၊ သူ့ကို ငါ ဘယ်လိုစုံစမ်းရမလဲ ' လို့ မေးတော့. . . ' ခဏနေဦး ငါ တခြား ဆရာဝန်တွေကို မေးပေးမယ် ' လို့ ပြန်ဖြေပြီး ထွက်သွားတယ်။

ဒုက္ခပဲ. . . ဦးစိုင်း ဘယ်ရောက်နေပါလိမ့်။ ဘာမှမဖြစ်ပါစေနဲ့။

အခန်းပေါက်ဝကနေ ' နီရမ်ရေ. . . နင့် နိုင်ငံက ဖုန်းလာနေတယ် ' လို့ လှမ်းအော် ပြောသံကြားတာနဲ့ ချက်ချင်း ဖုန်းထားတဲ့ကောင်တာကို မြန်မြန်ပြေးသွားတယ်။ ဖုန်းက ရန်ကုန်က မိသားစုက လှမ်းဆက်တာ၊ အမျိုးသားရဲ့ အစ်မငယ်ကို ဦးစိုင်း ပျောက်နေတဲ့အကြောင်း၊ မေနန်း ကို လှမ်းဆက်သွယ်ပြီး ဘယ်အချိန်နောက်ဆုံး အဆက်အသွယ်ရလဲ၊ ဘာပြောသွားလဲ ဆိုတာ တွေကို မြန်မြန်မေးပြီး ပြန်ဆက်ပါလို့ ပြောလိုက်တယ်။ ကိုယ်ကတော့ နေကောင်းတာမှ အသံကိုက မာလွန်းနေတော့ အိမ်က လူတွေလည်း ဘာပြောရမှန်းမသိဘဲ ဖုန်းချသွားကြတယ်။

နာရီဝက်လောက်ကြာတော့ ဖုန်းထပ်လာတယ်။ ဦးစိုင်းက မနက်ကတင် ဇနီး မေနန်း နဲ့ အဆက်အသွယ်ရကြောင်း၊ ဖုန်းကဒ်နဲ့ လိုတာတွေ သွားဝယ်မယ့်အကြောင်း ပြောသွားတယ်တဲ့။ ဘုရားရေ. . . အဲဒါ ဘယ်လောက်ကြာပြီလဲ။ ခုထိဆို အချိန်က ငါးနာရီလောက်တောင် ကြာနေပြီ။ ဘယ်လိုလုပ်ရမလဲ မသိဘူးဆိုပြီး စိတ်တွေ အရမ်းပူတယ်။ အိမ်ကို ကျွန်မအတွက် စိတ်မပူဖို့နဲ့ ကလေးလည်း အဆင်ပြေနေတယ်လို့ ပြောလိုက်တယ်။ မေကြီးနဲ့လည်း စကားပြောတယ်။ မေကြီး ထမင်းမစားလို့ ကျွန်မအမျိုးသားက သူ့အိမ်ရှိရာ စမ်းချောင်းကိုခေါ် လာကြောင်း၊ ထမင်းသေချာ ကျွေးကြောင်းတွေ ပြောပြနေကြတယ်။ ' ဟုတ်ကဲ့. . . ဟုတ်ကဲ့ ' လို့ပဲ ကျွန်မကတော့ ပြန်ပြောနိုင် တယ်။ စိတ်က ပျောက်နေတဲ့ ဦးစိုင်းဆီမှာပဲ ။

နေ့လည်စာလည်း သိပ်မစားနိုင်ဘူး။ ထမင်းလာပို့တဲ့ ဝန်ထမ်းကို စကား စမေးချင်ပေ မယ့် သူက အင်္ဂလိပ် ကောင်းကောင်းမရတာရော ကိုယ့်ကို မပြောရဲ မဆိုရဲ ဖြစ်နေတာကြောင့်ပါ ဆက်မမေးဖြစ်တော့ဘူး။ ထမင်းစားချိန်ပြီးတော့ ဆေးသောက်ပြီး သူနာပြုတွေရှိတဲ့ ကောင်တာကို ပြန်သွားတယ်။ နေ့လည် ၂ နာရီ ထိုးတော့မယ်လေ။ သူနာပြုတွေကို ' ကူညီပါဦးနော်၊ ငါ ဖုန်း ဆက်ချင်တယ် ' လို့ ပြောတော့ သူတို့က ' အပြင်ကို ဆက်လို့မရဘူး ' လို့ ပြန်ငြင်းကြတယ်။ ' ငါ နဲ့အတူ ဆေးရုံကိုလာတဲ့လူလေ သိလား ' လို့မေးတော့ သူတို့ကလည်း ' သိတယ်. . . နင့်အဖေ လေ ' တဲ့။ ' အေး . . . အခု သူ ပျောက်နေပြီ ' လို့ ပြန်ပြောလိုက်တယ်။

သူတို့ ကြားကြားချင်း လန့်သွားကြတယ်။ ပြီးတော့ ' မဖြစ်နိုင်ပါဘူး ' လို့ ပြန်ဖြေကြ တယ်။ ' အဲဒါ ငါ သူတည်းတဲ့ဟိုတယ်ကို ဖုန်းဆက်မယ် ' လို့ပြောတော့ သူတို့က ' အေး . . . ဒါဆို

လည်း ငါတို့ဖုန်းနဲ့ဆက်၊ ဟိုတယ်နာမည်က ဘာလဲ ' လို့မေးကြမှ ကျွန်မ ဦးစိုင်းတည်းတဲ့ ဟိုတယ်နာမည် မသိဘူး။ ဒုက္ခပဲ ငြိမ်းအိအိထွေးရယ် ညံ့လိုက်တာ၊ အသုံးမကျလိုက်တာ ဦးစိုင်းတည်းတဲ့ ဟိုတယ်တောင် နင် မေးမထားဘူးလားလို့ ကိုယ့်ကိုယ်ကိုယ် အပြစ်ပဲ တင်မိနေတယ်။

' ဆေးရုံနဲ့နီးတဲ့ ဟိုတယ်တော့ရှိတယ်၊ တစ်ခုတည်းမဟုတ်တော့ ဘယ်ကို ဆက်ရမှန်း မသိဘူး၊ အကောင်းဆုံးက နင် စိတ်အေးအေးထားပြီး ခုတင်မှာ ပြန်အိပ်နေလိုက်နော် ' လို့ ပြောကြပေမယ့် ဦးစိုင်းက ပြောထားတယ် သူ့ဟိုတယ်နဲ့ ဆေးရုံက နီးတယ်၊ ဖြတ်လမ်းရှိတယ်၊ ကားတွေရပ်ထားတဲ့ ပါကင်ကနေ ဖြတ်သွားရတယ်လို့ ပြောဖူးတာ သတိရတယ်။ သူတို့ကို ' ဟိုတယ်နာမည်တွေ ပြောပြပါ ' လို့ ပြောလိုက်တော့ သူနာပြုတွေလည်း နာမည်နှစ်ခုလောက် ပြောပြပြီး ' ငါတို့လည်း တကယ် သေချာမသိပါဘူး ' လို့ ပြန်ပြောကြတယ်။ စိတ်လျှော့ပြီး အခန်းဘက်ကိုပြန်သွားပြီး အခန်းထဲ ဝင်ခါနီးမှ လှည့်ကြည့်လိုက်တော့ ခုနက ကောင်တာမှာ ဝတ်စုံပြည့်ဝတ်ထားတဲ့ ရဲနှစ်ယောက် မတ်တတ်ရပ်ပြီး စကားတွေပြောနေတာ တွေ့တယ်။ ခေါင်းထဲ ဒိန်းခနဲ မြည်အောင် လန့်သွားတယ်။ ဦးစိုင်း တစ်ခုခုများဖြစ်လို့ ရဲတွေများ လာတာလား။

အခန်းထဲမဝင်သေးဘဲ လျှောက်လမ်းမပေါ်မှာပဲ ဟိုလျှောက်သည်လျှောက် လျှောက်ရင်း ဇဝေလည်ကြောင်ပတ်လုပ်ပြီး ' ရဲနှစ်ယောက် ဘာပြောနေတာလဲ ' လို့ နားစွင့်တယ်။ ရဲတွေကလည်း ကိုယ့်ကိုပါ မသက်သာလို လှမ်းလှမ်းကြည့်နေတော့ မသိသာအောင် အခန်းထဲ ခဏပြန်ဝင်သွားလိုက်သေးတယ်။ လက်ဆေးမလိုဘာလိုနဲ့ ခဏနေပြန်ထွက်တော့ ရဲနှစ်ယောက်က ရှိနေတုန်းပဲ။ တမင်သိသာအောင် သူတို့ရပ်နေတဲ့ ကောင်တာနားကို လျှောက်သွားလိုက်ပြီး သူနာပြုတွေကို ' ငါ့အဖေလာတာ မတွေ့မိသေးဘူးနော် ' လို့ ထပ်မေးလိုက်တော့ သူတို့ကလည်း အူကြောင်ကြောင်နဲ့ ' အေး . . . မတွေ့မိသေးဘူး ' တဲ့။

ရဲနှစ်ယောက်ကို အကဲခတ်ကြည့်တော့ မသိသလို အေးဆေးပဲ မတ်တတ်ဆက်ရပ်နေကြပြန်တယ်။ သေချာပြီ ဒါဆို ဦးစိုင်းနဲ့ အဲဒီရဲတွေနဲ့ ပတ်သက်မှုမရှိဘူး။ စိတ် ခဏပြန်အေးသွားပြီး သမီးဆီသွားဖို့ ဆက်လျှောက်သွားတယ်။ သူနာပြုတွေကိုလည်း မှာထားတယ်၊ ' ဦးစိုင်းလာရင် သမီးထားတဲ့အခန်းဘက် လွှတ်လိုက်ပါ ' လို့။

သမီးရဲ့ လက်သေးသေးလေးတွေ ခြေထောက်သေးသေးလေးတွေကို ကိုယ့်လက်လေးနဲ့ အသာထိပြီး ' သမီးရေ ' လို့ တိုးတိုးလေးခေါ်တယ်၊ ' မေမေလာပြီ . . . အားတင်းထားနော်၊ ဘာမှမဖြစ်ဘူး ၊ သမီးက သိပ်တော်တဲ့ကလေး။ သတ္တိလည်း အရမ်းရှိတာ ' လို့ ဦးစိုင်း သင်

ပေးထားတာတွေ ပြောနေလိုက်တယ်။

နို့ညှစ်တဲ့ပစ္စည်းတွေ ထည့်ထားတဲ့ ဘူးကိုယူတယ်၊ စက်တွေထားတဲ့ နို့ညှစ်ခန်းကို သွားတယ်၊ ညှစ်တယ်၊ အကြာကြီးနေမှ အရည်ကြည်လေး နည်းနည်းထွက်ပြီး ဘာမှမထွက်ပြန်ဘူး။ ဆေးရုံက အဲဒီ နို့ထည့်တဲ့ဘူးတွေက အသစ်တွေ တစ်ခါသုံးပဲ၊ ပြီးရင် ချက်ချင်း ကိုယ့်ရှေ့တင် လွှင့်ပစ်တာဆိုတော့ တစ်ဘူးယူပြီး အရည်ကြည် နှစ်စက်လောက်ပဲ ထည့်၊ အဲဒါတွေလည်း တကယ် အသုံးဝင်ရဲ့လား မသိ၊ ဘူးကို လွှင့်ပစ်ဆိုတော့ တစ်ခါလာ တစ်ဘူးတောင်းရမှာ အားတောင်နာ လာတယ်။

ဒါပေမဲ့ တာဝန်ကျ ဆရာမကိုတော့ နို့ထွက်ဆေးတွေ သောက်ထားတဲ့အကြောင်း၊ နောက်တစ်ခါလာရင် သေချာပေါက် နို့ထွက်ပြီဆိုတဲ့အကြောင်း ရယ်ရယ်မောမောပဲ ရှင်းပြလိုက် တယ်။ သမီးနဲ့ တစ်နာရီနီးပါး ထပ်နေပြီး ဆရာဝန်တွေလည်း ကလေးနား အလုပ်တွေရှုပ်နေတာမို့ မိခင်ဆောင်ပဲ ပြန်လိုက်တယ်။ ကျွန်မမှာ ဖိနပ်မပါဘူး။ ခြေဗလာနဲ့ပဲ ခပ်တည်တည် လျှောက်သွား နေတာမို့ လမ်းမှာတွေ့တဲ့ လူတွေက သေချာလိုက်ကြည့်ကြပေမယ့် အာရုံမရောက်နိုင်ဘူး။ အဆောင်က သူနာပြုတွေကို ' ဦးစိုင်းကို တွေ့မိသေးလား ' လို့ လှမ်းမေးတယ် မတွေ့မိကြောင်းဘဲ ပြောတော့ ပြန်ရင်ပူလာတယ်။ ညနေ ၅ နာရီခွဲ။ ခုတင်မှာ ငြိမ်ငြိမ်လေး လှဲနေတုန်း သူနာပြု နှစ်ယောက် ရောက်လာပြီး ' ဧည့်သည်တွေ့ချင်တယ် ' လို့ ပြောတယ်။

' ဟမ် ' လို့ အံ့ဩပြီး ထထိုင်လိုက်တော့ ကိုယ့်ခုတင်ကို ရောက်လာတာ လေယာဉ် အရာရှိ ယူနီဖောင်းအပြည့်အစုံနဲ့ တစ်ခါမှမမြင်ဖူးတဲ့ လူတစ်ယောက်။ သူက ကိုယ့်ကို ပြုံးပြပြီး ' ကျွန်တော် လိတ်ခ် ပါ ' လို့ နှုတ်ဆက်တယ်။ ပြီးတော့ အိုမန်လေကြောင်းလိုင်းကပါတဲ့ ကျွန်မ ကလေးမွေးတာက ကာတာလေကြောင်းလိုင်းမှာဆိုတော့ ဘယ်လိုပါလိမ့်လို့ တွေးနေတုန်း ။

သူက ' ဝေယံ ဇနီးမဟုတ်လား ' လို့ မေးတယ်။ ' အင်း ' လို့ ပြန်ဖြေတော့. . . ' ဝေယံ စင်ကာပူက သူငယ်ချင်း မသီရိက ဒီဖြစ်ပျက်တာတွေ ဖေ့စ်ဘွတ်ခ်မှာမြင်လို့ အိုမန်နိုင်ငံမှာ လေ ယာဉ်မယ်အဖြစ် လာနေကြတဲ့ သူငယ်ချင်း မသစ္စာကို အကူညီတောင်းတယ်တဲ့၊ ငြိမ်းကို သွားတွေ့ ပြီး လိုတာကူညီပေးဖို့။ ဒါပေမဲ့ မသစ္စာကလည်း လေယာဉ်လိုက်နေရတဲ့အချိန်တွေ ဆက်နေတာမို့ အိုမန်မှာရှိတဲ့ သူ့မိတ်ဆွေ လိတ်ခ်ကို အကူအညီတောင်းပြီး ခဏ အရင်သွားတွေ့ပြီး အားပေးထား ဖို့ ပြောတယ်။ ဒါကြောင့် လိတ်ခ်ရောက်လာတာ ' တဲ့။

' ကျွန်တော်တို့နိုင်ငံမှာ ဘာပြဿနာမှမရှိပါဘူး၊ အရမ်း အေးချမ်းပါတယ်။ လိုသမျှ

အကူအညီကို ပြောပါ၊ ဘုရားက နိုင်ငံမတူပေမယ့် လူတွေ အတူတူဖန်ဆင်းပေးထားတာပါ. . . ဟုတ်တယ်မလား အစ်မ ' လို့ ဘေးမှာမတ်တတ်ရပ်နေတဲ့ သူနာပြုကိုလည်း လှမ်းမေးရင်း ကျွန်မကို အားပေးစကားဆိုပါတယ်။

ကျွန်မ မျက်ရည်တွေ ပေါက်ခနဲကျတယ်၊ ကိုယ့်ကို တစ်ခါမှမမြင်ဖူးတဲ့ ကိုယ့်အမျိုးသားရဲ့ သူငယ်ချင်း၊ ကိုယ့်အမျိုးသားကိုတောင် တစ်ခါမှမသိဖူးတဲ့ အဲဒီ သူငယ်ချင်းရဲ့ သူငယ်ချင်း၊ နောက် အဲဒီ သူငယ်ချင်းရဲ့မိတ်ဆွေက ခု လာအားပေးနေတယ်။

မေတ္တာတရားက တကယ်ကို ပြောမပြတတ်အောင် အားပြင်းပါတယ်။

နာရီဝက်လောက်ကြာအောင် စကားတွေပြောပြီး လိတ်ခ်ပြန်သွားတော့ ညစာကို ဖြေးဖြေးဝါးမြိုချရင်း ဦးစိုင်းကို မျှော်ပါတယ်။ ဆရာဝန်တွေရောက်လာ စကားတွေပြော၊ သွေးပေါင်ချိန်တွေတိုင်း ကလေးဆီမသွားခင် အားပြည့်အောင် အိပ်ဖို့လိုသေးကြောင်း၊ အားရှိမှ နို့ထွက်မှာဖြစ်ကြောင်းနဲ့ ဦးစိုင်းကိုရော စိတ်ပူစရာတွေ ခေါင်းထဲက ထုတ်ဖို့လိုကြောင်းတွေ ဝိုင်းပြောကြပါတယ်။

ဆေးသောက်ပြီး ခဏလှဲနေရင်း နာရီကိုကြည့်တော့ ည ၁၀ နာရီတောင် ထိုးတော့မယ်. . . သမီးလေးဆီတော့ မအိပ်ခင် တစ်ခေါက်သွားဦးမှ. . . တာဝန်ကျ ဆရာမတွေက အမြဲပြောင်းနေတော့ ကိုယ့်ကို သိမှဖြစ်မယ်။

တခြားသူတွေလည်း အိပ်တဲ့သူက အိပ်ကြပြီမို့ ဟိုဒီလျှောက်တွေးရင်း ကုတင်ပေါ် ငုတ်တုတ်ထိုင်နေတုန်း အခန်းပေါက်ဝကို လှမ်းမျှော်ကြည့်နေရင်းက ဖျတ်ခနဲ ဝင်လာတာက ဦးစိုင်းပါ။ ကျွန်မစီးဖို့ ဖိနပ်ကို လက်ကကိုင်လာရင်း နေလောင်ထားတဲ့ အသားနီနီတွေနဲ့ ချွေးတွေ ရွှဲနေတဲ့ကြားက ပြုံးပြရင်း ' သမီးရေ ' လို့ လှမ်းခေါ်ပြီး ဝင်လာတဲ့ ဦးစိုင်းရယ်ပါ။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၁၀)



ကျွန်မ လက်ညှိုးနဲ့ လက်ခလယ်
နှစ်ချောင်းပေါင်းလောက်တောင် မရှိတဲ့
သမီး လက်မောင်းသေးသေးလေးထဲကို
အပ်နဲ့ဖောက်ပြီး ကြိုးပျော့ပျော့တစ်ချောင်း
ထည့်နေကြတယ်။

အိပ်လို့ မှေးခနဲ ပျော်သွားလိုက်၊ ဖျတ်ခနဲ ပြန်နိုးလာလိုက်ကြားက နိုးလာတိုင်း သန့်စင်ခန်းကိုပဲ သွားချင်နေတယ်။ ခါးအောက်ပိုင်းက အရမ်းနာလို့ လမ်းလျှောက်ရတာတောင် ကိုင်းကိုင်းကြီးဖြစ်နေပေမယ့် ရအောင်ဖိလျှောက်တယ်။ သန့်စင်ခန်းထဲက မှန်မှာကြည့်မိတော့ မျက်နှာက သွေးမရှိသလို ဖြူနေပေမယ့် လည်ပင်းကနေ ရင်ညွှန့်၊ ရင်သားတွေအထိပါ တင်းပြီး သွေးကြောစိမ်းစိမ်းတွေက ထင်းနေအောင်ပေါ် နေတယ်။ အံ့ဩပြီး လက်နဲ့လိုက်ဖိကြည့်ပြီး ရင်ညွှန့်တပြင်လုံး သွေးကြောတွေစိမ်းနေတာ ဘာလို့ပါလိမ့်လို့စဉ်းစားရင်း ရင်သားကို သတိထားမိမှ အရမ်းတင်းနေတယ်။ လှိုက်ခနဲ ပျော်သွားတယ်။ ဟုတ်တယ်. . . ဒါ နို့ထွက်ဆေးတွေကြောင့်။ မနက် မိုးမြန်မြန်လင်းပြီး သမီးဆီကို နို့မြန်မြန် သွားညှစ်ပေးမယ်။ ပျော်လို့ လန်းဆန်းသွားသလိုတောင် ဖြစ်မိပေမယ့် လမ်းလျှောက်ရခက်အောင် ဝမ်းဗိုက်အောက်ပိုင်းတစ်ခုလုံး နာနေလို့ ခါးကိုင်းပြီးပဲ အခန်းရှိရာကို ဖြည်းဖြည်းချင်းပြန်လိုက်တယ်။ ရေလား . . . ဆေးရုံက မနက်၊ နေ့လည်၊ ည ဘူးသေးသုံးဘူး၊ အအေးဘူးသေး သုံးဘူးပဲ ပေးတာ။ နို့ထွက်ဖို့မလောက်ဘူးလို့ သိထားပြီး ပြောပြတော့ ဦးစိုင်းက ဟိုတယ်က ရေဘူးတွေမသောက်ပဲ ယူလာပေးထားတယ်။ အဲဒီရေတွေ ခဏခဏ သောက်ရင်း သမီးဆီသွားဖို့ ခြေလှမ်းပြင်နေတယ်။

မနက်လင်းပြီး ခပ်စောစောမှာပဲ (မြန်မာနိုင်ငံက အိုမန်နိုင်ငံထက် နှစ်နာရီခွဲ စောတယ်) အိမ်က ဖုန်းဆက်လာတယ်။ အမျိုးသားဖြစ်ဖြစ် အမျိုးသားရဲ့ အစ်မတွေဖြစ်ဖြစ် တစ်ယောက်လိုက်လာကြမယ်တဲ့။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ အိုမန်သံရုံး မရှိ၊ အိုမန်မှာလည်း မြန်မာသံရုံး မရှိတော့ အိုမန်သံရုံးတွေရှိရာ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတွေကနေတစ်ဆင့် လိုက်လာမှရမယ်။ အဲဒီတော့ ထောက်ခံချက်တွေလည်း ပြည့်စုံဖို့လိုတယ်။ စိတ်ထဲမှာ သေချာစီစဉ်တကျ တွေးနေတယ်။ အရင်းနှီးဆုံး လူတစ်ယောက်ကိုပဲ ခွင့်ပြုမယ်ဆိုရင် ခင်ပွန်းသည်ပဲရှိတော့ သူ့အတွက် ထောက်ခံပေးဖို့ ဆေးရုံက တာဝန်ရှိသူတွေနဲ့ တွေ့ဖို့လိုသလို ကာတာလေကြောင်းလိုင်းက တာဝန်ရှိသူနဲ့လည်းတွေ့ဖို့လိုတယ်။ သူတို့ဆီက ထောက်ခံချက်တွေရဖို့ ကိုယ် သေချာပြောပြရမယ်။ ဖိုက်တင်း ငြိမ်းအိအိ တွေး . . . ။

လုံးဝမကြိုက်တဲ့ မနက်စာ ကြက်ဥပြုတ်နှစ်လုံးကို မျက်လုံးမှိတ် မြိုချ၊ ဆန်ပြုတ်ပျစ်ပျစ်တစ်ခွက်ကို မော့သောက်လိုက်ပြီး သမီးထားတဲ့ NICU ဘက်ကို ဖြည်းဖြည်းချင်းလျှောက်လာလိုက်တယ်။ ကိုယ့်မှာ ဦးစိုင်းဝယ်ပေးတဲ့ ရော်ဘာ ညှပ်ဖိနပ်အသစ်လေးလည်း ရနေပြီလေ။ သမီးက အပြာရောင်မီးအုပ်ဆောင်း နှစ်ခုအောက်က ဖန်လုံအိမ်လေးထဲမှာ အောက်ဆီဂျင်ပိုက်

အပါအဝင်တွေ ရှုပ်ယှက်ခက်နေတဲ့ ကြိုးတွေအပြည့်နဲ့ပဲ။ အခြေအနေကိုမေးလိုက်တာနဲ့ တာဝန်ကျ ဆရာဝန်၊ သူနာပြုတွေက ချက်ချင်း မှတ်တမ်းစာအုပ်တွေယူလာပြီး တစ်ခုချင်း ဖတ်ပြတယ်။ ပေါင်ချိန်က 1.32 Kg ကနေ 1.24Kg ကျသွားတယ်. . . ' ဒါပေမဲ့ စိတ်မပူပါနဲ့ လမစေ့ဘဲ မွေးလာတဲ့ ကလေးတိုင်း ဖြစ်နေကျပုံစံပါ ' လို့ ဝိုင်းရှင်းပြကြတယ်။ သမီးကတော့ ဒေါသထွက်နေပုံပါပဲ ညိုမည်းမည်း ပါးလေးတွေကလည်း တဖြေးဖြေး အမည်းရောင်လျော့လာပြီ. . . ဒီလို ညိုမည်းရတဲ့ အကြောင်းရင်းက ကလေးလေးယာဉ်ပေါ်မှာ မွေးထွက်လာချိန်မှာ ဖောက်ထိုးဖြစ်တဲ့အချိန် အညစ်အကြေးအကုန်လုံးက မျက်နှာဘက်မှာ စုသွားတယ်။ အဲဒီ အညစ်အကြေးတွေ ချွဲတွေကို တဖြေးဖြေး ပိုက်နဲ့ စုပ်ထုတ်နေကြရတာဖြစ်တယ်။ နှလုံးကို စစ်ဖို့ ညာဖက်လက်မောင်းကို ဖောက်ပြီး ကြိုးသွင်းရမယ်လို့ ပြောပြတော့ သမီးအတွက် အန္တရာယ်ရှိ မရှိ သေချာမေးပြီး ခွင့်ပြုလိုက်တယ်။ ကိုယ်ကတော့ နို့ညှစ်ဘူးတွေ နို့ဘူးသစ်တွေ တောင်းပြီး နို့သွားထုတ်ဖို့ မြန်မြန်သွားနေပြီ။ အဝါရောင်ပဲနို့ရည်ကြည်လို နို့ 10 ml လောက်လေးရတာကို ပျော်လွန်းနေတဲ့ကိုယ့်ကို နို့ညှစ်ခန်းထဲက မိခင်တွေ အကုန်ဝိုင်းကြည့်နေကြတယ်။ အကုန်လုံးကို လှည့်ပတ်ပြုံးပြလိုက်ပြီး သမီးဆီ မြန်မြန်ပြန်သွားလိုက်တယ်။

သမီး ဖန်ပေါင်းချောင်လေးနားမှာ ဆရာဝန်တွေ အုပ်စုလိုက် အများကြီးရောက်နေတယ်။ ' ဘာဖြစ်တာလဲ ' လို့ အလန့်တကြားမေးတော့ ' ပုံမှန်ပဲ လက်မောင်းကနေ ကြိုးသွင်းရမယ် ' လို့ ဝိုင်းရှင်းပြကြတယ်။ ကျွန်မ လက်ညှိုးနဲ့ လက်ခလယ် နှစ်ချောင်းပေါင်းလောက်တောင် မရှိတဲ့ သမီး လက်မောင်းသေးသေးလေးထဲကို အပ်နဲ့ဖောက်ပြီး ကြိုးပျော့ပျော့တစ်ချောင်း ထည့်နေကြတယ်။ အင်္ကျီအိတ်ထဲ ထည့်ထားတဲ့ လက်နှစ်ဖက်က အေးခနဲဖြစ်သွားတဲ့အထိ ကျွန်မ ဝမ်းနည်းမိတယ်၊ သမီးက အော်ငိုပြီး ရုန်းနေပေမယ့် ခေါင်း၊ မျက်နှာနဲ့ ပါးစပ် အကုန်လုံးမှာ ပိုက်တွေချည်းပဲမို့ ဝိုင်းထိန်းပေးနေကြတယ်။

ကျွန်မ မသိမသာ လက်ညှိုးကိုကွေးလိုက်ပြီး အားပြင်းပြင်းကိုက်ထားလိုက်ရင်း မျက်ရည်မကျလာအောင် တင်းထားတယ်။ နည်းနည်းလေး မျက်ရည်ဝဲတာနဲ့ မြန်မြန်သုတ်ပစ်တယ်။ သမီးထက် ဘေးကကျွန်မက ပိုအားရှိမှ သူ့ကို အားပေးလို့ရမှာ။ အားလုံး အဆင်ပြေပြေ ပြီးတဲ့အချိန်ထိ ရင်တမမနဲ့ စောင့်ကြည့်နေတယ်။ အားလုံးအပြီး သမီးကို ဖန်ပေါင်းချောင်ထဲ သေချာပြန်ထည့်ပြီး အဲဒီ ဆရာဝန်အဖွဲ့ထဲက ဆရာဝန်တစ်ယောက်က ကျွန်မကို လာနှုတ်ဆက်တယ်။ သူ့နာမည်က ဒေါက်တာ အာမတ် အယ်ဖာလ် ဆအစ်။ ထိုင်းမှာလည်း ဆေးတက္ကသိုလ်လာတက်

ဖူးသေးတော့ ကျွန်မက မြန်မာနိုင်ငံဆိုတာကို ရှင်းပြရတာ တခြားလူတွေထက် ပိုလွယ်တယ်။ သူက အစ္စလာမ်ကိုးကွယ်သူဖြစ်ပေမယ့် ကျွန်မနဲ့စကားပြောရင် လက်အုပ်လေးချီပြီး ပြောတယ်။ ကျွန်မ သူ့ကို ဖြစ်ခဲ့တာတွေ သေချာရှင်းပြတယ်။ အစအဆုံး။ သူက သမီးနေကောင်းလို့ ပြန်ရင် သူပါ အလည်လိုက်ချင်ကြောင်းတောင် စနောက်ရင်း အားပေးတယ်။ ကျွန်မ ခဏနေတော့ သူ့ကို နှုတ်ဆက်ပြီး ဒီ ward တစ်ခုလုံးရဲ့ incharge ကို ရှာတယ်။ ပထမဆုံးနေ့က ကျွန်မကို လာအားပေးတဲ့ ဆရာဝန်ကြီး။

သူနဲ့တွေ့တာနဲ့ ကျွန်မအမျိုးသား လိုက်လာနိုင်ဖို့ ထောက်ခံချက်လိုကြောင်းနဲ့ ဒီမှာ ဘယ်လောက်နေရမယ်ဆိုတာ အကြမ်းဖျဉ်းမေးတယ်။ သူက အားပေးစကားကို အနူးညွှတ်ဆုံး ပြောနေပေမယ့် ထောက်ခံစာမှာတော့ တစ်လဝန်းကျင်နေရလောက်မယ်လို့ပဲ ခန့်မှန်းရေးပေးတယ်။ ပြီးတော့ ဆေးရုံရဲ့ လူမှုကူညီရေးအဖွဲ့ကို လှမ်းဆက်သွယ်ပြီး ကျွန်မနိုင်ငံကို ပြန်ဆက်သွယ်လို့ရမယ့် ကိစ္စတွေလုပ်ဖို့ အမျိုးသားလိုက်လာဖို့တွေ လုပ်ဖို့ ကျွန်မဆီ လာတွေ့ခိုင်းပြီး အဆောင်မှာပဲ ပြန်စောင့်နေဖို့ ပြန်လွှတ်လိုက်တယ်။ ခပ်ဖြေးဖြေး လမ်းလျှောက်လာရင်း ပိုပိုနာလာလို့ နံရံကိုအားပြုပြီး ကိုင်လျှောက်နေတုန်း မိခင်အဆောင်က ပြီးခဲ့တဲ့တစ်ရက်ကျော်က တာဝန်ကျသူနာပြုတွေက လှမ်းနှုတ်ဆက်တယ်။ ' နီရမ်ရေ ဘာဖြစ်တာလဲ ' တဲ့။ ဗိုက်အောက်ပိုင်း အရမ်းနာနေတယ်ဆိုတော့ ' ဆရာဝန်လွှတ်လိုက်မယ် ' လို့ ဝိုင်းအားပေးကြတယ်။

ကျွန်မ ခုတင်မှာ ပြန်လှဲနေတုန်း ဆရာဝန်ရောက်လာတယ်။ စစ်ဆေးပြီး နို့ထွက်ဆေးက ပြင်းတော့ သောက်ခိုင်းလေ့မရှိဘဲ လုံးဝ မထွက်သူတွေကိုပဲ အမိကပေးတဲ့အကြောင်း၊ အဲဒီဆေးက သားအိမ်ကို လှုံ့ဆော်ပေးလို့ နာတဲ့အကြောင်းတွေ ရှင်းပြတယ်။ ပါရာစီတမော ထပ်ပေးတယ်။ ခဏအကြာ ဆေးရုံလူမှုအဖွဲ့အစည်းက တာဝန်ရှိအမျိုးသမီးရောက်လာပြီး မြန်မာနိုင်ငံက အိမ်လိပ်စာ၊ အမျိုးသားကို ဆက်သွယ်ရမှာတွေ၊ အမျိုးသားလိုက်လာဖို့ လိုအပ်တဲ့ စာရွက်စာတမ်းတွေ အကုန်မေးတယ်၊ တောင်းတယ်။ သေချာစကားပြောပြီး သူ ပြန်သွားတော့ ပင်ပန်းလို့ ခဏလှဲနေတုန်း ဦးစိုင်းနဲ့အတူ ကိုဝေယံသူငယ်ချင်းရဲ့ တစ်ဆင့်သူငယ်ချင်း မသစ္စာနဲ့ အိုမန်လေကြောင်းမှာပဲ အတူလုပ်နေတဲ့ မဆု ရောက်လာကြတယ်။ လေယာဉ်ပေါ်က ဆင်းဆင်းချင်း တစ်ခါမှမမြင်ဖူးတဲ့ ကျွန်မအတွက် အဆင်ပြေသလို စီစဉ်လာပေးကြတာက ပုစွန်ခြောက်ထမင်းကြော်၊ ကြက်ဥ၊ ကြက်အူချောင်း ထမင်းကြော်၊ အအေးနဲ့ မုန့်တွေ။

ဦးစိုင်းကလည်း ဟိုတယ်မှာရတဲ့ ပြောင်းဖူး ကြက်သားစွပ်ပြုတ် ပျစ်ပျစ်တစ်ပွဲ ဝယ်

လာပေးတယ်။ ကျွန်မ လိုအပ်တာတွေ မေးကြ၊ အိမ်က လိုက်လာဖို့အကြောင်းတွေ မေးကြရင်း ဆင်းကဒ်လည်းရပြီမို့ ကျွန်မဖုန်းနံပါတ်ကိုလည်း အိမ်ကို ပို့ထားကြောင်းပြောတယ်။ ဒါပေမဲ့ ဘယ်သူမှမဆက်ခင် အရင်ဆုံး ဖုန်းဆက်လာ၊ စာပို့လာတာက စင်ကာပူမှာနေတဲ့ ကိုဝေယံ သူငယ်ချင်း မသီရိကဥ္စနာ။ သူက တရင်းတနှီးကို အားပေးနေခဲ့တာ။

' တကယ်လို့ အိမ်က လိုက်လာဖို့ အဆင်ပြေတယ်ဆို ဦးစိုင်းက သူ အိမ်ပြန်ရမလား ' လို့ ကျွန်မကို မေးတယ်။ ဟုတ်တယ်. . . တကယ်တော့ သူ့မှာလည်း တာဝန်ယူထားတဲ့ အလုပ်တွေ အများကြီး၊ သူ အမေရိကနဲ့ မြန်မာပြည်ကြားက မိတ်ဆွေတွေအတွက် ကူညီပေးနေရင်းတန်းလန်း အိုမန်မှာ ဆင်းကျန်ရစ်ခဲ့တာ။ ' ရပါတယ်. . . ဦးစိုင်းရေ. . . သမီး နေကောင်းတယ်။ စိတ်မပူနဲ့ ပြန်ဖို့စီစဉ်နော် ' လို့ ပြောလိုက်တယ်။

ဆေးရုံတက်သူတွေ ဖုန်းသံနဲ့ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဖုန်းလိုင်းက ဆေးရုံဝင်းထဲမှာ မကောင်းအောင် စီစဉ်ထားတာဆိုတော့ လိုင်းတောင် သေချာမမိတဲ့အတွက် အင်တာနက်လည်း သုံးလို့မရဘူး။ အဲဒီတော့ လိုအပ်တဲ့အချက်အလက်တွေကို ဖုန်းနဲ့ ဓာတ်ပုံရိုက်၊ မဲသစ္စာ ဖုန်းထဲ လွှဲ၊ သူကနေတဆင့် ရန်ကုန်က ကျွန်မအမျိုးသားဆီ ထပ်လွှဲရတယ်။ ညနေတစ်ခေါက် ထပ်လာမယ်နော်လို့ မှာပြီး လုပ်စရာကိစ္စတွေလည်း ရှိသေးတာမို့ ဦးစိုင်းတို့ပြန်ကြတော့ ကျွန်မစိတ်တွေ ချုပ်ထွေးနေတယ်။ တကယ်လို့ ဦးစိုင်းပြန်သွားရင် ကျွန်မနဲ့ ကလေးနှစ်ယောက်တည်း ဆေးရုံမှာ ကျန်ခဲ့မှာမဟုတ်လား။

ဒါပေမဲ့ ဦးစိုင်းကိုလည်း ထပ်ပြီး ဒုက္ခ မမျှပေးချင်တော့ဘူး။ ဘာထပ်ဖြစ်လာမလဲ မသိပေမယ့် အဆင်ပြေမှာပါလို့ တွေးကြည့်တယ်. . . ဟုတ်တယ်. . . ကျွန်မနဲ့ သမီးလေး ရောက်နေတာ စစ်ဖြစ်နေတဲ့ တောအုပ်ထဲမှာလည်း မဟုတ်သလို ရေမရှိတဲ့ သဲကန္တာရမှာလည်း မဟုတ်ဘူး။ ဆူလ်တန် ဘုရင့်နိုင်ငံတော်တွေထဲက တစ်ခုဖြစ်တဲ့ အိုမန်နိုင်ငံရဲ့ တော်ဝင်ဆေးရုံကြီးပေါ်မှာလေ . . . ။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၁၁)



‘ ဦးစိုင်း ပြန်သွားရင် ငါတစ်ယောက်တည်း ကျန်ခဲ့တော့မယ် ’ ဆိုတဲ့အသိနဲ့ စိတ်က ပိုလှုပ်ရှားနေတယ်။ အမှန်ဆို သမီးလေးပါခေါ်ပြီး အားလုံးအတူပြန်သွားရရင် ဘယ်လောက်ကောင်း မလဲနော်. . .။ စိတ်ကူးယဉ်လိုက် မဖြစ်နိုင်ဘူးဆိုပြီး ပြန်တွေးလိုက်နဲ့ပဲ ညက တာရှည်လွန်းလှ တယ်။ ဘေးခုတင်က ဘော်ဒရင်ရာကလည်း သပ်သပ်ရပ်ရပ်တွေ ပြင်ဆင်ရုံတင်မကဘူး ကလေး ကိုပါ လှလှပပ ပြင်ဆင်ပေးနေတာကိုတွေ့တော့ ဘာဖြစ်လို့ပါလိမ့်လို့ စဉ်းစားနေတယ်။ ခြေရင်း ဘက်အတန်းက ခုတင် သုံးလုံးစလုံးမှာ လူတွေပြောင်းသွားကြပြီ။ နည်းနည်းကြီးကျယ်ပုံရပြီး သူ နာပြုတွေကိုပါ အော်ငေါက်တတ်တဲ့ ထောင့်ဆုံးက အမျိုးသမီးကြီးရော အလယ်ခုတင်က ခပ် ငယ်ငယ် ပိန်ပိန်ချောချောတစ်ယောက်ပါ ဆေးရုံဆင်းသွားကြပြီ။

ကိုယ့်ခြေရင်းက ခုတင်ကို မိခင်သစ်တစ်ယောက် ရောက်လာပြီး အဲဒီ မိခင်နဲ့အတူ ပါလာတဲ့ အမျိုးသမီးနှစ်ယောက်က အကူအညီတစ်ခုခု လိုအပ်နေတဲ့ပုံနဲ့ ကျွန်မ လှဲနေတဲ့ဆီ လှမ်း လာတယ်။ ပြီးတော့ ထုံးစံအတိုင်း အာရဗီစကားနဲ့ပဲ လာပြောတော့ ပြုံးပြပြီး အင်္ဂလိပ်လို ပြန် နှုတ်ဆက်ပေမယ့် သူတို့ တစ်လုံးမှ နားမလည်ကြဘူး။ အံ့ဩသလို ကိုယ့်ကိုကြည့်ပြီး သူတို့ ခုတင် ပြန်သွားကြတာကို ငေးနေတုန်း ဘေးက ခန်းဆီးကို တစ်ယောက်ယောက်က မလိုက်တယ်။ နှုတ် ခမ်းနီ ရဲရဲ၊ မိတ်ကပ် ဖွေးဖွေးနဲ့ မျက်နှာဝိုင်းကြီးတစ်ခုကလွဲရင် ခေါင်းအစ ခြေအဆုံး တစ်ကိုယ်လုံး အနက်ရောင်တွေ ဖုံးထားတဲ့ ဘော်ဒရင်ရာ။ ရုတ်တရက်ဆိုတော့ လန့်သလိုဖြစ်သွားပေမယ့် နင် လှတယ်လို့ ကမန်းကတန်း ပြောလိုက်တယ်။ သူ နားလည်မလားတော့ သေချာမပြောနိုင်ဘူး။ သူ က အားပါးတရ ပြုံးပြပြီး ကိုယ်နားမလည်တဲ့စကားတွေကို လက်ဟန်ခြေဟန်တွေနဲ့ ပြောနေတယ်။ ချက်ချင်း နားလည်မိတာက သူ ဆေးရုံက ဆင်းတော့မယ်။

ဒါဆို ကိုယ်ကရော. . . ကျွန်မလည်း ဆေးရုံကဆင်းပြီး အိမ်ပြန်ချင်ပါပြီ။ ကလေးနဲ့ ကျွန်မကို သည်းသည်းလှုပ်နေကြမယ့် အမျိုးတွေနဲ့ ပြည့်နေမယ့်အိမ်မှာ ကျွန်မလည်း အားပါးတရအိပ် လိုက်ချင်ပါပြီ။ ပြုံးနေတာကနေ ညှိုးသွားတဲ့မျက်နှာနဲ့ သူ့ကိုအားကျတဲ့ မျက်လုံးတွေက မိခင်တွေ ကြားမှာ ဘာသာစကားမလိုပြန်ပါဘူး။ သူ ချက်ချင်း စိတ်မကောင်းဖြစ်သွားပုံရပြီး ခုတင်ဘေး၊ ပုခက်ခြင်းထဲက သူ့ကလေး ဝတုတ်ကြီးကို သွားချီလာပြန်ပါတယ်။ ပြီးတော့ ကျွန်မကို ခဏပေး ချီတယ်။ သူ့ကိုပြုံးပြပြီး ကလေးကိုချီနေတုန်း ခဏအကြာမှာ သူနာပြုတွေနဲ့ သူ့အမျိုးသား ရောက် လာကြတယ်။ ဘော်ဒရင်ရာနဲ့ အထုတ်အပိုးတွေကို သူ့အမျိုးသားနဲ့ သူနာပြုတို့က မနိုင်မနင်းသယ် ကြချိန်မှာ ဘော်ဒရင်ရာက ကိုယ့်အနားမှာ ကလေးကိုချီပြီး ရပ်နေတယ်။ သူတို့ကို နှုတ်ဆက်၊

အခန်းထဲက ဖြည်းဖြည်းချင်း ထွက်သွားတာကို ငေးနေရင်းက အိပ်ရမယ်လို့ အားတင်းလိုက်တယ်။

တစ်နေ့ ကိုယ်လည်း အဲဒီလို အိမ်ပြန်ရမှာပဲ . . . ။

တိတ်ဆိတ်နေရင်တောင် ခဏခဏ လန့်နိုးတတ်တဲ့ကျွန်မက ကလေးငိုသံ၊ ခုတင်ရွှေ့သံ၊ မိခင်တွေ စုတ်သပ်ညည်းသံ၊ မိခင်အသစ် ရောက်လာသံတွေကြားမှာ တကယ် အိပ်ပျော်နေသလား၊ အိပ်မပျော်ပဲ မျက်စိမှိတ်ထားရုံ ငြိမ်နေသလားဆိုတာလည်း သေချာမသိပြန်ဘူး။ ဒါပေမဲ့ မနက်စောစောမှာပဲ အမျိုးသားက ဖုန်းဆက်လာတာတော့ အသေအချာပဲ။ ဒါပေမဲ့ ဖုန်းမကိုင်ရခင် ချက်ချင်း ကျကျသွားတာ လေးငါးခါလောက်ဖြစ်ပြီး စိတ်တွေ ပြန်ပူလာတော့ စကြိဘက်ကို ထွက်ပြီး လမ်းလျှောက်ရင်း ဖုန်းစောင့်၊ လိုင်းက ပေါ်လိုက်ပျောက်လိုက် ဖြစ်နေတဲ့ကြားက အမျိုးသားက စိတ်မပူဖို့နဲ့ သူလိုက်လာဖို့ပြင်နေကြောင်းတွေ လှမ်းပြောတာကို ပြတ်တောင်းပြတ်တောင်း ကြားရတယ်။

မနက်စာ မြန်မြန်စား၊ round လှည့်တဲ့ ဆရာဝန်တွေအဖွဲ့ကို စောင့်တွေ့ပြီးတာနဲ့ သမီးဆီကို မြန်မြန်သွားဖို့ စိတ်က စောနေတုန်း သမီးကိုထားတဲ့ NICU ထဲက တာဝန်ရှိ ဆရာဝန်ကြီး ဒေါက်တာ အလီ အယ်လ်ဂျာဘာရီ ကိုယ့်ခုတင်ကို ရောက်လာတယ်။ ထင်မှတ်မထားတာမို့ အံ့အားသင့်နေတုန်း အမျိုးသားလိုက်လာဖို့ စာရွက်စာတမ်းတွေ အကုန်ပြင်ဆင်ပြီးပြီဖြစ်ကြောင်း နူးညံ့တဲ့ လေသံနဲ့ ပြုံးပြီးပြောတယ်။ ကျေးဇူးတင်ကြောင်းပြန်ပြောတော့ သူ့မှာ ပြောစရာနောက်ထပ်ရှိသေးတယ်တဲ့။ ' ဟုတ်ကဲ့ ' လို့ စကားထောက်ပေးတော့ လေယာဉ်နဲ့ခရီးသွားရင် လေယာဉ်ဖိအားကြောင့် သာမန်လူတွေမှာ သွေးပေါင်ချိန်မြင့်တက်လေ့ရှိကြောင်း၊ ဒါကြောင့် သွေးတိုးရောဂါရှိသူတွေ လေယာဉ်ပေါ်မှာ အရက်နဲ့ ဝိုင်လိုမျိုး ရုတ်တရက် သွေးအားမြင့်တက်သွားစေတာမျိုးတွေ မသောက်စေကြကြောင်း၊ သမီးလေးက လေယာဉ်ပေါ်မှာ လေဖိအားကြောင့် ရုတ်တရက် မွေးထွက်လာတာဖြစ်လို့ သူ့ကိုယ်ပေါ် အမိက ဦးခေါင်းထဲကို လေဖိအားသက်ရောက်မှုကြောင့် သွေးတိုးနိုင်ကြောင်း၊ သွေးတိုးတဲ့အခါ သာမန်လူတွေတောင် သွေးကြောတွေတင်းနေအောင် ခံရတဲ့အတွက် အရမ်းနုတဲ့ သမီးလေးရဲ့ဦးခေါင်းထဲမှာလည်း သွေးကြောတွေပေါက်သွားနိုင်ကြောင်း၊ သွေးကြောပေါက်သွားရင် အဆင့်(၃)ဆင့်ရှိပြီး အဆင့်(၁)နဲ့ (၂)ဆိုရင် ဆေးရုံက ဦးနှောက်ပိုင်း အထူးဆရာဝန်တွေက ခွဲစိတ်ကုသနိုင်ကြောင်း၊ တကယ်လို့ အဆင့်(၃)ဆိုရင်တော့ သွေးကြောက ပေါက်ပြဲပြီး ဦးနှောက်ထဲမှာ သွေးတွေ နေရာယူနိုင်တာမို့ ကုသလို့မလွယ်ကြောင်း၊ ဒါကြောင့် အခြေအနေကို သိရဖို့ သမီးလေးရဲ့ဦးခေါင်းကို Scan ဖတ်ချင်ကြောင်းနဲ့ ခွင့်ပြုစေချင်ကြောင်းတွေကို တစ်လုံးချင်း

သေချာရှင်းပြနေတာပါ။ သူ စကားတစ်လုံးထွက်လာတိုင်း မျက်နှာတွေပျက်၊ မျက်လုံးတွေပြူးနေတဲ့ ကျွန်မ အသက်ဖြေးဖြေးတောင်မရှူနိုင်ပဲ တကယ်လို့သာ သွေးကြောပေါက်နေရင် မြန်မြန်သိ မြန်မြန်ခွဲလို့ရမယ်ဆိုတဲ့ အသိနဲ့ သူ့ကို scan မြန်မြန်သာဖတ်ပါလို့ တိုက်တွန်းလိုက်ပါတယ်။

သူက ပြုံးပြီး ' နင်က တကယ်တော်တဲ့ မိခင်ပါ. . . ကျေးဇူးတင်ပါတယ်၊ ဘာလိုလို ငါတို့ကိုပြောပါ. . . အတတ်နိုင်ဆုံး ကူညီပါ့မယ် ' လို့ ပြောပါတယ်။ သမီးဆီကို နေ့လည်မှသွားဖို့လို တော့တာကြောင့် အိမ်ကဆက်လာတဲ့ ဖုန်းတွေ၊ စက်ာပူက ကိုဝေယံသူဝယ်ချင်း မသီရိ ပို့လာတဲ့ မတ်ဆေ့ချ်တွေကိုပဲ စောင့်ဖတ်၊ စောင့်ဖြေနေပါတယ်။

အမျိုးသားလိုက်လာဖို့နဲ့ ကျွန်မ အိုမန်နိုင်ငံမှာ ကလေး ဆင်းမွေးနေရကြောင်းကို မြန်မာနိုင်ငံမှာရှိတဲ့ ကာတာလေကြောင်းလိုင်းကို အိမ်ကတစ်ဆင့် ဆက်သွယ်ခိုင်းပေမယ့်လည်း ' သူတို့နဲ့ မသက်ဆိုင်ကြောင်းသာ တဖွဖွပြောပြီး မသိသလိုနေနေတယ် ' လို့ပြန်ကြားရတော့ စိတ်ထဲ ခံပြင်းမိပါသေးတယ်။ လေကြောင်းလိုင်းက စိတ်ပူပါတယ်၊ ဒါမှမဟုတ် ပျော်ရွှင်ရပါတယ်ဆိုတာ မျိုးကို ကျွန်မအိမ်ကို အကြောင်းကြားပေးရမှာကို ခု ပြောင်းပြန်၊ အိမ်က သွားအကြောင်းကြားပေးမယ့် ' လက်မှတ်ရောင်းရုံပဲ သိပါတယ်၊ တခြား ဘာမှမသိဘူး ' လို့ ပြန်ဖြေကြပြီး အရေးတယူ မ လုပ်ဘူးလို့သိရတော့ စိတ်လည်း ပျက်မိပါတယ်။

သမီးအတွက် နည်းလမ်းပေါင်းစုံ ဆုတောင်းပြီး ဦးနှောက် စကင်န်ဖတ်နေတဲ့အချိန် ကို ကျော်ဖြတ်ရတာမို့ နေ့လည်စာလည်း မစားနိုင်ပြန်ပါဘူး။ မွန်းလွဲချိန်မှာ NICU က တာဝန်ရှိ ဆရာဝန်ကြီး ထပ်ရောက်လာပြီး ပြောလာတဲ့ အံ့အားသင့်စရာအဖြေစကားက သမီး ဦးခေါင်းထဲ မှာ သွေးကြောတစ်ကြောတောင်မှ မပေါက်ထွက်နေပါဘူးတဲ့။ လွင့်ထွက်သွားသလို ပျော်မိပြီး သမီးထားရာအခန်းကို ခပ်မြန်မြန်ပဲ ဆရာဝန်ကြီးနောက်က လိုက်သွားမိပါတယ်။ အရမ်းတော်တဲ့၊ စိတ်ဓာတ်ခိုင်မာတဲ့၊ သတ္တိရှိတဲ့သမီးလေးကို လက်ကလေးနဲ့ တစ်ကိုယ်လုံး လိုက်ထိပြီး အားပေးချီး ကျူးစကားတွေပြောပြီး နို့ဘူးသစ်တောင်းကာ နို့ညှစ်ခန်းကို ပြေးရပါတော့တယ်။ မနက် နေ့လည် နှစ်ကြိမ်ပေါင်းထွက်လာတဲ့ အဝါရောင်နို့ရည်က 40 ml ဖြစ်ပြီး သမီးဦးနှောက်ထဲ သွေးကြော မပေါက်ဘူးဆိုတဲ့ အသိပြီးရင် ဒုတိယအမြင့်ဆုံး ပျော်စရာအသိ နောက်တစ်ခုပါ။

သမီးအခန်းထဲက ဆရာဝန်၊ ဆရာမတွေနဲ့ လှည့်ပတ်စကားတွေပြောပြီး သမီးကို ဒီနေ့ 2 cm နို့ရည် စတိုက်မှာဖြစ်တဲ့အကြောင်း သိရပါတယ်။ နို့များများသောက်၊ အားများများရှိပြီး မြန်မြန်နေကောင်းလို့ အိမ်အတူ ပြန်ကြရအောင်ပါ သမီးလေးရေ. . . ။

ညနေ ၃ နာရီလောက် ခုတင်ပြန်ရောက်ပြီး တစ်မနက်လုံး စိတ်မောတဲ့ဒဏ်ကြောင့် လှဲနေရင်းခဏ မှေးခနဲဖြစ်သွားချိန်မှာ ဦးစိုင်း၊ မသစ္စာနဲ့ သူငယ်ချင်း မရှိုစလင်းတို့ ရောက်လာကြပါတယ်။ လေဆိပ်မှာထိန်းသိမ်းထားတဲ့ ကျွန်မရဲ့အိတ်တွေကို ဦးစိုင်းတို့ သယ်ယူလာကြပြီး ကျွန်မအတွက်လည်း လိုအပ်နေတဲ့ မျက်နှာသုတ်ပဝါ အပါအဝင် ပစ္စည်းတစ်ချို့ ပါလာပါသေးတယ်။ ညနေ ၅ နာရီ လေယာဉ်နဲ့ မြန်မာနိုင်ငံပြန်ဖို့ သေချာမသိရသေးတာမို့ ကာတာက တာဝန်ရှိသူဆီ ဖုန်းတွေ တစ်ချိန်လုံး ဝိုင်းဆက်နေကြပေမယ့်လည်း မကိုင်တာကြောင့် ဦးစိုင်းတို့လည်း စိတ်ဒုက္ခရောက်နေကြတာပါ။

နောက်တော့ ' သေချာပြီ။ မြန်မြန်လာခဲ့ ' လို့ ဖုန်းရချိန်မှာ ဟိုဖက်က ပြန်ဖြေတာကြောင့် ဦးစိုင်းတို့လည်း ခပ်မြန်မြန် ဆေးရုံက ထွက်ဖို့လိုပါပြီ။ ဒါပေမဲ့ ' သမီးဆီကိုသွားကြည့်ပြီး နှုတ်ဆက်ချင်သေးတယ် ' လို့ ဦးစိုင်းက ပြောတာမို့ ကျွန်မတို့အားလုံး အတူသွားကြပြီး သမီးနဲ့ ကျွန်မကို သေချာဆုတောင်းပေးတာတွေ၊ အားပေးစကားတွေနဲ့ ဦးစိုင်းက အချိန်ပေး ပြောခဲ့ပါတယ်။

' ငြိမ်း . . . သမီးက အပြင်မှာ ဘယ်လောက်ပဲ မာကျောနေသလိုဖြစ်ပေမယ့် ဟိုးအတွင်းပိုင်းထဲမှာ အရမ်းနူးညံ့နေတဲ့ စိတ်ကလေးရှိတာကိုလည်း ဦးစိုင်း သိတယ်။ အဲဒီ နူးညံ့တဲ့ စိတ်ကနေ အားငယ်တာကို မပြောင်းသွားရဘူးနော်။ အဆင်ပြေမှာ။ ဘုရားရှိတယ်။ ပြီးတော့ အမျိုးသားလည်း လိုက်လာတော့မယ်နော် ' လို့ ဦးစိုင်းက နှုတ်ဆက်အားပေးစကားပြောရင်း အဲဒီနေ့ ညနေမှာပဲ မြန်မာနိုင်ငံ ပြန်သွားခဲ့ပါတော့တယ်။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၁၂)



သမီးရဲ့ အသားမရှိတဲ့
ခြေသလုံး သေးသေးလေးတွေ၊
လက်မောင်းလေးတွေကို
လိုက်ထိကြည့်နေတယ်။
'မေမေ ရှိတယ်နော် ' ဆိုတဲ့ စကားကတော့
အများဆုံးပြောဖြစ်တဲ့ စကားစုပဲ။

အရေးအကြောင်းဆို တိုင်ပင်စရာ ဦးစိုင်း အနားမှာမရှိတော့သလို ဆေးရုံကို လာတွေ့ကြတဲ့ မသစ္စာတို့ကလည်း လေယာဉ်လိုက်နေရတဲ့ အချိန်တွေဖြစ်နေပြန်တော့ ဘာလုပ်ရမှန်းမသိဘဲ တစ်ယောက်တည်း ယောင်ချာချာတောင် ဖြစ်နေတယ်။ ဒီကြားထဲ ဘော်ဒရင်ရာကလည်း ဆေးရုံက ဆင်းသွားပြန်ပြီမဟုတ်လား။

အိပ်မရမယ့်အတူတူ လက်ထဲရောက်နေတဲ့ ခရီးသွားတုန်းက ကျောပိုးအိတ်ကို ပြန်ဖွင့်၊ လိုအပ်မယ်ထင်တဲ့ စာရွက်စာတမ်းတွေ အကုန်လုံး ဖိုင်တစ်ခုနဲ့ တစ်စုတစည်းထဲ သေချာထား။ ခရီးသွားတုန်းက အမျိုးသားထည့်ပေးလိုက်တဲ့ ဒေါ်လာတွေနဲ့ လန်ဒန်မှာရခဲ့တဲ့ ယူရိုတစ်ချို့ကို အိတ်လေးတွေနဲ့ သေချာခွဲပြီး မှတ်ထား။ တက်ဘလက်ထဲက ဓာတ်ပုံဟောင်းတွေ၊ စာတွေ အကုန်ပြန်ဖတ်ပြန်ကြည့်။ ညရောနေ့ရော အချိန်တွေက အရမ်းကြာလွန်းနေသလိုဖြစ်နေတာမို့ အားလုံးစိစစ်နေရာချပြီးတော့ သမီးအတွက် နာမည်စဉ်းစားဖို့ ဆုံးဖြတ်လိုက်တယ်။

သမီးလေး မမွေးခင်ကတည်းက ကိုယ့်ဖာသာ စဉ်းစားထားတာက ' သုတ ' ဒါမှမဟုတ် ' သုခ '။ အဲဒီလို နာမည်တိုပြတ်ပြတ်နဲ့အားရှိပြီး အဓိပ္ပါယ်လည်းရှိတဲ့ နာမည်မျိုးကြိုက်တာကိုး။ ဒါပေမဲ့ ခု သူက ထူးထူးခြားခြားမွေးလာတာဆိုတော့ ' သုတ 'တို့ ' သုခ 'တို့အစား ' ထူးခြား 'လို့ ထည့်လိုက်မယ်။ ပြီးတော့ ကောင်းကင်ပေါ်မှာမွေးလာတာဆိုတော့ နတ်သမီးလေးပဲ. . . အဲဒီတော့ အိန္ဒိယပေါ့။ အိန္ဒိယနဲ့ ထူးခြားကို တွဲခေါ်ပြီး နောက်က သူ့ခေတ်မှာ ထင်ရှားတဲ့သူ၊ ထက်မြက်တဲ့သူလည်း ဖြစ်နေစေချင်ပြန်တော့ ' အိန္ဒိယထူးခြားခေတ် '။ ဒါမှမဟုတ်လည်း ' အိန္ဒိယထက်မြက်ခေတ် 'ပေါ့။ အင်း . . . အိန္ဒိယက မြန်မာလိုခေါ်ရင် နတ်သမီးပဲဟာ။ မြန်မာလို ရိုးရိုးပဲ ' နတ်သမီး ' လို့ နာမည်ပေးလိုက်လည်း ချစ်စရာကောင်းတာပဲ။ ပြီးတော့ ပျော့ညံ့ညံ့လည်း ဖြစ်မနေဘူးလေ။ ကိုယ့်ဖာသာ လျှောက်တွေးနေရင်းက လက်ကို ကြည့်မိတော့ လက်သည်းတွေ တော်တော်ရှည်နေပြီပဲ။

ဆေးရုံထဲကနေ အပြင်မထွက်၊ တစ်ချိန်လုံး သန့်စင်ဆေးရည်တွေနဲ့ ဆေးနေပေမယ့် သမီးကို ထိရ နို့ညှစ်ရင် သုံးရနဲ့ဆိုတော့ လက်သည်းရှည်လို့ မဖြစ်ဘူးမဟုတ်လား။ ဖျတ်ခနဲ ခြေရင်းက ခုတင်ကို ခေါင်းထောင်ပြီးကြည့်လိုက်တယ်။ နေရာယူထားတဲ့ မိခင်အသစ်က သပ်သပ်ရပ်ရပ် အဆင့်အတန်းရှိရှိနဲ့ သန့်ရှင်းတဲ့ပုံမျိုးပဲ။ သူ့ဆီကို ဖြည်းဖြည်းထသွားပြီး ပြုံးပြရင်း နှုတ်ဆက်ကြည့်တယ်။ သူက ပြန်ပြုံးပြပြီး စကားပြန်ပြောတယ်။ အင်္ဂလိပ်စာသင်တဲ့ ဆရာမတစ်ယောက်တဲ့။ စကားပြောဖော်ရှိပြီဆိုပြီး ပျော်သွားတယ်။ သူ့ကလေးကို စပ်စုတယ်။ မိန်းကလေး ချောချောလေး။

/

အသားတွေ ဖြူစင်နေပြီး ဥပမိရုပ်က မိန်းကလေးဆန်ဆန်လေး။ သူက သူ့ဖုန်းထဲက ဓာတ်ပုံတွေပါ ထုတ်ပြတယ်။ သားနှစ်ယောက်နဲ့ သမီးတစ်ယောက် ရှိပြီးသားဆိုတော့ ခုံ ဒီသမီးလေးက အငယ်ဆုံးလေးတဲ့။ အိုမန်နိုင်ငံမှာ ကလေး ဘယ်နှစ်ယောက်ယူရမယ်ဆိုတဲ့ ကန့်သတ်ချက်မရှိဘဲ အိမ်ထောင်မရှိဘဲ ကလေးရနေရင်သာ ပြဿနာတက်နိုင်တယ်ဆိုတဲ့အကြောင်းကို သူက ပြောပြနေတယ်။ သူ့ဆီမှာလည်း လက်သည်းညှပ်က ပါမလာတော့ စကားခဏဆက်ပြောပြီး ကိုယ့်ခုတင်မှာပဲ ပြန်နေလိုက်တယ်။ မိုးမြန်မြန်လင်းမှ သမီးဆီလည်း မြန်မြန်သွားပြီး ဆေးရုံက တာဝန်အကြီးဆုံး ဆရာဝန်ကြီးနဲ့လည်း တွေ့ရမယ်။ အမျိုးသားလိုက်လာနိုင်ဖို့က ကိုယ်တကယ် လေယာဉ်ပေါ်မှာ ကလေးမွေးပါတယ်ဆိုတဲ့ ထောက်ခံချက်ကို ကာတာလေကြောင်းလိုင်းက ထုတ်ပေးရမှာ မဟုတ်လား။ အဲဒီတော့ ကိုယ်ဘယ်လောက် ဖုန်းဆက်ဆက် မကိုင်တဲ့ လေကြောင်းလိုင်းက တာဝန်ရှိသူတွေကို ဆေးရုံလူကြီးကတစ်ဆင့် ပြောခိုင်းရမယ်။

ပြောင်းလဲမသွားတဲ့ မနက်စာ ကြက်ဥ၊ ဆန်ပြုတ်၊ ပေါင်မုန့်(မစားဖြစ်)ကို မြန်မြန်စားပြီး သမီးထားတဲ့အဆောင်ဘက်ပဲ ထွက်လာခဲ့တယ်။ သမီးက 2 cm လောက် နို့ရည်ကြည်လေးကို ပိုက်နဲ့ အစာအိမ်ထဲ ထည့်ကြည့်ပေမယ့် အဆင်မပြေသေးဘဲ ဝမ်းပိုက်က အစိမ်းရောင်ထင်းထင်းကြီး ဖောင်းနေတယ်။ အစာအိမ်ပိုင်း တာဝန်ယူရတဲ့ ဒေါက်တာ ဘက်ဆယ်လ်က စိတ်မပူဖို့နဲ့ လမစေ့ဘဲမွေးလာတဲ့ ကလေးတွေမှာ ဖြစ်တတ်တာတွေရှင်းပြတယ်။ နောက် သမီး အသက်ရှူတဲ့နှုန်းနဲ့ သွေးထဲက အောက်ဆီဂျင်က လိုအပ်တာထက် အရမ်းမြင့်နေတော့ သူ့ကိုတပ်ထားတဲ့ ပိုက်တွေ ကလစ်တွေကနေ သူ့ခေါင်းရင်းက ကွန်ပျူတာစခရင်မ်မှာ ပေါ်နေပြီး အလန်းမ်ကလည်း အသံကျယ်ကျယ် ထထမြည်နေတယ်။ ' တီတီတီ 'လို့ ခပ်ကျယ်ကျယ် အသံထွက်ပြီး မီးနီတဖျတ်ဖျတ်လင်းလာတိုင်း ထခုန်မတတ် လန့်ရ၊ အခန်းထဲက တခြားကလေး ငါးယောက်စလုံးရဲ့ အသက်ရှူနှုန်း၊ ကိုယ်တွင်း အောက်ဆီဂျင်ပြနှုန်းတွေကို လိုက်ဖတ်ကြည့်ရနဲ့ လူက နေမထိထိုင်မသာ ခဏခဏဖြစ်တယ်။

တာဝန်ကျ သူနာပြုဆရာမလေးကို ' ကျွန်မသမီး ဘာဖြစ်တာလဲ။ အဆင်ပြေရဲ့လား ' လို့ စိတ်ပူပြီး ထပ်မေးတော့ ချွဲတွေ ထပ်စုပ်ထုတ်ကြည့်မယ်ပြောပြီး အစာပိုက်ကို ပြန်ထုတ်ပြီး ပိုက်သေးသေးလေးတစ်ချောင်းကို ပါးစပ်ထဲကနေ ထည့်၊ စက်တစ်ခုနဲ့ စုပ်ထုတ်လိုက်တော့ ချွဲနည်းနည်း ပါသွားပြီး ကလေးလည်း နည်းနည်းသက်သာသလို ဖြစ်တယ်။ နို့ကလည်း ဒီနေ့ 30 ml လောက်ရတော့ မဆိုးဘူးလို့ စိတ်ထဲတွေးပြီး ဖန်လုံအိမ်ဘေးဘက်က အဝိုင်းပေါက်လေးကို ဖွင့်၊

သန့်စင်ထားတဲ့ ကိုယ့်လက်ကလေး ဝင်သလောက်ထည့်ပြီး သမီးရဲ့ အသားမရှိတဲ့ ခြေသလုံးသေးသေးလေးတွေ၊ လက်မောင်းလေးတွေကို လိုက်ထိကြည့်နေတယ်။ ' မေမေ ရှိတယ်နော် ' ဆိုတဲ့ စကားကတော့ အများဆုံးပြောဖြစ်တဲ့ စကားစုပဲ။ ဒေါက်တာ ဘက်ဆယ်လ်နဲ့ တာဝန်ကျ ဆရာဝန်တွေက သမီးရဲ့အစာအိမ်ပိုင်းကို ကြည့်ချင်တယ်လို့ ခွင့်တောင်းတော့ ခွင့်ပြုလိုက်တာနဲ့ အစာအိမ်ကြည့်မယ့်စက်တွေ ရောက်လာကြတယ်။

တွန်းလှည်းနဲ့ရောက်တာတဲ့ အဲဒီစက်မှာ ကွန်ပြူတာအသေးလေးပါ ပါပြီးသား။ ပြီးတော့ အနိမ့်အမြင့်အရွှေ့အပြောင်းတွေ လုပ်လို့ရပြီး သမီးကိုထားတဲ့ ဖန်ပေါင်းချောင်လေး အပေါ်ကရော အောက်ကပါ စက်နဲ့ငုံလိုက်တယ်။ ဖန်ပေါင်းချောင်ကိုလည်း ခလုတ်နဲ့ပဲ ဖွင့်ချလိုက်တော့ ခုနစက်ထဲကို ကလေးက သယ်စရာ ရွှေ့စရာမလိုဘဲ ရောက်ပြီးသားဖြစ်သွားပြီး ကလေး ဝမ်းဗိုက်နေရာကိုတော့ စက်တစ်ခုနဲ့ ထောက်လိုက်တယ်။ စက်ထောက်ထားတဲ့နေရာက ဝမ်းဗိုက်အတွင်းပိုင်းအထိကို ကွန်ပြူတာမှာပေါ်နေပြီး လှိုင်းတွေ၊ အရောင်တွေနဲ့ပဲ ပုံဖော်ထားတယ်။ ပေါ်လာတဲ့ လှိုင်းနဲ့ အရောင်ကို ကြည့်ပြီး ဓာတ်ပုံပြန်ရိုက်ယူ၊ ဘေးက ဆရာဝန်တွေက ပြန်ဆွေးကြပြီး ဝမ်းဗိုက်ထဲက အခြေအနေတွေကို စစ်တမ်းကောက်နေကြတယ်။

ကလေးကိုတော့ ကျွန်မရှေ့မှာ သွေးထပ်မဖောက်ရဲတော့ဘူး။ ပထမတစ်ခေါက် လက်မောင်းထဲ အပ်ကြိုးသွင်းတုန်းက ကိုယ် မျက်ရည်မကျအောင် လက်ကို ကိုက်ထားခဲ့ရတာတွေကို ဆရာဝန်တွေ သိနေကြပြီ။

နှာခေါင်းထဲ ထည့်ထားတဲ့ အောက်ဆီဂျင်ပိုက်ကို သမီးက သူ့လက်သေးသေးလေးနဲ့ ဒေါသတကြီး ဆွဲဆွဲဖြုတ်တတ်၊ ခေါင်းကို ဟိုဒီစောင်းရင်း ဖယ်တတ်တော့ တာဝန်ကျ သူနာပြုတွေက သေချာစောင့်ကြည့်နေကြရတယ်။ ခြေလက်တွေက တစ်ချိန်လုံးလှုပ်ပြီး လျှောက်ကန်ကြောက်ဆွဲဖယ်တွေလုပ်နေတဲ့ သမီးလေးကို အလုပ်ပိုတယ်ဆိုပြီး အမြင်ကပ်မှာ ကျွန်မ သိပ်ကြောက်တယ်။ အဲဒီတော့ လေးနာရီတစ်ခါပြောင်းတဲ့ သမီးအတွက် တာဝန်ကျ သူနာပြုမှန်သမျှကို သေချာပြုံးပြတယ်၊ နှုတ်ဆက်တယ်၊ စကားလိုက်ပြောတယ်၊ ကျွန်မ စိတ်ပူကြောင်း၊ သေချာဂရုစိုက် ပေးစေချင်ကြောင်း၊ လိုအပ်သမျှခိုင်းပါ လုပ်ပေးမယ်ဆိုတဲ့အကြောင်းတွေ။ သမီးတို့ NICU က သူနာပြုတော်တော်များများက ခုဆိုရင် ကျွန်မကို ' ငြိမ်း ' လို့ အသံထွက်မှန်မှန် စခေါ်တတ်နေကြပြီ။

ထမင်းလာပို့မယ့်အချိန် ကျွန်မ အဆောင်ကိုပြန်ရမှာမို့ ဆေးရုံမှာ မတွေ့ရသေးတဲ့ ဆရာဝန်ကြီးကို ကိုယ်ပြောချင်တာတွေကို ရာထူးမြင့်တဲ့ သူနာပြု စစ္စတာကြီးတွေကနေတစ်ဆင့်

မှာခဲ့တယ်။ အဓိက,က ကာတာလေကြောင်းလိုင်းက တာဝန်ရှိသူတစ်ယောက် ကျွန်မကို လာတွေ့ဖို့ပဲ။ ဦးစိုင်း တစ်နေကုန်ပျောက်သွားတဲ့နေ့က ညဖက် ၁၀ နာရီကျော်လောက် ဦးစိုင်း ပြန်ရောက်လာတော့ ကာတာက တာဝန်ကျ မိုဟာမက် ဆိုတဲ့ လူတစ်ယောက်ပါလာပေမယ့် ကျွန်မကိုရောကလေးကိုပါ အရေးတယူ နှုတ်ဆက်တာမရှိခဲ့ဘူးလေ။ ခု ကျွန်မ တစ်ယောက်တည်း ဖြစ်နေချိန်မှာ သေချာတဲ့ ဆက်ဆံမှုတစ်ခု ရှိဖို့လိုအပ်တယ်၊ ဒါကြောင့် ကာတာလေကြောင်းလိုင်းက တာဝန်ရှိသူနဲ့ တွေ့ချင်တယ်။

နေ့လည်စာအတွက် လာပို့ထားတဲ့ ထမင်းက ပါးပါးလှီးထားတဲ့ သခွားသီးတစ်ဘူး၊ ဒိန်ချဉ်ဘူးသေး တစ်ဘူး၊ ထမင်းက ဇီရာ၊ ဖာလာ၊ မဆလာ၊ ပူဒီနာရွက်တွေ ထည့်ကြိတ်ပြီး ချက်ထားတဲ့ ပူစပ်စပ် ထမင်းဖြစ်ပြီး ဟင်းကတော့ ငါးအတုံးကြီးတစ်တုံး။ အဲဒီ ငါးအသားတုံးကြီးက ပေါင်းထားပုံရပြီး ပင်လယ်နံ့ ငါးနံ့ နံနေပုံများ တစ်ဖွဲ့တောင် မစားနိုင်တဲ့အထိပဲ။ နောက် ' ဒဲလ် ' လို့ခေါ်တဲ့ ပဲဟင်းပျစ်ပျစ် ခွက်လေးတစ်ခွက်။ စားရတာ ဘယ်လိုမှအဆင်မပြေရတဲ့ကြားထဲ ရေသန့်က ဘူးသေးဆိုတော့ (အရင်က ဦးစိုင်း ဟိုတယ်ကရေဘူးတွေ သယ်လာပေမယ့် ခု ဦးစိုင်း မရှိတော့ ရေဘူးလည်း မလောက်တော့ဘူး) ထမင်းလာပို့တဲ့သူကို ရေထပ်ပေးလို့ရမလားလို့ မေးတယ်။ သူက ခပ်အေးအေး ပြန်ဖြေတယ် ' နိုး ' တဲ့။ သူနာပြုတွေကို ရေတောင်းတော့လည်း သူတို့နဲ့ မဆိုင်ကြောင်း၊ အစားအစာက ကုမ္ပဏီတစ်ခုကို အပ်ထားကြောင်းပဲ ပြောကြတယ်။ ရတဲ့ရေပဲ အဆင်ပြေသလို သောက်ရမှာပဲ။

နေ့လည်အတွက် ဆေးကို သူနာပြုလာတိုက်ရင်း ကျွန်မလည်း ဆေးရုံက ဆင်းရတော့မယ့်အကြောင်း ပြောပါတယ်။ ရင်ဘတ်ထဲ ဒိန်းခနဲ လန့်သွားတယ်။ ခေါင်းက ချက်ချင်း စဉ်းစားတယ်. . . ' ကျွန်မက ဆေးရုံကဆင်းပြီး ဘယ်မှာနေရမှာလဲ၊ သမီးကရော ဆေးရုံမှာ ဆက်ထားရမှာလား၊ ပြန်ခွင့်လည်းမရ ဆေးရုံကလည်း လက်မခံတော့ဘူးဆိုတော့ အဲဒီနိုင်ငံမှာ ကျွန်မ တစ်ယောက်တည်း ဘာဆက်လုပ်ရမှာလဲ။ '

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၁၃)



အရှေ့အလယ်ပိုင်းနိုင်ငံဆိုတော့
အဆောက်အအုံတွေက ဘယ်လိုဖြစ်နေမလဲ။
ရုပ်ရှင်တွေထဲမှာ ကြည့်ခဲ့ဖူးတဲ့
မြေစိုက်လေးထောင့် တိုက်ခန်းတွေလား၊
သဲကန္တာရဆန်ဆန် မြေပေါ်မှာ
လေတဟူးဟူး တိုက်နေမလား၊

ခုတင်ပေါ်မှာ ငုတ်တုတ်ထိုင်နေရင်း ငါ ဆေးရုံကဆင်းရရင် ဘယ်မှာများသွားနေရမှာလဲ။ အိုမန်နိုင်ငံ ငွေကြေးက အရမ်းမြင့်ပြီး ဒေါ်လာတစ်ရာကိုမှ အိုမန်ငွေ ၃၇ ရီရယ်ပဲရှိတော့ (အိုမန်နိုင်ငံက ကမ္ဘာပေါ်မှာ တတိယ ငွေကြေးတန်ဖိုး အမြင့်ဆုံးနိုင်ငံ) ရှိတဲ့ ပိုက်ဆံတွေလဲပြီး အဆင်ပြေသလို နေရမှာပဲ။ အခုက အမျိုးသားလိုက်လာနိုင်ဖို့က အရေးကြီးတယ်မဟုတ်လား။ သူ ရောက်လာရင် နှစ်ယောက်သေချာတိုင်ပင်ပြီး နေလို့ရတော့ ဝေဝေဝါးဝါးတွေ လျှောက်တွေးနေ ရမလိုတော့ဘူးလို့ စဉ်းစားရင်း အမျိုးသား မြန်မြန်လိုက်လာနိုင်ဖို့သာ ဆုတောင်းမိပါတော့တယ်။ 'ငြိမ်း ' လို့ တဖြည်းဖြည်း ပီပီသသခေါ်လာနိုင်ပြီး ကိုယ့်ကို ဂရုဏာသက်သက်နဲ့ ချစ်ခင်နားလည်ပေးနေကြတဲ့ ဆေးရုံက သူနာပြုတွေ၊ ဆရာဝန်တွေနဲ့ ရင်းနှီးပါပြီဆိုမှ ဆေးရုံက ဆင်းရဦးမယ်။ မဆင်းလို့ရော မရဘူးလားလို့ စိတ်ထဲ တနုံ့နုံ့ ကျိတ်တွေးနေခဲ့ပါတယ်။

သမီးထားတဲ့အဆောင်ဘက်က မိခင်ဆောင်ကို ဖုန်းဆက်လာပြီး သူနာပြုတွေက တစ်ဆင့် ကျွန်မဆီ သတင်းစကားရောက်လာတာက ' ခုချက်ချင်း သမီးဆီ မြန်မြန်လာခဲ့ပါ ' ဆိုတဲ့ မှာတမ်းပါ။ သမီးများ တစ်ခုခုဖြစ်လို့လားဆိုတဲ့ စိတ်နဲ့ အမြန်ပြေးသွားပေမယ့် သမီးဆီရောက်တဲ့အခါမှာ ပုံမှန်ပဲဖြစ်နေပြီး တာဝန်ကျ သူနာပြုတွေကိုမေးကြည့်မှ ကိုယ့်ကို ဧည့်သည် လာတွေ့တယ်ဆိုတာ သိရပါတယ်။

အမြဲ ပြုံးပြပြီး နူးနူးညံ့ညံ့စကားတွေနဲ့ အားပေးတတ်တဲ့ ဆရာဝန်ကြီးက သူ့အခန်းကို လာခဲ့ဖို့ခေါ်ပြီး သူ့အခန်းကိုအရောက်မှာ ကာတာလေကြောင်းလိုင်းက လွှတ်လိုက်တဲ့ ခပ်ငယ်ငယ် အသားညိုညို ပိန်ပိန် အမျိုးသားတစ်ယောက်ကို တွေ့ရပါတယ်။ သူက ချိုချိုသာသာ နှုတ်ဆက်ပြီး ခု ဆေးရုံက ဆင်းရတော့မှာဖြစ်တဲ့အတွက် နေထိုင်ဖို့စီစဉ်နေကြောင်း ပြောပါတယ်။ ကျွန်မ အားပြန်တက်ပါတယ်။ သူက ' အပြင်မှာနေမယ်ဆိုရင် သူ လာခေါ်သွားမယ် ' လို့ ဆိုပေမယ့် ဆရာဝန်ကြီးက မထည့်လိုက်နိုင်ဘူးလို့ ခပ်တည်တည်ပြောရင်း ဆေးရုံဝင်းထဲမှာ အိုမန်နိုင်ငံ၊ ခု ကျွန်မ ရောက်နေတဲ့ မတ်စကတ်မြို့ကမဟုတ်ဘဲ တခြားနယ်မြို့တွေက ဆေးရုံလာတက်သူတွေကို ထားတဲ့ အဆောင်တွေရှိကြောင်း၊ အဲဒီမှာ မိခင်ဆောင်လည်း ပါဝင်ကြောင်းနဲ့ ကျွန်မကို အဲဒီအဆောင်မှာထားဖို့ စဉ်းစားထားကြောင်း ပြောပါတယ်။ အဆောင်မှာနေရင်တော့ နေထိုင်ခွင့် တစ်ရက်စာ ရီရယ် ၂၀ ကျသင့်မှာဖြစ်ပြီး ကာတာလေကြောင်းလိုင်းက တာဝန်ယူစေချင်ကြောင်း ဆရာဝန်ကြီး ဆိုပါတယ်။

လာတွေ့တဲ့ လေကြောင်းလိုင်းတာဝန်ရှိသူ ယူနီဖောင်းအပြည့်ဝတ်ထားတဲ့ လူငယ်

က ခပ်မြန်မြန် သဘောတူပြီး အဲဒီတစ်ရက် ရီရယ် ၂၀ ကို ဆေးရုံကို တိုက်ရိုက်ငွေရှင်းပေးမယ့် အကြောင်း ပြောပါတယ်။ ကျွန်မက ခုလောလောဆယ် အမျိုးသားလိုက်လာဖို့ စီစဉ်နေတာကိုလည်း ရှင်းပြလိုက်တော့ ဆရာဝန်ကြီးကပါ ဘာသာစကား၊ ကိုးကွယ်မှု၊ ယဉ်ကျေးမှုမတူတဲ့ တခြား နိုင်ငံတစ်နိုင်ငံမှာ ကလေးကို ဆေးရုံမှာထားပြီး မိခင်တစ်ယောက်တည်းနေရတာ အဆင်မပြေ ကြောင်း ဝင်ပြောပါတယ်။ အဲဒီတော့ အမျိုးသားလိုက်လာဖို့အတွက် လေယာဉ်လက်မှတ်နဲ့ နေထိုင် ခွင့်ဗီဇာတွေတော့ စီစဉ်မပေးနိုင်ပေမယ့် ဒီနိုင်ငံကို အမျိုးသားရောက်တာနဲ့ ဦးစိုင်းတည်းတဲ့ ဟိုတယ် (မဂျန် ဟိုတယ်)မှာပဲ ဆက်လက်နေထိုင်ခွင့်ပေးမယ်လို့ ပြောပါတယ်။

ကျွန်မ အရမ်းအားရှိရပါတယ်။ ကျေနပ်ပြီး ပျော်လည်းပျော်မိတယ်။ အမျိုးသားကို လည်း ဒီအကြောင်းတွေ အမြန်ဆုံး လှမ်းပြောချင်နေတော့ သူဆက်လာမယ့် ဖုန်းကိုမျှော်မိပါတယ်။ ကျွန်မဘက်က ဆက်လိုက်လို့ ဖုန်းဘေလ် တစ်ခုခုကုန်သွားရင် နောက်ထပ် အဆက်အသွယ်ပြတ် မှာလည်း စိုးမိတော့ ကိုယ့်ဆီ ဆက်လာမယ့်ဖုန်းပဲ မျှော်ခဲ့ရတာပါ။ အဲဒီ အမျိုးသားကို ကျွန်မ ကျေး ဇူးတင်လွန်းလို့ ' သမီးဆီ သွားကြည့်ချင်တယ် ' လို့ သူ ခွင့်တောင်းချိန်မှာ ခွင့်ပြုခဲ့ပါတယ်။ အခန်း တွေ အဆင့်ဆင့် ကျော်ဖြတ်ပြီး သမီးကိုထားတဲ့ ခုတင်နံပါတ်(၁) နေရာရောက်တော့ နောက်က သူ့ကိုလှည့်ကြည့်ပြီး ' ဒီမှာ ကျွန်မသမီးလေ ' လို့ ပြောလိုက်ပါတယ်။ သူထင်ထားတာထက် သေး ကွေးလွန်းတဲ့ ပတ်တီးတွေ၊ ပိုက်တွေအပြည့်နဲ့ လူသားပိစိလေးကိုတွေ့လိုက်တော့ အရမ်းလန့်သွား ပုံရပြီး ဘာမှမဖြစ်သလို ချက်ချင်း ကျွန်မကိုပြန်ဆယ်ပါတယ်။ ပြီးတော့ ' ကလေးလေးက အရမ်း ထူးဆန်းပြီး မွေးလာတာပဲ. . . ရိုးရိုး သာမန်လူမှ မဟုတ်တာ. . . ကျွန်တော် သူ့ကို နတ်သမီး ' လို့ နာမည်ပေးစေချင်တယ်လို့ ပြောပါတယ်။

ကျွန်မက ပြုံးပြီး ' ဟုတ်တယ်၊ ကျွန်မလည်း အိန်ဂျယ်ဆိုတဲ့ နတ်သမီးနာမည်လေး တော့ သေချာပေးမှာပါ ' လို့ ပြန်ဖြေလိုက်ပါတယ်။ တစ်ဆက်တည်း ကျွန်မ သူ့နာမည်ကို မသိရ သေးတာကိုပါ သတိရသွားပြီး ' မေ့နေလိုက်တာ ရှင့်နာမည် ဘယ်သူလဲ ' လို့ မေးပေမယ့် သူက စကားတွေ ရှောင်ထွက်သွားပြီး ပြန်တော့မယ့်အကြောင်း ခပ်မြန်မြန်ပြောကာ လှစ်ခနဲ မြန်မြန်ပြန် ပါတော့တယ်။ ကျွန်မလည်း ' သူ့နာမည် ဘယ်သူလဲ ' လို့မေးပေမယ့် ' တာဝန်ရှိတဲ့သူ ' လို့ပဲ ပြန်ဖြေတာကြောင့် မတင်မကျ မသက်သာစိတ်အပြည့်နဲ့ ကျန်ခဲ့ပါတော့တယ်။

သမီးအတွက် နှိပ်စက်ညှစ်နေတုန်း အမျိုးသားဆီက ဖုန်းဆက်လာတာမို့ ပြတ်တောင်း ပြတ်တောင်း အသံလှိုင်းတွေကနေပဲ မြန်မြန်လိုက်လာဖို့၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ် လေယာဉ်လက်မှတ်

ဝယ်လိုက်ဖို့တွေ အလောတကြီး တိုက်တွန်းလိုက်ပါတယ်။ ဟုတ်တယ်၊ ကျွန်မကလည်း ဆေးရုံက ဆင်း၊ သူက ရောက်မလာဆိုရင် ဘာတွေများ အလွဲတွေထပ်ဖြစ်မလဲဆိုတာ ကြိုတင်စိတ်ပူမိခဲ့ပါတယ်။ သမီးဆီမှာ စကားတွေ ခပ်တိုးတိုးနဲ့ဆက်တိုက်ပြော၊ တာဝန်ကျဆရာဝန်တွေကို မျက်နှာချိုလိုက်သေး၊ ကျွန်မအမျိုးသား လိုက်လာတော့မယ့်အကြောင်းတွေ ပြောပြ၊ သူနာပြု အဘွားကြီးတွေက ပြန်စနောက်နဲ့ ရတက်မအေးရပေမယ့် စိတ်ကို အတတ်နိုင်ဆုံး အေးအေးထားပြီး အဲဒီရက်ကို ကျော်ဖြတ်ခဲ့ပါတယ်။

ညနေ ၆ နာရီ၊ မနက် ၄ နာရီ၊ မနက် အစောပိုင်း၊ နေ့လည်၊ မွန်းလွဲအချိန်တွေ အပြည့်နီးပါး အစ္စလာမ်ဘာသာ ဘုရားဝတ်ပြုတဲ့ အချက်ပေးသံတွေက ဆေးရုံတစ်ခုလုံး ဖုံးလွှမ်းထားပါတယ်။ အဲဒီအချက်ပေးသံ စကြားရတာနဲ့ ဆေးရုံဝန်ထမ်းတွေ၊ ထမင်းလာပို့တဲ့ ဝန်ထမ်းတွေ၊ သန့်ရှင်းရေးအလုပ်သမားတွေ အကုန်လုံးက ရောက်ရာနေရာမှာ ရှင်းလင်းပြီး အဝတ်သန့်သန့်အစကို ခင်းကာ ဝတ်ပြုဆုတောင်းကြပါတယ်။ တာဝန်ဝတ္တရားတစ်ခုကို မလွှဲရှောင်သာ ထမ်းဆောင်နေရတဲ့ ပုံမျိုးမဟုတ်ဘဲ စိတ်ပါလက်ပါ နှစ်နှစ်ခြိုက်ခြိုက် တည်တည်ငြိမ်ငြိမ် ဝတ်ပြုနေကြတာဖြစ်ပြီး ဆေးရုံလာတဲ့ မိခင်အများစုရဲ့ ဖုန်း ringtone အများစုကလည်း အလာရ် အစပြုတဲ့ ဘုရားဝတ်ပြု အချက်ပေးသံကအတိုင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် မနက်ဆိုရင် ၄ နာရီဝန်းကျင်လောက်ကတည်းက ပုံမှန် နိုးနေတတ်သလို၊ ညဖက်တွေ ဖုန်းလိုင်းမိတတ်ကြတဲ့အချိန်မှာလည်း အလာရ်အရှင်မြတ် အစချီတဲ့ ဖုန်းလာသံတွေ၊ တချို့မိခင်တွေကတော့ အန္တရာယ်ကင်းတယ်လို့ ယူဆပြီး အစ္စလာမ်ကျမ်းစာတွေ၊ တရားဟောအသံတွေ ခပ်ကျယ်ကျယ် ဖွင့်တတ်ကြတာမို့ အားပါးတရ အိပ်ပျော်တယ်မရှိဘဲ Royal ဆေးရုံကြီးမှာ ခေတ္တခဏ တည်းခွင့်ရတဲ့ နောက်ဆုံးညအဖြစ် နိုးတစ်ဝက် အိပ်တစ်ဝက်နဲ့ ကျော်ဖြတ်ခဲ့ရပါတယ်။ မနက်စောစော အစားအစာလာပို့တဲ့ တွန်းလှည်းသံတွေ မကြားခင်ကတည်းက အလင်းရောင်ရောက်လို့ ဆရာဝန်တွေက သွားခွင့်ပြုတာနဲ့ ကျွန်မ ဆေးရုံရဲ့အပြင်ဘက်၊ အိုမန်နိုင်ငံရဲ့ နေ၊ လေ၊ ရေ တို့ကို တိုက်ရိုက် ထိတွေ့ခွင့်ရတော့မှာပါ။

အရှေ့အလယ်ပိုင်းနိုင်ငံဆိုတော့ အဆောက်အအုံတွေက ဘယ်လိုဖြစ်နေမလဲ။ ရုပ်ရှင်တွေထဲမှာ ကြည့်ခဲ့ဖူးတဲ့ မြေစိုက်လေးထောင့် တိုက်ခန်းတွေလား၊ သဲကန္တာရဆန်ဆန် မြေပေါ်မှာ လေတဟူးဟူး တိုက်နေမလား၊ နေက အရမ်းကို ပူလွန်းတယ်လို့ ဦးစိုင်းက ပြောထားတော့ ကျားလျာပင်လောက်ပဲ ရှိတဲ့ တောင်ကတုန်းတွေပေါ် က ခေါင်မိုးမပါ (ခေါင်မိုးချွန် မပါ)တဲ့ လေးထောင့်

အိမ်တွေလား၊ မြေသားနံရံနဲ့ ဆောက်ထားတဲ့ မြေအောက်ခန်းကနေ အပေါ်ထပ်အထိ တွဲပါတဲ့ အိမ်မျိုးတွေလား . . .။ တောင်စဉ်ရေမရ အမျိုးမျိုးလျှောက်တွေးနေတာတွေ ရပ်လိုက်ပြီး ကိုယ့်ရှေ့ရောက်လာတဲ့ မနက်စာကို အဆင်ပြေပြေ မပြေပြေ၊ စားချင်စိတ်ရှိရှိ မရှိရှိ ရအောင်စားခဲ့ပြီး ဆေးသောက်စရာရှိတာ သောက်၊ ပြီးတော့ ခပ်သွက်သွက်လေး သမီးဆီကို ပြေး။

သမီးနဲ့ စကားပြောရင်း နို့ညှစ်ထုတ်ပေး၊ အဲဒီအချိန်မှာ ဖုန်းလိုင်း မမိတမိကြားက ဝင်လာတာက အိမ်က အမျိုးသား။ အရမ်းရင်ခုန်ပြီး ပျော်ရတယ်။ ဟုတ်တယ်. . . သူ ဒီနေ့ လိုက်လာဖြစ်လောက်တယ်။ မြန်မြန်လိုက်လာမှ ကိုယ်ဆေးရုံကမဆင်းခင် တွေ့ရတော့မှာ. . . မဟုတ်လို့ ကိုယ်အပြင်ရောက်လို့ တစ်ခုခုများဖြစ်သွားခဲ့ရင် အဆက်အသွယ်မရမှာ အရမ်း စိုးရိမ်မိတယ်။ သမီးထားတဲ့အခန်းမှာ ဖုန်းပြောခွင့်မရှိတော့ နို့ညှစ်ခန်းရဲ့အပြင်ဘက် ထောင့်လေးမှာ မြန်မြန် ဖုန်းနားထောင်ရတယ်။ လိုက်လာပြီလား ကျားကျား(အမျိုးသားကို ကျွန်မခေါ်တဲ့အမည်)လို့ အမောတကောမေးတော့ နိုင်ငံကူးလက်မှတ် သက်တမ်းထပ်တိုးဖို့ တစ်ရက်နှစ်ရက် စောင့်ရမယ်လို့ ပြန်ပြောတယ်။ ခေါင်းထဲ ဒိန်းခနဲနေအောင် ထုံသွားတယ်။ အဲဒီ တစ်ရက် နှစ်ရက်ဆိုတာကို ကိုယ်တစ်ယောက်တည်း ဆေးရုံပြင်ပမှာ ဘယ်လိုနေရမလဲ ဘာမှမဖြစ်သွားဘူးလို့ရော သေချာပြောနိုင်မလား။ ကိုယ့်အကျင့်အတိုင်း ဒေါသထွက်ရင်၊ မကျေနပ်ရင်၊ ဝမ်းနည်းရင်၊ ပျော်လွန်းရင် အသံမထွက်တော့ပဲ ငြိမ်ကျသွားတယ်။

ချက်ချင်း သက်တမ်းတိုးပေးဖို့ ဘယ်လိုမှ အဆင်မပြေတဲ့အကြောင်း၊ နိုင်ငံကူးလက်မှတ်ဌာနက အရာရှိတွေကိုလည်း သေချာပြောပြကြောင်း၊ သူ့ သူငယ်ချင်း ဆိုင်ရာပိုင်ရာတွေလည်း ရှိတာမို့ သေချာပေါက် နောက်နှစ်ရက်လောက်နေရင်တော့ လိုက်လာပြီဖြစ်ကြောင်း အမျိုးသားက သေသေချာချာ ရှင်းပြနေတဲ့ အသံတွေကိုကြားနေပေမယ့် စင်္ကြံထောင့်ချိုးလေးမှာ ဖုန်းကိုင်ထားရင်း ကြောင်တောင်တောင် ရပ်နေမိခဲ့တယ်။ ' ဒါပဲနော်. . . ' လို့ ဖုန်းပြန်ပြောပြီး မျက်ရည်ထွက်မကျလာအောင် ခဏငြိမ်နေလိုက်တယ်။ ကောင်းတဲ့ဘက်ကို အလျင်အမြန် ရှာဖွေစဉ်းစားပေမယ့် ရုတ်တရက် ခေါင်းထဲမထွက်လာဘူး။ အဲဒီအချိန်မှာ တစ်ကိုယ်လုံး အညိုရောင်ဝတ်စုံ (ခေါင်းပေါင်းကအစ)နဲ့ သူနာပြုဆရာမကြီးနှစ်ယောက် ကိုယ့်ကိုလာဖက်ကြတယ်။ စစ္စတာ ဆယ်လ်မာနဲ့ နောက်ထပ်တစ်ယောက်။

' ငြိမ်း Smart Mom လေ၊ ငြိမ်းကို စောင့်ကြည့်နေတာကြာပြီ တကယ်တော်တဲ့ မေမေပါ ' လို့ ပြောပြီး သူတို့ နူးနူးညံ့ညံ့ ဆွဲခေါ်သွားတာက counseling room (နှစ်သိမ့်ပညာ

ပေး အခန်း)ကို။ ကိုယ့်ကိုထိုင်စေပြီး ဘာတွေဖြစ်တယ်၊ ဘယ်သူဖုန်းဆက်တယ်၊ ဘာပြောတယ်ဆို တာ သေချာမေးတယ်။ ကိုယ်စိတ်ပူနေတာတွေကို တစ်ခုချင်းစီ ပြေရာပြေကြောင်း ရှင်းပြတယ်၊ ကိုယ့်စိတ် ပြန်သက်သာလာတယ်။

Round လှည့်တဲ့ ဆရာဝန်ကြီးတွေနဲ့ လွဲမှာစိုးတော့ ကိုယ့်အဆောင်ကို မြန်မြန်ပြန် တုန်းပဲ လမ်းမှာသိနေတဲ့ သူနာပြုတွေက နှုတ်ဆက်ကြတယ်။ ' ငြိမ်း . . . ဆေးရုံဆင်းပေးဖို့ စောင့် နေကြတယ်၊ တာဝန်ရှိသူတစ်ယောက် လာခေါ်မယ် ' တဲ့။ မျက်နှာခပ်မာမာနဲ့ သန့်ရှင်းရေးဝန်ထမ်း ပုံစံပေါ်တဲ့ အမျိုးသမီးက ကိုယ့်ခုတင်မှာ ကြိုစောင့်နေပြီး ' နင်လား။ ဆေးရုံဆင်းမယ် ' လို့ လက်ဟန် ခြေဟန်နဲ့ ပြောတယ်။ သူ အင်္ဂလိပ်စကားမရတော့ ကိုယ်က သောက်ဆေးတွေ ယူရဦးမယ် ခဏ စောင့်လို့ ပြောနေတုန်း မွန်းလွဲ ၁ နာရီဆိုတော့ ထမင်းလှည်းတွေ ရောက်လာကြတယ်။ ' ငါ. . . ထမင်းစားသွားလို့ ရလား ' လို့ သူ့ကိုမေးလိုက်တော့ ' အဆောင်မှာ စားလို့ရမယ်ထင်တယ် ' လို့ စိတ်မရှည်သလို သူ ပြန်ဖြေတယ်။ ထင်တယ်ဆိုတော့ မသေချာဘူးပေါ့. . . ။ ခုချိန်မှာ ဘာကိုမှ မယုံကြည်နိုင်ဘူး. . . အဓိက ဗိုက်ပြည့်နေဖို့လိုတယ်ဆိုတဲ့ စိတ်နဲ့ ' ငါ ထမင်းစားမယ် ခဏစောင့် ' လို့ ပြောလိုက်တယ်။

သူ စိတ်ရှုပ်သွားသလို စိတ်မရှည်သလို ဖြစ်နေတာကို ဂရုမစိုက်တော့ဘဲ ခပ်တည် တည်နဲ့ အဲဒီ အဆီအငေါ်မတည့်တဲ့ ထမင်းနဲ့ ဟင်းတွေ မြန်မြန်စားပစ်လိုက်တယ်။ ပြီးတော့ လက်ပ်တော့၊ အရေးကြီး စာရွက်စာတမ်းတွေနဲ့ ပဝါတစ်ထည်ပါတဲ့ ကျောပိုးအိတ်ကို ကောက်လွယ် တယ်။ လက်တစ်ဖက်က ရေသန့်ဘူး၊ မသောက်ဘဲ စုထားတဲ့ အအေးဘူးတွေ၊ အသီးစိမ်းတွေ၊ ဒိန်ချဉ်ဘူးသေးတွေနဲ့ မသစ္စာတို့ လာပို့ထားတဲ့ မုန့်တွေကို အိတ်ခပ်ကြီးကြီးထဲ ထည့်ပြီး စုကိုင်တယ်။ နောက်လက်တစ်ဖက်က လန်ဒန်က ပြန်လာကတည်းက လေယာဉ်ပေါ်မှာ ကိုယ်နဲ့ ကွဲကွာသွားတဲ့ ခရီးဆောင်အိတ်ကြီး။

' ရပြီလား ' လို့ စိတ်မရှည်သလို သူမေးတာကို ' အင်း ' လို့ ပြန်ဖြေရင်း သူ့နောက်က လိုက်ဖို့ပြင်တယ်။ အခန်းထဲက ထွက်၊ ညာဘက်ချိုးတယ်၊ ဘယ်ဘက်ပြန်ချိုးတယ်၊ လှိုဏ်ဂူကနံပါတ် တွေနဲ့ တံခါးဂိတ်တွေကို ကျော်တယ်။ သမီးကိုထားတဲ့ NICU အဆောင်ရှေ့က ဖြတ်သွားရတော့ ' ခဏလေး . . . ငါ ဒီအခန်းထဲ ဝင်လိုက်ဦးမယ် ' လို့ ပြောပြီး သမီးဆီ မြန်မြန်ပြေးကြည့်ပြီး နှုတ် ဆက်ရတယ်။ လောကမှာ ဘာကိစ္စမှ သေချာပေါက်တွက်လို့မရဘူးဆိုတာ ကိုယ်သေချာ သိနေပြီ ဆိုတော့ ရသမျှအချိန်လေး သမီးကို မြင်ချင်သေးတာ။

' သမီးလေး . . . မေမေ အဆောင်ကို ပြောင်းပြီး ခဏနေ ပြန်လာခဲ့မယ် ' လို့ ပြောခဲ့ပြီး သမီးကို တစ်ဝကြည့်ခဲ့ပြီးမှ အမျိုးသမီးဆီ မြန်မြန် ပြန်ပြေးခဲ့တယ်။

လူအများကြီး စုရုံးစုရုံးဖြစ်နေတဲ့ ဟောခန်းမကြီးတစ်ခုကို ထပ်ကျော်ပြီး မှန်တံခါးကနေ အပြင်ကို ထွက်လိုက်တယ်။ ရှိန်းခနဲ ပူသွားတဲ့လေတွေကြောင့် လန့်သွားပေမယ့် ခပ်တည်တည်ဆက်လျှောက်နေတယ်။ ပူလိုက်တဲ့ နေ။ ခြေလှမ်း ၂၀ လောက်မှာ မတတ်သာတဲ့အဆုံး ကျောပိုးအိတ်ကိုဖွင့်ပြီး အပေါ်ဆုံးက ပဝါကိုဆွဲထုတ်၊ ခေါင်းပေါင်းသလို အပေါ်က ပတ်လိုက်တယ်၊ ချွေးတွေ ပြိုက်ပြိုက်ကျနေတယ်။ စိတ်မရှည်တဲ့လမ်းပြက ကိုယ့်ရှေ့ နည်းနည်းအကွာက သွားနေရင်း လှည့်ကြည့်တယ်။ သူ့ကို မျက်နှာချိုမသွေးချင်သလို ရင်းရင်းနှီးနှီးလည်း မပြုံးပြချင်တော့ ခပ်တည်တည်ပဲ ပြန်ကြည့်လိုက်တယ်။

ခါးလောက်ရှည်တဲ့ စက္ကူပင်တန်းတွေ၊ ဆေးရုံထမင်းထဲမှာ အမြဲပါတဲ့ စူးရှရှ အနံ့ရှိတဲ့ အပင်အုပ် ပုပုတွေ၊ ကားလမ်း သန့်သန့်ကို ဖြတ်ကျော်လိုက်တော့ သံလွင်ပင်တွေကို လိုဏ်ခေါင်းပုံစံ ကွေ့ကောက်ပြီး အမိုးအကာအဖြစ် အရိပ်ရအောင်ဖောက်ထားတဲ့ လမ်း။

သံလွင်ပင် လိုဏ်ခေါင်းထဲကို ဖြတ်လျှောက်နေပေမယ့် ခုန နေပူကျဲတောက်ထဲ ဖြတ်လျှောက်ခဲ့ရတာနဲ့ အပူဒဏ်ချင်း ဘာမှမကွာဘူး။ သံလွင်ရွက်တွေက ပူလွန်းလို့ ညှိုးခြောက်ပြီး နွယ်ပင်စည်တွေ ယှက်လိမ်နေတဲ့ကြားက ခပ်ပြင်းပြင်းနေပြောက်တွေ ထိုးကျနေကြတယ်၊ အဲဒါလည်း ပူတာပဲ။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၁၄)



သံလွင်ပင်ဝက်ပါလမ်း ဆုံးသွားတော့ ခေါင်မိုးပြတ်စတုရန်းပုံ လေးထောင့် အဆောက်အအုံ သုံးလေးခုကို ဘွားခနဲတွေ့ရတယ်။ ကျောက်စရစ်တွေကြားကနေ ကွန်ကရစ်လျှောက်လမ်းတွေက လမ်းခွဲတွေ ခွဲထွက်သွားပြီး အဲဒီ ကြက်ဥခွံရောင် လေးထောင့်အဆောက်အအုံတွေဆီကို လမ်းညွှန်သွားတယ်။ အဆောက်အအုံတွေပတ်လည်မှာ အဲကွန်းက လေပူထုတ်စက်ကြီးတွေပါ အပြိုင်အဆိုင်ရှိနေတာမို့ ပတ်ဝန်းကျင်တစ်ခုလုံး ဟိန်းဟိန်းထအောင် ပူလောင်နေတယ်။

ရှေ့ကဦးဆောင်သူ အမျိုးသမီးနောက်ကို သိပ်မခွာဘဲ လိုက်လာရင်း ရှေ့တည့်တည့်က အဆောက်အအုံထဲကို သူနဲ့အတူ ဝင်လိုက်တယ်။ သပ်သပ်ရပ်ရပ်ဖြစ်နေတာကြောင့် ဧည့်ခန်းလို့ ယူဆရပြီး တီဗီ ခပ်ကြီးကြီးတစ်လုံးနဲ့ ဆက်တီဆိုဖာတွေလည်း နေရာချထားပြီး နံရံတစ်ခုမှာတော့ ဥရောပဘက်က ဟိုတယ်တွေမှာ ထားပေးတတ်တဲ့ အပူငွေ့ပေးတဲ့ စက်ကြီးတွေလို အညိုရောင် အဲကွန်းကြီးတစ်လုံး ရှိတယ်။ အဲဒီကထွက်လာတဲ့ လေအေးတွေက လူကို ရေခဲရေနဲ့ ပက်လိုက်သလို ဖြန်းခနဲ အေးသွားတယ်။ ‘ ဘူရ်ခါ ’ လို့ခေါ်တဲ့ အစ္စလာမ်ဘာသာဝင် အမျိုးသမီးတွေ ဝတ်ကြတဲ့ ခေါင်းအစခြေအဆုံး အနက်ရောင်ဝတ်ရုံရှည်ကိုဝတ်ပြီး တစ်ကွက်စာဖော်ထားတဲ့ မျက်နှာမှာ နှုတ်ခမ်းနီရဲရဲ၊ မျက်ခုံးမွေးထင်းထင်း၊ မိတ်ကပ်သား ညက်ညက်ပြင်ဆင်ထားတဲ့ စာရေးမတစ်ယောက် ထိုင်နေတယ်။ လိုက်ပို့တဲ့ အမျိုးသမီးက အာရဗီစကားနဲ့ပဲ သူ့ကို ကျွန်မနဲ့မိတ်ဆက်ပေးပြီး ထားခဲ့ကာ ချက်ချင်း ပြန်ထွက်သွားတယ်။

စာရေးမက အင်္ဂလိပ်လို တစ်လုံးမှမရဘူး။ ကိုယ့်ကို ဘာတွေပြောနေမှန်းမသိတော့ နောက်ဆုံး သူ့စာရွက်ကိုယူပြီး အာရဗီနဲ့ အင်္ဂလိပ်လိုတွေရေးထားတဲ့ အဆောင်နေလျှောက်လွှာကို ကိုယ့်ဘာသာ ဖြည့်လိုက်တယ်။ သူက အခန်းသော့တွေ စီပြီး ချိတ်ထားတဲ့နံရံကို လက်လှမ်းတယ်။ ကတ်ပြားမှာ နံပါတ် ၂၀၇ ရေးထားတဲ့ သော့တစ်ချောင်းကို ရွေးယူပြီး ကျွန်မကို လှမ်းပေးတယ်။ အခြေခံလုပ်သားဖြစ်ပုံပေါ်တဲ့ အိန္ဒိယမျိုးနွယ် အမျိုးသားတစ်ယောက်က ကျွန်မအိတ်တွေကို မပြီး သူ့နောက်လိုက်ခဲ့ဖို့ ပြောတယ်။ စာရေးမကို ပြုံးပြနှုတ်ဆက်ပြီး ဘေးဘက်တံခါးကနေ ခုန အမျိုးသားနောက် ခပ်သွက်သွက်လိုက်တယ်။ ဘေးလှေကားကနေ ပထမထပ်ကို တက်သွားရပြီး အဆောက်အအုံ ပုံစံက အလယ်ကောင်မှာ ကျောက်စရစ်တွေ စုပုံထားတဲ့ မြေကွက်လပ်ကိုချန်ထားပြီး လေးထောင့်စတုရန်းပုံ လေးထပ်အဆောက်အဦးဖြစ်တယ်။ ဒုတိယထပ်ကို ရောက်တော့ လျှို့ဝှက်နံပါတ်တံခါးကိုဖွင့်ပြီးမှ စင်္ကြံလမ်းအတိုင်း ဆက်သွားရင်း ထောင့်အခန်းတစ်ခုရှိမှာ ရပ်လိုက်တယ်။ အဲဒါ ကျွန်မနေရမယ့် အခန်း။ အခန်းနံပါတ် ၂၀၇။

အိတ်တွေလိုက်ပို့တဲ့ အိန္ဒိယအမျိုးသားကို ကျေးဇူးတင်စကားပြောရင်း အခန်းထဲ ဝင်လိုက်တယ်။ ကုတင်တစ်လုံး၊ အဲဒီခြေရင်းမှာ အဝတ်ထည့် ဗီရိုကြီးတစ်လုံး၊ ကုတင်ဘေးမှာ စာကြည့်စားပွဲပုလေးနဲ့ မီးအိမ်၊ ရေခဲသေတ္တာ ခပ်သေးသေးတစ်ခု၊ ဧည့်ခန်းမှာတွေ့ရတဲ့ လေအေးပေးစက်လို အညိုရောင် ဘာဂျာလေအေးပေးစက်ကြီးတစ်လုံးနဲ့ မှန်တင်ခုံတစ်ခုက ဆယ်ပေဝန်းကျင်ပတ်လည် အခန်းထဲမှာ အစီအစဉ်တကျ။ ပြီးတော့ ရေချိုးခန်းနဲ့ အိမ်သာ ဆက်ထားတဲ့အခန်းလေး။ အိတ်တွေကို မှန်တင်ခုံခြေရင်းမှာ နေရာချပြီး ကုတင်ပေါ် လှဲလိုက်တယ်။ ပြီးတော့ အဆောင်ပြောင်းသွားပြီဆိုတဲ့အကြောင်းနဲ့ အဆောင် နံပါတ် ၅၄ ဖြစ်ကြောင်းကို မသစ္စာဆီ စာပို့တယ်။

ဖုန်းအားသွင်းစရာ ပလပ်ပေါက်တွေကို လိုက်စစ်တယ်၊ အားဝင် မဝင် စမ်းတယ်၊ ဗီရိုကြီးကိုဖွင့်ပြီး လက်ပ်တော့နဲ့ စာရွက်စာတမ်းတွေပါတဲ့ ကျောပိုးအိတ်ကို အပေါ်ဆုံးအကန့်၊ တခြား တောက်တိုမယ်ရလေးတွေကို ဘေးအကန့်တွေထဲ ထည့်၊ ဆေးရုံက သယ်ယူလာတဲ့ အအေးဘူးလေးတွေနဲ့ လန်ဒန်က ဝယ်ခဲ့တဲ့ ချောကလက်တွေကို ရေခဲသေတ္တာထဲထည့်တယ်။ ခဏပြန် ထိုင်ရင်း ဖုန်းကို ဖွင့်၊ အင်တာနက် ချိတ်ကြည့်တော့ ရသွားတယ်။ ရင်တခုန်ခုန်နဲ့ ဖေ့စ်ဘွတ်ခ် မြန်မြန်ဖွင့်လိုက်တယ်။ ကိုယ့်မိတ်ဆွေတွေ၊ မိသားစုဝင်တွေ၊ အမျိုးတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ကိုယ့်အကြောင်းတွေ သိနေကြတာတွေ တွေ့ရတယ်။ ချက်ချင်း အထီးမကျန်တော့သလိုလို မြန်မာနိုင်ငံပဲ ပြန်ရောက်သွားသလိုလိုခံစားရတယ်။ ရန်ကုန်မှာ မိုးတွေ ရွာနေတယ်၊ ဟုတ်တယ် ဇူလိုင်လကိုး။

အိုမန်နိုင်ငံမှာတော့ နွေရာသီရယ် ဆောင်းရာသီရယ်ပဲ ရှိပြီး မိုးရာသီ မရှိဘူး။ မိုးက တစ်နှစ်နေမှ ကံကောင်းရင် တစ်ခါလောက် ရွာတယ်လို့သိရတယ်။ အခု ဇူလိုင်လထဲမှာတောင် အပူချိန်က ၅၀ ဒီဂရီ ဖြစ်နေပြီ။ ဒါ အိုမန်နိုင်ငံရဲ့ နွေရာသီ။ ခုတင်ခေါင်းရင်းက လိုက်ကာကိုဖယ်ပြီး မှန်ပြတင်းကနေ အပြင်ကိုလှမ်းကြည့်လိုက်တော့ ဆင်တူ အဆောက်အအုံတွေနဲ့ အနီရောင်ဘက်သမ်းနေတဲ့ ချစ်ချစ်တောက် ပူနေတဲ့ နေ။ ဒီနေအောက်မှာ သမီးဆီကို ပြန်သွားရမှာမို့ ခရီးဆောင်အိတ်ကို ဖွင့်ပြီး အနွေးထည် ဟူဒီ အကြီးတစ်ထည်ကို အပေါ်က ထပ်ဝတ်လိုက်တယ်။ ပြီးတော့ ခရီးသွားတုန်းက ဝတ်ခဲ့တဲ့ ကြိုးသိုင်းဖိနပ်အပါးလဲ စီးပြီး တံခါးသော့ခတ်ကာ၊ မြန်မြန်ပဲ အောက်ထပ်ကို ဆင်း၊ ခုန ဧည့်ခန်းကို သွားလိုက်တယ်။

စာရေးမက ခုန တွေ့ရတဲ့တစ်ယောက် မဟုတ်တော့ဘူး။ အာရှသူမျက်နှာပေါက် မျက်နှာဝိုင်းဝိုင်း မျက်လုံးပေါက်ကျဉ်းကျဉ်းနဲ့ နှုတ်ခမ်းပါးပါး။ ကျွန်မ သူ့ကို ပြုံးပြပြီး နှုတ်ဆက်တယ်။ သူက အင်္ဂလိပ်လိုရတယ်။ သူက ဖိလစ်ပိုင်နိုင်ငံက ဂျန်။ ကျွန်မကို ဆေးရုံ ပြန်ဝင်ဖို့ ကဒ်ပြားရောလို့

မေးပေမယ့် နားမလည်လို့ ထပ်မေး၊ ကဒ်ပြားပါမှ ဝင်ခွင့်ရမယ်ဆိုတော့ လိုက်ပို့တဲ့ အမျိုးသမီး ဘာကဒ်ပြားမှ မပေးသွားတာကို သတိရလိုက်တယ်။

တစ်ယောက်တည်း အဆင်မပြေမှာစိုးရိမ်တော့ ဂျန်ကို ဆေးရုံလိုက်ပို့ပေးဖို့ အကူအညီတောင်းပြီး ကျွန်မတို့နှစ်ယောက် ဝက်ပါ သံလွင်ပင်တွေကို ပြန်ဖြတ်ပြီး ဆေးရုံကို ပြန်လာကြတယ်။ မျက်လုံးတောင် သေချာမဖွင့်ရဲလောက်အောင် ပူလောင်စူးရှနေလို့ ခပ်သွက်သွက်လျှောက်ခဲ့ပေမယ့် ဆေးရုံအပေါက်ဝမှာကျတော့ ရှိန်းခနဲ အေးနေအောင် လေအေးစက်တွေက ပြန်စောင့်ကြိုနေကြပြန်တယ်။ ဂျန့်ကို အပေါက်ဝမှာ ထားခဲ့ပြီး ဆေးရုံထဲကိုတော့ ကျွန်မပဲ ဆက်ဝင်သွားခဲ့တယ်။ သမီးထားတဲ့အဆောင်က မိဘအပြင် မိဘရဲ့မောင်နှမတောင် ဝင်ခွင့်မရှိတဲ့ သီးသန့်အဆောင် ဖြစ်တယ်။

သမီးအဆောင်က သူနာပြုတွေ၊ ဆရာဝန်တွေနဲ့ ရင်းနှီးနေပြီဆိုတော့ ကျွန်မ အဆောင်ထဲ ဝင်လာတာနဲ့ ' ငြိမ်း ' လို့ လှမ်းနှုတ်ဆက်ကြ၊ ပြုံးပြကြ၊ ' အမျိုးသားရော ' လို့ ဝိုင်းမေးကြတယ်။ ပြန်ပြီး လက်မထောင်ပြ၊ ပြုံးပြပြီး အမျိုးသား လိုက်လာပြီဖြစ်ကြောင်းလည်း ပြောလိုက်သေးတယ်။ သမီးထားတဲ့အခန်းကို သွားနေရင်း စကားပြန်ပြောတာဖြစ်တော့ သမီးဆီရောက်တာနဲ့ သမီးကို နှုတ်ဆက်ပြီး တာဝန်ကျ သူနာပြုတွေကို သမီးအခြေအနေကို မေးတယ်။

သမီး ဗိုက်က နည်းနည်းပြန်ဖောင်းနေပြီး အဝါရောင်အရည်တွေ ပြန်အန်ထွက်နေတာကို ' အစာအိမ်ပုံမှန် အလုပ်မလုပ်သေးလို့ ' လို့ ရှင်းပြကြတယ်။ ကျွန်မကတော့ ' ကျွန်မ ပဲဟင်း နေ့တိုင်းသောက်နေရတော့ ကိုယ်တိုင်လည်း ဗိုက်မကောင်းကြောင်း၊ ကျွန်မ နို့ကြောင့် ကလေး ဗိုက်မကောင်းတာ ဖြစ်နိုင်ကြောင်း ' သေချာရှင်းပြပေမယ့် တာဝန်ကျ ဆရာမတွေက ဝိုင်းရယ်ကြတယ်။ ကျွန်မပြောတာကို နားလည်ပေမယ့် ခု ကလေးဖြစ်နေတာက ကလေး အစာအိမ်ကြောင့်လို့ ဝိုင်းရှင်းပြကြတယ်။ နို့ခန်းဘက် သွား၊ နို့ညှစ်ထုတ်ပေးပြီး သမီး ဖန်ပေါင်းချောင်လေးနားမှာပဲ ကပ်ထိုင်နေခဲ့တယ်။ အရင်ကလို ဆေးရုံတစ်ခုတည်း အတူမဟုတ်တော့ ညဘက် သမီးဆီ တစ်ခေါက် ပြန်လာလို့ ရမှာမဟုတ်ဘူး။ တစ်ညလုံး သမီးတစ်ယောက်တည်း ဖြစ်တော့မှာပဲလို့ စိတ်ပူနေသလို တာဝန်ကျသူနာပြုတွေ ပြောင်းချိန် ကိုယ်မသိတဲ့ အသစ်ရောက်လာမှာ၊ သမီးကို ဂရုမစိုက်မှာ အရမ်းစိုးရိမ်တယ်။

' သမီးရေ. . . မေမေရှိတယ်နော်။ ဖေဖေလည်း လိုက်လာတော့မယ်။ အားတင်းထားနော်။ မေမေတို့ အတူပြန်ကြမယ် ' လို့ လက်လျှိုလို့ရတဲ့ အပေါက်လေးကနေ တတွတ်တွတ်

ပြောနေတာကို သူနာပြုတွေက လှမ်းလှမ်းကြည့်နေတယ်။ ပြီးတော့ ဝိုင်းမေးကြတယ်။ မြန်မာနိုင်ငံအကြောင်း။

ခုချိန် မိုးတွေ သဲသဲမဲမဲ ရွာနေတဲ့ အရမ်းလှတဲ့ မြန်မာနိုင်ငံအကြောင်း၊ စိမ်းစိုနေတဲ့ သစ်ပင်တွေ၊ လယ်ကွင်းတွေ၊ လတ်ဆတ်တဲ့ ငါး၊ ပုစွန်တွေနဲ့ အသီးအရွက်တွေအကြောင်း အားပါးတရ ပြောပြနေမိတယ်။ သူနာပြုတွေထဲက အိန္ဒိယက အလုပ်လာလုပ်တဲ့ စစ္စတာကြီးနှစ်ယောက်က သူတို့ အိန္ဒိယမှာလည်း ခုချိန် စိမ်းစိုနေမယ့်အကြောင်းတွေကို လွမ်းလွမ်းဆွေးဆွေး ပြန်ပြောပြတယ်။

ဂျူတီချိန်းရမယ့်အချိန် ရောက်လာလို့ သူနာပြုအသစ်တွေနဲ့ အဟောင်းတွေက ကိုယ်တာဝန်ယူရတဲ့ ကလေးတွေအကြောင်း အချင်းချင်း သေချာပြန်ရှင်းပြကြရတယ်။ သူနာပြုတစ်ယောက်ကို ကလေးနှစ်ယောက် တာဝန်ယူရပြီး တစ်ရက်တာမှာ ၆ နာရီ တာဝန်ထမ်းဆောင်ရတယ်။ တာဝန်ကျချိန် ခြောက်နာရီအတွင်းမှာ ကလေးကို ဆေးသွင်းတာ၊ ဗိုင်ဗာလဲတာ၊ နို့သွင်းတာ၊ ဆေးစစ် တာတွေအပြင် ကလေးနဲ့သက်ဆိုင်သူ (မိဘ) ဘယ်နှကြိမ်လာတယ်၊ ကလေးကို ဘယ်လောက်အထိ အလေးထားတယ်၊ ဘာတွေမေးတယ်၊ ဘယ်လိုထိတယ်ကအစ သူနာပြုတွေ ကွန်ပြူတာထဲ တစ်ခါတည်း ရိုက်ထည့်ကြပြီးနောက် ဂျူတီလဲမယ့် သူနာပြုလာချိန်မှာ စာရွက်ထုတ်ပြီး ဖတ်ပြကြရတယ်။ သူနာပြုအသစ်က မရှင်းတာပြန်မေး၊ ကျွန်မက မသိမသာ နားစွင့်ရင်း ကလေးအခြေအနေကို နားထောင်၊ တစ်ခါတစ်ခါ ကိုယ်ပါ ဝင်မေးရင်း သူနာပြုတွေ မျက်လုံးပြူးတာ ခံရတယ်။ အသစ်ရောက်လာတဲ့ သူနာပြုလေးကို ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်၊ ပြုံးပြ၊ မျက်နှာချိုသွေး၊ ကျွန်မကလေးကို ဘယ်လောက်အထိ စိတ်ပူကြောင်း သူသိအောင် သေချာပြောပြရင်း ကလေး ဂရုစိုက်ခံရအောင် ကြိုးစားတယ်။

သူနာပြုတွေက ' ငြိမ်း . . . မပြန်သေးဘူးလား အပြင်မှာ မှောင်နေပြီ။ နင် အခုအဆောင်ကို ပြန်ရမှာနော် ' လို့ သတိပေးတော့ ကျွန်မ ဒီနေ့ မရလိုက်တဲ့ ကဒ်ပြားအကြောင်းမေးပြီး ကဒ်ထုတ်ပေးဖို့ တောင်းတယ်။ စစ္စတာကြီးတစ်ယောက်က တစ်ပတ်စာ ဝင်ထွက်ခွင့်ကဒ်ကို သေချာရေးပေးပြီး အဆောင်မှာ ကောင်းကောင်းအနားယူဖို့ ပြောတယ်။ သမီးကို သေချာနှုတ်ဆက်ပြီး ဆေးရုံကပြန်ထွက်လာချိန်မှာ မှောင်နေပေမယ့် အပြင်မှာ အပူငွေ့တွေ ရှိနေတုန်းပဲ. . . ဒါပေမဲ့ ရင်ထဲမှာ ပိုပူတယ်. . . သမီးနဲ့ ဒီည ထပ်မတွေ့ရတော့ဘူး။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၁၅)



ခု ကိုယ်က တစ်ယောက်တည်းလေ
ဘာလုပ်လုပ် သတိအပြည့်ရှိရမှာကိုး။
ဒီနေ့ ညနေပိုင်း ကျွန်မအမျိုးသား
ကိုဝေယံတစ်ယောက် မြန်မာပြည်ကနေ
ဘန်ကောက်ကို သွားလိမ့်မယ်။
အဲဒီကမှ အိုမန်သံရုံးကတစ်ဆင့်
ဗီဇာလျှောက်ပြီး
ကျွန်မဆီ လိုက်လာမှာ။

နေ့အလင်းရောင် မရှိတော့ပေမယ့် ကောင်းကင်ကလာတဲ့ ညဖက်အလင်းရောင်ရောထိန်ထိန်လင်းနေတဲ့ မာကျူရီ လမ်းမီးတွေကြောင့်ပါ တော်ဝင်ဆေးရုံဝင်းကြီးက ခပ်ငွေ့ငွေ့အပူရှိန်တွေနဲ့ ခမ်းနားနေတယ်။ လူတွေ. . . အမျိုးသားဆို ခေါင်းပေါင်းအနီကွက်ကို နောက်မြီးချပြီး သပ်သပ်ရပ်ရပ် ပေါင်းထားကြသလို အဖြူရောင်ဝတ်ရုံရှည်တွေက ခြေချင်းဝတ်နားအထိ အတိအကျတစ်တိုင်းတည်း။ အမျိုးသမီးတွေကလည်း မျက်နှာတစ်ကွက်ပဲ ဖော်ထားပြီး တစ်ကိုယ်လုံး အမည်းရောင် ဝတ်ရုံကိုမှ ပုတီးတွေ၊ တလက်လက်တောက်နေတဲ့ ခရစ္စတယ်တွေ၊ ကျောက်သေးသေးလေးတွေနဲ့ အလှဆင်ထားတယ်။

အရောင်တွေလက်နေတဲ့ ကားအကောင်းစားကြီးတွေ၊ ခေတ်မီ သန့်ရှင်းသပ်ရပ်နေတဲ့ ဝတ်စုံအသစ်တွေနဲ့ ပျော်ရွှင်နေကြတဲ့ ကလေးငယ်လေးတွေ၊ လူရောင်စုံ မဟုတ်တဲ့ အဖြူနဲ့အမည်း နှစ်မျိုးတည်းသာရှိပြီး ကြည်လင်နေတဲ့ မျက်နှာတွေနဲ့ လူတွေ၊ ဒါဆို အိုမန်တစ်နိုင်ငံလုံး မဟုတ်ရင်တောင်မှ ခုရောက်နေတဲ့ မြို့တော် မက်စကတ်က အေးချမ်းပျော်ရွှင်နေတဲ့ မြို့တစ်မြို့ဆိုတာကို ခန့်မှန်းမိပြီ။

ကားလမ်းလေးကို ဖြတ်ခနဲ ကူးလိုက်တော့ သံလွင်ဝက်ပါလမ်းလေးက မှောင်ရိပ်ကျပြီး ဘေးတစ်ဝိုက်မှာလည်း မှောင်နေတယ်။ တစ်ယောက်တည်း အဲဒီအမှောင်လမ်းထဲ ဝင်သွားရမှာလို့ လက်ရှိအခြေအနေကို သတိကပ်ပြီး အနားကိုလှည့်ပတ်ကြည့်လိုက်တော့ ဘယ်ဘက် ကားပါကင်ဝင်းတွေထဲ ဆင်းသွားတဲ့လမ်းနဲ့ ညာဘက် ဆေးရုံဘက်သွားတဲ့ လမ်းဆုံနေရာမှာ ဆေးရုံဝင်းထဲအန္တရာယ်တစ်ခုခုကြုံရင် ဒီ ဖုန်းကို ဆက်ပါဆိုတဲ့ ဖုန်းနံပါတ်ကြော်ငြာဘုတ်ကို လှမ်းတွေ့ရတယ်။ အဲဒီမှာ ကြော်ငြာထားတဲ့ ဖုန်းနံပါတ်ကို ကိုယ့်ဖုန်းထဲ ခပ်မြန်မြန် ရိုက်ထည့်လိုက်ပြီး ပါးစပ်ကလည်း နံပါတ်ကို အလွတ်ရအောင် ကျက်နေလိုက်တယ်။

ခု ကိုယ်က တစ်ယောက်တည်းလေ. . . ဘာလုပ်လုပ် သတိအပြည့်ရှိရမှာကိုး။ ဒီနေ့ညနေပိုင်း ကျွန်မအမျိုးသား ကိုဝေယံတစ်ယောက် မြန်မာပြည်ကနေ ဘန်ကောက်ကို သွားလိမ့်မယ်။ အဲဒီကမှ အိုမန်သံရုံးကတစ်ဆင့် ဗီဇာလျှောက်ပြီး ကျွန်မဆီ လိုက်လာမှာ။ နောက်တစ်ရက်လောက်ပဲ ထပ်စောင့်ရတော့မယ်။ ဒီရက်လေးတွေ တစ်ယောက်တည်းဖြစ်နေတာ အားတင်းထားစမ်းပါဦး အချိန်တွေက ခဏလေးရယ်။

မှောင်နေတဲ့လိုဏ်ခေါင်းလေးထဲ ခပ်တည်တည် လှမ်းဝင်သွားတယ်။ လျှောက်နေရင်းကို နည်းနည်းလေး ဝေးတယ်လို့ခံစားနေရတယ်၊ သံလွင်လမ်းကလည်း မဆုံးနိုင်တော့ဘူး အမှန်က

အလျှင်လိုနေတဲ့ စိတ်ကြောင့် ပိုကြာတယ်ထင်နေခဲ့တာ။ ခဏအကြာ သံလွင်လျှောက်လမ်းအဆုံး မီးရောင်တွေလင်းနေတဲ့ အဆောင်ရှေ့ရောက်တော့ စိတ်ထဲ ပြန်လုံခြုံသွားသလိုပဲ။ အဆောင်ဧည့်ခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်တော့ ဂျန် မဟုတ်တဲ့ နောက်တစ်ယောက်ဖြစ်နေပြန်တယ်။ ဒီတစ်ယောက်လည်း အင်္ဂလိပ်လို မရဘူး. . . ဒါပေမဲ့ မျက်နှာ ပိုတည်တယ်။

ကျွန်မ ကောင်တာမှာအပ်ထားတဲ့ အခန်းသော့ကိုယူပြီး အခန်းဆီ သွားမယ်ပြင်တော့ သူက ညစာ ဘေးခန်းမှာရှိကြောင်း အမူအရာရယ် ဒင်နာဆိုတဲ့ စကားလုံးရယ် ပေါင်းပြီးပြောတယ်။ ဆေးရုံမှာ စားနေကျ နံပြားခပ်ထူထူနဲ့ အရသာမရှိတဲ့ ကြက်ရင်ပုံ ဖြူဖပ်ဖြူရော်ကို သတိရပြီး ဒီက ညစာကရော ဘာဖြစ်မလဲဆိုတဲ့ စိတ်နဲ့ ဘယ်ဖက်တံခါးကို တွန်းဖွင့်ပြီး စားသောက်ခန်းထဲ ဝင်သွားလိုက်တယ်။ အဖုံးအုပ်ထားတဲ့ စတီးလင်ပန်းကြီးကို ဆွဲမပြီး ဖွင့်လိုက်တော့ ဖြူလျော်လျော် ကြက်ရင်ပုံက တစ်ဗန်း၊ နောက်တစ်ဗန်းက ကူးဘွိစ်လို့ခေါ်တဲ့ အဲဒီ နံပြားခပ်ထူထူ။ စိတ်ပျက်လက်ပျက်နဲ့ နံပြားထဲ အသေးဆုံး ကြက်သားပိုင်းတစ်ခုထည့်၊ ရေသန့်ကိုယ်တာတစ်ဗူး၊ တစ်ခါသောက်အအေးဘူးနဲ့ ပန်းသီးစိမ်း သေးသေးတစ်လုံးယူပြီး အခန်းရှိရာ အပေါ်ထပ်-တက်လာခဲ့လိုက်တယ်။

လှေကားက မှောင်နေတဲ့အပြင် လှေကားအဆုံးက မှန်ပြတင်းတွေမှာ လိုက်ကာတွေတပ်ထားတဲ့ အခန်းကျယ်တစ်ခုရှေ့က လျှို့ဝှက်နံပါတ်တံခါးကို ဖြတ်ပြီးမှ ကျွန်မ အခန်းဘက် ဆက်သွားတဲ့ စင်္ကြံရောက်မယ်။ ခပ်မှောင်မှောင် တိတ်တိတ်ဆိတ်ဆိတ်ထဲမှာ ကိုယ်တိုင် တံခါးကို တွန်းဖွင့်လိုက်တဲ့ ကျွီဆိုတဲ့ အသံကျယ်ကြီးကြောင့် လန့်သွားရင်း ဘေးဘီနဲ့ အနောက်ဘက်တွေ လျှောက်လှည့်ပတ်ကြည့်လိုက်တယ်။ မှောင်နေတဲ့ ကိုယ့်ခြေထောက်နားကို တစ်ခုခု တိုးသွားတာကြောင့် ဖြတ်ခနဲ နောက်ဆုတ်ပြီး သေချာငုံ့ကြည့်တော့ ကြောင်လေးတစ်ကောင်။ တော်သေးတယ်၊ ကြောင်လေးသာ မတွေ့ရင် တခြားဘာမှလည်း မတွေ့ရင် တစ်ယောက်တည်း ငါရူးများနေသလားလို့ တွေးမိတော့မှာ။ စိတ်ရောဂါ စခံစားရရင် အရင်ဆုံးကြုံရမှာက အသံတွေ တစ်ယောက်တည်း ကြားယောင်မိနေတဲ့ အသံတွေ. . . နောက်ပြီးမှ တစ်ယောက်တည်း မြင်ယောင်မိတဲ့ ရုပ်တွေဆိုတာကို ကျောင်းမှာလည်း သင်ခဲ့တာကိုး။

အခန်းတံခါးကိုဖွင့်၊ တဒီဒီမြည်တဲ့ လေအေးပေးစက် နိုင်တီးဂွမ်တီးကြီးကို ဖွင့်၊ မီးတွေအကုန် (မီးချောင်းနှစ်ချောင်း) ကိုဖွင့်ပြီး ဖုန်းဘွတ်ခ် မြန်မြန်ကြည့်ရတယ်. . . အဓိက,က အမျိုးသား ထိုင်းနိုင်ငံ ဘန်ကောက်ကို ရောက်ပြီလား၊ အဆင်ပြေရဲ့လားလို့။

အမျိုးသားက အဆင်ပြေကြောင်းတွေ၊ အစ်မတွေ ဘာတွေချက်ပေးလိုက်ကြောင်း၊ မေကြီး ဘာထည့်ပေးလိုက်ကြောင်းတွေ ပြောပေမယ့် လေယာဉ်ထွက်ချိန် ငါးနောက်ဆုံးခေါ်တဲ့ ဧည့်သည်က သူဖြစ်မယ်ဆိုတာ ကျွန်မ မြင်ယောင်တယ်။ တကယ်တမ်းလည်း အမှန်ပဲ။ သူ ဘန်ကောက်က တည်းတဲ့နေရာရောက်မှ ကားအရမ်းပိတ်လို့ လေယာဉ်လွတ်တော့မလိုဖြစ်ကြောင်းတွေ ပြန်ပြောပြတယ်။ မတ်ဆင်ဂျာကလွဲပြီး တခြား ဘာမှမကြည့်နိုင်သေးဘူး။ ဦးစိုင်း ထည့်ပေးသွားတဲ့ ဖုန်းဘေလ်ကုန်သွားရင် ကျွန်မ အဆက်အသွယ်ပြတ်လိမ့်မယ်။ ဒီနေ့ ဆေးရုံဝန်ထမ်းတွေကို ဖုန်းဘေလ်ထည့်ပေးဖို့ မေးကြည့်တော့လည်း ကိုယ်သုံးတဲ့ကဒ်နဲ့ သူတို့ကဒ်နဲ့ မတူ၊ ကိုယ့်မှာ ရီရယ်ငွေ မရှိ၊ သူတို့က ဒေါ်လာ မကိုင်နဲ့ဆိုတော့ ဒီလိုပဲ အင်တာနက်ကို ချွေတာသုံးရမှာပဲ။ ဒါတောင်တော်တော် ကံကောင်းလို့ရယ်။

အမျိုးသားက မနက်စောစောထပြီး အိုမန်နိုင်ငံ သံရုံးကိုသွားပြီး ဗီဇာလျှောက်မယ့်အကြောင်းတွေ ပြောပြ၊ ကျွန်မက သေချာမှာ၊ စိတ်ပူပေမယ့် ပျော်နေတယ်။ အဲဒီနေ့က ဗုဒ္ဓဟူးနေ့. . . နောက်နေ့ ကြာသပတေးမနက် သံရုံးဗီဇာရပြီး ညနေ လိုက်လာမယ်ဆိုတော့ ညသန်းခေါင်(၁၂ နာရီ)မှာ အိုမန်ရောက်မယ်။ မသစ္စာတို့ကို သွားကြိုပေးဖို့ အကူအညီတောင်းထားတယ်။ မနက်ဖြန် ညရောက်ရင် သဘက်ခါ ကျားကျားနဲ့ တွေ့ရတော့မယ်။

သူတစ်ယောက်တည်း ဘန်ကောက်မှာ အဆင်ပြေပါစေဆိုတဲ့ ဆုတောင်းပါ သမီးအတွက် ရင်ပူရင်း တတွတ်တွတ်တောင်းနေတဲ့ ဆုတောင်းတွေထဲ အဆစ်ပါသွားတယ်။ စိတ်လှုပ်ရှားရင် ငြိမ်နေတာထက် အာရုံပြောင်းအောင် တစ်ခုခုထလုပ်တတ်တဲ့ အကျင့်အတိုင်း ခရီးဆောင်အိတ်ကို ဖွင့်ပြီး ကိုယ့်အင်္ကျီတွေကို ပြန်ထုတ်တယ်။ မလျှော်ရသေးတဲ့ အင်္ကျီတွေရယ်၊ ပြီးတော့ သေချာထုတ်ပိုးထားတဲ့ကြားက လိုးရှင်းဘူးပွင့်ထွက်ပြီး ပေနေတဲ့ အဝတ်တွေရယ်။ တစ်ဝက်လောက်ကို ယူပြီး ရေချိုးခန်းထဲ အသင့်ထားပေးတဲ့ ဆပ်ပြာတုံးအသစ်လေးနဲ့ပဲ ထိုင်လျှော်နေလိုက်တယ်။ ပြီးတော့ ကိုယ်ပါ ရေချိုး၊ ခေါင်းလျှော်ပြီး စိတ်ကို အတတ်နိုင်ဆုံး ကြည်လင်နေအောင်ထားပြီး အိပ်ဖို့ပြင်တယ်။ သမီးကိုရော ယောကျ်ားကိုပါ ပူနေတဲ့စိတ်ကို ဖြည်းဖြည်းချင်း လျှော့ချရတယ်။ အားပါးတရ အိပ်ပျော်သွားတယ်မရှိဘဲ လန့်လန့်နိုးနေလို့ အေးလွန်းတာကြောင့် များလားဆိုပြီး အဲကွန်း ထပိတ်တယ်။ အခန်းထဲက မီးချောင်းပိတ် ရေချိုးခန်းမီးကို ဖွင့်ပြီး တံခါးကို ပါဖွင့်ထားလိုက်တယ်။ အိပ်ပျော်အောင် အိပ်ရမယ်။

နောက်နေ့ မနက်စောစော အိပ်ရာက နိုးတာနဲ့ ညက လျှော်ပြီးရေစစ်ထားတဲ့ အဝတ်

တွေကို ဝရံတာမှာ ထွက်လှန်းပြီး တစ်ခါတည်း မနက်စာဆင်းစားရင်း သမီးဆီသွားဖို့ ဆုံးဖြတ်တယ်။ အိုမန်ထက် ဘန်ကောက် ပိုစောနေတော့ အမျိုးသားက ဝီရိယကောင်းစွာပဲ ဘန်ကောက်က အိုမန် သံရုံးမှာ တစ်ယောက်တည်း ရောက်နေပြီ။

အဆင်ပြေပါစေလို့ အထပ်ထပ်အခါခါ ဆုတောင်းရင်း သမီးဆီသွားတယ်။ အဆောင်ကနေ သမီးကိုထားတဲ့ ဆေးရုံပေါက်ဝကို ကိုယ့်ခြေလှမ်းနဲ့ အလှမ်းပေါင်း ၂၅၀ ရှိတယ်။ နီးနီးလေးပဲ။ သမီးကိုထားတဲ့ အခန်းနားနီးလာလေ ထုံးစံအတိုင်း ရင်တုန်လာလေပဲ။ တာဝန်ကျ သူနာပြုတွေ၊ ဆရာဝန်တွေ ဘာများဆီးပြောမလဲ၊ သမီးလေးများ ညက ဘာဖြစ်ထားမလဲ။ သမီးဆီရောက်တော့ အော်ဟစ်ငိုယိုပြီး ဒေါသတွေထွက်နေတဲ့ ကျွန်မကလေး သေးသေးလေးကို တွေ့ရတယ်။ သူ့ပါးစပ်ထဲကနေ အစာအိမ်ထဲထည့်ထားတဲ့ ပိုက်လေးကနေ အဝါရောင်အရည်တွေ ပြန်ထွက်နေတယ်။ ဘာဖြစ်တာလဲ။

ဆရာဝန်က ကျွန်မကို မလန့်ဖို့၊ ကလေး အစာအိမ် အလုပ်မလုပ်နိုင်သေးလို့ ဒီတစ်ရက်၊ နှစ်ရက် အစာမကျွေးဘဲ ခဏထားကြည့်မယ်လို့ ရှင်းပြတယ်။ ကျွန်မ ငြင်းတယ်။ ဘယ်ဖြစ်မလဲ၊ သမီး ဗိုက်ဆာနေမှာပေါ့။ ကျွန်မလည်း ညက ဗိုက်နာနေခဲ့တာပဲ။ သမီးကို အစာ ပုံမှန်ကျွေးသင့်တယ်လို့ ပြန်ငြင်းတော့ ဆရာဝန်က သမီးကို လက်တွေကတစ်ဆင့် သွင်းနေတဲ့ ဆေးတွေကြောင့် အာဟာရတွေ ရှိနေကြောင်း၊ အစာအိမ်ထဲ နို့ထည့်ကြည့်တာက အစာအိမ် ဘယ်လောက် အလုပ်လုပ်နိုင်ပြီလဲ စစ်တာဖြစ်ကြောင်းတွေ သေချာပြန်ရှင်းပြတယ်။

ကျွန်မရဲ့ မိခင်တစ်ယောက်က သူ့ကလေးအတွက် သိလိုတဲ့စိတ်၊ ပူနေတဲ့စိတ်နဲ့ အကောင်းဆုံး လုပ်ပေးချင်တဲ့စိတ်ကို ဆရာဝန်တွေနဲ့ သူနာပြုတွေ နားအလည်ဆုံးဖြစ်မှာပါ။ စိတ်ပြန်လျှော့၊ နို့ညှစ်ခန်းသွားပြီး နို့ညှစ်တော့ ပုံမှန်တောင် မရတော့ဘဲ အဖြူရောင်ဘက် ပိုသန်းလာတဲ့ နို့တွေက ပြန်နည်းသွားတယ်။ သူနာပြုတွေကို နို့ထွက်ဆေး ကုန်နေပြီဖြစ်ကြောင်းပြောပြတော့ ဆရာဝန်တွေကိုပြောပေးမယ် ဒါပေမဲ့ ဆက်တိုက် မသောက်သင့်ကြောင်း ပြောပြကြတယ်။

သမီးကို ဖေဖေလိုက်လာပြီဖြစ်ကြောင်း မနက်ဖြန် လာတော့မှာဖြစ်ကြောင်း အားတင်းထားသင့်ကြောင်းတွေ တဖွဖွပြောနေခဲ့သလို တာဝန်ကျ ဆရာမတွေကလည်း ' ငြိမ်း ' နင်တစ်ယောက်တည်း မဖြစ်တော့ဘူး၊ အမျိုးသားလိုက်လာပြီနော် ပျော်စရာကြီးဆိုပြီး အားလုံးပျော်နေခဲ့ကြတယ်။

နေ့လည်စာ စားချိန် မွန်းလွဲ ၁ နာရီရောက်မှ နေပူပူကြားထဲ ပဝါလေးခေါင်းအုပ်ပြီး

ကျွန်မ အဆောင်ပြန်လာခဲ့တယ်။ ဆရာဝန်တွေက အပြင်မှာ နေပြင်းလွန်းတဲ့အတွက် နေ့လယ်ခင်း ခဏနားသင့်ကြောင်းနဲ့ ညနေမှလာဖို့တွေ ဝိုင်းပြောကြလို့သာ ပြန်လာခဲ့တာ၊ ထမင်းစားပြီးတာနဲ့ ကျွန်မ သမီးဆီ ပြန်လာမှာပဲ။

အဆောင်ရောက်တာနဲ့ ရှိနေတဲ့ ဂျန်ကို နှုတ်ဆက်၊ အမျိုးသားလိုက်လာပြီဖြစ်ကြောင်းတွေ ပြောပြ၊ သူ့ပါ အပျော်ကူးစက်ပြီး ကျွန်မ အခန်းရှိရာကို မြန်မြန်ပြန်လာခဲ့တယ်။ ဘန်ကောက်က အိုမန်သံရုံးမှာတော့ တစ်ယောက်တည်း ငုတ်တုတ်ထိုင်လိုက်၊ လူကြီးနဲ့ တွေ့ခွင့်မရလို့ ဗျာများလိုက်ဖြစ်နေတဲ့ အမျိုးသားက ကျွန်မဆီ အဆက်အသွယ်ရဖို့ စောင့်နေခဲ့တာ။ သူနဲ့ လိုင်းပေါ်မှာတွေ့တာနဲ့ အခြေအနေမေးတော့ ဒီနေ့လိုက်လာလို့ မရကြောင်း၊ အိုမန်ဘုရင်ရဲ့ ညီတော် မွေးနေ့ဖြစ်တာမို့ အိုမန်သံရုံးတွေ အကုန်ပိတ်ကြကြောင်း၊ သောကြာနေ့နဲ့ စနေနေ့ကိုတော့ အိုမန်နိုင်ငံရဲ့ ရုံးပိတ်ရက်ကြောင့် ဆက်ပိတ်ကြောင်း၊ တနင်္ဂနွေနေ့မှာလည်း ဘန်ကောက်က ထိုင်းနိုင်ငံ ရုံးပိတ်ရက်မို့ သံရုံးတွေပိတ်ကြောင်း သူက ဆက်တိုက်ရှင်းပြတယ်။

ကျွန်မ မျက်လုံးတွေ ပြာသွားတယ်၊ တစ်ယောက်တည်း အဲဒီရက်တွေကို ကျော်ချင်ပါပြီလို့ အားတင်းလာခဲ့တာ ဒီညရောက်လာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ ခုတော့ နောက်ထပ်လေးရက် . . . ဒီထက်လည်း ပိုကြာရင်ကြာမယ်။ အမျိုးသားကို တည်းတဲ့နေရာပြန်ဖို့နဲ့ တစ်နေကုန်သူ ဘာမှမစားထားမှန်းသိတော့ တစ်ခုခုစားဖို့ပြောပြီး ကျွန်မဖုန်းကို ခဏပိတ်လိုက်တယ်။


မျက်ရည်တွေ ထိန်းမရအောင် ကျလာတယ်။ ဟုတ်တယ်. . . မျက်တောင်နဲ့လည်း ပုတ်ခတ်ပြီး ထိန်းမထားတော့သလို လက်နဲ့လည်း မသုတ်တော့ဘူး။ ဘာဖြစ်ချင်တာလဲ. . . အဲဒီ ကံကြမ္မာဆိုတာလား နတ်ဆိုးလား. . . ခု ဘာဆက်ဖြစ်စေချင်တာလဲ . . . ငါ့ကို တစ်ခုခု ဖြစ်သွားစေချင်တာလား . . . လို့ အော်ပြောရင်း ငိုပစ်လိုက်တယ်။ အားပါးတရ အော်ငိုပစ်လိုက်တာ။ အကြာကြီး ထိုင်ငိုပြီး မောသွားမှ မျက်ရည်ကုန်ပြီလားလို့ ကိုယ့်ကိုကိုယ် ပြန်သတိထားကြည့်တယ်။ အေးဆေးပဲ။ ခု. . . အဲဒီလောက်အထိတောင် စိတ်ပူရတာ၊ စိတ်လှုပ်ရှားရတာ၊ ဘာဖြစ်လာမလဲဆိုပြီး ရင်မောရတာ၊ သိမ်ငယ်ရတာ၊ သတိထားနေရတာတွေကို စက္ကန့်မလပ် ကျော်ဖြတ်ခဲ့ပြီးပြီ အေးဆေးပဲ။ လာခဲ့ပါဦး. . . ထပ်ပြီး ဘယ်လောက်ဆိုးတဲ့အရာတွေ ရှိနေဦးမှာလဲ။ အဲဒီ ကံကြမ္မာဆိုးပဲဖြစ်ဖြစ် နတ်ဆိုးပဲဖြစ်ဖြစ် ငါ့ကိုမြင်ရင် လန့်သွားပြီး အရှုံးပေးသွားရမယ် သိလား . . . ။ ပြိုလဲသွားစရာ၊ အားနည်းသွားစရာ၊ ကြေကွဲသွားစရာ ဘာမှ ဖြစ်စရာမလိုဘူး။ နင့်လောက်ကတော့ . . . ။

ရေချိုးခန်းထဲ ဝင်. . . ငိုထားလို့ နီရဲဖောင်းကားနေတဲ့ မျက်လုံးတွေ မျက်ခွံတွေကို

သေချာရေနဲ့ သစ်ပစ်၊ ရေခဲသေတ္တာထဲက ရေသန့်ဘူးတစ်ဘူးကိုယူ. . . မျက်ခွံတွေမှာ ခဏကပ်ပြီး ရေဘူးတွေ ပြန်ထား။ အပေါ်အင်္ကျီတစ်ထည် ထပ်ပြန်ဝတ်ပြီး သမီးဆီ ပြန်သွားမယ်။ အောက်ထပ်ပြန်ဆင်းလာပြီး ထမင်းစားခန်းထဲက ရေဘူးဝင်ယူတော့ အမျိုးသမီး ၃ ယောက်လောက် ရှိနေတယ်။ ကိုယ့်ကိုကြည့်ပြီး လန့်သွားသလို ဖြစ်သွားတာသိပေမယ့် မသိချင်ယောင်ဆောင်ပြီး ရေဘူး ယူပြီး ပြန်ထွက်လာတယ်။ တစ်ခုခု အချိုးမပြေသလိုလာလုပ်ရင် အကုန်လုံးကိုဆွဲပြီး ကိုင်ပေါက်ပစ်မှာ။ လာကြလေ. . .။

■ ■ ■

## ချစ်ရပါသော နို့မှုန့် (၁၆)




နို့ညှစ်ထုတ်ဖို့
နို့ဘူးအသစ် လှမ်းတောင်း၊
ကိုယ့်နာမည်တပ်ထားတဲ့
ဆေးရည်ဘူးကို လှမ်းယူပြီး
နို့ညှစ်ခန်းဘက် ထွက်လာလိုက်တယ်။

ခုနက အော်ဟစ်ငိုယိုပြီး ဖွင့်ထုတ်လိုက်လို့ ဘာမှမရှိတော့သလို ဖြစ်သွားတဲ့စိတ်ကို အကြောက်တရားတွေ ဝင်လာမှာ စိုးရိမ်မိတယ်။ သမီးဆီသွားဖို့ မှန်တံခါးကို တွန်းဖွင့်လိုက်တာနဲ့ ဟိန်းခနဲပူသွားတဲ့ ပတ်ဝန်းကျင်ကိုကြည့်ပြီး လက်ထဲမှာယူလာတဲ့ ပဝါကို ခေါင်းကိုပတ်လိုက်တယ်။ တဒီဒီမြည်နေတဲ့ လေအေးပေးစက်တွေကို ချိတ်ထားပြီး အခန်းအပြင်ဘက် လေပူထုတ်စက်တွေ စုထားသလို ဖြစ်နေတဲ့ ဆေးရုံအဆောင်တွေရဲ့ အလယ်မှာရောက်နေတော့ အပူငွေ့တွေက နေရာ အနှံ့က ကိုယ့်ဆီ တိုးဝင်နေသလိုပဲ။ လက်ထဲမှာ ကျစ်ကျစ်ပါအောင် ကိုင်ထားတဲ့ ရေသန့်ဘူးသေး လေးဆီက အအေးဓာတ်ကို လက်နှစ်ဖက်ကို မျှကိုင်ပေးရင်း ပါးတစ်ဖက်စီကိုပါ ထိပေးနေရတယ်။ လမ်းကို သွက်သွက်လျှောက်ရင်း သံလွင်ပင်လမ်းထဲဝင်လိုက်တော့ ကိုယ်နဲ့ မျက်နှာချင်းဆိုင်ကနေ ဆေးရုံဝန်ထမ်းတွေ နေကာမျက်မှန်ကိုယ်စီ၊ ထီးကိုယ်စီနဲ့ လမ်းလျှောက်လာကြတယ်။ အကုန်လုံးက မသိတဲ့ မျက်နှာတွေဆိုတော့ ဘေးနဲ့နဲကပ်လျှောက်ရင်း အဆောင်တံခါးဝက စထွက်ကတည်းက စိတ်နဲ့မှတ်လာတဲ့ ခြေလှမ်းအရေအတွက်ကိုပဲ ပါးစပ်ကပါ ထုတ်ရွတ်နေမိတယ်။

ဖြတ်ခနဲ သတိရမိတာက ဘာတေးလင့်တနာရဲ့ ကျောက်စိမ်းမြေ ဝတ္ထုထဲမှာ သူဇနီး စစ်ဖြစ်နေတဲ့ မြန်မာပြည်မြောက်ဖျားပိုင်း တောတွင်းထဲမှာ မီးဖွားခဲ့တဲ့ စာမျက်နှာတွေ၊ ခုည ကလေး မွေးပြီး နောက်နေ့မနက် ကလေးပိုက်ပြီး တိုက်ပွဲလွတ်ရာကို ပြေးရ၊ အကူအညီပေးမယ့်အိမ် ရောက်ပြန်တော့လည်း အိပ်ခန်းလေးထဲမှာ အသံမထွက်ဘဲ ကလေးငယ်လေး ပိုက်ပြီး လူသံကြား တာနဲ့ ခုတင်အောက် ပြေးပုန်းရတာတွေ၊ စားစရာမရှိလို့ ငှက်ပျောအူပြုတ်ပဲ စားရတာတွေကို ဖြည်းဖြည်းချင်း သတိရနေပြီး စိတ်က ဟိုး . . . ကိုယ့်တိုင်းပြည် မြောက်ပိုင်းနဲ့ အရှေ့တောင်ပိုင်းက စစ်ဖြစ်နေတဲ့ ဒေသတွေဆီ ရောက်သွားတယ်။

စစ်ပြေးတွေ ရွာပုန်းရွာရှောင်တွေထဲမှာ ကိုယ်ဝန်နေ့စေ့လစေ့နဲ့ တိုင်းရင်းသူတွေ၊ နောက် မီးဖွားရင်း ထပြေးလာရသူတွေက မျက်လုံးထဲ တန်းစီမြင်လာတော့ လည်ပင်းထဲ ပြန်ဆို့ နစ်လာတယ်။ ဆေးရုံဝင်ပေါက်မှာ လေအေးပေးစက် အရှိန်ပြင်းပြင်းတပ်ထားတာမို့ ဟုန်းခနဲ မီး ငြိမ်းသလို အအေးဓာတ်တွေ ကိုယ့်ခေါင်းပေါ် မရောက်လာခင် ခဏမတ်တပ်ရပ်နေရင်း တစ်ကိုယ် လုံး ဟုန်သလိုဖြစ်လာတယ်။ ရှက်တယ်. . . ဟုတ်တယ် ဒီလောက် ကူညီအားပေးမှုတွေနဲ့ ပြည့်စုံ နေတဲ့ ပတ်ဝန်းကျင်မှာ၊ ဒီလောက် သမီးလေးကို အဆင့်မြင့်နည်းပညာတွေနဲ့ ဆေးကုနေတဲ့ ဆေးရုံ ကြီးမှာ၊ ဒီလောက် အစားအစာနဲ့ ရေ မြင်နေရတဲ့ စားသုံးခွင့်ရနေတဲ့အခြေအနေမှာ ခုနက ဘာလို့ ဝမ်းပန်းတနည်း အော်ငိုမိခဲ့တာလဲ။ ကိုယ့်ရင်သွေးကို ရင်မှာပိုက်ပြီး အစာအငတ်ခံ၊ ဘေးလွတ်ရာ

ဖြေးနေတဲ့ မီးနေသည်တွေအစား လိုက်လာမယ့်ယောက်ျား ရက်နည်းနည်း နောက်ကျသွားတာ တောင် ကျခဲ့တဲ့မျက်ရည်တွေက ရှက်စရာကြီး။

တော်ပြီ. . . အဲဒီ ဝမ်းနည်းတဲ့စိတ်တွေအကုန် ဒီနေရာမှာပဲ ထားပစ်ခဲ့ပြီလို့ စိတ်ထဲမှာ သေချာဆုံးဖြတ်ချက်ချပြီး ဆေးရုံထဲ လှမ်းဝင်လိုက်တယ်။ လေအေးပေးစက်က တစ်ကိုယ်လုံး အေးရုံတင်မကဘဲ ရင်ထဲထိပါ အမောပြေသွားသလိုပဲ။ သမီးဆီကို ခပ်သွက်သွက် ဆက်လျှောက်ရင်း လမ်းမှာ တာဝန်ကျ သူနာပြုတွေက ' ဟမ်. . . ငြိမ်းရေ လာပြန်ပြီ. . . ဒီလောက် နေပူနေတာကို. . . နင်နေမကောင်း ဖြစ်ရင် ဒုက္ခရောက်မှာနော် ' လို့ ကရုဏာဒေါသောနဲ့ လှမ်းပြောကြတယ်။ အားပါးတရ ပြန်ပြုံးပြလိုက်ပြီး ' ငါ နေမကောင်းဖြစ်စရာအကြောင်း လုံးဝကိုမရှိတာ. . . အခု အားလုံးအဆင်ပြေတယ်။ သမီး နေကောင်းဖို့ပဲ အဓိက ' လို့ လှမ်းအော်ပြောလိုက်တယ်။

အပြာရောင်မီးဆိုင်းတွေ နှစ်ဆင့်နဲ့ အုပ်ထားတဲ့ ဖန်ပေါင်းချောင်လေးထဲမှာ သမီးက အဝတ်အစားမပါဘဲ ခြေပစ်လက်ပစ် အိပ်နေတယ်။ ခေါင်းက ပတ်တီးတွေနဲ့ ပိုက်တွေ ရှုပ်နေတဲ့ကြားကနေ သူ့ပါးဖောင်းဖောင်းလေးကို လှမ်းမြင်ရတယ်။ လက်ကို ဆပ်ပြာနဲ့ရော သန့်စင်ဆေးရည်နဲ့ပါ မြန်မြန်ဆေး၊ သေချာသုတ်ပြီး လက်လျှိုဝင်လို့ရတဲ့ အပေါက်ကလေးကနေ ထည့်၊ သမီးလက်သေးသေးလေးကို လှမ်းကိုင်ရင်း ' သမီးရေ မေမေရှိတယ်. . . 'လို့ တိုးတိုးလေး ပြောလိုက်တယ်။

အခန်းထဲက ဆရာမတွေက ပြုံးကြည့်ရင်း ' အမျိုးသားလိုက်လာပြီပေါ့ ' လို့ ဝိုင်းမေးကြတယ်။ ' ဟင့်အင်း . . . နင်တို့ မေ့နေပြီထင်တယ်။ ဒီတစ်ပတ် ပိတ်ရက်တွေ ဆက်တယ်နော် ' လို့ သတိပေးတော့မှ သူတို့လည်း ဟုတ်သားပဲဆိုပြီး ပါးစပ်အဟောင်းသားတွေ ဖြစ်ကုန်ကြတယ်။ 'အင်း. . . ရုံးပိတ်ရက်ဆက်နေတဲ့အပြင် အိုမန်က တခြားရုံးပိတ်ရက်နဲ့မတူတော့ ငါ့ယောက်ျားတော့ နောက်တစ်ပတ်မှ လိုက်လာနိုင်တော့မယ်၊ ထူးဆန်းလိုက်တာ ခုရက်မှ လာတိုက်ဆိုင်ရတယ် ' လို့ ဆိုတဲ့စကားကို ရယ်ရယ်မောမောပဲ ပြန်ပြောလိုက်တယ်။

သူနာပြုတွေလည်း ကိုယ့်ကို ဟုတ်မှဟုတ်ရဲ့လားဆိုတဲ့ အကြည့်တွေနဲ့ ကြည့်နေကြလို့ စိတ်ထဲက နှစ်နှစ်ကာကာ ပြုံးပြပြီး ' ငါ တကယ်ဘာမှမဖြစ်ဘူး၊ ခု ငါ့မှာ သမီးလေးနဲ့ နင်တို့အနားမှာရှိနေတယ်လေ။ အေးဆေးပဲ၊ နောက်ပြီး မြန်မာနိုင်ငံက တာဝန်ကျလေယာဉ်မယ်တွေလည်း ဒီမြို့မှာရှိတယ်။ စိတ်ပူစရာမလိုဘူး ' လို့ အေးဆေးရှင်းပြလိုက်တယ်။

နို့ညှစ်ထုတ်ဖို့ နို့ဘူးအသစ် လှမ်းတောင်း၊ ကိုယ့်နာမည်တပ်ထားတဲ့ ဆေးရည်ဘူးကို လှမ်းယူပြီး နို့ညှစ်ခန်းဘက် ထွက်လာလိုက်တယ်။ နို့ညှစ်ခန်းထဲမှာတော့ အမျိုးသမီး အပေါ်ရုံဝတ်

အကျီ ဘူရ်ခါ (အနက်ရောင်ဝတ်ရုံရှည်) တွေကို အကျီချိတ်တွေမှာ ချိတ်ထားကြပြီး အပြိုင်အဆိုင် နို့ညှစ်ထုတ်နေတဲ့ မေမေတွေ။ စက်အလွတ်ရော၊ ခုံအလွတ်ရော မရှိတာမို့ သမီးအခန်းဘက် ပြန်သွား၊ ခဏနေပြီး နောက်တစ်ခေါက်ထပ်သွားမှ နို့ညှစ်ထုတ်ခွင့် ရခဲ့တယ်။ ဒါပေမဲ့ ထုံးစံအတိုင်း ထွက်လာတဲ့ နို့ရည်ပမာဏက နည်းနည်းလေး။

သမီးခုတင်လေးဘေးမှာထိုင်ရင်း အိပ်ပျော်နေတဲ့ သမီးကိုကြည့်ရင်း သူ အေးချမ်းစေဖို့၊ မြန်မြန်ကျန်းမာစေဖို့၊ အစစအရာရာ အဆင်ပြေစေဖို့ ကြိတ်ဆုတောင်းနေရင်း ညနေ လေးနာရီဝန်းကျင်ရောက်လာပြီမို့ အဆောင်ခဏပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဟုတ်တယ် . . . ည တစ်ခေါက် ထပ်လာရဦးမှာလေ။ ဆေးရုံက ပြန်ထွက်တော့ နေက ပြင်းနေတုန်းပဲ။ ဒါပေမဲ့ အရင်နေ့တွေလို အရမ်းပူလောင်တယ်လို့ မခံစားရတော့ဘူး။ အဆောင်ရောက်တော့ ဂျနီက ' ငြိမ်း အဆင်ပြေလား. . . အမျိုးသား ဒီည လာမလား ' လို့ ဆီးကြိုမေးတာကို အေးဆေးပြန်ရှင်းပြလိုက်တယ်။ ပြီးတော့ ကိုယ့်အခန်းရှိရာကိုသွားပြီး လှမ်းထားတဲ့အဝတ်တွေကို ရုတ်၊ ခုတင်ပေါ်မှာ ထိုင်ခေါက်နေလိုက်တယ်။

' ဟယ်လို 'ဆိုတဲ့ မတ်ဆေ့ချ်နဲ့ မသစ္စာရဲ့အမျိုးသားသူငယ်ချင်း ကိုယ့်ကို လာအားပေးဖူးတဲ့ လိတ်ခ်က ခု. . . သူ အဆောင်ကိုလာနေပြီဖြစ်ကြောင်း စာဝင်လာတယ်။ အဝတ်တွေကို ဗီရိုထဲထည့်ပြီး အဆောင်ရဲ့ဧည့်ခန်းရှိရာ အောက်ထပ်ကိုပြန်ဆင်းလာပြီး အဲဒီကနေပဲ လိတ်ခ်ကို စောင့်နေလိုက်တော့တယ်။ နောက် ငါးမိနစ်လောက်ကြာတော့ မသစ္စာရဲ့လေယာဉ်မယ်၊ လေယာဉ်မောင် သူငယ်ချင်းတစ်စု လိတ်ခ်နဲ့အတူ ရောက်လာကြတယ်။ ပထမတစ်ခေါက်တွေ့ဖူးတဲ့ မရှီစလင်းနဲ့ မအန်းအန်း ပြီးတော့ လိတ်ခ်နဲ့ လေယာဉ်မောင်တစ်ယောက်။ မသစ္စာကတော့ လေယာဉ်ပေါ်မှာ တာဝန်ကျချိန်မို့ မလိုက်လာနိုင်ပေမယ့် သူငယ်ချင်းတွေကို ပြောပြပြီး ကိုယ့်ကိုအားပေးဖို့ လွှတ်လိုက်တာ။

မအန်းအန်းက ခုမှမြင်ဖူးပေမယ့် သူလေယာဉ်ပေါ်က ဆင်းပြီး ကိုယ့်သတင်းကြားကတည်းက ကိုယ့်အတွက် ထမင်း၊ ကြက်သားအာလူးဟင်း၊ တို့စရာအစုံနဲ့ ခရမ်းချဉ်သီး ပုစွန်ခြောက်ချက်၊ နောက် သာကူကြိုတွေ လုပ်လာခဲ့တယ်။ အားလုံးနဲ့ ဟိုးအရင်ကတည်းက မိတ်ဆွေတွေလို အားပါးတရ စကားတွေပြောရင်း ခု လိုအပ်နေတဲ့ သောက်ရေအကြောင်းပြောလိုက်တော့ နေပူကြီးထဲ သူတို့ ခပ်သုတ်သုတ် ပြန်ထွက်သွားကြတယ်။ ပြန်လာတော့ ရေသန့်ဘူးကြီး ၆ ဘူးနဲ့ မ နိုင်မနင်းပဲ။ ပြီးတော့ ကိုယ့်အခန်းရှိရာကို ချွေးတလုံးလုံးနဲ့ သယ်သွားပေးကြတယ်။ တာဝန်ကျ

အဆောင်မှူးက အပြင်လူမဝင်ရဘူးလို့ အတင်းငြင်းပေမယ့် ' ဒါဆို ခု ရေဘူးတွေ အခန်းထဲထိ သယ်သွားပေးမလား ' လို့ ပြန်ခိုင်းကြရင်း နောက်ဆုံး လိတ်ခ်တို့တွေပဲ သယ်ပို့ခဲ့ကြရတယ်။

အရင်တခေါက် မသစ္စာကို လဲပေးဖို့ အကူအညီတောင်းလိုက်တဲ့ ယူရိုပေါင်တွေကို ရိုရယ်လ်ငွေအဖြစ် မအန်းအန်းက ယူလာပေးတယ်။ ပြီးတော့ သူ့ဆီက အင်တာနက်ကဒ်ကို သူက မရောင်းခဲ့ပေမယ့် ဝယ်ခွင့်ရခဲ့တယ်။ ခုမှတွေ့ဖူးပေမယ့် အစ်မတွေလို အတင်းကူညီကြတော့ အားနာလွန်းသလို တကယ်ပျော်မိတယ်။ အဲဒီကျေးဇူးတွေ ဘယ်တော့မှ မေ့မှာမဟုတ်ဘူးရယ်။


သူတို့ပြန်တော့ ရေမြန်မြန်ချိုးပြီး သမီးဆီ ထပ်သွား၊ သမီးကို စကားတွေပြော၊ တာဝန်ကျ ဆရာဝန်တွေကလည်း ခင်နေကြပြီဆိုတော့ ကိုယ် သမီးအကြောင်း မေးသမျှ သူတို့က ဖြေ၊ သူတို့ မြန်မာနိုင်ငံအကြောင်းမေးသမျှ ကိုယ်က ဖြေနဲ့ အဆင်ပြေနေရောပဲ။ ည ၈ နာရီလောက်မှ ဂျူတီအသစ်ဝင်တဲ့ ဆရာမတွေကို နှုတ်ဆက်၊ သမီးကိုလည်း အိပ်ဖို့ တိုးတိုးလေးမှာပြီး အဆောင်ပြန်လာခဲ့တယ်။ ပြီးတော့ ဘန်ကောက်မှာသောင်တင်နေတဲ့ ကိုယ့်အမျိုးသားကို လှမ်းနှုတ်ဆက်လိုက်တယ်။ ဒါပေမဲ့ သူ့အကောင့်က မီးမလင်းတော့ ပင်ပန်းပြီး အိပ်ပျော်နေမလားဘဲ။

တစ်နေကုန် ပေါင်မုန့်လေးတစ်လုံး ကျောပိုးအိတ်ထဲထည့်ပြီး ထိုင်းနိုင်ငံ၊ အိုမန်သံရုံးထဲက သူ နားမလည်တဲ့ အာရဗီစကားတွေကြားမှာ အ[illegible]ရှိအခန်းမှန်သမျှ အပေါက်ဝကနေထိုင်စောင့်ရင်း ဗီဇာရဖို့ လည်ပင်းရှည်နေခဲ့မယ့် အမျိုးသားကို အားပေးရမယ်။ သူ စိတ်ဓာတ်ကျမှာ၊ ခုချိန် တစ်ယောက်တည်းဖြစ်နေမှာ၊ နောက် သူနဲ့အတူပါလာတဲ့ အရေးကြီးပစ္စည်းတွေ ပျောက်မှာကို စိတ်ပူနေခဲ့တယ်။ ဘန်ကောက်မှာနေတဲ့ ကိုယ့်သူငယ်ချင်းတွေထဲက ချောင်ဖော့ကိုလည်း သွားတွေ့ပြီး လိုတာကူညီဖို့ သေချာမှာနေမိတယ်။

ညစာစားဖို့ သတိရပြီး ထမင်းဘူးလာပို့ထားတာကိုပါ တွေးမိတော့ လှိုက်ခနဲ ဝမ်းသာသွားတယ်။ ဟုတ်တယ်. . . ဒီည အဲဒီ ကိုယ့်အတွက် အဓိပ္ပါယ်မရှိတဲ့ ညစာတွေ စားစရာမလိုတော့ဘူး။ ထမင်းဘူးထဲကို ကြက်သားအာလူးထည့်ပြီး ခရမ်းချဉ်သီးချက်နဲ့ တို့စရာ မုန်လာဥနီကို လုံးထွေးပြီး ပါးစပ်ထဲ မြန်နိုင်သမျှ မြန်အောင်ထည့်၊ ဗလုံးဗထွေးဝါးပြီး မြို၊ နောက်တစ်လုတ်ပြီးတော့ နောက်တစ်လုတ်။ အရသာ။ ခံတွင်းထဲမှာ ထမင်းအလုတ်စီတိုင်းမှာ . . . အရသာဆိုတာ ထက်ပျော်နေတာ။ ငါ မြန်မာထမင်းဟင်း စားရပြီဆိုတဲ့အသိနဲ့ ထမင်းလုတ်တွေ ပါးစပ်နဲ့အပြည့် ထည့်ရင်း ပျော်နေမိခဲ့တာ။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၁၇)



ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေတာမို့
စိတ်က ဖန်ပေါင်းချောင်ထဲက
သမီးဆီကိုရောက်ပြီး အေးချမ်းစေဖို့၊
မြန်မြန် အဆင့်တွေတိုးတက်ဖို့နဲ့
တာဝန်ကျသူနာပြုနဲ့ ဆရာဝန်တွေ
ဂရုစိုက်ကြဖို့ ဆုတောင်းနေလိုက်တယ်။

ညစာစားပြီး ဖေ့စ်ဘွတ်ခ်ကနေ မြန်မာနိုင်ငံက သူငယ်ချင်းတွေရဲ့ ပို့စ်တွေကို လိုက်ဖတ်ရင်း အမျိုးသား လိုင်းပေါ် တက်လာမှာကို စောင့်နေမိတယ်။ ခဏကြာတော့ ' မိန်းမရေ ' ဆိုတဲ့ စာကြောင်းလေးဝင်လာပြီး အရမ်းပင်ပန်းလို့ အိပ်ပျော်သွားကြောင်း သူ ဆက်ပြောပြနေတယ်။ ဗိုက်ဆာလိမ့်မယ် ညစာစားဦးလို့ သတိပေးလိုက်တော့ သူတည်းတဲ့နေရာကနေ အပြင်ခဏထွက်ပြီး ခေါက်ဆွဲခြောက်နဲ့ အသင့်စား ထမင်းဘူးလေး သွားဝယ်လာတယ်။ ပြီးတော့ ထိုင်းအရက် ပေါင်ထောင် ပုလင်းအသေးလေး။ ' တစ်နေကုန် စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေတာ ဘီယာသောက်ချင်သောက်နော် ' လို့ လှမ်းပြောလိုက်တော့ ' ပိုက်ဆံ အပိုမကုန်ချင်ဘူး၊ မသောက်တော့ဘူး ' လို့ သူပြန်ပြောတယ်။ သူတစ်ယောက်တည်း စိတ်ဓာတ်လည်းကျနေမှာကိုသိတော့ သမီးတိုးတက်လာတဲ့ အကြောင်း စိတ်ချမ်းသာစရာတွေပဲ ဆက်တိုက် ပြောပြနေလိုက်တယ်။

အမျိုးသားနဲ့ တစ်ယောက်တစ်လှည့်စီ အားပေးစကားပြောနေကြရင်း စိတ်လည်း အတော်ကြည်လင်လာတာမို့ စောစောအိပ်ဖို့ နှုတ်ဆက်ရင်း ကြိုးစားအိပ်လိုက်တော့တယ်။ မျက်နှာကြက်က အလင်းရောင်ခပ်စူးစူးနဲ့ မီးချောင်းကိုပိတ်၊ ရေချိုးခန်းမီးကိုဖွင့်ပြီး ရေချိုးခန်းတံခါးကို ခပ်ဟဟလေး ဖွင့်ထားမှ ကိုယ့်ခုတင်ကိုရောက်တဲ့ အလင်းရောင်က အနေတော်ဖြစ်တယ်။ တဂီးဂီး မြည်နေတဲ့ နံရံကပ် လေအေးပေးစက်အဟောင်းကြီးက အနက်ရောင်ဘာဂျာလို အကန့်စိပ်စိပ်တွေပါပြီး အေးခဲနေအောင် လေအေးတွေထုတ်ပေးတယ်။ ဖျတ်ခနဲအိပ်ပျော်သွားရာက ' တောက်. . . တောက်. . . တောက် ' ဆိုတဲ့ ရေကျသံက တိတ်ဆိတ်နေတဲ့ညမှာ အသံအကျယ်ကြီး ကြားရသလိုဖြစ်နေတာမို့ လန့်နိုးလာတယ်။ ဟုတ်တယ်. . . အားပါးတရ မအိပ်ရတာ အတော် ကြာနေပြီ။ အကြာဆုံးအိပ်ရင် တစ်နာရီလောက်ပဲ အိပ်နိုင်ပြီး အိပ်မက်ဆိုးတွေကြောင့် လန့်လန့်နိုးနေတတ်တယ်။

ဒီတစ်ခါတော့ အေးလွန်းတာကြောင့်ရော တတောက်တောက်မြည်နေတဲ့ ရေကျသံကြောင့်ရော ပြန်အိပ်လို့မရတော့ဘူး။ ခုမှ မနက် ၁ နာရီဆိုတော့ ပြန်အိပ်ကို အိပ်ရမယ်။ ရေချိုးခန်းထဲက ဘေစင်က ရေပိုက်ကို အိပ်ခါနီးသွားတိုက်တုန်းက သေချာမပိတ်ခဲ့လို့ ဖြစ်မယ်လို့ တွေးမိတာမို့ ခပ်မြန်မြန်ပဲ ခုတင်ပေါ်ကဆင်းပြီး ရေချိုးခန်းထဲ ဝင်လိုက်တယ်။ ဒါပေမဲ့ ဘေစင်က ရေပိုက်က ရေကျမနေဘူး။ ဘေစင်မှာတပ်ထားတဲ့ မှန်က ရေငွေ့တွေနဲ့ ဖုန်ကြောင့် ခပ်ဝါးဝါးဖြစ်နေတော့ စိတ်ထဲ တစ်မျိုးဖြစ်နေတာနဲ့ ရေပိုက်ကို ဖွင့်ပြီး မှန်ကိုပါ ရေဆေးချလိုက်တယ်။ ပြီးတော့ ရေပိုက်ကို လုံနေအောင်သေချာပိတ်ပြီး ရေချိုးခန်းထဲက ထွက်၊ လေအေးပေးစက်ကြီးကို ပိတ်

လိုက်ရင်လည်း ချက်ချင်းမြင့်တက်မယ့် အပူချိန်ကိုသိနေတာကြောင့် ခုတင်ပေါ်က စောင်ကိုယူပြီး စက်အပေါ်ကနေ လွှမ်းထားလိုက်တယ်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေတာမို့ စိတ်က ဖန်ပေါင်းချောင်ထဲက သမီးဆီကိုရောက်ပြီး အေးချမ်းစေဖို့၊ မြန်မြန် အဆင့်တွေတိုးတက်ဖို့နဲ့ တာဝန်ကျ သူနာပြုနဲ့ ဆရာဝန်တွေ ဂရုစိုက်ကြဖို့ ဆုတောင်းနေလိုက်တယ်။ ပြန်အိပ်ပျော်သွားပြီး ခဏကြာတော့ တောက်. . . တောက် . . . တောက်ဆိုတဲ့ ရေကျသံကြောင့် ထပ်နိုးလာပြန်တယ်။ ချက်ချင်း ရေချိုးခန်းထဲ ဝင်သွားကြည့်လိုက်တော့ ရေပိုက်က ရေမကျနေသလို ရေကျသံလည်း မကြားတော့ပြန်ဘူး။ လေအေးပေးစက်ကြောင့်ဖြစ်မယ်လို့ထင်တာမို့ အခန်းမီးပြန်ဖွင့်ပြီး လေအေးပေးစက် အောက်ဖက်တွေ သေချာလိုက်ကြည့်တော့လည်း ဘာမှမတွေ့ပြန်တာမို့ ခုတင်ပေါ်ပြန်လှဲပြီး စိတ်ကို အငြိမ်ဆုံးထားလိုက်တယ်။ ခဏငြိမ်နေလိုက်တော့ ရေကျသံ တတောက်တောက်က ပြန်ထွက်လာပြန်တယ်။ အဲဒီ ရေကျသံက တိတ်ဆိတ်နေတဲ့ညမှာ ကိုယ့်ကို အိပ်မပျော်အောင်လုပ်နေတာမို့ မဟုတ်တာတွေ လျှောက်မတွေးဖြစ်အောင် ကြိုးစားဖို့ နည်းလမ်းနှစ်ခု ရှိတယ်။

ပထမတစ်ခုက ရေပိုက်လိုင်းတွေက အခန်းနံရံတွေထဲက ဖြတ်ပြီးသွားရတာမို့ ကိုယ့်ခုတင်နဲ့ကပ်လျက် ဘေးခန်းက ရေချိုးခန်းရေပိုက်ကနေ ကျနေတာ၊ ဘေးခန်းက မိခင်တစ်ယောက်က ရေပိုက်ကို သေချာမပိတ်ခဲ့တာ။ ဒါပေမဲ့လည်း ညနေ ဆေးရုံကပြန်လာတော့ ဘေးခန်းထဲက ခုံတွေလို ပစ္စည်းတွေထုတ်နေကြတာ တွေ့မိတယ်။ ဒီတော့ ကိုယ့်ဘေးခန်းမှာ လူတကယ် ရှိမရှိ လူထားတဲ့အခန်း တကယ်ဟုတ်မဟုတ်ဆိုတာ မသေချာပြန်ဘူး။ တော်ကြာ နောက်နေ့ မိုးလင်းတော့မှ ဘေးခန်းက စတိုခန်းဆိုရင် နောက်နေ့ညတွေ တစ်ယောက်တည်း အူကြောင်ကြောင်ချောက်ချားနေမယ့်အဖြစ်လည်း မလိုချင်ဘူး။

ဒီတော့ ဒုတိယတစ်ခု စဉ်းစားတယ်။ ဖိစီးမှုတွေ၊ တုန်လှုပ်မှုတွေ၊ အပြောင်းအလဲတွေ ဆက်တိုက်ကြုံရတဲ့ ကျွန်မစိတ်က ဘယ်လောက်ပင်ပန်းနေမလဲ။ အဲဒီပင်ပန်းနေတဲ့ စိတ်ကနေ ထင်ယောင်ထင်မှား ကြားယောင်မှုတွေ အများကြီးဖြစ်လာနိုင်တယ်။ အဲဒီ ကြားယောင်မှုကနေမှ တစ်ဆင့်တက်သွားရင်တော့ အမြင်အာရုံလွဲမှားမှုတွေက ဆက်တိုက်ကြုံလာတော့မယ်။ သူများမကြားတာ ကိုယ်ကြားရတယ်၊ သူများမမြင်တာ ကိုယ်မြင်ရတယ်ပေါ့။ စိတ်မှာ အဲဒီ အခြေခံကနေမှ စိတ်ပေါ့သွပ်တာ၊ မူမမှန်တာ၊ စိတ်ကျတာ၊ ရူးသွပ်တာ စတဲ့ စိတ်ရောဂါတွေ ဖြစ်သွားနိုင်တယ်လို့ သင်ဖူးတယ်။

အဲဒီလို ပြောင်းတွေးလိုက်တော့ ကိုယ့်စိတ်ပင်ပန်းမှုတွေကနေ ကြားယောင်မှုတွေလည်း ဖြစ်လာနိုင်တဲ့အတွက် ရေကျသံက ဟုတ်ချင်လည်း ဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး။ တစ်စုံတစ်ယောက်ကြောင့် ရေကျသံဖြစ်နေတာက ရှုးချင်လို့ တမင်ကြားယောင်နေတာထက်တရင် အများကြီးတော်သေးတယ်။ ကိုယ့်အတွက်တော့ စိတ်တည်ငြိမ်သွားအောင် အကောင်းဆုံးလုပ်ပေးနိုင်တာက ဝင်လေထွက်လေ မှတ်တာနဲ့ ၁၊ ၂၊ ၃၊ ၄ ကို အစဉ်လိုက် ဆိုကြည့်စေတာ။ 'ငြိမ်နေအောင်ကြိုးစားလေ လွှတ်လေထွက်ပြေးလေ ' ဆိုတဲ့ စိတ်သဘောကြောင့် အချိန်ယူလိုက်ရပေမယ့် နောက်ဆုံး အေးချမ်းသွားတယ်၊ ရေကျသံ ကြားရတာ မကြားရတာက အဓိက မကျတော့တာကြောင့် အိပ်ပျော်ဖို့ပဲ အာရုံပြုမိတော့တယ်။ ခဏ ပြန်အိပ်ပျော်သွားတယ်. . . အစ္စလာမ် ဘုရားရှိုး ဆုတောင်းသံတွေကြောင့် ပြန်နိုးလာတော့ မနက် ၄ နာရီဝန်းကျင်။ ရေထသောက်ပြီး ခုတင်ပေါ်ပြန်လှဲတော့ ရေကျသံ မကြားရတော့ဘူးဆိုတာ သတိထားမိတယ်။ တစ်ယောက်ယောက်စိတ်လိုက်နိုင်ပြီထင်တယ်။ သမီးရော အိပ်မောကျနေမလား၊ မေကြီးရော အိပ်မောကျနေမလား၊ ယောက်ျားရော အိပ်မောကျနေမလားလို့ တစ်ယောက်ချင်းစီကို ပြန်တွေးပြီး ပြန်အိပ်နေလိုက်တယ်။

မနက် ၆ နာရီလောက်မှာ ထမင်းဘူးထဲက ထမင်းနဲ့ ကြက်သားဟင်း၊ ငပိချက် တို့စရာကို မနက်စာအဖြစ် စားလိုက်တယ်။ ပြီးတော့ ရေချိုးပြီး သမီးဆီသွားဖို့ ပြင်တယ်။ သမီးနဲ့တွေ့တော့ တာဝန်ကျ သူနာပြုဆရာမတွေက ' ငြိမ်း နင့်ကလေးက စိတ်တိုရင် ခုန်မတတ် အော်ငိုတယ်နော် ' လို့ ဝိုင်းပြောကြတော့ ' နင်တို့ သူစိတ်တိုအောင် ဘာသွားလုပ်တာတုန်း ' လို့ ပြန်နောက်ရင်း သမီးကို ' မေမေရှိတယ်နော် ' လို့ နှုတ်ဆက်ရတယ်။

နို့သွားညှစ်ပြီး ပြန်လာတော့ တာဝန်ကျဆရာဝန်ကို နှုတ်ဆက်ပြီး သမီး ဘာထူးလဲ၊ လက်ရှိအခြေအနေက ဘယ်လိုမျိုးလဲဆိုတာမေးတော့ သမီးက ပေါင်ချိန် ၁. ၄၅ KG ဖြစ်လာပြီတဲ့။ ၁. ၂၂ ကနေဆိုတော့ . ၂၅ လောက် ဝိတ်တက်လာတာကို ထခုန်မိမတတ် ပျော်သွားတယ်။ အားလည်း ချက်ချင်းပြည့်သွားသလိုပဲ။ ' သမီးတော်လိုက်တာ. . . ဆက်ပြီး ပေါင်ချိန်တွေတက်အောင် ကြိုးစားပါနော် ' လို့ သူ့လက်ချောင်းနွေးနွေးလေးကို လှမ်းထိပြီး ချီးကျူးစကားပြောလိုက်တယ်။ သမီး လက်ကလေးတွေက အနွေးလွန်ပြီး ချွေးခပ်စေးစေးလေးတွေတောင် ထွက်နေသလိုပဲ။ ဖန်ပေါင်းချောင်နဲ့ကပ်လျက် အပေါ်က မီးဆိုင်းတွေက ပူလွန်းတော့ အနီရောင်အသားကနေ အညိုရောင်ပြောင်းတဲ့အပြင် ရင်ဘတ်၊ ဝမ်းဗိုက်၊ ပေါင်၊ ခြေသလုံးနဲ့ လက်တွေမှာ အသားလေးတွေ အရေခွံလန် ခြောက်ပြီး မည်းနေတာ သတိထားလိုက်မိတယ်။ စိတ်မကောင်းလိုက်တာ သမီးလေး တော်

တော် ပူနေမှာပဲ။

တစ်ခုခု လုပ်ခိုင်းဖို့ကျတော့ သူနာပြုတွေက ဆရာဝန်ခွင့်ပြုချက် တောင်းရသေးတာကို သတိထားမိတာနဲ့ တာဝန်ကျဆရာဝန်ကိုပဲ လိုက်ရှာရင်း သမီး အရမ်းပူနေလို့ မီးဆိုင်းတွေ ခဏလောက်ပိတ်ပေးဖို့ တောင်းဆိုလိုက်တယ်။ ဆရာဝန်က ဒီအပူချိန်က ကျွန်မဗိုက်ထဲက အပူချိန်နဲ့ အတူတူပဲ ကလေးကို ဗိုက်ထဲမှာဆက်ရှိနေတဲ့ ပုံစံနဲ့ထားတာဖြစ်လို့ မစိုးရိမ်ဖို့ ပြောတယ်။ ဒါပေမဲ့ ကျွန်မဗိုက်ထဲက အပူချိန် ဒီလောက်မြင့်ရင်တော့ ရေချိုးတဲ့အချိန် ရေအေးအေးသောက်တဲ့ အချိန်တို့မှာ ဗိုက်ထဲ မအေးသွားဘူးလား၊ သူပြောတာ ဟုတ်ပါ့မလား၊ ဘယ်လိုယုံရမလဲဆိုတာတွေ ဆက်တိုက်တွေးနေရင်း ဆရာဝန်ကိုတောင် စကားပြန်မပြောနိုင်တော့ဘူး။

မျက်နှာပျက်ပြီး ငြိမ်နေပေမယ့် လှည့်လည်း ထွက်မသွား၊ သူပြောတာကိုလည်း သဘောတူပုံမပြတဲ့ ကျွန်မကို ဆရာဝန်က ပြုံးပြီး ' ငြိမ်း ဟုတ်ပြီ . . . ဒါဆို ငါတို့ မီးခဏပိတ်ပေးမယ်။ သူ လိုတာထက် ပိုပူနေတယ်လို့ မိခင်တစ်ယောက်အနေနဲ့ခံစားပြီး တောင်းဆိုလို့နော် ဒါပေမဲ့ မိနစ်ပိုင်းပဲ ပိတ်မှာ ' လို့ ပြောတယ်။ ကျွန်မ ကျေးဇူးတင်စကားမြန်မြန်ပြောရင်း အပြာရောင်မီးချောင်းတွေ ခဏပိတ်သွားလို့ အပူဒဏ် ခဏသက်သာသွားမယ့် သမီးကိုပဲ စိုက်ကြည့်နေမိတယ်။

အိုမန်က အဲဒီ တော်ဝင်ဆေးရုံကို ကျေးဇူးအထူးတင်မိတာက ဆေးပညာတွေ မိုးပျံနေအောင် ဘယ်လောက်တိုးတက်တက် လူနာကို စိတ်ချမ်းသာအောင်၊ ဝရုစိုက်ကြောင်း၊ အသိအမှတ်ပြုကြောင်း ပြတာက အရေးအကြီးဆုံးဆိုတဲ့အချက်ကို သူတို့ လက်ကိုင်ထားလို့ပဲ။ သမီးဘေးမှာပဲ သမီးကိုကြည့်ရင်း အချိန်လည်း တော်တော်ကုန်သွားပြီမို့ အဆောင်ကိုပြန်ခဲ့တယ်။ ကျွန်မပြန်တာနဲ့ မီးချောင်းပြန်ဖွင့်မှာသိပေမယ့် သမီး ကျန်းမာရေးအတွက်ပဲဆိုတဲ့စိတ်ကို ရအောင် တွေးခဲ့တယ်။

အဆောင်ပြန်ရောက်ပြီး အမျိုးသားနဲ့ ခဏစကားပြော၊ နေ့လယ်စာအတွက် ဘူးထဲက ထမင်းက မကောင်းတော့တာမို့ အောက်ဆင်းပြီး ထမင်းစားခန်းထဲက ဇီရာ၊ ဖာလာ၊ စမုန်စပါးနဲ့ အမွှေးရွက်တွေ ထည့်ချက်ထားတဲ့ ပူစပ်စပ်ထမင်းကို ဘူးနဲ့ ဆင်းယူလိုက်တယ်။ ဖုန်းထဲ မက်ဆေ့ချ်ဝင်လာတာက ကျွန်မ ဘယ်လောက်ဆက်ဆက် ဖုန်းမကိုင်တဲ့ ဘာတာလေကြောင်းလိုင်းက အိုမန်နိုင်ငံတာဝန်ခံ မိုဟာမက်ဆီက။ ကျွန်မလက်ထဲ ပြန်ရောက်နေတဲ့ ပတ်စ်ပို့က အိုမန်ဗီဇာမှာ သက်တမ်းကုန်နေတော့ စိတ်ပူပြီး သူ့ဆီ စာပို့ထားခဲ့ပေမယ့် ဘာပြန်စာမှ မရေးခဲ့တဲ့သူ။ ခုတော့ သူက ကျွန်မ ပတ်စ်ပို့ သက်တမ်းတိုးဖို့အတွက် လာယူမယ့်အကြောင်း ပြန်လှမ်းပို့တာ။ မြန်မြန်စဉ်းစားပြီး

ခုချိန်ထက် ညနေ၃ နာရီခွဲလောက် ဆေးရုံမှာပဲ လာယူဖို့ ကျွန်မ ချိန်းလိုက်တယ်။


ထမင်းစား၊ ခဏနားပြီး သမီးဆီကို ပြန်သွား၊ နို့ပြန်ညှစ်ထုတ်ပြီး တာဝန်ကျ ဆရာဝန်နဲ့ counseling လုပ်ပေးခဲ့တဲ့ သူနာပြုဆရာမကြီးတွေကို ကာတာလေယာဉ်က မိုဟာမက်က ကျွန်မ ပတ်စ်ပို့ကို လာယူမယ့်အကြောင်းနဲ့ သူက ဆေးရုံပေါက်ဝက စောင့်ယူမယ့်အကြောင်းကို ရှင်းပြပြီး ကျွန်မ သူ့ကို သွားပေးချိန်မှာ သက်သေဖြစ်ဖို့ ဆရာဝန်တစ်ယောက်လောက် ထည့်ပေးဖို့ ပြောလိုက်တယ်။ သူတို့လည်း တာဝန်ကျအဖွဲ့ထဲက ဆရာဝန်တစ်ယောက်ကိုရွေးပြီး ကျွန်မသွားရင် လိုက်ပေးမယ့်သူလို့ မိတ်ဆက်ပေးတယ်။ ညနေ ၃ နာရီခွဲအတိမှာ မိုဟာမက်က သူရောက်နေကြောင်း၊ ဆေးရုံပေါက်ဝက စောင့်နေကြောင်း စာဝင်လာတာနဲ့ ဆရာဝန်ကိုခေါ်ပြီး သူ့ဆီသွားခဲ့တယ်။

ပတ်စ်ပို့လှမ်းပေးရင်း ဘယ်တော့ပြန်ပေးမလဲ မေးပေမယ့် သူက ၇ ရက်တစ်ခါ သက်တမ်းတိုးရပြီး ရက်ကျော်ရင် ဒဏ်ကြေး အရမ်းမြင့်တဲ့အတွက် သူပဲ ယူထားမယ့်အကြောင်း၊ ဆေးရုံဝင်းထဲမှာနေရတော့ မလိုအပ်ကြောင်းပြောပေမယ့် ကျွန်မနဲ့အတူ လိုက်လာတဲ့ ဆရာဝန်ကို 'ဟုတ်ရဲ့လား၊ သေချာတယ်နော်' ဆိုပြီး confirm လုပ်ရတယ်။ ဆရာဝန်နဲ့ မိုဟာမက် အာရဗီစကားတွေနဲ့ ရွှန်းရွှန်းဝေအောင်ပြောကြပေမယ့် ကျွန်မနဲ့စကားပြောရင် လိုတိုရှင်းပဲပြောတဲ့ မိုဟာမက်က သမီးကို လိုက်ကြည့်ဖို့ခေါ်တဲ့အခါ အလုပ်များနေကြောင်း ငြင်းပြီး နှုတ်ဆက်ကာ ပြန်သွားတယ်။

အတူလိုက်ပေးတဲ့ ဆရာဝန်က ခုနက အာရဗီလို ပြောနေကြတာက သမီးအတွက် ကာတာလေကြောင်းလိုင်းမှာ တစ်သက်တာ လေယာဉ်စီးခွင့်ပေးဖို့ မေးတာကို မပေးနိုင်ကြောင်း ငြင်းတဲ့အကြောင်းတွေ ကျွန်မကို ပြန်ရှင်းပြတယ်။ ကျွန်မကလည်း အဲဒါတွေ လုံးဝ မလိုအပ်ဘဲ တကယ်အရေးကြီးဆုံးက ကျွန်မသမီး မြန်မြန်နေကောင်းပြီး စိတ်ချစွာ မြန်မာနိုင်ငံပြန်ဖို့ပဲ ဖြစ်ကြောင်းကို ခပ်တည်တည် ပြန်ရှင်းပြလိုက်တယ်။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၁၈)




ကျွန်မရောက်နေတဲ့ မတ်စ်ကတ်မြို့ (အနောက်နိုင်ငံသားတွေ အခေါ် မူစကတ်မြို့) က အိုမန်နိုင်ငံရဲ့ မြို့တော်ဖြစ်ပြီး အရှေ့အလယ်ပိုင်း ပါရှန်ပင်လယ်ကွေ့နိုင်ငံ ခြောက်နိုင်ငံထဲမှာ တစ်ခုအပါအဝင် ဖြစ်တယ်။

မနက်အိပ်ရာထတာနဲ့ ရေချိုး၊ မနက်စာ စား၊ သမီးဆီကို သွား၊ နေ့လယ် ထမင်းစားချိန် အဆောင်ကိုပြန်လာ၊ ထမင်းစားပြီး ခဏနား၊ ညနေအစောပိုင်း သမီးဆီ တစ်ခေါက်ထပ်သွား၊ ညနေစောင်း အဆောင်ပြန်လာ၊ ရေမိုးချိုး ခဏနား၊ ပြီးရင် သမီးဆီကို သွား၊ ညမှောင်မှ အဆောင်ကို ပြန်လာ၊ ညစာယူပြီး အခန်းထဲစား၊ ဖေ့စ်ဘွတ်ခ်ကနေ မြန်မာနိုင်ငံကို ချောင်းကြည့်၊ အလွမ်းဖြေ၊ ညအိပ်။

အဲဒီ သံသရာထဲမှာ လည်နေပေမယ့် စိတ်ဓာတ်လည်း မကျ၊ ဝမ်းနည်းတာမျိုးလည်း လျော့လာပြီး ပတ်ဝန်းကျင်နဲ့ အဆင်ပြေအောင် ကြိုးစားနေကြည့်နေပြီ။ ဘန်ကောက်မှာ သောင်တင်နေတဲ့ အမျိုးသားကိုလည်း ကျွန်မသူငယ်ချင်း ချောင်ဖော့က သွားတွေ့နေပြီ။ အပြင်မှာ တစ်ခါပဲ ခဏဆုံဖူးပေမယ့် ချောင်ဖော့က အမျိုးသားကို မှတ်မိနေပြီး ခပ်တည်တည်နဲ့ခေါ် သွားတာက ထိုင်းနိုင်ငံက ဟိန္ဒူဘုရားကျောင်းတစ်ခု။ ယောင်လည်လည်နဲ့ လိုက်သွားတဲ့ အမျိုးသားရဲ့ပုံတွေကို ချောင်ဖော့က ဓာတ်ပုံတွေရိုက်လိုက် ကိုယ့်ဆီ ပို့လိုက်ပဲ။ နောက် ဟိန္ဒူဘုရားကျောင်းထဲ ရောက်တော့လည်း အမျိုးသားကို အမွှေးတိုင်တွေ ထွန်းပြီး ကန်တော့ဆုတောင်းစေတော့ အူကြောင်ကြောင် ဖြစ်နေတဲ့ အမျိုးသားပုံတွေက မရယ်မောရက်ပေမယ့် ပျော်စရာကောင်းသေးတော့တယ်။ နောက် အဆောင်ကို မသစ္စာနဲ့ နောက်ထပ် မြန်မာလေယာဉ်မယ်တစ်ဦးဖြစ်တဲ့ မမေတို့ ထပ်လာလည်ပြီး ရေနွေးဘူး၊ အိုဗာတင်းနဲ့ နန္ဒင်းမှုန့်တွေ လာပို့ကြတယ်။ ကိုယ့်ကို အားမငယ်ဖို့ ခဏခဏ ပြောရင်း ကျွန်မ စိတ်ပြောင်းသွားအောင် ကော်ဖီသွားသောက်ကြမလား၊ ဒီအဆောင်ရဲ့ ညာဘက်မှာ စတိုးဆိုင်လေးရှိတယ်၊ အပျင်းပြေ လမ်းလျှောက်ကြည့်နော်၊ ကမ်းခြေက ဒီဆေးရုံနဲ့ နီးနီးလေး၊ သွားကြရအောင် စတဲ့ နွေးထွေးတဲ့ အားပေးမှုတွေရှိပေမယ့် ကျွန်မကတော့ အမျိုးသားလာမှဆိုတဲ့ အကြောင်းပြချက်နဲ့ပဲ ငြင်းပစ်ခဲ့တယ်။ တကယ်လည်း တစ်ယောက်တည်း ဘယ်မှ မသွားချင်သေးဘူး။

ကျွန်မရောက်နေတဲ့ မတ်စ်ကတ်မြို့ (အနောက်နိုင်ငံသားတွေအခေါ် မူစကတ်မြို့) က အိုမန်နိုင်ငံရဲ့ မြို့တော်ဖြစ်ပြီး အရှေ့အလယ်ပိုင်း ပါရှန်ပင်လယ်ကွေ့နိုင်ငံ ခြောက်နိုင်ငံထဲမှာ တစ်ခုအပါအဝင်ဖြစ်တယ်။ ပင်လယ်ကွေ့နိုင်ငံဖြစ်တဲ့အလျောက် ပင်လယ်နဲ့ တိုက်ရိုက်ထိတွေ့နေသလို ကုန်းတွင်းပိုင်းမှာတော့ သဲကန္တာရနဲ့ ဆက်စပ်နေတယ်။ ဇွန်၊ ဇူလိုင်လတွေက နွေရာသီရဲ့ အပူရှိန်အပြင်းဆုံး ကာလတွေဖြစ်ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာဆိုရင်တော့ အရမ်းအေးတဲ့ ဆောင်းရာသီ ဖြစ်သွားပြီမို့ တစ်နှစ်ပတ်လုံးမှာ ရာသီဥတု ၂ မျိုးပဲ ရှိတယ်။ လူဦးရေ ၁. ၂၂ သန်းဝန်းကျင်လောက်

ပဲရှိတဲ့ ဒီမြို့တော်မှာ အစ္စလာမ်ဘာသာကို အဓိက ကိုးကွယ်ယုံကြည်ကြပြီး ခရစ်ယာန်ဘုရားကျောင်း အနည်းငယ်ရှိတယ်။ စီးပွားရေးကတော့ ရေနံဖြစ်ပြီး ပင်လယ်ဆိပ်ကမ်းမြို့တော်ဖြစ်တဲ့ အလျောက် အိုမန်နိုင်ငံရဲ့ သွင်းကုန်ထုတ်ကုန် အဓိကဖလှယ်တဲ့ နေရာဖြစ်တယ်။

ဆေးရုံအပြင်ကို မရောက်ဖူးသေးတော့ မက်စကတ်မြို့ပုံစံကို သေချာမသိသေးပေမယ့် မြန်မာနိုင်ငံမှာ နေရာတိုင်းလိုလိုတွေ့ရတဲ့ ပုဏ္ဏရိတ်ပင်စုတွေ ပေါက်သလိုမျိုး သံလွင်ပင်စုတွေကတော့ ဆေးရုံဝင်းထဲမှာ နေရာတိုင်းရှိနေတယ်။ ပြီးတော့ ဆီအုန်းပင်တွေပုံစံ ပင်စည်အချွန်အဖတ်တွေနဲ့ အရွက်အလက်ဖားဖား၊ အသီး အခိုင်လိုက်အပင်တွေ အများကြီးတွေ့ရတယ်။ အဆောင်ကနေ ဆေးရုံကိုသွားတိုင်း လမ်းဆုံထောင့်ချိုးနေရာလေးတစ်ခုမှာ အဲဒီအပင်အောက်က ဖြတ်သွားရပြီး မြေကြီးပေါ်မှာ အသီးတွေ ကြွေကျ ပြန့်ကျဲနေတတ်တယ်။ ခြေထောက်နဲ့ ကန်ထုတ်ရင်း ကျော်သွားလိုက်၊ သောကအပူနဲ့မို့ တက်နင်းသွားလိုက်နဲ့ တစ်နေ့ သမီးဆီကအပြန် ပတ်ဝန်းကျင်ကို အေးဆေးလှည့်ပတ်ကြည့်ရင်း အသီးတွေကို သေချာငုံ့ကြည့်လိုက်တော့မှ စွန်ပလွံသီးတွေ။

အိုး . . . ကျွန်မ စွန်ပလွန်သီး အရမ်းကြိုက်ပဲ။ ရန်ကုန်မှာ ယိုထိုးပြီး ရောင်းလေ့ရှိပေမယ့် ခုလို အပင်ရော အသီးမှည့်ကြွေတွေပါ ဗိုးပေါလအောတွေ့လိုက်ရတော့ အံ့ဩပြီး ပျော်တောင်သွားတယ်။ အဲဒီတော့ ကြည်ပြီးမှည့်နေတဲ့ စွန်ပလွံသီးကြွေတွေကို လိုက်ကောက်ပြီး အပေါ် အကျီအိပ်ထဲ ထည့်၊ အသီးတစ်လုံးကို ကပ်နေတဲ့ဖုန်တွေ အကျီစနဲ့ အသာသုတ်ပြီး စားကြည့်လိုက်တော့။ ချိုအီပြီး အရသာရှိလိုက်တာ။ စွန်ပလွံသီးတွေ အိတ်ကပ်နဲ့ အပြည့်ထည့်ပြီး ခပ်ပြုံးပြုံးပြန်လာတဲ့ ကျွန်မကို အဆောင်စာရေးမ ဂျနီက လှမ်းနှုတ်ဆက်တယ်။ ဘာဖြစ်တာတုန်းတဲ့ . . . ‘ ဒီမှာလေ စွန်ပလွံသီးတွေ မဟုတ်လား၊ ဒိတ်လေ ဒိတ် ’ လို့ အိတ်ထဲက အသီးတွေကိုထုတ်ပြတော့ ‘ အေး ဟုတ်တယ်၊ နင် ကောက်လာတယ်ပေါ့ ’ တဲ့။ အိုမန်မှာတော့ အဲဒီစွံပလွန်သီးတွေကို အမျိုးစုံလုပ်စားတတ်ကြတယ်. . . ထူးဆန်းတာက ထမင်းနဲ့လည်း စားတယ်တဲ့။ ဒါ့ကြောင့် ထမင်းစားခန်းထဲက ရေခဲသေတ္တာထဲမှာ ဒီအသီးတွေ တွေ့နေတာကိုးလို့ စဉ်းစားမိတယ်။

နောက်တစ်ခု ထူးခြားတာက ထမင်းကို ဘာဟင်းနဲ့ပဲ တွဲစားစား တစ်ယောက်စာ ဒိန်ချဉ်ဘူးလေးတွေ အဆောင်မှာပေးတာပဲ။ ကျွန်မကတော့ အချဉ်စူးစူး ဒိန်ချဉ်ပျစ်ပျစ်တွေကို သကြားလေးထည့်ပြီး စားပေမယ့် အမှန်က သူတို့က ထမင်းနဲ့ ရောနယ်စားကြတာ။

ကျွန်မတည်းနေတဲ့ အဆောင်က မိခင်ဆောင်သီးသန့်ဖြစ်ပြီး မက်စကတ်မြို့ ဒေသခံမဟုတ်ဘဲ ဒီဆေးရုံမှာ လာတင် လာပြရတဲ့ ကလေးတွေရဲ့မိခင်တွေ တည်းခိုလို့ရတဲ့ အဆောင်။

တစ်ရက်ကို အစားအစာအပါအဝင် ရီရယ် ၂၀၊ (မြန်မာငွေ ခုနစ်သောင်းခွဲဝန်းကျင်) ခန့် ကျသင့်ပြီး ကျွန်မ တည်းနေတဲ့ ကာလတစ်လျှောက်မှာတော့ လေးထပ်ဆောင်ကြီးတစ်ခုလုံးမှာ မိခင် ၁၀ ယောက်ဝန်းကျင်ပဲ တွေ့ခဲ့ရတယ်။

ဆေးရုံ မီးဖွားဆောင်မှာ ခင်ခဲ့ရတဲ့ ဘော်ဒရင်ရာတို့လို သွက်သွက်လက်လက်တွေ မဟုတ်ဘဲ ခပ်တည်တည်၊ မျက်နှာမာမာတွေနဲ့ ကျွန်မ စကားပြောနှုတ်ဆက်ရင်တောင် ပြန်လှည့် ကြည့်ချင်မှ ကြည့်ကြတယ်။ အစပိုင်း စိတ်ထဲ တစ်မျိုးဖြစ်ပေမယ့် သူတို့က အိုမန်နိုင်ငံရဲ့ မြို့စွန် နယ်ဖျားတွေက ဒေသခံအများစုဖြစ်တာကြောင့် အင်္ဂလိပ်စာမရသလို ပညာလည်း သိပ်များများ မသင်ကြရဘဲ ပေါင်းသင်းဆက်ဆံရေးလည်း သိပ်မကောင်းလှဘူး။ ဒါပေမဲ့ သူတို့ စကားပြန်မပြော တာ၊ ကိုယ့်ကို အဖက်လုပ်ပြီး ပြုံးတောင်မပြတာတွေက အဲဒီပညာရေးတွေကြောင့် မဟုတ်ဘဲ သူတို့ ရဲ့ သားသမီးတွေလည်း ဆေးရုံမှာ ဝေဒနာခံစားနေကြရလို့၊ သူတို့ကိုယ်တိုင် တစ်ယောက်တည်း ဒီမြို့မှာ ရောက်နေကြလို့ဆိုတာ သဘောပေါက်မိတဲ့အတွက် စိတ်ထဲ အချင်းချင်း အားပဲပေးချင် နေမိတော့တာ။ ခက်တာက ကိုယ့်ကို တစ်ဝိုင်းတည်း ထမင်းအတူစားနေရင်တောင် မျက်နှာကို စေ့ စေ့မကြည့်တာ၊ သူတို့ဘာသာစကားနဲ့ အော်ကြီးဟစ်ကျယ်ပြောရင်း တွန်းတိုက်သွားရုံ ကိုယ့်ခုံကို လုထိုင်သွားရုံ၊ ဟင်းတွေ လုထည့်သွားရုံဆိုတော့ ဘယ်လိုအားပေးရမလဲ မသိခဲ့ဘူး။

ဒါပေမဲ့ တတ်နိုင်သလောက်တော့ လိုက်နှုတ်ဆက်၊ လိုက်ပြုံးပြရင်း ဘာပဲကြုံကြုံ သူတို့ကို ကြည်ကြည်လင်လင် ဦးစားပေးခဲ့တယ်။ ဥပမာ - စားပွဲမှာ လူပြည့်နေရင် ထမင်းတွေ အမြန်စားပြီး လာထိုင်ပါလို့ ကိုယ့်နေရာကို အတင်းဆွဲထိုင်စေတာမျိုး၊ ကိုယ့်အတွက် အအေးဘူး ထုတ်ရင် ကျန်တဲ့သူတွေအတွက်ပါ တစ်ခါတည်းထုတ်ပြီး ဝေပေးတာမျိုး၊ ထမင်းနဲ့ ဟင်းကို အတတ် နိုင်ဆုံး အနည်းဆုံး ယူတာမျိုးတွေပေါ့။ အဲဒီအခါတွေတိုင်း သူတို့ခြုံထားတဲ့ ဘူရ်ခါဝတ်ရုံတွေ အောက်က ကိုယ့်ကို ခိုးခိုးကြည့်ကြတာ၊ ကိုယ်ပြုံးပြရင် ရယ်ရမလို ပြန်ပြုံးပြရမလို ရှိုးတိုးရှန့်တန့် ဖြစ်သွားကြတာတွေနဲ့ တဖြည်းဖြည်း သူတို့တွေနဲ့ ကျွန်မ နီးစပ်လာတယ်။ အံ့ဩစရာတော့ မ ရှိပါဘူးလေ. . . အခြေအနေတူတဲ့ မိခင်တွေပဲ မဟုတ်လား။

အဲဒီနေ့က တနင်္လာနေ့။ သီတင်းပတ်တစ်ခုမှာ ပါဝင်တဲ့ နေ့ရက်တွေထဲက တစ်ရက် လို့ ပုံမှန်သတ်မှတ်လို့ရပေမယ့် ကျွန်မနဲ့ အမျိုးသားအတွက်ကတော့ စိတ်လှုပ်ရှားမှု အမြင့်ဆုံးထဲမှာ ပါတဲ့ နေ့ရက်အကြီးကြီး တစ်ရက်ဖြစ်နေတယ်။ အဲဒီ တနင်္လာနေ့မှာ အိုမန်နိုင်ငံက ရုံးတွေ အတုန် ပြန်ဖွင့်ပြီဖြစ်သလို ဘန်ကောက်မြို့မှာ အခြေစိုက်ထားတဲ့ အိုမန်သံရုံးလည်း ပြန်ဖွင့်ပြီ။ သံရုံး စ

ဖွင့်တဲ့ အချိန်မရောက်ခင်ကတည်းက တက်တက်ကြွကြွ ကြိုရောက်နေမယ့် ကျွန်မအမျိုးသားက ကျွန်မနဲ့ သူ့သမီးလေးရှိရာကို လိုက်လာခွင့်ရမယ့် ဗီဇာခွင့်ပြုပေးဖို့ ရင်တမမ။ စိတ်ထဲ ကြိတ်ပြီးပူနေရပေမယ့် မျှော်လင့်သမျှ ခဏခဏလွဲတတ်လို့ ကိုယ့်မျှော်လင့်ချက်ကိုတောင် မသိချင်ယောင်ဆောင်နေရတဲ့ ကျွန်မလည်း အရင်ကလောက် စိတ်မလှုပ်ရှားတော့သလို နေပေမယ့် အစစအရာရာ အဆင်ပြေစေဖို့ မနားတမ်း ဆုတောင်းနေမိတယ်။ သမီးဆီ သွားလိုက်ပြန်လိုက် လုပ်နေပေမယ့် သံရုံးကနေ အမျိုးသား ဘယ်လိုစာပြန်ပို့ထားမလဲဆိုတာလည်း ခဏခဏ ဖုန်းကို ဖွင့်ကြည့်မိနေရင်းပေါ့။

နေ့လယ် သမီးဆီကအပြန်မှာ မက်ဆင်ဂျာကနေ မက်ဆေ့ချ်တစ်စောင် ဝင်လာတယ်၊ ' မိန်းမရေ. . . ယောကျ်ား လိုက်လာခွင့်ရပြီ ' တဲ့ . . . ။ ဝိုး . . . မျက်ရည်ဝဲသွားတဲ့အထိ ပျော်တယ်. . . အားရှိတယ် နှစ်ယောက်ပေါင်းပြီး ဘာပြဿနာလာလာ ရင်ဆိုင်ခွင့်ရပြီ၊ အရင်လို အတွေးထဲမှာပဲ ကိုယ်တစ်ယောက်တည်း ပြော၊ ကိုယ်တစ်ယောက်တည်း ဝေဖန်၊ ကိုယ်တစ်ယောက်တည်း ဆုံးဖြတ်ချက်ချ မဟုတ်တော့ဘူး။ ကျွန်မမျက်လုံးကို တစ်ချက်လှမ်းကြည့်လိုက်တာနဲ့ ကျွန်မ ဘာဖြစ်နေတယ်၊ ဘာဖြစ်ချင်တယ်ကအစ အကုန်သိတဲ့ အမျိုးသား လိုက်လာခွင့်ရပြီ။ ' မိန်းမ စားချင်တာမှန်သမျှ ကျားကျား အကုန်ချက်ကျွေးမယ်နော်၊ အားတင်းထား ' ဆိုတဲ့ စာတိုလေးကိုလည်း အရင်အခါတွေတုန်းကလိုမဟုတ်ဘဲ အပြည့်အဝ ယုံကြည်ခွင့်ရပြီ။ သမီးဆီကို သွားတဲ့အခါတိုင်း ဘယ်လိုအခြေအနေ ဘယ်လိုသတင်းက ကြိုစောင့်နေမယ်ဆိုတဲ့ စိတ်ပူရမှုတွေကိုလည်း ဝေမျှနှစ်သိမ့်ပေးမယ့်သူ ရှိပြီ။

နောက်ဆက်တွဲ ခပ်မြန်မြန် စဉ်းစားရတာက. . .

သံရုံးခွင့်ပြုချက်ရတာနဲ့တင် ညနေလေယာဉ်နဲ့ ထိုင်းနိုင်ငံကနေ အမျိုးသားလိုက်လာမှာဆိုတော့ အိုမန်ကို သူရောက်ချိန်က ညသန်းခေါင်ကျော်။ လေယာဉ်ပေါ်က ဆင်းတာ၊ ပစ္စည်းယူတာ၊ လူဝင်မှုကြီးကြပ်ရေးကိုဖြတ်တာ စတဲ့ ဗာဟီရတွေနဲ့ဆို မနက် ၁ နာရီကျော်လောက် လေယာဉ်ကွင်းက ထွက်လာနိုင်မယ်။ သူတည်းခိုဖို့ကတော့ ဆရာစိုင်းတည်းသွားတဲ့ ဆေးရုံနားက မဂျန်ဟိုတယ်ပဲလေ ကာတာလေကြောင်းလိုင်းက တစ်ယောက်လာတုန်းကလည်း အဲဒီမှာ ထားမယ်လို့ ပြောသွားသေးတယ်မဟုတ်လား။ အမျိုးသားကိုသွားကြိုဖို့ကိုတော့ ရုံးနားရက်ဖြစ်နေတဲ့ မသစ္စာတို့ကိုပဲ အကူညီတောင်းရတာပဲ. . . ဒါပေမဲ့ ကိုယ်က ' အစ်မရေ. . . ကိုဝေယံ ဗီဇာရပြီ. . . ' ဆိုတာနဲ့ ' စိတ်မပူနဲ့နော် အစ်မတို့ သွားကြိုလိုက်မယ်၊ အေးအေးနေ ' လို့ အားပေးတတ်တဲ့ အစ်မ

တွေ့ပါ။

တည်းဖို့၊ ကြိုဖို့၊ မနက် သူ ဆေးရုံလာဖို့တွေ အစအဆုံး ပြင်ဆင်ပြီးချိန်မှာ သမီးဆီ ခပ်သွက်သွက် ထွက်လာလိုက်တယ်။ ဟုတ်တယ်. . . သမီးကို သူ့အဖေ လိုက်လာနေပြီဆိုတဲ့ အကြောင်း ပြောပြရဦးမှာလေ။ အဆောင်ကနေ ဆေးရုံကို ခပ်ပျော့ပျော့ ခပ်သွက်သွက်လှမ်းနေတဲ့ ကျွန်မခြေထောက်တွေ ဖြတ်ခနဲ ရပ်သွားတယ်။ အဆောင်နံရံနဲ့ကပ်ပြီး ပိန်ပိန်လှီလှီပေါက်နေတဲ့ အစိမ်းညိုရောင် ညှိုးခြောက်ခြောက် အပင်ပုလေးတစ်ပင်မှာ ဖွူဖြူဆွတ်ဆွတ် စံပယ်ပန်းလေး နှစ်ပွင့်၊ ခပ်ဖြေးဖြေး အနားတိုးပြီး နမ်းကြည့်လိုက်တော့ ရင်ထဲထိအောင် မွှေးတဲ့ အရသာ။

ဒီလောက် ပူလောင်ခြောက်ကပ်နေတဲ့အချိန်မှာတောင် ချိန့်နေတဲ့ မိခင် စံပယ်ပင်နဲ့ မလိုက်ဖက်စွာဘဲ မွှေးလွှန်းလှလွှန်းနေတဲ့ စံပယ်ပန်းလေးတွေ။ ကြည်နူးလိုက်တာ နောက်တစ်ချက် ဖွဖွနမ်းပြီး သမီးဆီ ဆက်လျှောက်သွားလိုက်တော့တယ်၊ အပင်မှာ ဆက်လက်မွှေးကြိုင်နေပါဦး စံပယ်ပန်းလေးတွေရေ. . . ။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၁၉)



မကြေးထည့်ပေးလိုက်တဲ့
ငါးကျည်းခြောက်တွေ၊ အကျီတွေ၊
အမျိုးသားအိမ်က ထည့်ပေးလိုက်တဲ့
ဟင်းအခြောက်ကြော်တွေ၊
သူ့ ထိုင်းမှာ ဝယ်ခဲ့တဲ့
ငါးသေတ္တာတွေနဲ့ မုန့်တွေကို
ထုတ်ပေးပါတော့တယ်။

မနက်စောစော အိပ်ရာနိုးပေမယ့် သမီးနဲ့မိတ်ဆက်ပေးဖို့ သူ့အဖေနဲ့ ဆေးရုံပေါက်ဝမှာဆုံကြဖို့ ချိန်းထားတာမို့ မနက်စာ သေချာစား၊ ရေမိုးချိုး၊ မမေ ယူလာပေးတဲ့ အိုဗာတင်းတွေ ဖိသောက်နေခဲ့တယ်။ ဒီရက်ထဲ နို့က ပြန်ပြီးအထွက်နည်းသွားတာမို့ အမျိုးသားရောက်လာတာနဲ့ ဆရာဝန်ဆီက နို့ထွက်ဆေး ရေးခိုင်းပြီး အပြင်မှာ လိုက်ရှာဝယ်ခိုင်းရမယ်။ အိုမန်က ဆေးရုံမှာ နေခဲ့စဉ်က သမီးအတွက် ဆေးတွေကလွဲရင် ကျွန်မအတွက်ကိုတော့ အပြင်မှာပဲ ဆေးစာရွက်နဲ့ ဝယ်ရတယ်။ ဝယ်တဲ့အခါမှာလည်း ဆေးရုံက တံဆိပ်တုံး၊ ဒါမှမဟုတ် အသိအမှတ်ပြုသင်္ကေတပါတဲ့ စာရွက်မှာ သက်ဆိုင်ရာဆရာဝန်က လက်မှတ်ရေးထိုးပေးရတယ်။ မဟုတ်ရင် အပြင်ဆေးခန်းတွေက ဆေးထုတ်ရောင်းလေ့ မရှိကြဘူး။

အားလုံး သေချာတွက်ချက်ပြီး အချိန်ကိုကြည့်တော့ ချိန်းထားတဲ့အချိန် ရောက်တော့မှာမို့ ကိုဝေယံကို စာပို့တော့လည်း စာမပြန်၊ အကောင့်ကလည်း ညက နောက်ဆုံးသုံးသွားတာပဲပြနေတာမို့ အိပ်ပျော်နေတာဖြစ်မယ်ဆိုပြီး နိုးလာရင်တွေ့ဖို့ ဟိုတယ်ကနေ ဆေးရုံကိုလာရမယ့် လမ်းညွှန်ကို ရေးပို့လိုက်တယ်။ ပြီးတော့ ဆေးရုံကကြီးတော့ မိန်းဝင်ပေါက်တွေကလည်း များနေပြန်တော့ သူရောက်နှင့်နေပြီး နေရာလွဲစောင့်နေမှာစိုးတာနဲ့ ချိန်းထားတဲ့ဆေးရုံပေါက်ဝကိုပဲ ထွက်လာခဲ့လိုက်တော့တယ်။

ရန်ကုန်မှာရှိတဲ့ အမျိုးသားရဲ့မိသားစုကလည်း ကျွန်မနဲ့ ကိုဝေယံ တွေ့ပြီလားဆိုတာကို စိတ်ပူပြီးမေးကြ၊ သမီးလေးနဲ့ သူ့အဖေ ပထမဆုံးတွေ့ကြမှာကို အာရုံတွေစိုက်ပြီး ကိုယ်နဲ့အတူ ဝိုင်းစောင့်ပေးနေကြပေမယ့် ကိုဝေယံကတော့ တုတ်တုတ်တောင် မလှုပ်ဘူး။ ဆရာစိုင်း သုံးသွားတဲ့ ဖုန်းဆင်းကဒ်ကို သူ့ဖုန်းထဲထည့်ပြီး ကျွန်မဆီလည်း ညက စာတွေပို့ပြီးပြီမို့ အဲဒီ ဖုန်းနံပါတ်ကိုပဲ ဆက်ပြန်တော့လည်း ဆက်သွယ်မှုဧရိယာ ပြင်ပတဲ့။

သူမသိတဲ့ နေရာသစ်မှာ ပြဿနာတစ်ခုခုများ တက်နေသလား၊ ဒါမှမဟုတ် စောစောထွက်လာလို့ပဲ လမ်းများပျောက်နေသလား၊ သူ့မျက်နှာက ရုတ်တရက်ကြည့်လိုက်ရင် ရန်လိုနေသလို အထင်လွဲခံရတော့ လမ်းမှာများ တစ်ခုခုဖြစ်သလား၊ ဝင်ခွင့်ကဒ်မရှိတော့ ဆေးရုံထဲဝင်လို့မရတာလည်း သိနေတော့ ဆေးရုံပေါက်ဝက ခုံတန်းလေးမှာပဲ ထိုင်စောင့်နေလိုက်တယ်။

နောက် သူတည်းတဲ့ မဂျန်ဟိုတယ်ကို ကိုယ်ရော ရန်ကုန်က ကိုဝေယံရဲ့အစ်မပါ ဖုန်းတွေဆက်ပြီး မေးတော့မှ အခန်းတံခါးပိတ်၊ ဖုန်းဘက်ထရီ ကုန်သွားပြီး အိပ်ပျော်နေတာတဲ့။ ဟိုတယ်ဝန်ထမ်းတွေ ဝိုင်းနှိုးကြမှ နိုးလာတဲ့ ကိုဝေယံက အသည်းအသန် ကိုယ့်ဆီဖုန်းဆက်ပြီး

ညတွေဆက်တိုက် အိပ်မပျော်ဘဲ မိုးလင်းခါနီးမှ အိပ်ပျော်သွားတဲ့အကြောင်း လှမ်းပြောတယ်။ ဂျူ တီချိန်းကြတဲ့ သူနာပြုတွေကလည်း ကိုယ့်ကို ဆေးရုံပေါက်ဝမှာတွေ့တာနဲ့ ' ငြိမ်း ဘာလုပ်နေတာ လဲ၊ အမျိုးသားကို စောင့်နေတာလား၊ သမီးတော့ စိတ်မပူနဲ့နော်၊ သူ ဒေါသကြီးပြီး ခုန်ပေါက် အော်ငိုနေပေမယ့် ဝိုင်းချော့နေကြတယ် ' ဆိုတဲ့ စကားတွေပဲ ဆက်တိုက်ပြောသွားကြတာဆိုတော့ လူက ထိုင်မရ ထမရ၊ ဆေးရုံထဲ ဝင်သွားလိုက်ရင်လည်း ရန်ကုန်က ဆေးရုံတွေလို မေးပြီးသွားဖို့ မလွယ်တဲ့ လျှို့ဝှက်နံပါတ်တံခါးတွေနဲ့ဆိုတော့ ကိုယ်မပါရင် ကိုဝေယံလည်း အထဲရောက်ဖို့မလွယ်။ စိတ်အေးအေးထားပြီး ယောကျ်ားလာမယ့်လမ်းကို ထိုင်မျှော်ရအောင်လည်း သမီးရဲ့ ဒေါသကြီးတဲ့ စိတ်ကို ကိုယ်အသိဆုံး၊ သူက ပိစိသေးသေးလေးသာဖြစ်တာ ကိုယ် သူ့အပေါ် တစ်ခုခု ဂရုမစိုက် သလိုများဖြစ်မိရင် ပိုက်တွေ ဆွဲဖြုတ်၊ အော်ငို၊ ခေါင်းစည်းတွေ ဆွဲဖြုတ် လုပ်ပစ်တတ်သေးတာကိုး။

ခဏအကြာ ကိုယ်ထိုင်နေတဲ့ ဆေးရုံပေါက်ဝ ထိုင်ခုံဆီကို သုတ်ချေတင်လာတဲ့ အမျိုး သားကို ဟိုး . . . ခပ်လှမ်းလှမ်းကတည်းက တွေ့လိုက်ရတယ်။ ဆေးရုံက ကုန်းမြင့်ပေါ်မှာ ဆောက် ထားတဲ့အပြင် ဆေးရုံဝင်းထဲမှာကိုပဲ ကားလမ်းတွေ၊ လမ်းဆုံတွေ၊ အဆောင်တွေ၊ ပန်းခြံတွေ၊ ဗလီတွေ၊ ကားပါကင်အဆောင်တွေ အများကြီးပဲဆိုတော့ လမ်းတွေလည်း အရမ်းကောင်းပြီး တစ်ချိန်လုံးသန့်နေအောင် ဝန်ထမ်းတွေအပြည့်နဲ့ ဂရုစိုက်ကြတာ။ ပုံဖော်ထားတဲ့ သံလွင်ပင် ဝိုင်း ဝိုင်းလေးတွေကြား ဟိုဘက်ကနေ တရွေ့ရွေ့လာနေတဲ့ အမျိုးသားကို တွေ့နေရပြီး သူလည်း ကိုယ့်ကို မြင်နေပေမယ့် ရင်မခုန်နိုင်၊ ပြုံးမပြနိုင်၊ ပြေးမဖက်နိုင်ဘူး။

အနားမရောက်ခင်ကတည်းက ' ဆောရီး . . . မိန်းမရယ် မိုးလင်းခါနီးမှ ဘယ်လိုဖြစ် တယ်မသိဘူး အိပ်ပျော်သွားတာ ' လို့ပြောနေတဲ့ သူ့စကားမဆုံးခင် ' လာလာ. . . ဟိုမှာ သမီး စိတ် ကောက်တော့မယ် အမြန်သွားရမယ် ' လို့ သူ့ရှေ့ကဦးဆောင်ပြီး ဆေးရုံထဲ အပြေးတစ်ပိုင်းဝင်ရ တယ်။ တံခါးတွေ သုံးလေးခုဖြတ်ပြီး သမီးထားတဲ့ အခန်းရောက်ခါနီးမှာ ဆေးရုံဝန်ထမ်းတွေ၊ သူ နာပြုတွေက ဝိုင်းနှုတ်ဆက်ကြလို့ မြန်မြန်ပြန်ပြုံးပြပြီး သမီးကိုထားတဲ့ ဖန်ပေါင်းချောင် နံပါတ်တစ် ရှေ့ရောက်တော့ ' ဒါ. . . သမီးလေ ' လို့ နောက်ကယောကျ်ားကို လှည့်ပြီး ပြောပြလိုက်တယ်။

ဖန်ပေါင်းချောင်ထဲက အပ်တွေ၊ ပိုက်တွေ၊ ပတ်တီးတွေအပြည့်နဲ့ ပိန်လှီပြီး သေးကွေး နေတဲ့ ကလေးလေးကိုကြည့်ပြီး သူ ခဏငြိမ်သွားတယ်။ အံ့ဩနေပေမယ့် ဘာမှမဖြစ်သလို သူ ငြိမ်ပြီး ဟန်ဆောင်နေတာကို ကိုယ်မြင်နေရတယ်။ လက်တွေ သေချာဆေးပြီး ' သမီးရေ. . . မေ ရှိတယ်၊ ဖေဖေလည်း ရောက်ပြီနော် ' လို့ လှမ်းပြောရင်း အမျိုးသားရဲ့လက်ကိုပါ သမီးလက်ကလေး

ပေးထိလိုက်တော့ သမီးလေးက သူ့အဖေ လက်ညှိုးလေးကို အတင်းဆုပ်ကိုင်ထားတယ်။

မျက်လုံးမှာလည်း အဝတ်က ပိတ်စည်းထား၊ ပါးနှစ်ဖက်မှာ၊ ပါးစပ်ထဲမှာ၊ နှာခေါင်းထဲမှာ ပိုက်မျိုးစုံနဲ့ ရှုပ်နေတဲ့ကြားက ဆေးထိုးအပ်မျှင်မျှင်လေး လက်တစ်ချောင်းလုံးမှာ သွင်းထားရတဲ့ သမီးလက်သေးသေးလေးက သူ့အဖေရဲ့လက်ကို မလွှတ်တမ်း ကိုင်ထားတာကို သူနာပြုတွေလည်း အံ့သြပြီး တိုးတိုးတိတ်တိတ် ပြောနေကြတယ်။

ကိုယ်က နို့ညှစ်ခန်းသွားရမှာမို့ ' သမီးကို စကားပြောထားနော် ' လို့ အမျိုးသားကို မှာပေမယ့် သူက အသံထွက် နှုတ်မဆက်နိုင်သေးဘူး။ နို့ညှစ်ထုတ်ပြီး ပြန်လာမှ ' ခာတ်ပုံတွေထဲမှာ ကလေးကကြီးနေတော့ အပြင်မှာ ခုလောက်သေးနေမယ်လို့ မထင်ခဲ့ဘူး ' လို့ အမျိုးသားက တိုးတိုးလေး ပြောတယ်။ ' အမလေး . . . ဒါတောင် သူ ဝိတ်တက်လာတာ ' လို့ သမီးကို ပြုံးကြည့်နေရင်းက ပြန်ပြောလိုက်တယ်။ တာဝန်ကျဆရာဝန်တွေဖြစ်တဲ့ ဒေါက်တာ ဘီလယ်နဲ့ ဒေါက်တာ ချေဇီတို့ကို အမျိုးသားနဲ့မိတ်ဆက်ပေး၊ သူနာပြုဆရာမကြီးတွေကို လိုက်တွေ့ပြီး အမျိုးသားရောက်လာပြီဖြစ်ကြောင်း ပြောပြ၊ နောက် သူလိုက်လာဖို့ အစအဆုံးလို ကူညီပေးခဲ့တဲ့ ဆရာဝန်ကြီးကို ရှာတော့ ခွင့်ရက်ရှည်ယူထားတယ်လို့ သိခဲ့ရတယ်။

သမီးဆီမှာ အချိန်တော်တော်ကြာကြာနေပြီး နေ့လယ်စာ စားချိန်ကျော်မှ အဆောင်ကို မပြန်ဘဲ အမျိုးသားအဆောင်မှာ မြန်မာနိုင်ငံက ထည့်ပေးလိုက်တဲ့ ဟင်းတွေနဲ့ ထမင်းလိုက်စားဖို့ ဆုံးဖြတ်လိုက်တယ်။

ကိုယ် အထပ်ထပ်အခါခါမှာသလို သူ မမေ့မလျော့ယူလာတဲ့ ခေါက်ထီးလေးကို ဆောင်းထားပေမယ့် အိုမန်ရဲ့ မွှန်းလွှဲနေပူရှိန်က လူကို မျက်လုံးတောင် ကောင်းကောင်းမဖွင့်နိုင်လောက်အောင် ပြင်းလွန်းတယ်။ ကားငှားလို့လည်း အဆင်မပြေတာမို့ ပဝါကိုပဲ ခေါင်းကိုပတ်ပြီး အမျိုးသားနဲ့ နေပူပူထဲ ဟိုတယ်ကို လမ်းလျှောက်ချီတက်ကြတော့တယ်။ ကတ္တရာတွေ အစေးပေါက်အောင် ထူထူအိအိ ခင်းထားတဲ့ တောင်ဆင်းတောင်တက် ကားလမ်းတွေ၊ အမိုးချွန်မပါတဲ့ လေးထောင့်တိုက်စုစုတွေ၊ သဲမြေကျောက်မြေရောနေတဲ့ အဝါရောင်မြေကြီးနဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းကျောက်ပန်းတောင်းတောင်နဲ့ခပ်ဆင်ဆင် ခြောက်သွေ့နေတဲ့ တောင်ကတုံးတွေ တောင်တန်းတွေ၊ လမ်းလျှောက်သူမရှိလို့ ရှင်းလင်းနေတဲ့ လမ်းမကြီးမှာ ချွေးပေါက်ပေါက်ကျအောင် လျှောက်နေကြတဲ့ နှစ်ယောက်တည်းသော ကျွန်မတို့ကို အံ့သြတကြီးကြည့်ကြတဲ့ ဖြတ်သွားဖြတ်လာ ကားပေါ်က မျက်လုံးတွေနဲ့ ဆေးရုံရဲ့အပြင်ဘက်ကို ပထမဆုံး ရောက်ခဲ့တဲ့မြင်ကွင်းက မြင်လေရာ ပူရှိန်းရှိန်းပဲ။

လမ်းလျှောက်နေရင်း စကားတွေပြောရင်း အပြင်လေထုအပူရှော နေအပူရှောထက် ရင်ပိုပူစေတာက ခု အမျိုးသားတည်းနေတဲ့ မဂျန်ဟိုတယ်က ရိုးရိုး အခန်းကျဉ်းတစ်ခန်းကို တစ်ရက်ကုန်ကျငွေက ရီရယ်လ် ၄၀ ဝန်းကျင် (မြန်မာငွေ တစ်သိန်းခွဲဝန်းကျင်)၊ အစားအသောက်ပါရင် နောက်ထပ် ရီရယ်လ် ၂၀ (မြန်မာငွေ ခုနစ်သောင်းခွဲဝန်းကျင်)ဖြစ်ပြီး လောလောဆယ် ကာတာလေကြောင်းလိုင်းကလည်း ကိုယ်တွေ ဆက်သွယ်သမျှ ဘာမှအကြောင်းမပြန်လို့ အမျိုးသားက ပါလာတဲ့ ပိုက်ဆံနဲ့ တည်းနေရတယ်။ (ဒါတောင် အိုမန်လေကြောင်းက မဆီမဆိုင် လာကူနေတဲ့ မြန်မာလူမျိုး အစ်မတွေကြောင့် လျှော့ဈေးနဲ့ တည်းခွင့်ရတာ)

မဖြစ်ချေဘူး. . .။ တစ်ရက်ကို မြန်မာငွေ နှစ်သိန်းလောက်ဆို တစ်လကို တည်းခိုစရိတ်ချည်းပဲ သိန်းခြောက်ဆယ်။ သမီးအခြေအနေအရ ဘယ်နှစ်လနေပြီးမှ ပြန်ရမလဲ မသိရသေးတဲ့အပြင် တခြားကုန်ကျစရိတ်တွေလည်း ရှိဦးမယ်။ ကာတာလေကြောင်းလိုင်းက အစောပိုင်းကုန်ကျစရိတ်တာဝန်ယူပေးပါ့မယ်လို့ ကတိပေးထားတဲ့လူကို မိအောင်လိုက်ဖမ်းရမယ်။ လောလောဆယ်တော့ ဟိုတယ်ကို သဘောပေါက်အောင် အရင် ရှင်းပြရမှာပဲ။

ဟိုတယ် ဆင်ဝင်အောက်ရောက်တော့ အရမ်းညောင်းပြီး မောလို့ နှစ်ယောက်စလုံး အထဲမဝင်ခင် ခဏနား၊ ချွေးတွေသုတ်ပြီး ရေသောက်၊ ပြီးတော့ ဟိုတယ် ဧည့်ကြိုစာရေးကို ကောင်တာမှာ သွားနှုတ်ဆက်လိုက်တယ်။ မန်နေဂျာနဲ့ တွေ့ချင်တယ်လို့ ပြောတော့ ဘာကိစ္စလဲ၊ သူမရှိဘူးလို့ ခပ်မာမာပြန်ပြောခံရတာနဲ့ပဲ ကျွန်မက မြန်မာနိုင်ငံကဖြစ်တဲ့အကြောင်း၊ လေယာဉ်ပေါ်မှာ ရုတ်တရက် ကလေးမွေးလို့ အိုမန်နိုင်ငံမှာ အမြန်ဆင်းလိုက်တဲ့အကြောင်း၊ အဲဒီတုန်းက ဦးလေးတစ်ယောက်ပါ လိုက်ဆင်းလာပြီး ဒီဟိုတယ်မှာ တည်းခဲ့ကြောင်း၊ ကာတာလေကြောင်းလိုင်းက အဲဒီဦးလေးအခန်းကို ကျွန်မအမျိုးသား လိုက်လာတဲ့အချိန်မှာ ဆက်တည်းခွင့်ပေးပြီး တည်းခိုစရိတ်ပေးမှာဖြစ်ကြောင်း၊ အဲဒီအတွက် ကာတာလေကြောင်းလိုင်းက အသိပေး အကြောင်းကြားထားတာမျိုးရှိလားဆိုပြီး မေးတော့ ချွေးတလုံးလုံးနဲ့ ကိုယ်တွေကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး 'မသိဘူး၊ ဘာမှလည်း မဆက်သွယ်ထားဘူး၊ ဒီမှာတော့ ပိုက်ဆံရှိရင် တည်းရမယ်၊ မရှိရင် မရဘူး' လို့ ခပ်မာမာ ပြောပြန်ပါတယ်။


ဟိုတယ် ဝန်ထမ်းတစ်ယောက်အနေနဲ့ အဲဒီလောက် မာထန်ပြီး မယုံကြည်သလို မတူမတန်သလို လေသံနဲ့ပြောတဲ့သူ မတွေ့ဖူးတာရော အံ့ဩသွားတာရောကြောင့် 'အိုခေလေ. . . ဟိုဘက်က ဆက်သွယ်လာရင် ငါတို့ကို အကြောင်းပြန်ပေးပါ' လို့ ပြောတော့ 'အေး' လို့ စိတ်

မပါတဲ့ လေသံနဲ့ ပြန်ပြောပြန်တယ်။ ပြီးတော့ ' နင် ခု လာတည်းတာလား၊ နင်ပါ လာတည်းရင် နောက်ထပ် ရီရယ် ၁၀ ထပ်ပေးရမယ်၊ မနက်စာစားရင် ရီရယ် ၁၀ ထပ်ပေးရမယ်လို့ ပြောလာတာမို့ ဒေါ်သကလည်း ထွက်နေပြီဆိုတော့ ' မတည်းဘူး၊ ငါက ဆေးရုံက အဆောင်မှာနေတာ၊ ငါ့အမျိုးသားဆီကို နေ့ပိုင်းတွေ လာလည်မယ်၊ နင်တို့ကို တစ်ခါတည်း အသိပေးလိုက်တယ် ' လို့ပဲ ပြန်ပြောပြီး အခန်းဘက်ကို ထွက်ခဲ့ပါတော့တယ်။

ဒေါ်သသိပ်မထွက်ဖို့ အမျိုးသားက နှစ်သိမ့်ပြီး မေကြီးထည့်ပေးလိုက်တဲ့ ငါးကျည်းခြောက်တွေ၊ အကျီတွေ၊ အမျိုးသားအိမ်က ထည့်ပေးလိုက်တဲ့ ဟင်းအခြောက်ကြော်တွေ၊ သူ ထိုင်းမှာ ဝယ်ခဲ့တဲ့ ငါးသေတ္တာတွေနဲ့ မုန့်တွေကို ထုတ်ပေးပါတော့တယ်။ ပြီးတော့ သူ ပါလာတဲ့ ထမင်းပေါင်းအိုး သေးသေး (ကိုယ်တို့ မင်္ဂလာဆောင်မှာ လက်ဖွဲ့ရထားတဲ့)ထဲကို ဆန်ထုပ်လေးထဲကနေ ဆန်နည်းနည်းထည့်ပြီး ကျွန်မအတွက် ထမင်းချက်ပါတော့တယ်။ ကျွန်မကတော့ အမျိုးသားရဲ့အစ်မ ထည့်ပေးလိုက်တဲ့ ဆု ကော်ဖီကြွမ်းမှုန့်တွေကို ဖျော်ပြီး ထမင်းကျက်မှာကို စောင့်ရင်း ဟိုတယ်အခန်း ပြတင်းအပြင်ဘက်က တံလျှပ်တွေထနေတဲ့ ကားလမ်းမ၊ နေရောင်တွေ ဟပ်နေတဲ့ ကျောက်တောင်ကြီးတွေကိုသာ လှမ်းမျှော်ကြည့်ရင်း ရှေ့မှာ ဘာတွေ ဆက်ကြုံရဦးမလဲဆိုတာပဲ ဆက်တွေးနေမိပါတော့တယ်။

■ ■ ■

## ချစ်ရပါသော အိုမန်နီ (၂၀)



အမျိုးသားက
‘ နောက်နေ့တော့ ဟင်းချိုချက်ပေးမယ်နော်’လို့
ခဏခဏ ပြောပေမယ့်
အိုမန်မှာ ဟင်းချိုချက်လို့ရမယ့်
အသီးအရွက်က သိပ်မရှိဘူး။

ငါးကျည်းခြောက်ကြော်. . . ။ မေကြီးဝယ်ပေးတဲ့ ငါးကျည်းခြောက်တွေကို ကိုဝေယံ့အိမ်က တစ်ဝက်ခွဲပြီး မန်ကျည်းသီးနဲ့ ချိုချဉ်ကြော်လေး ကြော်ပေးထားတာရယ်၊ ပုဇွန်ခြောက်ကြော်လေးရယ်၊ နှစ်ပြန်ကြော်ရယ်ကို ထမင်းပူပူလေးထဲ ထည့်စားရင်း ကော်ဖီကြမ်းလေး သောက်ရတယ်။ အမျိုးသားက ' နောက်နေ့တော့ ဟင်းချိုချက်ပေးမယ်နော် ' လို့ ခဏခဏပြောပေမယ့် အိုမန်မှာ ဟင်းချိုချက်လို့ရမယ့် အသီးအရွက်က သိပ်မရှိဘူး။ ရုံးပတီသီး၊ ခရမ်းသီး၊ ခရမ်းချဉ်နဲ့ တစ်ခါတစ်ရံမှ အသီးအရွက်တန်းမှာ မြင်ရတဲ့ ချဉ်ပေါင်ရွက်တွေက အိန္ဒိယဘက်က ဝင်တာများတယ်။ ဒါပေမဲ့ ကိုယ်လည်း ခု ကော်ဖီနဲ့လည်း တော်တော်အဆင်ပြေနေတာပါပဲလေ။

ထမင်းစားပြီး ခဏနားနေရင်း သမီးအကြောင်းတွေ အားပါးတရ ပြောပြ၊ ရန်ကုန်က အကြောင်းတွေ မေး၊ အဲဒီနေ့က လေယာဉ်ကွင်းကိုအလာ လမ်းမှာ ကားတောင် ဆက်မမောင်းနိုင်တော့လို့ မေကြီးနဲ့ လမ်းဘေးမှာ စကားဆင်းပြောရတဲ့ အမျိုးသားက သူ့အကြောင်းတွေ ပြန်ပြောပြ။ နှစ်ယောက်သားတွေ့ပြီဆိုတဲ့အကြောင်းကို မတ်ပုံရိုက်ပြီး အင်တာနက်ပေါ် တင်လိုက်တော့ ပျော်သွားကြတဲ့ မိတ်ဆွေတွေ၊ အစားအသောက် (ဆားမပါတဲ့)ကြောင့် ကျွန်မမျက်နှာတွေ ဖောပြီး ယောင်နေသလိုဖြစ်တာကို ' ဟယ်. . . ငြိမ်းက ဝလာလိုက်တာ၊ လန်းဆန်းနေတာပဲ ' လို့ ပြောကြတဲ့ စာတွေ၊ သမီးအတွက် ဆုတောင်းပေးတဲ့ စာတွေကို ဖတ်ပြီး အားတွေပြန်ဝင်လာတယ်။

ပြီးတော့ နေအပူရှိန် နီနီတောက်တောက်ကို ပြတင်းပေါက်က လှမ်းကျော်ကြည့်ရင်း သမီးဆီ သွားဖို့ ပြန်ပြင်ဆင်ကြပြန်ရော။ ဟိုတယ်ထဲက ထွက်လိုက်တာနဲ့ မျက်နှာကို လာထိတွေ့တဲ့ လေပူပူကို အမျိုးသားက လက်နဲ့ လှမ်းကာပေးရင်း အဲဒီအရိပ်မရှိတဲ့ နေပူပူအောက်ပဲ နှစ်ယောက်သား သမီးဆီ ပြန်ထွက်ခဲ့ကြတယ်။

ကျွန်မအတွက် အမျိုးသားယူလာတဲ့ ပိတ်ဦးထုပ်အကြီးကြီးကို ဆောင်းပြီး ထီးပါ အပေါ်က ထပ်မိုးဆောင်းထားပေမယ့် မီးလိုဟပ်နေတဲ့အပူကြောင့် ချွေးတွေ ပေါက်ပေါက်ကျနေရင်း နေရောင်ထိတဲ့ ခြေထောက်အသားတွေက ချက်ချင်းနေလောင်ပြီး စပ်ကုန်တဲ့အထိပဲ။ ဒါပေမဲ့ သမီးဆီအရောက်၊ မျက်လုံးပိတ်တွေ ဖွင့်ထားပြီး မျက်လုံးပိစိလေးနှစ်လုံးကိုပါ ပြူးနေအောင်ပွင့်ကာ ဟိုဒီ လိုက်ကြည့်နေတဲ့ သမီးလေးကိုတွေ့တော့ ချက်ချင်း အမောပြေရောပဲ။

သမီး မျက်လုံးပွင့်ပြီ။ အမှန်က လေယာဉ်ပေါ်မှာ မွေးထွက်လာကတည်းက လေယာဉ်မယ်တွေ ကိုယ့်ကိုပြကတည်းက မျက်လုံးပွင့်ပြီး ဟိုဒီ လိုက်ကြည့်နေခဲ့တာ၊ ဒါပေမဲ့ ဆေးရုံက မျက်လုံးပိတ်တွေနဲ့ အပြည့်ပိတ်ထားခဲ့ပြီး ဒီနေ့မှ ပြန်ဖွင့်ပေးလိုက်ကြတယ်။ ဆရာဝန်တွေ သူနာပြု

တွေက ' ငြိမ်း . . . သူ မမြင်ရသေးဘူး ' လို့ ဘယ်လောက်ပြောပြော ကိုယ်ရှိတဲ့ဘက်များ သူ့ အကြည့် ရွေ့လာရင် ပျော်လွန်းလို့။ ဆရာဝန်တွေ အကုန်ပြောတာ မှန်ချင်မှလည်း မှန်မှာကိုး၊ ဒီ တော့ ' ပြုံးပြ၊ ရယ်ပြ၊ မေမေရှိတယ်နော် ' လို့အားပေးရနဲ့ တစ်ချိန်လုံး သူ့အနားပဲ လင်မယား နှစ်ယောက် ရှိနေခဲ့တယ်။

လေကြောင်းလိုင်းကို ဘယ်လိုမှဆက်သွယ်မရတဲ့အကြောင်း သူနာပြုဆရာမကြီးတွေ ကို ပြောပြတိုင်ပင်ပြန်တော့ သူတို့လည်း ကြိုးစားပြီး ကူ ဆက်သွယ်ပေးကြတယ်။ ဒါပေမဲ့ ဖုန်းမကိုင်၊ စာမပြန်ပါပဲ။ ကိုယ်ကတော့ အရာအားလုံးထက် သမီး မြန်မြန်တိုးတက်ပြီး မြန်မြန်ပြန်ရဖို့ပဲ စိတ်က ရောက်နေတော့တယ်။ ဘန်ကောက်မှာ အမျိုးသားရှိနေတုန်းက ကိုယ်မှာလိုက်တဲ့ သစ်သီးခြောက် တွေ၊ သွားရည်စာ မုန့်ထုပ်တွေကို သူနာပြုတွေ၊ ဆရာဝန်တွေကိုပေးတော့ သူတို့က အံ့သြနေကြ တယ်။ ' နင်တို့ဆီမှာ အသီးတွေ ရှားလို့ ထိုင်းဘက်က အသီးခြောက်တွေ ကျွေးချင်တဲ့ စေတနာနဲ့ပါ ' လို့ သေချာပြောပြမှ အသီးထုပ်တွေယူပြီး သူတို့ ဝေစားကြတယ်။ ' ဆေးရုံမှာ ကိုယ်တွေလို လူ နာရှင်တွေကနေ ဆေးရုံဝန်ထမ်းတွေကို မုန့်တွေ၊ အသီးတွေ ဘယ်သူမှမပေးဖူးဘူး ' လို့ ပြောပြ တော့ ' ငါ ဒီရောက်နေတုန်း နင်တို့ကျေးဇူးနဲ့ နေရတာပါ ' လို့ ပြန်ပြောရင်း နှုတ်ဆက်ရတယ်။

နောက် ဆရာဝန်ရေးပေးတဲ့ နို့ထွက်ဆေးလေးကို အမျိုးသားကို ပေး၊ သူက အပြန် မှာ ဆေးတစ်ခါတည်း ရှာဝယ်ရမှာဆိုတော့ တစ်ယောက်တည်း လာလမ်းအတိုင်း ပြန်ရမှာကို အားပေး။ သမီးအတွက် နို့ထုတ်ပေးပြီး ည ၉ နာရီကျော်လောက်မှ သမီးကို နှုတ်ဆက်ပြီး ဆေးရုံက ပြန်ထွက်ခဲ့ကြတယ်။ ညဘက်ကို ဟိုတယ်မှာလည်း လိုက်အိပ်ဖို့ အဆင်မပြေတော့ အဆောင်ကို အမျိုးသားက လိုက်ပို့၊ ပြီးတော့ သူ ပြန်ထွက်သွားတာကိုပဲ ကြည့်နေရင်း တစ်ယောက်တည်းပဲ အခန်းဆီ ပြန်ခဲ့တယ်။

အစ်မတွေ လာပို့ထားတဲ့ ကြက်အာလူးဟင်းတွေကလည်း သိုးကုန်ပြီဆိုတော့ ညစာ အတွက်က ကြက်သားပြုတ်ကြော် ဖြူဖွေးဖွေးကြီးပဲ ရှိတော့တာမို့ နံပြားထူထူတစ်ချပ်ကို ခရမ်းချဉ် သီး ငါးပိချက်နဲ့ လိပ်ပြီး မုန်လာဥနီအစိမ်းတွေနဲ့ စားပစ်လိုက်တယ်။ နေ့လယ်ကလည်း ထမင်းနဲ့ ဟင်းအခြောက်တွေ စားပြီးပြီဆိုတော့ အစားအစာက စိတ်ထဲ သိပ်အရေးမပါတော့ဘူး။ ပြီးတော့ အမျိုးသား ဘယ်ရောက်နေပြီလဲလို့ လှမ်း စာပို့တော့ သူ ဆေးရုံကအပြန် ညဘက် ကုန်းဆင်း အတိုင်းသွားပြီး ဆေးဆိုင်တစ်ဆိုင်က နို့ထွက်ဆေးဝယ်ခဲ့ပြီ ဆိုတဲ့အကြောင်းနဲ့ ခု သူတစ်ယောက် တည်း ဟိုတယ်ကို လမ်းလျှောက်ပြန်နေတဲ့အကြောင်း လှမ်းပြောတယ်။

လမ်းမှာ တစ်ယောက်တည်းဆိုတော့ ပြဿနာမတက်အောင် နေဖို့ ကိုယ်သွားရမယ့်နေရာပဲ မြန်မြန်ရောက်အောင်သွားဖို့တွေ လှမ်းပြောနေရင်း စိတ်ကလည်း ပူနေတာမို့ သူ ဟိုတယ်ပြန်ရောက်ပြီဆိုတဲ့ မက်ဆေ့ချ်ရမှပဲ သက်မချ ရှုရဲတော့တယ်။ အခန်းထဲ တစ်ယောက်တည်း ထိုင်နေရင်း အိပ်မပျော်တဲ့ရက်တွေ များလွန်းနေတာကိုသတိရပေမယ့် တကယ်လည်း အိပ်လို့မရတာကြောင့် သမီးဆီပဲ စိတ်ကို အပြည့်လွှတ်ပြီး အေးချမ်းစေဖို့ နေရတာသက်သာစေဖို့ ကျန်းမာစေဖို့ အားရှိစေဖို့တွေပဲ ကြိတ်ဆုတောင်းနေခဲ့တော့တယ်။

နောက်နေ့မနက်မှာ ဆေးရုံအပေါက်ဝကို ကြိုရောက်နေတဲ့ အမျိုးသားနဲ့ သမီးဆီကိုသွား။ အရမ်း လှုပ်ရှားကန်ကြောက်လွန်းလို့ သူ့ဘေးနားမှာထားတဲ့ အနှီးတွေ အကုန် ခပ်ဝေးဝေးရောက်နေတာ၊ နှာခေါင်းထဲထည့်ထားတဲ့ အောက်ဆီဂျင်ပိုက်က ပြုတ်ပြီး ပါးစပ်ထဲ ဝင်နေတာ၊ ပါးစပ်ထဲက နို့ပိုက်ကို သွားဖုံးနဲ့ကိုက်ထားတာ. . . သမီးက တကယ် စိတ်မရှည်ဘဲ အကုန်သိနေသလို ခံစားမိတယ်။ ဆရာဝန်တွေက နောက်နှစ်ရက်လောက်နေရင် Kangaroo Care လို့ခေါ်တဲ့ ကိုယ့်ရင်သွေးကို ကိုယ့်ရင်ငွေ့နဲ့ တိုက်ရိုက်ပေးတွေ့ရတဲ့အစီအစဉ် စတော့မယ်လို့ လာပြောကြတယ်။

ပျော်လိုက်တာ. . . ရင်တွေခုန်လိုက်တာ သမီးလေးကို ချီရတော့မယ်။ တာဝန်ကျသူနာပြုတွေ၊ ဆရာဝန်တွေ သမီးကို စိတ်နည်းနည်းမှမကွက်အောင် ကိုယ်တွေ အတတ်နိုင်ဆုံးကြိုးစားပြီး နေခဲ့ကြတယ်။ သုံးနာရီတစ်ခါလောက် လဲတဲ့ ဒိုက်ဖာတွေကိုလည်း သူနာပြုတွေကိုပေးမလဲစေတော့ဘဲ၊ ကိုယ်တိုင်ပဲ လင်မယားနှစ်ယောက် ကြိုးစားပြီး ကူလဲပေးကြ (သူတို့ခွင့်ပြုရင်သန့်ရှင်းရေးတောင် လုပ်ပေးချင်ခဲ့တာ)၊ တာဝန်ကျသမျှ နာ့စ်တွေကို မြန်မာနိုင်ငံအကြောင်း ပြောပြ၊ သူတို့နိုင်ငံနဲ့ အစားအသောက်တွေအကြောင်း မေးကြနဲ့ ကျွန်မတို့သမီးလေးနဲ့ သူတို့ ပိုရင်းနှီးနေအောင် ကြိုးစားခဲ့ကြတယ်။ သမီးကလည်း အဲဒီဆေးရုံအခန်းထဲမှာ အသေးဆုံးမဟုတ်လား အစစအရာရာ တခြားကလေးတွေထက် ပို အသေးစိတ်ရတာကိုး။

လင်မယားနှစ်ယောက် သမီး အိပ်နေချိန်ဆို အခန်းထဲ လှည့်ပတ်ကြည့်ပြီး တခြားကလေး ၄ ယောက်ရဲ့ ဝိတ်တွေကို လိုက်မျှော်ခိုးကြည့်ကြရင်း အားကျခဲ့ကြတယ်။ နေ့လယ်စာစားချိန် နေပူကြီးထဲ ဟိုတယ်ကိုပြန်ပြေး၊ ဟိုတယ်ဧည့်ကြိုနဲ့ ဝန်ထမ်းတွေရဲ့ မတွေ့မတန်သလို ခြေဆုံးခေါင်းဆုံး ကြည့်တာကိုလည်း အာရုံမစိုက်နိုင်၊ အမျိုးသား မြန်မြန်ချက်တဲ့ သခွားသီးဟင်းခါးနဲ့ငါးခြောက်ကြော် မြန်မြန်စား။

ပြီးတော့ ညဘက်တွေ မအိပ်နိုင်လွန်းလို့ အိပ်လိုက်တိုင်း အိပ်မက်ဆိုးတွေကြောင့် လန့်လန့်နိုးတတ်လို့ ထမင်းစားပြီးတာနဲ့ ခဏမှေး။ မှေးခနဲအိပ်ပျော်ချိန်တောင် မဟုတ်တဲ့ အိပ်မက်တွေ (နံ့တွေ၊ ရေတွေကြားထဲ ကလေးအလောင်းတစ်ခု မျောလာလို့ ကိုယ့်မှာ အမောတကောနဲ့ ရေထဲ ခုန်ချပြီး လိုက်ကြည့်ရတာမျိုး)ကြောင့် အကြာဆုံး ၁၅ မိနစ်လောက်ကြာတာနဲ့ တုန်ပြီး လန့်နိုး။ နိုးတာနဲ့ ကော်ဖီကြမ်းသောက်၊ ဆေးသောက်၊ သမီးဆီ နေပူကြီးထဲ ပြန်ထွက်ပြေးနဲ့ အချိန်လေးရက်လောက် ထပ်ကုန်သွားခဲ့တယ်။

ငါးရက်မြောက်နေ့မှာတော့ တာဝန်ကျ ဆရာဝန်က ' ငြိမ်းရေ ဒီနေ့ Kangaroo Care စမယ် ' လို့ ကိုယ်တွေကို လှမ်းပြောလိုက်တယ် ဘီးတပ်ထားတဲ့ လိုက်ကာစကို သူနာပြုက ပြုံးပြီး ကိုယ်တွေဆီ ဆွဲလာတော့ အမျိုးသားကလည်း အမြန်လိုက်ကူပြီး ထိုင်ခုံတွေ မပေး။ လိုက်ကာ ပတ်ပတ်လည် ကာထားတဲ့ကြားမှာ ခုံကိုချပြီး ကိုယ့်ကို အင်္ကျီကြယ်သီးတွေ ဖြုတ်၊ အတွင်းခံအင်္ကျီကို ချွတ်ပြီး ထိုင်စေတယ်။ ပြီးတော့ ဖန်ပေါင်းချောင်ကို ဘေးဘက်တွေ ဖွင့်ချပြီး သူနာပြုနှစ်ယောက်က နှလုံးခုန်နှုန်းတိုင်းတဲ့ စက်လေးတွေ၊ နို့ပိုက်နဲ့ အစာသွင်းတဲ့ပိုက်တွေ၊ သွေးပေါင်ချိန်တိုင်းတဲ့ ကြိုးတွေကို ကျွမ်းကျင်စွာ သေချာသိမ်းကိုင်ပြီး ညှိညှိသေးသေး ကိုယ့်သမီးလေးကို ကိုယ့်ရင်ဘတ်ထဲ လာထည့်ပေးကြတယ်။

နွေးနွေးလေး၊ နူးနူးညံ့ညံ့လေး၊ နှလုံးခုန်သံလေးက တိုးတိုးလေး၊ ကိုယ့်ကို မော့ကြည့်တဲ့ မျက်လုံးလေးကလည်း သေးသေးလေး၊ ဒါပေမဲ့ ကိုယ့်မှာ အားအကြီးကြီး ပြည့်ရပါတယ်။

သူနာပြုက ' တစ်နေ့ကို တစ်နာရီပဲနော် ' လို့ လှမ်းပြောတာကို ခေါင်းမြန်မြန်ညိတ်လက်မ မြန်မြန်ထောင်ပြပြီး သမီးလေးကို ပွေ့ပြီး ပြုံးနေခဲ့သလို ကိုယ့်အနားက အမျိုးသားကလည်း ' မနာလိုဘူး ' လို့ ပြုံးပြီး ပြောနေခဲ့တယ်။ အဲဒီ တစ်နာရီမှာ အသက်တောင် ကိုယ်သေချာရှူခဲ့မိရဲ့လား မသိ. . .။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၂၁)



ဒါပေမဲ့ အဲဒီလှိုင်းကြက်ခွပ်နဲ့ နေရောင်ထိပြီး
တဖျတ်ဖျတ်လက်နေတဲ့ မဆုံးနိုင်တဲ့
ပင်လယ်ကြီးကိုငေးပြီး တွေးမိတာက
ဒီပင်လယ်ဆုံးရင် ကျွန်မချစ်တဲ့မြန်မာနိုင်ငံက
ကမ်းခြေရောက်မှာလား။

နို့ထွက်နည်းတဲ့ မီးနေသည်အတွက် ဟင်းချို. . .။ အပူချိန် ၅၀ ဒီဂရီနား ကပ်နေတဲ့ (တစ်ခါတလေ ကျော်သွားတဲ့) နွေခင်းကြောင်တောင်ကြီး ဆေးရုံကနေ ဟိုတယ်ကို ချွေးတစ်လုံးလုံးနဲ့ လမ်းလျှောက်၊ ဟိုတယ်ရောက်တော့ အခန်းထဲမှာပဲ အမျိုးသားယူလာတဲ့ ထမင်းပေါင်းအိုးလေးထဲ ရေနွေးတည်၊ ဆူရင် ငါးကျည်းခြောက်တွေ ပစ်ထည့်၊ သခွားသီးတွေ လှီးထည့်၊ ပုစွန်ခြောက်တွေ ပစ်ထည့်၊ ငရုတ်ကောင်းမှုန့်တွေ (ဆားနဲ့ ငရုတ်ကောင်းမှုန့်ထုပ်လေးတွေက အဆောင်မှာ တစ်ခါသုံးစက္ကူအိတ်လေးတွေနဲ့ဆိုတော့ ယူလာလို့ရတယ်) ပစ်ထည့်။ သူ ဟင်းချိုချက်နေချိန်မှာလည်း ကော်ဖီကြမ်းတွေ ဆက်တိုက်သောက် ဟင်းချိုရတော့ ခွက်လိုက် မော့သောက်ချ။ ဒါပေမဲ့ ရာသီဥတုက အရမ်းပူတော့ ချွေးတွေပဲ လှိမ့်ထွက်နေတော့တာ။

တစ်ရက်တော့ မဆု (ပထမဆုံး မသစ္စာနဲ့ဆေးရုံလိုက်လာတဲ့ အိုမန်လေကြောင်းလိုင်းက အစ်မ)က ' ငြိမ်းရေ. . . ညီမလေးအတွက် နွားမြီးရလို့ အစ်မ ဟင်းချိုချက်နေတာ လာပို့မယ်နော် ' လို့ စာလှမ်းပို့တယ်။ နေ့လယ်နေပူကြီး ဆေးရုံကို ဟင်းချိုချိုင့်နဲ့ ရောက်လာပြီး သူ့ကားနဲ့ပဲ ကိုယ်တွေကို ဟိုတယ် လိုက်ပို့ပေး၊ နေအရမ်းပြင်းလို့ ကိုယ့်ကို အရိပ်ထဲမှာပဲ နားနေဖို့ ပြောလာတဲ့ မဆုက ကားထဲကပစ္စည်းတွေ ဟိုတယ်ထဲ ခေါက်တုံ့ခေါက်ပြန် ပို့ပေးနေတာ တကယ့်နေပူကြီးထဲမှာ။ ကိုယ့်မှာ အားနာရ၊ ကျေးဇူးတင်ရ၊ သူ စိုးရိမ်ပြီး အားပေးတဲ့ စကားတွေကနေပဲ ခွန်အားယူခဲ့ရတယ်။

နွားမြီးဟင်းခါးကို ခေတ်ပုံရိုက်ပြီး မိသားစုကိုပို့လိုက်တော့ တစ်မိသားစုလုံး အဲဒီကတစ်ဆင့် နယ်က တစ်မျိုးလုံး ပျော်လိုက်ကြတာ. . . ကျေးဇူးတင်လိုက်ကြတာ။ ' နွားမြီးက နို့ထွက်ကောင်းတယ် ' လို့ အယူရှိတာကိုးလေ။ နောက်ရက်တွေမှာလည်း လေယာဉ်မယ်တွေဆိုတော့ အမြဲလိုလို အိမ်မှာ မရှိတတ်ကြပြန်တော့ နားတဲ့ရက်ရတဲ့ မြန်မာလေယာဉ်မယ်အစ်မတွေ အကုန်ဟင်းတစ်ခုခု ရအောင်ချက်ပြီး ကိုယ့်ဆီ လာပို့ကြတယ်။ တစ်ဆင့်ပြီးတစ်ဆင့် သိကြတာဆိုပေမယ့် ကျွန်မအတွက်တော့ တကယ့် ညီအစ်မ ဆွေမျိုးတွေလိုပါ. . . ဟင်းချက်ကောင်းတဲ့ အမြွာအစ်မတွေ (မဆုဝေနှင်းတို့ မဆုဝေထွန်းတို့)ဆို ကျွန်မ ဘာစားချင်သလဲဆိုတာပဲ လိုက်မေးခဲ့ကြတယ်။ အသီးအရွက် ရှားလွန်းတဲ့ အိုမန်မှာ ကျွန်မ ခဏခဏ စားချင်နေတာ၊ သတိရမိနေတာ ကန်စွန်းရွက်ကြော်ပူပူလေးနဲ့ ကြက်ဥဟင်း။ ညတိုင်း ကန်စွန်းရွက်ကြော်စားလွန်းလို့ မေကြီးက ရေမြင်းများလားလို့တောင် ထုတ်ထုတ်မေးတဲ့ ကျွန်မက ကန်စွန်းရွက်ကြော် စိမ်းစိမ်းလေး ပူပူလေးကို တွေးလိုက်တိုင်း သွားရည်ကျ တံတွေးမျိုချရတဲ့အထိ စားချင်နေခဲ့တာ။

'ဘာစားချင်လဲ ငြိမ်း ' လို့ လေယာဉ်နားရက် မနက်စောစော လှမ်းမေးတဲ့ အမြွာအစ်ကို လွတ်ခနဲပြောမိတဲ့ ကန်စွန်းရွက်ကြော်စိမ်းစိမ်းက နေ့လယ်မှာ ချိုင့်နဲ့ ကိုယ့်ဆီရောက်လာပြီ၊ အစ်တွဲတည်းပါလာတာက ရွှေဂေါင်းပြောင်ဟင်း။ ကန်စွန်းရွက်ကြော်လေဆိုပြီး ဆေးရုံပေါက်ဝမှာ ချိုင့်လာပေးတာကို အံ့ဩပြီး မော့ကြည့်တော့ 'ကံကောင်းတယ် ငြိမ်းရေ၊ ဒီမနက်တော့ ကန်စွန်းရွက်ရခဲ့လို့လေ၊ ကြက်ဥဟင်းနဲ့နော်. . . ဟင်းမကောင်းတာ အားနာလိုက်တာ၊ အမှန်က အစ်မလည်း ငြိမ်းများ စားချင်မလားဆိုပြီး ချက်ပြီးမှ ကြက်ဥဟင်းကြိုက်ပါ့မလား ' လို့ စိတ်ပူရတာတဲ့။

ကျေးဇူးတင်လွန်းလို့ ကိုယ့်မှာ စကားတောင် ဖြောင့်ဖြောင့်မပြောနိုင်ဘူး။ ကန်စွန်းရွက်ကြော်ပူပူလေးနဲ့ ကြက်ဥဟင်းကို နယ်ဖတ်စားပစ်လိုက်ပြီး ကျေနပ်နေမိတာ ခွန်အားပြည့်ရတာက နေပူထဲ ပြန်ဖြတ်ပြီးသွားရမယ့် နိစ္စဓူဝခရီးကိုတောင် မကြောက်တော့သလို။ ခုလို အိုမန်ရောက်ကတည်းက ဝိုင်းကူညီကြတဲ့ အစ်မတွေက အိုမန်လေကြောင်းလိုင်းက ဖြစ်ပြီး ကျွန်မ စီးလာတဲ့ ကျွန်မကို တာဝန်ယူရမယ့် ကာတာလေကြောင်းလိုင်းကတော့ တစ်ယောက်တလေမှကို ပေါ်မလာခဲ့တာပါ။

ဟိုတယ်ခတွေအတွက် နောက် ကိုယ့်ပတ်စ်ပို့အတွက် စာတွေ ဘယ်လောက်ပို့ပို့ ဖုန်းတွေ ဘယ်လောက်ဆက်ဆက် အဖက်ကို လှည့်မလုပ်တော့တဲ့ ကာတာလေယာဉ်က တာဝန်ရှိသူတွေကိုတော့ မျက်နှာချင်းဆိုင်တွေ့ပြီး ရှင်းရှင်းလင်းလင်း မေးရဖို့အတွက် နောက်ဆုံး သူတို့ရုံးခန်းကိုပဲ လိုက်ဖို့ ပြင်ရပါတော့တယ်။

အဲဒီအတွက်လည်း မသစ္စာကပဲ ကူညီခဲ့တာ။ သူ့အမျိုးသားမိတ်ဆွေ လိတ်ခ် (ကျွန်မကို ဆေးရုံမှာ အစောဆုံးလာတွေ့ပြီး အားပေးခဲ့တဲ့သူ)က အိုမန်နိုင်ငံသားဆိုတော့ ကျွန်မတို့လို အပြင်ကလူတွေ ပြောဆိုရမယ့်အစား နိုင်ငံသားအချင်းချင်း ပြောလို့ ဖြေရှင်းလို့ အကူအညီကောင်းလို့ရအောင် သူပါ လိုက်ပြောပေးမှာ။

အဲဒီနေ့က ညနေ ငါးနာရီလောက် ကျွန်မတို့ဆေးရုံက ထွက်ခဲ့ကြတယ်။ ဆေးရုံနဲ့ မဖျန်ဟိုတယ်ကပြီးရင် ဒါ ကျွန်မအတွက် ပထမဆုံး မတ်စကတ်မြို့ထဲကို ရောက်ဖူးခြင်းပေါ့။ ငါးနာရီကျော်နေက ရန်ကုန်က နေ့လယ်ခင်း နေရောင်နီးပါး တောက်လောင်နေတုန်းပဲ။

လိတ်ခ်က တစ်နေရာက စောင့်မှာမို့ မသစ္စာကပဲ ကားမောင်းနေရင်းက ကျွန်မတို့ကို 'ဒီမှာ ကမ်းခြေက နီးနီးလေး၊ လမ်းလျှောက်သွားလို့တောင်ရတယ်. . . လိတ်ခ်ကိုစောင့်ရင်း အချိန်အားလေးရတာမို့ လိုက်ပြမယ်နော် ' ဆိုပြီး လမ်းဆုံတစ်ခုကို ဖြတ်ကျော်မောင်းသွားတယ်။ ဆောက်

လက်စ အဆောက်အအုံအကြီးကြီးတစ်ခုက လမ်းထောင့်မှာ ပိတ်နေပြီး ဘေးဘက်တွေမှာတော့ ကော်ဖီဆိုင်လေးတွေ စီပြီးဖွင့်ထားတယ်။ ' အဲဒီဆောက်လက်စ အဆောက်အအုံနေရာက ကမ်းခြေပဲ ' လို့ မသစ္စာက ပြောပြီး အဆောက်အဦး ဘေးလမ်းသွယ်လေးကနေ ဦးဆောင်ပြီး ကျွန်မတို့ကို ခေါ်သွားတယ်။

လမ်းအဆုံးမှာ ဘွားခနဲပေါ်လာတာ ပင်လယ်ကြီး။ ကျွန်မ သိပ်ချစ်ရ သိပ်ရင်ခုန်ရတဲ့ ပင်လယ်ကြီးက ကမ်းခြေသဲသောင်ပြက်ပမာဏ ကျဉ်းကျဉ်းလေးကိုတောင် ကျော်ပြီး တချို့နေရာတွေမှာ ကွန်ကရစ်ပတ်လမ်းကို လာထိနေတယ်။ အပေါ်ဘက်အပူရှိန်က ပြင်းပေမယ့် ပင်လယ်ကိုဖြတ်တိုက်လာတဲ့ လေက အေးနေတော့ ခဏအမောပြေသွားသလိုလို. . . ဒါပေမဲ့ အဲဒီလှိုင်းကြက်ခွပ်နဲ့ နေရောင်ထိပြီး တဖျတ်ဖျတ်လက်နေတဲ့ မဆုံးနိုင်တဲ့ပင်လယ်ကြီးကို ငေးပြီး တွေးမိတာက ဒီပင်လယ်ဆုံးရင် ကျွန်မချစ်တဲ့ မြန်မာနိုင်ငံက ကမ်းခြေရောက်မှာလား။ ဆေးရုံက ဖန်ပေါင်းချောင်လေးထဲက သမီးကိုပွေ့ပြီး ယောကျ်ားလက်ကိုဆွဲ ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းနဲ့သာ ကျွန်မ အိမ်မြန်မြန်ပြန်ချင်တော့တယ် ဖြစ်နိုင်ရင်လေ။

၃ မိနစ်လောက် ခဏငြိမ်သွားတော့ အမျိုးသားက ' မိန်းမရေ သွားကြမလား ' လို့ ကိုယ့်ကိုလှမ်းမေး. . . အမှန်တော့ ကိုယ့်စိတ်ကို သူ ဖတ်မိနေမှာရယ်။ ခေါင်းညိတ်ပြပြီး နေပူပူထဲ သုံးယောက်သား ကားဆီပြန်သွား. . . ပြီးတော့ မတ်စကတ်မြို့ရဲ့အပြင်ဘက် မြို့ဟောင်းလို့ ခေါ်တဲ့ အရပ်ဆီ ထွက်ခဲ့ကြတယ်။ အဲဒီမှာ ကာတာလေကြောင်းလိုင်း ရုံးချုပ်ရှိတာလေ။

တော်တော်ကြာပြီဖြစ်တဲ့ ဟိုးအရင်နှစ်တွေက မတ်စကတ်မြို့က ခု ကျွန်မရောက်နေတဲ့ ရှေးဟောင်းဆန်ဆန်၊ အဆောက်အအုံ ဆင်တူရှိတဲ့ မြို့လေးဖြစ်ခဲ့ပြီး တစ်ရက်မှာ ရုတ်တရက် မုန်တိုင်းဒဏ်ကို အပြင်းအထန် ခံခဲ့ကြရတယ်။ မုန်တိုင်းက ပြင်းလွန်းတဲ့အပြင် ပင်လယ်ရေတွေကပါ အနိမ့်ပိုင်းမှာရှိပြီး အကာအကွယ်မဲ့နေတဲ့ မြို့လေးတစ်မြို့လုံးကို ဖုံးလွှမ်းသွားတာမို့ ပျက်စီးဆုံးရှုံးမှုကလည်း အတော်ကို များခဲ့တယ်။ ဒါကြောင့် အိုမန်ဘုရင်က မြို့ကို ဘေးကင်းရာအရပ်ကို ပြောင်းရွှေ့ခဲ့သလို မြို့တွင်း ရေစီးရေလာကောင်းဖို့ ပင်လယ်က ရေဝင်စနစ်နဲ့ ဒီရေအတက်အကျ အချိန်ကျဖို့ စနစ်တကျ အချိန်ယူပြီး တည်ဆောက်ခဲ့တယ်။ ဟိုအရင် မြို့ဟောင်းမှာတော့ လူအနည်းငယ်လောက်သာ နေကြပေမယ့် လှပသပ်ရပ်နေတုန်းပဲ။

အဆောက်အအုံတစ်ခုရဲ့ဘေးမှာ ကားဝင်ရပ်လိုက်တဲ့အချိန် ကျွန်မ ရင်တွေတုန်နေခဲ့တယ်။ ကာတာလေကြောင်းလိုင်းက တာဝန်ရှိလူကြီးက ဘာပြောမလဲ၊ အဆိုးဆုံးကိုလည်း မြင်

ဆင်ရမှာဖြစ်လို့ ကျွန်မအမျိုးသား ကုန်ကျစရိတ်တွေအတွက် တာဝန်မယူဘူးဆိုရင်လည်း ဘာမှ အထွန့်တက် တောင်းဆိုနေမှာတော့ မဟုတ်ဘူး။ အဓိက,က ရှောင်ပြေးနေတဲ့ တာဝန်ယူမှုကင်းတဲ့ အဲဒီ မိုဟာမက်ကိုတွေ့ပြီး မေးချင်တာ ဒီလောက် အရေးကြီးတဲ့ မန်နေဂျာတာဝန်ယူထားပြီး ခုလို လှည့်ပတ်ထွက်ပြေးနေတာ ဘာကြောင့်လဲဆိုတဲ့ မေးခွန်း။

ဓားကောက်လွယ်ပြီး ခေါင်းပေါင်း၊ ဝတ်ရုံအပြည့်နဲ့ ခပ်တည်တည်ကြည့်နေတဲ့ အိုမန် ဘုရင်ဟောင်းနဲ့ လက်ရှိ ဘုရင်တာဝန်ဆက်ခံသူ သားကြီးတို့ရဲ့ ဓာတ်ပုံအကြီးကြီးနှစ်ခု ချိတ်ထားတဲ့ ဧည့်ခန်းထဲမှာ ကျွန်မတို့ ထိုင်နေကြတယ်။ စာရေးမကို မန်နေဂျာနဲ့တွေ့ချင်ကြောင်း၊ လေယာဉ်ပေါ်မှာ ကလေးမွေးတဲ့အကြောင်းမေးတော့ ရုံးခန်းတစ်ခုလုံး ခုမှကြားဖူးသလို တအံ့တသြ ကျွန်မတို့ကို ကြည့်ပြီး စောင့်ဖို့ပဲပြောတယ်။ ခပ်ကြာကြာစောင့်ပြီး ပြန်ရမှာမို့ မန်နေဂျာနဲ့တွေ့ဖို့ပဲ အဓိက ပြောတော့ နောက်ဆုံး မန်နေဂျာဆိုသူရဲ့အခန်းထဲ လိုက်ပို့လိုက်ကြတယ်။

အသက် ၅၀ ဝန်းကျင်ရှိနေတဲ့ အိန္ဒိယနွယ်ဖွား ခပ်ဖိုင့်ဖိုင့် အရပ်ခပ်ပြတ်ပြတ် ဦးလေးကြီးတစ်ယောက်က ပြုံးပြီး မန်နေဂျာဖြစ်ကြောင်း ဖက်လှဲတကင်း နှုတ်ဆက်တယ်။ တစ်ခါမှ မတွေ့ဖူးပေမယ့် မိုဟာမက်ကတစ်ဆင့် ကျွန်မအကြောင်းကို ကြားကြောင်းနဲ့ မိုဟာမက်က အရမ်း တော်ပြီး အလုပ်အရမ်းရှုပ်လို့ ကျွန်မဆီ လာမတွေ့နိုင်ကြောင်း ဆီးကြိုပြောတယ်။ တော်လိုက်တာ. . . ကိုယ့်လူကို အပြစ်မတင်နိုင်အောင် ကြိုကာကွယ်ပြောနေပေမယ့် သူကိုယ်တိုင်ကလည်း အရမ်းနွေးထွေးကြောင်းပြနေတဲ့ အဲဒီဦးလေးကြီးက စကားပြောတာ တော်လိုက်တာ။

တံတောင်နှစ်ဖက်မှာ အမဲရောင် ဖွတ်တွေ အထူကြီးတက်နေတဲ့ အဲဒီ ကာတာလေကြောင်းလိုင်းဆိုင်ရာ အိုမန်နိုင်ငံ တာဝန်ခံဦးလေးကြီး မစ္စတာ ဂျိုးက ကာတာလေကြောင်းလိုင်းမှာ ၃၁ နှစ်ကြာ သက်တမ်းရှိတဲ့ ဝန်ထမ်းကောင်းတစ်ဦးပဲ။ သူ အလုပ်လုပ်နေတဲ့ ကုမ္ပဏီက ဘယ်လောက်ကောင်းကြောင်း၊ ဝန်ထမ်းတွေ ဘယ်လောက်သစ္စာရှိကြောင်းတွေ ဆက်ပြောနေတော့ ကျွန်မက ခုလာရတဲ့အကြောင်းရင်းပဲ ခပ်ပြတ်ပြတ် စပြောမိတော့တယ်။ ဘယ်လို တာဝန်ယူနိုင်မလဲ။

သူက ပြုံးပြီး ခပ်အေးအေးပြောတယ်၊ ကလေးအတွက် ဆေးရုံကိစ္စ တာဝန်ယူမယ်၊ မိခင်က ကလေးအနားမှာရှိရမှာမို့ မိခင်အတွက်လည်း ဆေးရုံမှာထားမယ် (ဆရာဝန်ကြီးတွေလည်း သူ့ကို ဖိအားပေးနေတဲ့အတွက်) ဒါပေမဲ့ အမျိုးသားကတော့ သူတို့နဲ့ လားလားမျှမဆိုင်တဲ့အတွက် မကူညီနိုင်ပါ။ အိုခေ. . . ဒါဆို ထပ်ရှင်းလင်းသွားအောင် လူတွေပြောနေတဲ့ ယာဉ်တစ်ခုခုပေါ်မှာ မီးဖွားခဲ့ရင် အဲဒီကလေးက တစ်သက်တာ အဲဒီယာဉ်ရဲ့ အဖိုးအခတွေ ကင်းလွတ်ခွင့်ရမယ့်အရေး။

နိုး . . . ကာတာလေကြောင်းလိုင်းမှာ အဲဒီလို မီးဖွားလာတဲ့ကလေးကို တစ်သက်တာ လေယာဉ်စီးခွင့်ကို ပယ်ဖျက်လိုက်တာ ၁၉၉၀-၉၁ ခုနှစ်ကတည်းက။

အိုခေလေ. . . နောက်ဆုံးတစ်ချက်က ကျွန်မရဲ့ ပတ်စ်ပို့ကို သိမ်းထားတဲ့အတွက် ဘာက ကျွန်မကို အာမခံပေးနိုင်မလဲ၊ ဥပမာ - အရေးတစ်ခုခုကြောင့် ဆေးရုံပြင်ပ ထွက်ရတဲ့အခါ၊ ရဲလာစစ်တဲ့အခါ၊ ကျွန်မမှာ ဘာအထောက်အထား ရှိနိုင်မလဲ။ မစ္စတာ ဂျီးက ပတ်စ်ပို့သိမ်းထားပြီး ကာတာက တာဝန်ယူတဲ့အကြောင်း ထောက်ခံစာရေးပေးမယ်၊ ကျွန်မက အဲဒီစာကို ဘယ်သွားသွား သယ်သွားနိုင်ရမယ်တဲ့။ ပြီးပြီ. . . ကျွန်မနဲ့ ကာတာလေကြောင်းလိုင်းကြားက သိချင်တာတွေ၊ ပြောချင်တာတွေ ပြီးပြီ။ သူ့ကို သေချာနှုတ်ဆက်ပြီး တစ်နာရီကျော်ကြာအောင် အာရဗီလို ရေးထားတဲ့ ကျွန်မအတွက် ထောက်ခံစာကို လိတ်ခ်က စစ်ပေးပြီး ကျွန်မတို့ ပြန်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။

မပြန်ခင် အဲဒီမြို့ဟောင်းထဲက ရန်ကုန်က စတိုးဆိုင်လေးတွေ ဆိုင်တန်းတွေမှာ ရတဲ့ လက်ဖက်ရည်ကို မြည်းသောက်ခဲ့ကြတယ်။ ထိုင်ခုံမပေးဘဲ ပလက်ဖောင်းပေါ် အဆင်ပြေသလို မတ်တပ်ရပ်သောက်ရတဲ့ လက်ဖက်ရည်က စမုံစပါးတွေ နိုင်းချင်းပါတဲ့ မဆလာတီး။ စမူဆာတစ်ခုစီနဲ့ ငှက်ပျောကြော်ခပ်ပါးပါး တစ်ခုစီစားရင်း လက်ဖက်ရည်သောက်ရင်း လက်ကျန်ပိုက်ဆံရယ်၊ ဆေးရုံမှာ သမီးထပ်နေရမယ့် ရက်တွေရယ်၊ ဟိုတယ်ခတွေရယ်၊ ပြီးတော့ စားသောက်စရိတ်ရယ်ကို ခပ်မြန်မြန် တွက်နေလိုက်တယ်။

မဖြစ်ဘူး . . . အမျိုးသားကို အိမ်အရင် ပြန်လွှတ်လိုက်တော့မယ်။ တစ်ယောက်တည်း နေရတဲ့ရက်တွေကို မှန်းပေမယ့် ဒီအတိုင်းဆက်သွားရင် အဆင်မပြေဘူး . . . ဆရာဝန်တွေကလည်း သမီးကို တကယ် သူ့ကိုမွေးထုတ်မယ့် ရက်ပြည့်မှ ဆေးရုံကဆင်းခိုင်းမှာ ဒါတောင် လေယာဉ်စီးခွင့် ပြုမပြု မသေချာသေးဘူး . . . အဲဒီတော့ ရှေ့ဆက် ဘယ်လိုနေကြမလဲ. . .။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၂၂)



ကျွန်မနားထဲမှာတော့
သူပြောတဲ့စကားလုံးတွေ သူခေါ်နေတာ
တစ်လုံးမှကို မကြားဘဲ ခုန
သူနာပြုဆရာမတွေ အတင်းပြောတဲ့
စကားသံတွေပဲ နားထဲလျှံနေတာပါ။

အမျိုးသားနဲ့ ကျွန်မရဲ့ ဗာဟီရအတွက် ကာတာလေကြောင်းလိုင်းက ဘာတာဝန်ယူပေးမှုမှ မရှိဘူးလို့ သိပြီးတဲ့အခါမှာ လက်ထဲရှိတဲ့ ငွေပမာဏနဲ့ ရက်ဘယ်လောက်ကြာကြာ အဆင်ပြေပြေနေနိုင်မလဲလို့ ဖြည်းဖြည်းချင်း စဉ်းစားခဲ့တယ်။ ဘာဆက်လုပ်ရမလဲဆိုတာ အဆောင်ပြန်ရောက်တဲ့ တစ်ညလုံး စဉ်းစားနေခဲ့တယ်။

နောက်ဆုံးအဖြေက အမျိုးသားကို အိမ်ပြန်လွှတ်ဖို့ပဲ။ သမီးလေးကို ဆေးရုံက ဆင်းခွင့်၊ အိမ်ပြန်ခွင့်ပေးတဲ့အထိတော့ ကျွန်မ ကိုယ့်ဖာသာပဲ ကြိုးစားနေကြည့်လိုက်တော့မယ်။ မိသားစုအတူ အိမ်ပြန်မယ်ဆိုတဲ့ စိတ်ကူးလည်း လွင့်ပစ်လိုက်ပြီ။ အမျိုးသားအိမ်ပြန်သွားလည်း ကျွန်မနဲ့ သမီးလေး အိမ်ပြန်ချိန်မှာ သူလာကြိုလို့ရတာပဲလေ။ စိတ်ကူးယဉ်တဲ့ပုံစံတွေတောင် ပြောင်းပစ်လိုက်တယ်။ အရင်ကလို မိသားစုအတူ မပြန်တော့ဘူး. . . စိတ်ကူးထဲမှာ သားအမိနှစ်ယောက်တည်း အိမ်ပြန်ပြီ၊ မေကြီးနဲ့ အမျိုးသားမိသားစု လာကြိုကြမယ်. . . ဘယ်လိုပဲ စိတ်ကူးယဉ်ယဉ်ပုံစံပြောင်းသွားပေမယ့် တစ်နေ့တော့ အိမ်ပြန်ရမှာပဲလေနော်. . .။

မနက်မိုးလင်းလို့ သမီးဆီသွားပြီး ဆေးရုံကနေ အမျိုးသားကို စောင့် (ဝင်ခွင့်ကဒ်နောက်တစ်ခုလုပ်ပေးပြီး တံခါးတွေဖွင့်တဲ့ လျှို့ဝှက်နံပါတ်တွေလည်း သူ ရနေပြီမို့ အရင်ကလို အပေါက်ဝက မစောင့်တော့ဘဲ သမီးဘေးကနေပဲ အရင်ရောက်တဲ့သူက သမီးနဲ့ စကားပြောရင်း စောင့်ကြတယ်)၊ သူလာတာနဲ့ အိမ်အရင်ပြန်ခိုင်းဖို့ ဘယ်လို စကားစရမလဲ အမျိုးစုံစဉ်းစားလိုက်၊ စီထားတဲ့ စကားလုံးတွေက လည်ပင်းထိတက်လာလိုက်၊ သမီးကို ဂရုတစိုက်ကြည့်ရင်း အတူပြန်မယ်နော်၊ အားတင်းထား သမီးလို့ သူပြောနေတာတွေ့ရင် စကားလုံးတွေ ပြန်မြိုချလိုက်နဲ့ နေ့လယ်ရောက်လာပါတယ်။

တာဝန်ကျ သူနာပြုတွေက ' ငြိမ်း . . . နင်တို့အခု ဘယ်မှာစားကြလဲ ' လို့ ဝိုင်းမေးကြတော့ ' ငါ့ယောက်ျားက ထမင်းဟင်းချက်ပေးတယ်၊ ဒါပေမဲ့ အိမ်က ထည့်ပေးလိုက်တဲ့ဟင်းတွေရှိပါသေးတယ် ' လို့ ပြန်ဖြေလိုက်တယ်။ သူတို့က အံ့ဩပြီး မျက်နှာတွေ ရှုံ့မဲ့သွားကြကာ ' ဟယ်. . . အဲဒီ ဟင်းတွေက ကြာလှပြီ၊ ကောင်းပါတော့မလား၊ ဆေးရုံမှာ အရမ်းဈေးသက်သာတဲ့ကန်တင်းန်ရှိတယ်၊ အဲဒီမှာပဲ စားကြပါ၊ နင် အားရှိဖို့လိုတယ်လေ ' လို့ ဝိုင်းပြောကြတော့ ပြုံးပြီးတော့ပဲ၊ ' အင်းပါ၊ ဒီမှာရှိတဲ့ အစ်မတွေလည်း ချက်ပို့ကြပါတယ် ' လို့ ပြန်ဖြေလိုက်တယ်။

ဒါပေမဲ့ သူနာပြုတွေထဲက မျက်နှာကြောတင်းတင်း ခပ်တည်တည်၊ ခပ်ဝဝ တစ်ယောက်က ' ကဲ. . . အခု ငါတို့ နေ့လယ်စာစားချိန်ရောက်ပြီ. . . နင်တို့လည်း မစားရသေးဘူး

မဟုတ်လား၊ လာခဲ့ . . . အဲဒီဆိုင်ကို လိုက်ပြမယ်၊ ဒါက အောက်ထပ်ကဆိုင်၊ နောက်တစ်ဆိုင်က အပေါ်ထပ်မှာ ရှိတယ် . . . ဟင်းပိုများတယ် ' လို့ ပြောပြီး ကိုယ်တွေလင်မယားကို အတင်းဆွဲခေါ်သွားပါတော့တယ်။ အဲဒီ သူနာပြုဆရာမနဲ့က အရင်ကလည်း သိပ်မခင်၊ သူကိုယ်တိုင်က မာနခပ်ကြီးကြီးပုံပေါက်ပြီး ကိုယ်နဲ့ခင်တဲ့ သူနာပြုဆရာမကြီးတွေနဲ့လည်း စကား ခဏခဏများတာ၊ အဆူခံရတာတွေ တွေ့ဖူးတော့ ကိုယ့်မှာ ဘာပြန်ပြောရမှန်း မသိခဲ့ပါဘူး။

သူဆွဲခေါ်လာတဲ့နောက် လိုက်သွားရင်းက ကင်ဆာလူနာတွေအတွက် ဆေးကုသဆောင်ကြီးရဲ့ အောက်ထပ်အခန်းတစ်ခုမှာ အဲဒီစားသောက်ဆိုင်ကို ဘွားခနဲတွေ့လိုက်ရတယ်။ သူက ' လာ စားပွဲမှာဝင်ထိုင်၊ မှာစားလိုက်တော့ ' လို့ အတင်းပြောပေမယ့် ကိုယ်တွေလင်မယားက အဲဒီစားစရာတွေက ဈေးဘယ်လောက်ကြီးမယ်မှန်းလည်း မသိရသေး၊ ဟိုတယ်မှာလည်း ထမင်းကချက်ထားပြီးသား ရှိနေ၊ သူတို့ချက်တဲ့ ထမင်းဟင်းတွေလည်း မစားချင်တော့ ' မဆာသေးဘူး ' လို့ အတင်းငြင်းပြီး ပြန်လှည့်ထွက်ခဲ့ကြတယ်။

နေ့လယ် ဆရာဝန်ကြီးတွေနဲ့လည်းတွေ့ပြီး သမီး ဆေးရုံမှာ အကြွမ်းဖျဉ်း ဘယ်လောက်ဆက်နေရမလဲဆိုတာ ဆွေးနွေးရမှာမို့ အဆောင်ကို ခဏပြန်ပြီး ရေဘူး၊ အအေးဘူးနဲ့ ငှက်ပျောသီးပဲ ပြန်ယူလိုက်တယ်။ နေ့လယ်စာ ပင်လယ်ငါး အပိုင်းကြီးတွေနဲ့ ဇီယာထမင်းနဲ့ကလည်း ကိုယ်တိုင် မစားချင်သလို ကိုယ်တစ်ယောက်တည်း ကြိတ်မှိတ်စားလိုက်လို့ ဖြစ်ပေမယ့် အဆောင်အပြင် နေပူကြီးထဲမှာ တစ်ယောက်တည်းစောင့်နေမယ့် အမျိုးသားကို မသိချင်ယောင်ဆောင်ပြီးလည်း စားမဝင်နိုင်ဘူး။ အဲဒီတော့ လင်မယားနှစ်ယောက်စလုံး သံလွင်ပင်တန်းထဲမှာ ငုတ်တုတ်လေးတွေ ထိုင်၊ ငှက်ပျောသီး တစ်ယောက်တစ်လုံး စား၊ အအေးဘူးသေးနဲ့ ရေသန့်ဘူးကို တစ်ဝက်စီ ခွဲသောက်ပြီး ခဏ အဆာဖြေလိုက်ကြတယ်။

ပြီးတော့ သမီးအခန်းထဲ ပြန်သွားပြီး ခဏအကြာ ဆရာဝန်ကြီးတွေရောက်လာတာနဲ့ နေရမယ့်ရက် ထပ်မေးတော့ အနည်းဆုံးတော့ နောက်ထပ်တစ်လ နေရမယ်ထင်တယ်လို့ မတင်မကျ အဖြေပဲရလိုက်တယ်။ ဒါပေမဲ့လည်း သမီးလေးက ပိစိကွေးလေးကနေ ၀ . ၁၊ ၀ . ၂ စသဖြင့် ကီလိုဂရမ်လေးတွေ တိုးနေတော့ အမောပြေရပါတယ်။ ဆရာဝန်အဖွဲ့ထဲက ခေါင်းဆောင်ဖြစ်တဲ့ ဒေါက်တာ ပရာကတ်ချ်က ' နင် နို့မထွက်နိုင်ဘူးနော်၊ စိတ်ဖိစီးမှုကို အတတ်နိုင်ဆုံး လျှော့ပါ၊ ပြီးတော့ သမီးအတွက် တစ်နေ့ ၆ ကြိမ်လောက်အထိ နို့ညှစ်ထုတ်ပေးသင့်တယ်။ နင်က အခု တစ်ရက်လေးကြိမ်လောက်ပဲဆိုတော့ အဆင်မပြေဘူး၊ တစ်ခြား မိခင်တွေလိုလည်း နို့က ရတာမဟုတ်ဘူး

လို့ ဆူပြော ပြောပါတယ်။

'ဟုတ်ကဲ့ . . . ငါ ခဏခဏ နို့လာညှစ်ထုတ်ပါ့မယ်၊ နို့ထွက်များအောင်လည်း ကြိုးစားပါ့မယ်' လို့ ပြန်ပြောရင်း စိတ်ထဲတော့ တော်တော်ကိုဝမ်းနည်းသွားခဲ့တယ်။ ကိုယ်ဘယ်လောက် ကြိုးစားနေထိုင်ပါစေ ဒီလောက် စိတ်ကပူနေရတာ တစ်ခြားမိခင်တွေနဲ့တော့ ဘယ်တူပါ့မလဲလို့လည်း စိတ်ထဲမှာ ထပ်ခါထပ်ခါ ပြောနေခဲ့ပါတယ်။ ဒါပေမဲ့ သမီးမျက်နှာရှိနေတော့ ဒါ သမီးအတွက် ပြောနေတာပါပဲလေဆိုပြီးပဲ အားပြန်တင်းခဲ့တယ်။ ဆရာဝန်အဖွဲ့တွေ အခန်းထဲက ပြန်ထွက်သွားကြတော့ သူနာပြုတွေလည်း ဂျူတီပြန်ဝင်ကြပြီမို့ သမီးကိုနှုတ်ဆက်၊ တာဝန်ကျဆရာမတွေကို နှုတ်ဆက်ပြီး ဟိုတယ်မှာ ထမင်းလိုက်စား၊ ခဏနားဖို့ လှည့်ထွက်လိုက်တယ်။ အဲဒီအချိန်မှာ ခုနက စားသောက်ဆိုင်ကို လိုက်ပြတဲ့ သူနာပြုဆရာမက အခန်းထဲက တခြားဆရာမတွေကို ကိုယ်တွေကြားအောင် ခပ်ကျယ်ကျယ် လှမ်းပြောလိုက်တဲ့စကားကြောင့် ခြေလှမ်းတောင် တုံ့ခနဲ ဖြစ်သွားပါတယ်။

'အလကားတွေပါ၊ ဈေးကြီးလို့ ဘာမှ မဝယ်စားနိုင်ကြဘူး၊ ခုလည်းကြည့်နေ သူတို့ ဟိုတယ်ကို ကားမငှားဘဲ လမ်းလျှောက်ပြန်ကြဦးမယ်၊ ဒီလောက်နေပူကြီးထဲမှာ သူတို့လမ်းလျှောက်နေတာ ငါတွေ့သားပဲ၊ ပြီးရင် အဆင်ပြေသလိုလို ရောက်လာပြီး ပြုံးပြဦးမယ်' တဲ့ . . .။ သူပြောလိုက်တဲ့စကားကို အနားက သူနာပြုတစ်ယောက်က 'ဟာ. . . ဒီလောက် နေအပူပြင်းနေတာကို သူတို့က လမ်းလျှောက်ကြတယ်။ ငါသာဆို သေမှာပဲ' တဲ့။

အဲဒီအချိန် အမျိုးသားက အခန်းအပြင်ဘက်ကို ရောက်နှင့်နေပြီး ကိုယ့်မှာ ရှက်လွန်းလို့၊ သိမ်ငယ်လွန်းလို့ ရုတ်တရက် အေးခဲသွားတဲ့ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားခဲ့တယ်။ သူဆက်ပြောတဲ့ 'သူတို့နိုင်ငံကလည်း ဘာအဆက်အသွယ် အထောက်အပံ့မှ မရဘူးလေ. . . ဒီမှာ သူတို့ သံရုံးတောင် မရှိဘူး' ဆိုတဲ့ လှောင်ပြီးနှိမ့်ချတဲ့ လေသံနဲ့စကားကို နောက်ဆုံးကြားလိုက်ပြီး ဖြတ်ခနဲ အဲဒီသူနာပြုကို လှည့်ကြည့်လိုက်တယ်။

ကိုယ့်အကြည့်က ဘယ်လောက်နာကျင်ပြီး ကြောက်စရာကောင်းနေမလဲဆိုတာ သူ စကားပြောရင်း လန့်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားတဲ့အထိပဲ။ သမီး. . . သမီးလေး. . . ပုံမှန်စိတ်နဲ့ဆို သူ ကျင်ခနဲနာသွားအောင် စကားလုံးတွေနဲ့ ချက်ချင်းပစ်ပေါက်တတ်လွန်းပေမယ့် ကျွန်မ မရှိတဲ့အချိန် ကျွန်မသမီးကို သူ ပြုစုရမှာလေ။ ဘယ်လောက်ပဲ ဂရုစိုက်ပါတယ်၊ လူတွေရှိနေလို့ ဘာမှ လုပ်ပစ်လို့မရပါဘူးပဲပြောပြော တခြားနိုင်ငံက ဆေးရုံထဲမှာ တစ်ယောက်တည်းဖြစ်နေတဲ့

သမီးကိုတော့ ဘယ်သူ့ စေတနာပျက်တာမှ မခံနိုင်ဘူး။

ဝုန်းခနဲ မီးတောက်သလို ပေါက်ကွဲထွက်တော့မယ့်စိတ်ကို သမီးနဲ့ပဲ ချွန်းအုပ်ပြီး 'ကျေးဇူးပါပဲ အစ်မရေ. . . ဂရုစိုက်ပြီး လိုက်ကြည့်ပေးခဲ့တာပဲ ခဏနေ ကျွန်မတို့ ပြန်လာပါမယ်' လို့ပဲ လှမ်းပြောခဲ့တယ်။ ပုံမှန်မဟုတ်တဲ့ကိုယ့်အသံတွေ တုန်နေမှာ၊ မူမမှန်မှာ တခြား သူနာပြုတွေလည်း ရိပ်မိမှာဖြစ်သလို သူကိုယ်တိုင်လည်း လိပ်ပြာမလုံမှာကြောင့် ဘယ်လိုပြန်ပြောမယ်ဆိုတာ နားမထောင်တော့ဘဲ အခန်းအပြင်ဘက် လှမ်းလှမ်းကိုရောက်နေတဲ့ အမျိုးသားနောက်ပဲ သွက်သွက် လိုက်ခဲ့တယ်။

'ကျားကျားရေ. . . မိန်းမတို့ တက္ကစီငှားရအောင်၊ နေက အရမ်းပူလွန်းနေတယ်၊ ခုချိန်ထိ တစ်ခါမှ ကားငှားမစီးဖူးသေးဘူး' လို့ လှမ်းပြောလိုက်တော့ အမျိုးသားက 'ငှားကြမယ်နော်၊ ဆေးရုံပေါက်ဝမှာ ရှိရင်ကောင်းမယ်' တဲ့။ ဒါပေမဲ့ ဆေးရုံပေါက်ဝမှာ၊ ရှေ့လမ်းမကြီးတစ်လျှောက်မှာ၊ ဆေးရုံဝင်းအကျယ်ကြီးထဲမှာ တက္ကစီ တစ်စီးတစ်လေတောင် ရှိမနေခဲ့ပါဘူး။ မကျေနပ်ပေမယ့်လည်း အချိန်ဆွဲပြီး မရေရာတဲ့အငှားကားကို အချိန်ဖြုန်း ရပ်မစောင့်ချင်တာမို့ နောက်ဆုံးတော့ ထုံးစံအတိုင်း ထီးကလေးဆောင်း၊ ပဝါလေး ခေါင်းပေါ်ပတ်၊ ပတ်စ်ပို့ သိမ်းထားကြောင်း ထောက်ခံစာနဲ့ တခြားအရေးကြီးစာရွက်တွေ ထည့်ထားတဲ့ ချည်သားအိတ်လေး ပုခုံးလွယ်ရင်း လင်မယားနှစ်ယောက် နေပူကြီးထဲပဲ လမ်းလျှောက်ခဲ့ကြတယ်။

အငှားကား ရလိုရငြား လမ်းတစ်လျှောက်လိုက်ကြည့်ပေမယ့် တစ်စီးမှကို မတွေ့တာကြောင့် လမ်းလျှောက်နေရင်း အမျိုးသားက ကျွန်မ စိတ်ကောက်တယ်ထင်ပြီး စိတ်ပြောင်းမယ့် စကားတွေ ပြောလာပါတယ်။ ကျွန်မနားထဲမှာတော့ သူပြောတဲ့ စကားလုံးတွေ သူခေါ်နေတာတွေ တစ်လုံးမှကို မကြားဘဲ ခုန သူနာပြုဆရာမတွေ အတင်းပြောတဲ့စကားသံတွေပဲ နားထဲလျှံနေတာပါ။

တစ်သက်လုံး ရွှေပေါ်မြတင် မနေခဲ့ဘူးဆိုရင်တောင် အဲဒီလို သူများက အထင်သေးအလှောင်ခံရ၊ အကဲ့ရဲ့ခံရ၊ ကိုယ့်အကြောင်းကို ကိုယ်ကြားအောင် ဟာသလုပ်ခံရလောက်တဲ့အထိ ကျွန်မ မနေခဲ့ဖူးပါဘူး။ အဖေ့ဘက်၊ အမေ့ဘက် နှစ်ဖက်အမျိုးတွေ တုန်နေအောင် အချစ်ခံ၊ ရောက်လေရာ သူငယ်ချင်းမိတ်ဆွေတွေ အရေးပေးခံ၊ ဦးစားပေးခံရတဲ့ ကျွန်မက ခုလို နေပူထဲမှာ ချွေးပေါက်ပေါက်ကျ လမ်းလျှောက်ရင်း သိမ်ငယ်စိတ်တွေ ငယ်ထိပ်ထိ ဖုံးနေခဲ့ပါတယ်။

ဟိုတယ်ပေါက်ဝရောက်တော့ သိမ်းငှက်နဲ့ဆင်တဲ့ အပေါက်ဆိုးတဲ့ဝန်ထမ်းကလည်း ဟင်း လာပြန်ပြီဆိုတဲ့အကြည့်ကို လှမ်းတွေ့လိုက်ချိန်မှာ ဒေါသစိတ်ကြောင့် သူ့ကို စိုက်ကြည့်ပြီး

' ဘာလဲ ' လို့ အမူအရာနဲ့ လှမ်းမေးလိုက်ပါတယ်။ ချက်ချင်း မျက်နှာလွှဲပြီး ရီဆက်ရှင်းကောင်တာနောက်က အခန်းထဲ လှစ်ခနဲ သူဝင်သွားတာကိုတောင် အံကြိတ်ပြီး လိုက်ကြည့်ရင်း အခန်းထဲဝင်ခဲ့လိုက်ပါတယ်။ စိတ်ကူးထဲမှာတော့ သူ့ကို ခုနကတင် မာတ်ဆီလောင်းပြီး မီးရှို့လိုက်ပါပြီ။

အမျိုးသားက ထမင်းကို ပန်းကန်ထဲထည့်၊ ဟင်းချိုအတွက် ပဲနီလေးကို ခပ်မြန်မြန်ပြုတ်ပြီး ကျွန်မကို ကော်ဖီတစ်ခွက်ဖျော်ပေးချိန်မှာ ခုတင်ခြေရင်းမှာ ငုတ်တုတ်ထိုင်ရင်း မျက်ရည်တွေ ထိန်းမရအောင် စီးကျလာပါတော့တယ်။ ' ဘာဖြစ်လို့လဲ မိန်းမရယ်. . . နေအရမ်းပူနေတာလား။ ဘာဖြစ်လို့လဲဟင်၊ နောက်နေ့ ကားငှားစီးကြမယ်နော် ' လို့ သေချာချော့မေးခဲ့ပေမယ့် အဲဒီ သူနာပြုပြောတဲ့ စကားတွေကိုတော့ ပြန်မပြောပြဖြစ်ခဲ့ပါဘူး။ ကျွန်မလို သူ့ကို သိမ်ငယ်စိတ်၊ ရှက်စိတ်လည်း မဝင်စေချင်ဘူး. . . ပြီးတော့ ဒါ မှုရမယ့်အပူလည်း မဟုတ်ပါဘူး။

ထမင်းတောင် မစားနိုင်တဲ့ ကိုယ့်ကို ဟင်းချိုတွေ၊ ကော်ဖီတွေ ဆက်တိုက်နေရင်းက ' မိန်းမရေ. . . ရခိုင်ကိစ္စတော့ ဖြစ်ပြီ ' ဆိုပြီး ဘင်္ဂါလီသတင်းတွေ စိတ်ဝင်တစား သူဖတ်ပြနေပါတယ်။ ကျွန်မက ဖြည်းဖြည်းချင်း စိတ်ကိုလျှော့ရင်း သူ့ကို ' ကျားကျား . . . အရင်ပြန်နှင့်မလား၊ ခုပုံစံအတိုင်းဆို ကျားကျား ပြန်နှင့်လိုက်နော်။ မိန်းမနဲ့သမီး နောက်မှလိုက်လာမှာပေါ့ ' လို့ ပြောပေမယ့် ကိုယ့်ကို လှည့်လည်းမကြည့်၊ အင်းလည်းမချဘဲ ပန်းကန်တွေ သိမ်းစရာရှိတာပဲ ဆက်သိမ်းနေပါတော့တယ်။

ပြီးတော့ သူ ဆက်ပြောတာက ' မိန်းမ ပင်ပန်းနေပြီ၊ ခဏနားဦး၊ ညဘက်တွေလည်း တစ်ယောက်တည်း အိပ်မပျော်ဘဲနဲ့။ နာရီဝက် အချိန်ရသေးတယ်၊ ပြီးရင် သမီးဆီ ပြန်သွားကြမယ်နော် ' တဲ့။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၂၃)



စကားတပြောပြောနဲ့
လမ်းမီးတိုင်တွေအောက် ပြန်လာကြတဲ့
ကျွန်မတို့နှစ်ယောက်နောက်မှာ
ထပ်ကြပ်မကွာ ပြေးပြီး
လိုက်လာသူ ရှိသေးတယ်။
သူက အဖြူဆွတ်ဆွတ်ပေါ်မှာ
အနက်ရောင် အကွက်တွေနဲ့
ကြောင်ပိန်လေးတစ်ကောင်။

ကြောင်ပိန်လေးတွေ ။ ကျွန်မနေတဲ့အဆောင်ကနေ သမီးကိုထားတဲ့ အထူးကြပ်မတ်ဆောင်ကို လာတဲ့လမ်းမှာ ကြောင်ပိန်လေးတွေရှိတယ်။ တစ်ကိုယ်လုံး 'သန်းတွေ၊ ဝဲတွေနဲ့ ရန်ကုန်မြို့က လေလွင့်ခွေးတွေလို စားစရာ အစာတစ်ခုခု လိုက်ရှာနေတဲ့ ကြောင်ပိန်လေးတွေက မတ်စကတ်မြို့မှာ ရှိနေတယ်။ ရန်ကုန်မှာ စည်ပင်တွေက လေလွင့်ခွေးတွေကို အဆိပ်ကျွေးနှိမ်နှင်းကြသလို မတ်စကတ်မြို့ရဲ့ မြို့သာယာဝပြောရေးအဖွဲ့ကလည်း လေလွင့်ကြောင်တွေကို စီမံချက်နဲ့ လိုက်နှိမ်နှင်းကြတယ်လို့ သိရတယ်။ အစ္စလာမ်နိုင်ငံဖြစ်တဲ့အတွက် လေလွင့်ခွေး မဆိုထားနဲ့ အိမ်မွေးခွေးတွေတောင် ခုထက်ထိတော့ မတွေ့ဖူးသေးဘူး။

အဆောင်ကနေ သမီးဆီကို တစ်ယောက်တည်း ခေါင်းငိုက်စိုက်ချပြီး လာနေတုန်း ဖြတ်ခနဲ ကိုယ့်ခြေထောက်တွေကိုတိုးသွားတဲ့ အနက်ရောင် ကြောင်တစ်ကောင်ကို တွေ့လိုက်ရတယ်။ နေအပူရှိန်ပြင်းရတဲ့အထဲ ကိုယ်ဝန် (ဗိုး)လွယ်ထားတဲ့ ကြောင်မလေးက အရိုးပေါ် အရေတင်ဖြစ်တဲ့အထိ ပိန်လိမ်နေပြီး တစ်ညောင်ညောင် အော်နေတယ်။ သူ့ကို လှမ်းကိုင်မလိုလုပ်တော့ ဖြတ်ခနဲ မျက်လုံးစိမ်းစိမ်းတွေနဲ့ မော့ကြည့်တယ်။ ဒါပေမဲ့ ခဏလေးပဲ။ ပြီးတော့ သံလွင်ပင်တန်းတွေဖက် လှစ်ခနဲ ထွက်ပြေးသွားတယ်။

ဆေးရုံဘက်ကို ဆက်လျှောက်လာရင်း ဆရာဝန်ကြီးတွေရဲ့ ကားတွေထားဖို့ စီစဉ်ထားတဲ့ အထူးပါကင်နားက မြက်ခင်းပေါ်မှာ ခပ်ပိန်ပိန် ကြောင်သုံးကောင် ထပ်တွေ့ပြန်တယ်။ ကိုယ် အနားကပ်သွားတာနဲ့ အလန့်တကြား ထွက်ထွက်ပြေးကြတဲ့ ကြောင်လေးတွေက လူတွေကို အတော်ကြောက်နေပုံပဲ။ ဒီလောက်ချမ်းသာတဲ့ နိုင်ငံမှာ ဒီလို လမ်းဘေးကြောင်ပိန်လေးတွေက အမေ့ခံတွေပဲ. . . ။ တွေးစရာမရှိ ဒါမှမဟုတ် တွေးစရာတွေ များလွန်းလို့ ကြောင်တွေအကြောင်းတောင် နေပူထဲလမ်းလျှောက်ရင်း အသေအချာ အချိန်ပေး တွေးနေတယ်. . . ငါ့နှယ်နော်၊ ကိုယ်တောင် ကိုယ့်ယောကျ်ားကို ဘယ်နားထားပြီး ဘယ်လိုဆက်နေရမလဲ ရေရေရာရာ သိသေးတာ မဟုတ်။

ဆေးရုံပေါက်ဝမှာကြိုစောင့်နေတဲ့ အမျိုးသားကို ပြုံးပြပြီး သမီးဆီ အတူဆက်သွားကြတယ်။ သမီးကတော့ ထုံးစံအတိုင်း ' သမီးရေ မေမေရှိတယ်နော် ' ဆိုတဲ့ အသံကြားလိုက်တာနဲ့ လူးလူးလွန့်လွန့်ပဲ။ သူ့ကိုပေးထားတဲ့ မီးပူတွေလည်း မဆိုစလောက် လျှော့လာသလို အောက်ဆီဂျင်နှုန်းလည်း ၀.၅ ရာခိုင်နှုန်းလောက် လျှော့ပေးထားတယ်။

သမီးက နှာခေါင်းပေါက် သေးသေးလေးထဲ အတင်းထည့်ထားတဲ့ အဲဒီ အောက်ဆီ

ဂုဝ်ပိုက်တွေကို အပ်တွေ၊ ကြိုးတွေ၊ ရှုပ်နေတဲ့ လက်သေးသေးလေးနဲ့ အတင်းဆွဲဖြုတ်၊ လက်နဲ့ ဖြုတ်မရရင် ကိုယ်က တွန့်လိမ်ပြီး ဖြုတ်တတ်နေပြီ။ အဲဒီတော့ ပိုက်အမာလေးနှစ်ခုက အမြဲလိုလို နှာခေါင်းမှာမရှိဘဲ မျက်လုံးနေရာမှာ ထောက်ရင်ထောက် မထောက်ရင် မေးစေ့အောက်အထိ ရောက်နေတတ်တယ်။ မျက်လုံးနေရာ ထောက်မိတဲ့အခါတွေဆို မျက်ခွံပေါ်မှာ သွေးခြေဥတဲ့အထိ ဖြစ်တတ်လို့ ကိုယ့်မှာ သမီးဆီရောက်ပြီဆိုတာနဲ့ ပထမဆုံး အပြေးအလွှားကြည့်မိတာ အောက်ဆီ ဂုဝ်ပိုက်ပဲ။ ပြီးတော့ သမီးရဲ့ ပါးစပ်ထဲကနေတစ်ဆင့် အစာအိမ်ထဲအထိ ရောက်အောင်ထည့်ထားတဲ့ နို့ပိုက်ကိုလည်း သူ့ လက်သေးသေးလေးနဲ့ ပါးစပ် ဟိုဘက်ထောင့် ဒီဘက်ထောင့် ရွှေ့တတ်နေပြီ။ နို့မြန်မြန်ညှစ်၊ သမီးကို သားပိုက်ကောင်လို တစ်နာရီစာ ထိုင်ပွေ့ချီဖို့ တာဝန်ကျ သူနာပြုတွေကို မျက်နှာချိုလိုက်သေး၊ အချိန်စေ့တဲ့အထိ ချီပြီး ဖန်အိမ်ထဲ ပြန်ထည့်။ ပြီးတော့ ကိုယ့်မှာ အမျိုးသား အတွက် နေစရာရှာဖို့ လုပ်ရဦးမယ်ဆိုတော့ ခပ်သွက်သွက်ပဲ အရာရာကို ဆက်တိုက်လုပ်မိတော့ တယ်။

ပြီးတော့ ကိုယ့်ကို ကူညီအားပေးဖူးတဲ့ ' ဘာလိုလိုပြောပါ၊ အိုမန်နိုင်ငံက အစာတ် နိုင်ဆုံးကူညီပါ့မယ် ' ဆိုတဲ့ NICU က တာဝန်ခံ ဆရာဝန်ကြီးကို အမျိုးသား နေရာထိုင်ခင်းနဲ့ ပတ်သက်ပြီး တိုင်ပင်ဖို့ လိုက်ရှာတော့တယ်။ ဒါပေမဲ့ တာဝန်ကျဆရာဝန်တွေ ရှင်းပြတာက ခုချိန်က အပူဆုံး ရာသီဥတုဖြစ်တဲ့အတွက် လူတော်တော်များများက တစ်နှစ်ပတ်လုံးထဲက အကြာဆုံးခွင့်ကို ယူပြီး အေးတဲ့အရပ်တွေဆီ ခရီးထွက်ကြတယ်။ လိုရင်းတိုရှင်း ပြောမယ်ဆိုရင်တော့ ဆရာဝန်ကြီး ခွင့်ရက်ရှည် ယူသွားတယ်၊ ဘယ်လောက်ကြာမယ် မသိရသေး။

ဝုန်းခနဲ ကျသွားတဲ့စိတ်ဓာတ်ကို ချက်ချင်းပြန်ဆယ်ပြီး ကိုယ့်ကို နှစ်သိမ့်ပညာပေး ဆွေးနွေးဖူးတဲ့ သူနာပြုဆရာမကြီး ဆယ်လ်မာတို့ကို လိုက်ရှာဖို့ ဆုံးဖြတ်လိုက်တယ်။ ဆေးရုံထဲ လှည့်ပတ်စစ်ဆေးနေတဲ့ သူတို့ ပြန်အလာကို အခန်းပေါက်ဝမှာ သွားထိုင်စောင့်နေပေမယ့် ၁၅ မိနစ်လောက်ကြာတော့ မနေနိုင်တော့ဘူး။ ဒါနဲ့ အမျိုးသားကိုပဲ ဆက်ထိုင်စောင့်နေဖို့ မှာပြီး ဆရာမကြီးတွေ ရှိနိုင်မယ့်နေရာကို တစ်ခန်းဝင် တစ်ခန်းထွက် မြန်မြန်လိုက်ရှာမိတော့တယ်။

နောက်ဆုံး ကလေးတွေ ခပ်ဆူဆူ အော်ငိုနေတဲ့အခန်းမှာ တာဝန်ကျ သူနာပြုတွေကို သွက်သွက်လက်လက်လုပ်ကြဖို့ လောဆော်နေတဲ့ စစ္စတာကြီး ဆယ်လ်မာတို့ကို တွေ့လိုက်ရတယ်။ ' ငြိမ်း. . . ပြောပါ။ဘာဖြစ်လို့လဲ ' လို့ အမောတကောရောက်လာတဲ့ ကိုယ့်ကို သူနာပြုတွေ ဝိုင်းမေး ကြတော့ ကလေးဆေးရုံဆင်းဖို့ရက် ဘယ်လောက်ကျန်သေးတယ်ဆိုတာကို သိချင်တဲ့အကြောင်းနဲ့

အမျိုးသားအတွက် စျေးသက်သာမယ့် တည်းခိုဆောင်တစ်ခု လိုချင်တဲ့အကြောင်း အစအဆုံး ရှင်းပြလိုက်တယ်။

ကလေးက သေးလွန်း၊ မွေးတဲ့လကလည်း စောလွန်းတာမို့ လိုအပ်တဲ့ ပုံမှန် ကိုယ်အလေးချိန်အပြင် ကိုယ်တွင်း အောက်ဆီဂျင်လုံလောက်မှု၊ နှလုံး၊ ဦးနှောက်၊ မျက်လုံး၊ သွေးလည်ပတ်မှု စတာတွေ အကုန်ပုံမှန်နီးပါးနဲ့ သာမန် မွေးစကလေးငယ်တွေလို ဖြစ်မှ ပြန်ဆင်းရမယ့် အကြောင်း သူတို့ ရှင်းပြကြတယ်။ အမျိုးသားရဲ့ တည်းခိုနေထိုင်ဖို့ နေရာအတွက်လည်း သူနာပြုတွေ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြတယ်။

ကျွန်မနေတဲ့ အဆောင်က မိခင်ဆောင်သီးသန့်ဖြစ်ပြီး မျက်နှာချင်းဆိုင်အဆောင်က ကင်ဆာလူနာတွေရဲ့ မိသားစုတွေကို ထားတဲ့အဆောင်မို့ အဆောင်ပြောင်းနေ၊ ပြီးတော့ အမျိုးသားကိုပါ ခေါ်ထားလို့ ရမရ ဆွေးနွေးကြတယ်။ ပြီးတော့ တာဝန်ကျ သူနာပြုတွေထဲက ဖရေလီနဲ့ နောက်ထပ် မျက်နှာတန်းမိနေတဲ့ အတော်များများက ဖိလစ်ပိုင်နိုင်ငံသား သူနာပြုတွေနေတဲ့ အဆောင်မှာ လွတ်တဲ့အခန်း ရှိမရှိ မေးကြ မြန်းကြ. . . ဖြစ်တုန်ကြတယ်။

'ဟဲ့. . . ဘယ်သူရေ့ သူက ခွင့်ယူပြီး ဖိလစ်ပိုင်ပြန်သွားပြီမဟုတ်လား၊ သူ့အခန်းအားတယ်နော်. . . ငြိမ်း၊ အမျိုးသားကို အဲဒီမှာ ထားမလား။ အေး. . . ဟုတ်တယ် အဆောင်မှူးကို ပိုင်းပြောကြမယ်။ အယ်. . . ဒါပေမဲ့ သူ့ယောကျ်ား ကျန်ခဲ့တယ်လေ။ မုန့်လုပ်ပြီး ဆိုင်ပို့နေတာမို့လို့ သူနဲ့ ပြန်မလိုက်သွားဘူး၊ အဆင်မပြေဘူး ထင်တယ်။ အရင်မေးကြည့်မှ စသဖြင့် တိုင်ပင်နေကြတဲ့ အသံတွေ ကျွတ်ကျွတ်စီနေတာကို ကြားရတာ အကူအညီ ရမရမသေချာ၊ တကယ်အဆင်မပြေရင်တောင် ကိုယ့်ကို ဂရုစိုက်မယ့်သူတွေရှိနေတာကို အသိနဲ့ ကြည်နူးရပါတယ်။ နောက်ဆုံး ကိုယ့်ဖုန်းနံပါတ်တွေ အကုန်လိုက်ပေးပြီး တစ်နေရာရာမှာအဆင်ပြေရင် ဖုန်းဆက်ဖို့ သေချာမှာရင်း အမျိုးသားကိုခေါ်ပြီး အဆောင်ဖက်ပြန်ခဲ့တယ်။

အဆောင်မှူးကို စာရေးမ ဂျန်ကတစ်ဆင့် အကူညီတောင်းပေမယ့် ဆေးရုံဝန်းထဲမှာ သတ်မှတ်ထားတဲ့စည်းကမ်းတွေနဲ့ ပြည့်နေတာမို့ အခန်းရဖို့အဆင်မပြေဘူး။ အဆောင်က သန့်ရှင်းရေးလုပ်တဲ့ ဝန်ထမ်း အိန္ဒိယအမျိုးသမီးကြီးကို လမ်းညွှန်ခိုင်းပြီး အခန်းလွတ်တွေ ရှိနေတယ်လို့ ကြားတဲ့ ဆေးရုံဝန်းထဲက နောက်တစ်ဆောင်ကို ထပ်သွားကြတယ်။ တာဝန်ကျစာရေးမကို ဝင်တွေ့ပြီး လေယာဉ်ပေါ် ကလေးမွေးတာကအစ အမျိုးသားလိုက်လာတာ၊ အခန်းလိုချင်တာတွေကို သေချာ ရှင်းပြလိုက်တယ်။

'ဆေးရုံဝန်ထမ်းတွေပဲ ထားတာမို့ အပြင်လူလက်မခံဘူး' လို့ သူရှင်းပြတာကိုပဲ အထွန့်တက်ပြီး အဆောင်မှူးကို ကျွန်မ ခုပြောတာတွေကို ပြန်ပြောပြလိုက်ပါ၊ သူလက်ခံတယ်ဆိုရင် ကျွန်မဆီ ဖုန်းခေါ်ပါဆိုပြီး ကျွန်မ ဖုန်းနံပါတ်တွေ စာရွက်မှာ ရေးချထားခဲ့တယ်။ 'အဆင်ပြေမှာပါ ကျားကျားရေ' လို့ပဲ ခပ်မာမာအားပေးရင်း သမီးဆီ တစ်ခေါက်ပြန်ဝင်တွေ့ပြီး နှိုထပ်ညှစ်ထုတ်လိုက်တယ်။

ဂျူတီပြောင်းတဲ့အချိန်နဲ့ တိုက်နေတာမို့ သမီးနားမှာ ထိုင်ရင်း တာဝန်ကျဆရာမကို နှုတ်ဆက်ဖို့စောင့်တော့ တိုက်တိုက်ဆိုင်ဆိုင် မနေ့က ကျွန်မတို့ကို မကြားတကြား အတင်းတုတ်၊ နှိုးနှိမ်ပြောတဲ့ ဆရာမက ထပ်ရောက်လာတယ်။ ပျက်သွားတဲ့မျက်နှာကို ရအောင် ပြန်ပြုံးပြ နှုတ်ဆက်ပြီး တာဝန်ကျဆရာဝန် အာမတ်ကိုလည်း သေချာနှုတ်ဆက်လိုက်တယ်။ ဒေါက်တာ အာမတ်က ထိုင်းမှာ ဆေးတက္ကသိုလ်တက်ဖူးတော့ မြန်မာနိုင်ငံကိုသိနေပြီး အရမ်း အလည်လာဖူးချင်တဲ့သူ။ သူနဲ့ဆုံတိုင်း ကိုယ့်နိုင်ငံက လှတဲ့နေရာ တစ်နေရာလောက်တော့ အနည်းဆုံး ရှင်းပြရတယ်၊ ပြီးတာနဲ့ 'ငြိမ်းရေ ငါ တစ်နေ့ ရောက်အောင်လာလည်မယ်နော်' လို့ သူ အမြဲပြောတတ်တယ်။

ခုလည်း မြန်မာနိုင်ငံက သတင်းသမားတွေအကြောင်း မေးနေလို့ ပြုံးပြီး ပြန်ရှင်းပြနေတုန်း၊ ခုန သူနာပြုဆရာမက 'ငြိမ်း. . . နင့်နိုင်ငံက ဘားမားနော်၊ ငါရော လာလည်လို့ရလား' လို့ ခပ်တည်တည်ဝင်မေးတယ်။ သူတို့နှစ်ယောက်စလုံး သမီးကို ဆေးပိုက်ထည့်ရင်း စကားပြောနေကြတာဆိုတော့ ကိုယ်က အတတ်နိုင်ဆုံး စိတ်လျှော့ပြီး 'လာလည်လို့ရတာပေါ့၊ အချိန်မရွေးပဲ' လို့ပြန်ဖြေလိုက်တယ်။ ဒါပေမဲ့ သူက ဆက်ပြီး 'ဒါဆို ခုရော လာလည်လို့ရလား၊ ခုချိန်လာလည်ရင် ငါ့ကို သတ်ပစ်ကြမှာလား' လို့ ခပ်တည်တည် ထပ်မေးတယ်။

သူပြောတဲ့စကားကို ရုတ်တရက် အံ့ဩသွားပေမယ့် အစ္စလာမ်ဘာသာဝင် အမျိုးသမီးတွေရဲ့ ခေါင်းဆောင်းပဝါကို သပ်သပ်ရပ်ရပ် ဂရုတစိုက်ပေါင်းထားတဲ့ သူ့မျက်နှာကို လှမ်းကြည့်ပြီး 'နင် ငါ့ကို ဘာပြောချင်တာလဲ၊ ရခိုင်အရေးဆိုရင်တော့ သိပ်ရှုပ်ထွေးလွန်းလို့ ခု တစ်ထိုင်တည်းတောင် ပြောလို့ ပြီးမှာမဟုတ်ဘူး၊ ဒါပေမဲ့ ငါတို့နိုင်ငံကို တရားဝင် လာရောက်လည်ပတ်တဲ့ ဘာလူမျိုးဖြစ်ဖြစ် အားလုံးက ကြိုဆိုပါတယ်' လို့ပဲ တစ်လုံးချင်း ပြောချလိုက်တယ်။

'အော် ဟုတ်လား' ဆိုပြီး ငြိမ်သွားတဲ့သူ့ကို ဒေါက်တာ အာမတ်ကပါ ဘာဖြစ်လို့ မေးတာလဲဆိုတဲ့ပုံစံနဲ့ ကြည့်နေတော့ ကျွန်မ ဘာမှဆက်မပြောဖြစ်တော့ဘူး။ နိုင်ငံတကာက လတ်တလော သိတဲ့ မြန်မာလူမျိုးတွေဆိုတာ ဘင်္ဂါလီတွေကို ရက်ရက်စက်စက် သတ်ပစ်၊ ပင်လယ်ထဲ

သမုဒ္ဒရာထဲကို မောင်းထုတ်တဲ့ လူမျိုးတွေ ဖြစ်နေခဲ့တာကိုး။ သမီးအကြောင်းပဲ ဒေါက်တာနဲ့အတူ စကားဆက်ကြရင်း မှောင်လည်း အတော်မှောင်ပြီး ပြန်ချိန်ကြပြီမို့ အားလုံးကို သေချာနှုတ်ဆက်ခဲ့တယ်။

စိတ်ထဲ နာနေတဲ့ ဟိုသူနာပြုကိုလည်း သိပ်မနာနိုင်တော့ဘူး. . . သူသိထားတဲ့ မြန်မာဆိုတာက လူသတ်သမားတွေလား၊ လူ့အခွင့်အရေး နားမလည်သူတွေလား၊ အစွန်းလာမ်တွေအတွက် အနှောင့်အယှက်ပေးသူတွေလား ကမ္ဘာမှာပေါက်နေတဲ့ မြန်မာ့သတင်းတွေပေါ် ကနေပဲ မြန်မာနိုင်ငံကို သိကြတာလေနော်။ အဲဒီတော့ သူ့စိတ်ထဲ တလွဲထင်ပြီး ရန်စချင်နေတာကိုလည်း လှမ်းမြင်လိုက်ပြီမို့ ခွင့်လွှတ်နိုင်ပါတယ်လေ။ အမျိုးသားနဲ့အတူ လိုအပ်တဲ့ ဟင်းချက်စရာတချို့နဲ့ သောက်ရေဘူးတွေ ဝယ်ဖို့ ဆေးရုံကနေ ဟိုတယ်ကိုကျော်ပြီး ခပ်လှမ်းလှမ်းမှာရှိတဲ့ စူပါမားကတ်တစ်ခုကို သွားပြီးဝယ်ကြတယ်၊ အဓိက နို့ညှစ်ကိရိယာလေး ဝယ်ဖြစ်တယ်။ ညဖက်တွေ ညှစ်လို့ရရင် နို့ညှစ်ပြီး သိမ်းထားချင်လေ။

စကားတပြောပြောနဲ့ လမ်းမီးတိုင်တွေအောက် ပြန်လာကြတဲ့ ကျွန်မတို့နှစ်ယောက်နောက်မှာ ထပ်ကြပ်မကွာ ပြေးပြီးလိုက်လာသူရှိသေးတယ်။ သူက အဖြူဆွတ်ဆွတ်ပေါ်မှာ အနက်ရောင် အကွက်တွေနဲ့ ကြောင်ပိန်လေးတစ်ကောင်။ မျက်လုံးအရောင် ခပ်မွဲမွဲနဲ့ ချစ်စရာ ကြောင်ကလေးက ကျွန်မတို့ ခြေထောက်နားမှာ အတင်းလိုက်ကပ်ပြီး ပြေးလိုက်နေတယ်။ ဝယ်ထားတဲ့ အိတ်ထဲက မုန့်ချကျွေးပေမယ့်လည်း မစားဘဲ တစ်ညောင်ညောင်ပဲ အော်နေတော့တာ။

နောက်ဆုံးတော့ ကြောင်လေး မလိုက်လာနိုင်အောင် လင်မယားနှစ်ယောက် ခြေကုန်သုတ်ကြရင်း ' ကြောင်လေးရေ. . . နင့်ကို ခေါ်တင်ဖို့မပြောနဲ့ ငါတို့တောင် နေစရာရှာတုန်းဟ ' လို့ လှမ်းပြောလိုက်ကြတော့တယ်။

■ ■ ■

## ချစ်ရပါသော [illegible] ( ၂၄ )



ခပ်တည်တည်နဲ့ နှစ်ယောက်သား
ကူးဘိုစ် လိပ်ထားတာလေး ထုတ်စား၊
အအေးဘူးလေးသောက်ပြီး အမျိုးသားက
မာတ်ပုံရိုက်၊ ဖေ့စ်ဘွတ်ခ်ပေါ် တင်လိုက်တော့
မြန်မာပြည်က ကိုယ့်မိတ်ဆွေတွေက
အားကျလိုက်တာ၊ စားချင်စရာကြီး၊
ချိန်းတွေ့နေကြတယ်ပေါ့ဆိုတဲ့
ကွန်မန့်တွေ ရေးကြပါလေရော။

မတ်စကက်မြို့ရဲ့ ဇူလိုင် နွေလအပူရှိန်က ပြင်းသထက်ပြင်းလာသလို အိတ်ထဲက ဒေါ်လာတွေလည်း အငွေ့ပျံ့အရည်ပျော်ကျသလို ပျောက်ကွယ်လာတယ်။ ဟုတ်တယ်. . . ဟိုတယ် reception မှာ နေ့တိုင်း ငွေချေနေရတာ လက်ထဲရှိတဲ့ပိုက်ဆံတွေ လျှောခနဲ ဖျောခနဲပဲ။ ဒါလည်း ကုန်ချိန်တန်လို့ ကုန်တာပဲလေလို့ပဲ နှလုံးသွင်းရင်း စိတ်ထဲ သမီးအကြောင်းပဲ ရောက်နေတော့တယ်။ သမီးလေးက ခု ပေါင်ချိန် မဆိုစလောက်တက်လာပြီလေ။ ကိုယ့်ကိုတွေ့ရင် ကိုယ့်အသံကြားရင် စူးခနဲ အသံသေးသေးလေးနဲ့လည်း အော်ငိုတတ်ပြီ။ ဒေါသကြီးလွန်းလို့ သူ့ စိတ်မတိုအောင် သူနာပြုတွေ သေချာဂရုစိုက် အချစ်ပိုရတဲ့ သမီးလေး။ ခုလည်း ပါးစပ်ထဲထည့်ထားတဲ့ နို့ပိုက်ကို ဖယ်မရတော့ အားနဲ့ ကိုက်ကိုက်ထားတတ်ရာက အပေါ်ဖက် သွားဖုံးအရေ့တည့်တည့်မှာ ချိုင့်ဖြစ်ပြီး ပိုက်တောင် အသားထဲ ချိုင့်ဝင်နေပြီ။ ကျွန်မကတော့ သမီးအနားရောက်တာနဲ့ လက်မြန်မြန်ဆေးပြီး ပါးစပ်ထဲက နို့ပိုက်ကို ခပ်မြန်မြန် နေရာရွှေ့ရတယ်။ မိန်းကလေးဆိုတော့ သွားဖုံးမှာ ချိုင့်ရာဖြစ်ပြီး မတော်လို့ အဲဒီနေရာ သွားမပေါက်ရင် ရှေ့တည့်တည့်ကြီး သွားကြဲနေမှာကို ကျွန်မ စိုးရိမ်တယ်လေ။ အဲဒီတော့ အနားဖြတ်သွားသမျှ သူနာပြုဆရာမတွေ ဆရာဝန်တွေကိုမေးတဲ့ မေးခွန်းထဲမှာလည်း တစ်ခု ထပ်တိုးသွားတယ်။

ကျွန်မသမီးရဲ့ သွားဖုံးအချိုင့်ကရော အသားပြန်ပြည့်နိုင်မလားပေါ့။ အဲဒီလို မေးလိုက်တိုင်း အမေးခံရတဲ့ ဆရာဝန်တွေက ရယ်ကြရောပဲ။ နှလုံးမှာ အပေါက်လေးပါနေတာ၊ အောက်ဆီဂျင် မပြည့်သေးတာ၊ မျက်လုံး ကောင်းကောင်းမမြင်နိုင်တာ၊ သွေးလည်ပတ်မှု မမှန်သေးတာ၊ အစာအိမ်က အစာမချေနိုင်သေးတာ အဲဒီ ပူလောင်မှုတွေတောင် မအေးချမ်းနိုင်သေးဘဲ သွားဖုံးက အချိုင့်လေး အသားပြန်ပြည့်မပြည့်အထိ လိုက်ပူနေတဲ့ ကျွန်မကိုကြည့်ပြီး ရယ်မောကြတာရယ်။ မတတ်နိုင်ဘူးလေနော်၊ ကိုယ့်ကလေးဆိုရင် အရာအားလုံးပြည့်စုံနေစေချင်တာ မိဘတိုင်းရဲ့အတ္တပဲ ဖြစ်မှာ။ ' အေးပါ ငြိမ်းရယ်၊ ဒါက စိတ်ပူစရာကိစ္စမဟုတ်ဘူးလေ၊ တဖြည်းဖြည်း အသက်ကြီးလာတာနဲ့ သွားဖုံးက ချိုင့်နေတဲ့နေရာမှာ အသားပြန်ပြည့်မှာပဲ ' လို့ ပြန်ဖြေတဲ့စကားကို ကြားမှ စိတ်အေးနိုင်တယ်၊ ဒါတောင် စိတ်ချလက်ချ ယုံသေးတာမဟုတ်ဘူးရယ်။

သမီးဘေးမှာထိုင်ရင်း စကားပြောရင်းက သူနာပြုဆရာမကြီး ဆယ်လ်မာ ကိုယ့်ကို ခေါ်နေကြောင်း တစ်ဆင့်စကားနဲ့ သူနာပြုလေးတွေ လာပြောကြတယ်။ အမျိုးသားကို သမီးဘေး ခဏထားခဲ့ပြီး ဆယ်လ်မာဆီ သွားတွေ့တော့ ' ငြိမ်းရေ. . . ကံကောင်းတာပဲ၊ ဒီမှာ ဈေးနည်းနည်း သက်သာပြီး ဟင်းချက်လို့ရမယ့် ဟိုတယ်တွေ့ထားတယ် ' လို့ သူက လှမ်းပြောတယ်။ ' ဟယ်. . .

တကယ်လား၊ ဘယ်က ရှာတွေ့တာလဲ၊ ဘယ်နားမှာလဲ ’ လို့ ပျော်ပြီး သူ့နား အပြေးသွားရင်း မေးမိတယ်။

‘ ဒေါက်တာ ပရာကတ်ချ်နဲ့ ငါတို့ ဒီရက်ထဲမှာ ဆေးရုံနဲ့နီးပြီး ဈေးလည်း သက်သာ၊ ဆက်ဆံရေးလည်း ကောင်းမယ့် ဟိုတယ်တွေ လိုက်ရှာနေကြတာ၊ ခုတွေ့ပြီ . . . ဒီမှာ ဒီမှာ ဖတ်ကြည့် ’ ဆိုပြီး စာရွက်ပိုင်းလေးပေါ်မှာ ဖုန်းနံပါတ်နဲ့ ဟိုတယ်နာမည် ၃ ခုလောက် ရေးထားတာကို လှမ်းပေးတယ်။ စိတ်ထဲ လှိုက်ခနဲဖြစ်သွားတာက ဒီရက်တွေထဲမှာ ကိုယ့်အပူတွေကို သူတို့တွေ မျှယူနေကြပါလား၊ ဘယ်လို အဆင်ပြေအောင် ကြိုးစားပေးရမလဲဆိုပြီး တိုင်ပင်နေကြပါလား၊ ဒေါက်တာ ပရာကတ်ချ်ဆိုတဲ့ အိန္ဒိယနွယ်ဖွား ဆရာဝန်က ဟိုတစ်ရက်က ကိုယ့်ကို နှီမထွက်တာ ကိုယ့်ကြောင့်၊ စိတ်ဖိစီးမှုလျော့၊ အစားမစားပဲ ဘယ်လိုနို့ထွက်မလဲ၊ တစ်နေ့ အနည်းဆုံး ၆ ကြိမ်လောက် နို့ညှစ်ထုတ်မှ သွေးကြောတွေပွင့်မှာပေါ့ ဆိုပြီး လေသံမာမာနဲ့ပြောထားလို့ ကိုယ် ဝမ်းနည်းဖူးတဲ့ ဆရာဝန်။ ငါ ဒီလောက် စိတ်ရောလူရော ပင်ပန်းနေတာ မသိရကောင်းလား ဂရုမစိုက်ရကောင်းလားဆိုပြီး ဝမ်းနည်းနေခဲ့တာ၊ အမှန်က သူ ကိုယ့်အမျိုးသားနေဖို့ ကြိတ်ပြီး ဟိုတယ်ရှာနေတာကိုး။ ကျေးဇူးတင်လိုက်တာ ဒေါက်တာရေ။

စစ္စတာ ဆယ်လ်မာ လှမ်းပေးတဲ့ စာရွက်လေးကိုကိုင်ပြီး သမီးထားတဲ့ အခန်းထဲပြန်လာ၊ အမျိုးသားကို ပြ၊ ပြီးတော့ ခန္ဓာကိုယ်သေးသေး နူးနူးညံ့ညံ့အသံလေးနဲ့ စကားပြောတတ်ပြီး သမီးကို တခြားသူနာပြုတွေထက် သိသိသာသာပိုဂရုစိုက်တဲ့ ဖိလစ်ပိုင်က သူနာပြုမလေး ရှဘီကိုပါ လှမ်းပြလိုက်တယ်။ သူက ‘ ငြိမ်းရေ . . . ငါတို့ အဲဒီဟိုတယ်တွေကို ဖုန်းလိုက်ဆက်ကြည့်ရအောင် ’ လို့ပြောတော့ ‘ အေး . . . ရှဘီ၊ ငါ့ကို ကူညီပါဦး၊ ငါတို့ဖုန်းတွေက အင်တာနက်ကို အဓိကထားပြီး ငွေထည့်ထားတာဆိုတော့ ဆေးရုံဖုန်းနဲ့ သုံးလို့မရဘူးလားဟင် ’ လို့ ပြန်မေးလိုက်တယ်။

သူက ‘ ငါပြောပေးမယ်နော် . . . လာ လာ ’ ဆိုပြီး အခန်းအပြင် ပြန်ထွက်၊ ဆရာဝန်တွေထိုင်တဲ့ ကွန်ပျူတာအခန်းတစ်ခုထဲကိုဝင်ပြီး အဲဒီက ဆေးရုံသုံးဖုန်းကို သုံးလို့ရမလားလို့ ခွင့်တောင်းလိုက်တယ်၊ အခန်းထဲက ဆရာဝန်တွေက ‘ ငါတို့ မသိဘူးနော်၊ နင်တို့ စစ္စတာကြီးတွေဆီက ခွင့်ပြုချက်ရမှ ဆက်လို့ရမှာ ’ လို့ ပြန်ပြောနေတုန်း စစ္စတာ ဆယ်လ်မာက အခန်းရှေ့က ဖြတ်အသွား . . . ‘ ဟေ့ ဘာဖြစ်နေတာတုန်း၊ ငြိမ်း ဖုန်းဆက်မလို့လား၊ ပေးဆက်လိုက်၊ အဲဒီမှာ သော့ ’ လို့ ခပ်မာမာ လှမ်းအော်ပြီး သော့တစ်ချောင်းထုတ်ပေးတယ်။ ဟုတ်တယ် . . . သီးသန့်ဖုန်းတစ်လုံးကို သော့ခတ်ထားတဲ့ ဘူးတစ်ခုထဲ ထည့်ထားပြီး သော့ဖွင့်ပြီးမှ ဖုန်းကို ထုတ်ယူတာတွေ့ရတယ်။

စားပွဲပေါ်မှာတော့ တစ်ခြားဖုန်းတွေလည်း သုံးလေးလုံးတွေ့ပေမယ့် ဆေးရုံတွင်း ဆက်တဲ့ သီးသန့် ဖုန်းတွေများလားလို့ပဲ မှတ်ယူမိတော့တယ်။

ရှုဘီက ' ငြိမ်း. . . ငါ ဆက်ပေးမယ်၊ ဈေးပါ ဆစ်ရမယ် 'လို့ ပြောပြီး ဟိုတယ်တွေ တစ်ခုပြီးတစ်ခု လိုက်ဆက်တယ်။ နောက်ဆုံး တိုက်ဂါးဆိုတဲ့ ဟိုတယ် apartment နဲ့မှ အဆင်ပြေသွားတယ်။ တစ်ရက်ကို ရီရယ် ၂၀၊ တစ်ပတ်စာ ကြိုရှင်း၊ မြန်မာငွေဆိုရင်တော့ တစ်ရက်ကို ခြောက်သောင်းလောက်ပေါ့။ ဟင်းလည်း ချက်လို့ရမယ်၊ အခန်းလည်း ကျယ်မယ်၊ အနားမှာ စူပါမားကက်၊ ကော်ဖီဆိုင်နဲ့ လူနေတိုက်ခန်းတွေ၊ ဆေးဆိုင်တွေလည်း ရှိမယ်၊ ဆေးရုံနဲ့တော့ နည်းနည်းလှမ်းမယ်။ ရတယ်။ အခန်းယူလိုက်တော့မယ်။ နီးတာ ဝေးတာ၊ ဈေးသက်သာတာထက် ဟိုတယ် မဂျန်မှာကို ဆက်မထားချင်တော့တာ၊ အမျိုးသားဆီလိုက်သွားတိုင်း ရှစ်ခေါက်ချိုးထားတဲ့မျက်နှာနဲ့ မသက်သာသလို ကိုယ်တွေကိုလိုက်ကြည့်တဲ့ မျက်နှာကြောမာမာ ဝန်ထမ်းတွေကို မုန်းလွန်းလို့၊ လက်ပံတောင်းကျောက်တောင်တွေလို လူသူမရှိဘဲ ပူလောင်ခြောက်သွေ့နေတဲ့ တောင်တန်းတွေနဲ့ တောင်ဖြိုနေတဲ့ လုပ်ငန်းခွင်တွေကို မျက်နှာချင်းဆိုင်မြင်နေရတာ မကြိုက်လွန်းလို့၊ အလျှံညီးညီး တောတ်လောင်သလို ပူနေတဲ့ ကားလမ်းမကြီးမှာ ရပ်ကွက်မရှိ လူမရှိဘဲ နှစ်ယောက်တည်း ချွေးဒီးဒီးကျအောင် လမ်းလျှောက်ရတာ မနှစ်မြို့လွန်းလို့ မဂျန်ဟိုတယ်က ခွာတော့မယ်။

အသစ်ပြောင်းရမယ့် တိုက်ဂါးဟိုတယ်ကို သွားလေ့လာဖို့ သမီးဆီကနေ အမျိုးသားက ခပ်မြန်မြန် ပြန်ထွက်သွားတယ်။ သူ ဂူဂဲလ်မတ်ကနေ ဟိုတယ်ကို လိုက်ရှာပြီး အခန်းကြည့်မယ်၊ ဖုန်းကြိုဆက်ထားတဲ့ ဝန်ထမ်းနာမည်ကို မမေ့အောင် ရေးပေး၊ ပြီးတော့ အဆင်ပြေတာနဲ့ ဒီတစ်ညပဲ မဂျန်မှာ ဆက်နေတော့မှာမို့ အိတ်တွေ ရွှေ့ရင်း ဟိုတယ်ခ ၂ ရက်ပေးသွင်းထားတာဆိုတော့ တစ်ရက်စာ ပြန်တောင်းရမယ်နော်လို့ အမျိုးသားကို သေချာမှာလိုက်တယ်။ သူက စကားနည်းရန်ဆဲ အရမ်းလုပ်တတ်ပြီး ဘယ်လိုကိစ္စမျိုးမဆို မရှင်းပြချင်၊ စကားမပြောချင်၊ သူ့ကို လူတွေဘယ်လိုထင်ထင် ဂရုမစိုက်ဘဲ သူ့ဖာသာ အေးဆေးပဲနေတတ်တဲ့ လူမျိုးလေ။

နေ့လယ်ခင်း ကျွန်မ အဆောင်ခဏပြန်တဲ့အချိန်မှာ အမျိုးသားဆီက ဟိုတယ်အသစ်က လမ်းနည်းနည်း ပိုလျှောက်ရသလိုဖြစ်ပေမယ့် လူနေရပ်ကွက်ထဲမှာဆိုတဲ့အကြောင်း၊ ဝန်ထမ်းတွေက သဘောအရမ်းကောင်းပြီး ဖိလစ်ပိုင်လူမျိုးတွေ အများဆုံးတွေ့ရကြောင်းနဲ့ ကော်ဖီဆိုင်လေးတွေ၊ မုန့်ဆိုင်လေးတွေရှိကြောင်း၊ သူ သဘောကျကြောင်း လှမ်းပြောတယ်။ ပြီးတော့ တိုက်ဂါးမှာနေရမယ့် အခန်းလည်း ကျယ်တာမို့ ကျွန်မလိုက်နေမယ်ဆိုရင်လည်း အပိုငွေ ထပ်မပေးရ

ကြောင်း၊ အထုတ်တွေကို မနက်စောစော ရွှေ့ဖို့ပြင်ထားပြီး အခန်းခလည်း တစ်ရက်စာ ပြန်နုတ် ယူလိုက်ကြောင်းတွေ စာပို့လာတယ်။

ညနေ သူနဲ့ ဆေးရုံပေါက်ဝမှာတွေ့တော့ တစ်နေကုန် ဟိုတယ်အသစ်လိုက်ရှာ၊ အဟောင်းဆီပြန်သွား၊ ဆေးရုံကို ပြန်ပြေးလာနဲ့ ခေါက်တုံ့ခေါက်ပြန် နေပူကြီးထဲ လမ်းလျှောက်ခဲ့ရ ပေမယ့် သူပျော်နေပုံပဲ။ ကိုယ့်ကို တစ်ချိန်လုံး အထင်သေးသလို၊ မယုံကြည်သလို၊ နှိပ်ကွပ်သလို လုပ်နေတဲ့ ပတ်ဝန်းကျင်ကနေ ထွက်ခွာပြီး နေရာသစ်တစ်ခု ရလိုက်နိုင်တာကိုက တကယ်ပျော် ရောပဲ။ သူ့ကိုကြည့်ရင်း သူပျော်သလို ကျွန်မလည်း ပျော်တယ်။ ပြီးတော့ တက်တက်ကြွကြွ လမ်းလျှောက်မြ၊ ကျွန်မကို ' မိန်းမရေ. . . အိုမန်က ရှိုင်ရယ်ဆေးရုံမှာ မိန်းမက အလန်းဆုံးပဲ သိလား ' လို့ လှမ်းစနောက်သေးတာ။

အင်းလေ. . . ဆေးရုံတစ်ခုလုံး ခေါင်းအစခြေအဆုံး အနက်ရောင်တွေ ဖုံးထားတဲ့ အမျိုးသမီးတွေရယ်၊ ပန်းရောင် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ခေါင်းဆောင်းဝတ်ထားတဲ့ ဆေး ရုံဝန်ထမ်းတွေရယ်၊ အညိုရောင် ကိုယ်လုံးပြည့်ဖုံးထားတဲ့ အစားအသောက်နဲ့ သန့်ရှင်းရေး ဝန်ထမ်း တွေရယ်ကြားမှာ ကြည်ကြည်လင်လင် သွက်သွက်လက်လက် ကျွန်မက အလန်းဆုံးပဲမဟုတ်လား။ သမီးနဲ့တွေ့တုန်း အဲဒီပျော်စရာတွေပါ တိုးတိုးလေး ကပ်ပြောပြီး ညည့်နက်တော့ သမီးဆီကအပြန် အဆောင်ကိုပြန်ဝင်ပြီး ညစာအတွက်ထားထားတဲ့ ခပ်ထူထူနံပြား ကူးဘိုစ်နှစ်ချပ်ထဲကို ဆိတ်သား လှီးထင်ရတဲ့ အသားချက်ထားတာတွေ ထည့်လိပ်၊ ကိုယ့်ရဲ့ကိုယ်တာ အအေးဘူးသေးလေး နှစ် ဘူးယူ၊ တစ်ရှူးယူပြီး အမျိုးသားနဲ့အတူ ဆေးရုံဝင်းထဲက မြက်ခင်းပေါ်မှာ ညစာအဖြစ် ထိုင်စား ခဲ့တယ်။ အနားမှာ အိုးတွေ၊ ချိုင့်တွေ၊ ရေသန့်ဘူးကြီးတွေနဲ့ အုပ်စုလိုက် စားသောက်နေကြတဲ့ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေတဲ့ ဝတ်ရုံတွေ၊ ခေါင်းပေါင်းတွေနဲ့ အိုမန်အမျိုးသားကြီးတွေက ကိုယ်တွေနှစ်ယောက်ကို ကြည့်ရင်း အံ့သြနေကြပုံပဲ။ ခပ်တည်တည်နဲ့ နှစ်ယောက်သား ကူးဘိုစ်လိပ် ထားတာလေး ထုတ်စား၊ အအေးဘူးလေးသောက်ပြီး အမျိုးသားက မာတ်ပုံရိုက်၊ ဖေ့စ်ဘွတ်ခ်ပေါ် တင်လိုက်တော့ မြန်မာပြည်က ကိုယ့်မိတ်ဆွေတွေက အားကျလိုက်တာ၊ စားချင်စရာကြီး၊ ချိန်းတွေ့ နေကြတယ်ပေါ့ဆိုတဲ့ ကွန်မန့်တွေ ရေးကြပါလေရော။

ကိုယ်တွေ လင်မယားနှစ်ယောက်မှာလည်း မရှိမဲ့ ရှိမဲ့ ညစာကို ဝမ်းသာပြတဲ့ မိတ် ဆွေတွေကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အော်ရယ်မိကြပါလေရော။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၂၅)



အမျိုးသား ဦးဆောင်ခေါ်သွားတဲ့
တိုက်ဂါးဟိုတယ်ဆိုတာက ဆေးရုံရဲ့
ညာဘက်က ကားပါကင်လမ်းအတိုင်း
ဆင်းသွားပြီး ဘယ်ဘက်ချိုး၊ လမ်းမပေါ်
တည့်တည့် အဆုံးထိလျှောက်ချင်လျှောက်၊
မလျှောက်ချင်ရင် ရန်ကုန်က ဝင်ဒါမီယာလို့
ခေါ်ကြတဲ့ အိမ်အကြီးကြီးတွေရှိတဲ့
ရပ်ကွက်ထဲ ချိုးဝင်ပြီး ပတ်လျှောက်။

မနက် ၈ နာရီ ဆေးရုံပေါက်ဝမှာ ချိန်းထားပေမယ့် ၈ နာရီခွဲလောက်မှ ချွေးတရွဲရွဲနဲ့ အမျိုးသား ရောက်လာတယ်။ တစ်ကိုယ်လုံး ချွေးတွေနစ်နေပေမယ့် သူ့ကိုကြည့်ရတာ ကြည်ကြည်လင်လင်ပဲ။ မနေ့ညကစပြီး တိုက်ဂါး apartment ကို ပြောင်းသွားတာဆိုတော့ အတွေ့အကြုံတွေ တိုးမေးဖို့ ကိုယ်ကလည်း စောင့်နေမိတာ။ သူက ပြန်ရင် လမ်းထိပ်က စူပါမားကတ်မှာ ဈေးဝင်ဝယ်ပြီး ညစာကြိုချက်ထားမယ်၊ ထမင်းလည်း ချက်ထားမယ်လို့ ပျော်ပျော်ရွှင်ရွှင်ပြောနေတယ်။ အဆင်ပြေနေတယ်ဆိုတော့ နေ့လယ်ခင်း သူပြန်ရင် ကိုယ် မလိုက်သွားသေးဘဲ သမီးနဲ့ပဲ နေခဲ့ဦးမှာလေ။ ညနေကျမှ အဲဒီ တိုက်ဂါးကို လိုက်ကြည့်ရမယ်။

သမီးကိုကြည့်တဲ့ ဆရာဝန်တွေထဲမှာ ပီကေလေး ဝါးဝါးနေပြီး ပြုံးတုံ့တုံ့ လုပ်နေတတ်တဲ့ ဒေါက်တာ ဘီလယ်ဆိုတာလည်း ပါသေးတယ်။ သူက NICU ကိုရောက်သမျှ ကလေးတွေ အကုန်လုံးအတွက် အစာအိမ်၊ ဦးခေါင်းပိုင်း၊ သွေး စသဖြင့် ခွဲထားပုံမရဘဲ အကုန်လုံး ကြည့် ရတဲ့ပုံပဲ။ ဒီနေ့တော့ သမီးကို လက်မောင်းကနေ သွင်းထားတဲ့ပိုက်တွေ ဖြုတ်တော့မယ်လို့ ပြော တယ်။ တော်ပါသေးရဲ့ အပ်လား ပိုက်လား မကွဲပြားတဲ့ ဒီအပ်ချည်မျှင်လိုအရာလေးကို သူ့ လက် မောင်းတစ်ခုလုံးမှာ ပလာစတာတွေနဲ့ကပ်ထားပြီး အသားထဲစိုက်၊ အဲဒီကနေ နှလုံးကို တိုက်ရိုက် သွားတာ။ နှလုံးမှာ အပေါက်သေးသေးပါတယ်လို့လည်း သိထားတော့ အဲဒီအပေါက် ကလေး ပြည့်သွားမှ ဒါမှမဟုတ် အခြေအနေကောင်းမှ အဲဒီအပ်လည်း ဖြုတ်ရမှာကိုး။

ခု ဖြုတ်ရတော့မယ်လို့ ပြောတော့ သူလည်း နေရသက်သာတော့မယ်၊ နှလုံးလည်း အခြေအနေတိုးတက်လာတယ်ဆိုတဲ့ သဘောဆိုတော့ ဝမ်းသာလိုက်တာမှ။ ဒါပေမဲ့ ဆရာဝန်တွေ သူနာပြုတွေက သွေးဖောက်တာကအစ တစ်ခုခုလုပ်မယ်ဆို ကိုယ့်ရှေ့မှာ ဘယ်တော့မှ မလုပ်ကြတော့ဘူး။ ကိုယ်မရှိတဲ့အချိန်လေးပဲ သေချာလုပ်ကြတော့တာ ဟိုတစ်ခေါက် ကိုယ့်ရှေ့မှာ ကလေး သွေးဖောက်ခံရတုန်းက မျက်ရည်မကျအောင် ကိုယ့်ကိုယ်ကိုယ် ဆွဲဆိတ်၊ လက်တွေ ကြိတ်ကိုက်နေတာ သူတို့ မြင်တတည်းကပဲ။

သမီးကိုထားခဲ့ပြီး သူ့အတွက် နို့ညှစ်ပေးဖို့ နို့ညှစ်ခန်းထဲရောက်တော့ အရင်ရောက်နေတဲ့ အမျိုးသမီးတွေထဲက တစ်ယောက်က ကိုယ့်ကို ပြုံးပြလာတယ်၊ ကိုယ်လည်း အံ့သြပြီး ပြန်ပြုံးပြတော့ သူက ကလေးအခြေအနေ ဘယ်လိုလဲတဲ့။ ဟုတ်ကဲ့ တော်တော်တိုးတက်လာပါတယ်လို့ ပြန်ဖြေလိုက်တော့ အဲဒီအမျိုးသမီးက ဘေးက နို့ညှစ်ထုတ်နေတဲ့ နောက်တစ်ယောက်ကို အာရဗီလိုတွေ ပြန်ပြောနေတယ်။ နားမလည်ပေမယ့် ကိုယ့်အကြောင်းပြောမှန်းလည်း သိနေတော့ နို့

များများ ထွက်ဖို့ ဘယ်လိုလုပ်ရမလဲဆိုတာကိုပဲ ဖိတွေးနေလိုက်တော့တယ်။

ဒါပေမဲ့ အခန်းထဲက အမျိုးသမီးတွေ အကုန်လုံး ကိုယ့်ကို သေချာဝိုင်းကြည့်ကြပြီး လေယာဉ်ဆိုတဲ့ စကားလုံးထုတ်ပြောမှ ' အော် . . . သူတို့ လေယာဉ်ပေါ်မှာ ကလေးမွေးတာကို အထူးအဆန်းလုပ် ပြောနေကြတာကိုး ' လို့ သဘောပေါက်မိတယ်။ သူတို့ထဲက အင်္ဂလိပ်လို ပြောတတ်တဲ့ တစ်ယောက်က ကိုယ့်ကို အဆင်ပြေလား ဘာညာမေးတော့ နို့ကိစ္စပဲ စိတ်ညစ်နေတာလို့ ပြန်ပြောပြမိတယ်။ အမှန်ဆို မိခင်တစ်ယောက်က ၇ လတာ ကိုယ်ဝန်လွယ်ထားရပြီဆိုရုံနဲ့ သူ့ ရင်သားထဲမှာ နို့ရည်ကြည်တွေ နို့ဖြူဖြူတွေက အလိုလိုရောက်ပြီးသားပဲ။ လက်နဲ့ ညှစ်ထုတ်လိုက်ရင်တောင် နို့တွေ ထွက်လာတတ်ကြတယ်။ ကိုယ်ကတော့ လေယာဉ်လေဖိအားနဲ့ ရုတ်တရက် စောမွေးတာ ၆ လ ထဲမှာတင်ဆိုတော့ အဲဒီ နို့ရည်ရနေတဲ့အဆင့်လည်း မရောက်သေး၊ ကလေး အပြင်ရောက်ပြန်တော့လည်း စိတ်ဖိစီးမှုနဲ့မတူညီတဲ့ အစားအစာ၊ အပူချိန်တွေကြောင့် နို့က ထွက်တယ်ဆိုရုံလေးပဲ ထွက်နေတာ။ ဒါတောင် မျက်ရည်ပေါက်ပေါက်ကျမတတ် အနာခံပြီး အားအပြင်းဆုံး ညှစ်စက်နဲ့ စုပ်ထုတ်နေရတာရယ်။

နို့ထွက်များစေချင်တဲ့အကြောင်း ထုတ်ပြောမိတော့ သူတို့က အချင်းချင်း အာရပ်လို ပြန်တိုင်ပင်ကြတယ်၊ ပြီးတော့ ကိုယ့်ကို ' ဖိနိုဂရိ ' လို့ ခေါ်တဲ့ အစေ့ကိုသောက်ဖို့ တစ်ယောက်က ပြန်ရှင်းပြတယ်၊ အရမ်းဝဲလွန်းတဲ့ အင်္ဂလိပ်သံမို့ အားစိုက်နားထောင်၊ ကိုယ်လည်း အသံထွက်ကို အလွတ်လိုက်ကျက်ပြီး ဘယ်လိုသောက်ရတာလဲဆိုတော့ နွားနို့နဲ့ ပြုတ်သောက်ရမယ်၊ ဒီအတိုင်းတော့ ခါးလွန်းလို့ မသောက်နိုင်ကြဘူးတဲ့။ ' အိုခေ . . . အိုခေ ဖီနိုဂရီနော် ' လို့ပဲ သေချာမှတ်ပြီး သမီးဆီ ပြန်ခဲ့တော့တယ်။

နေ့လယ်ရောက်တော့ မွန်းတည့်နေပူကြီးထဲ အမျိုးသားက သူ့ ဟိုတယ်ပြန်၊ ကျွန်မက အဆောင်ပြန်။ အဆောင်မှာ နေ့လယ်စာစားပြီး နာရီဝက်လောက် နားပြီးတာနဲ့ သမီးဆီ ခပ်သုတ်သုတ် ပြန်ပြေးလာ၊ ညနေစောင်းတော့ အဆောင်ပြန်၊ ရေချိုး၊ ပြီးတော့ သမီးဆီတစ်ခေါက်ပြန်လာ။ အဲဒါ နေ့တိုင်းလုပ်နေတဲ့ ခေါက်တုံ့ခေါက်ပြန်အလုပ်ပဲ။ ခု . . . သမီးကို တစ်နေ့ တစ်နာရီ ချီခွင့်ရနေပြီဆိုတော့ ကိုယ့်ကို ပိုသိနေပြီလေ။ အဲဒီတော့ သူ့အနားမှာ များများနေပေးရမယ်၊ မဟုတ်ရင် သူတစ်ယောက်တည်း အားငယ်နေမလားပေါ့။ ဒါတောင် မတွေ့ရတဲ့ တစ်နာရီလောက် အတွင်း စိတ်နဲ့ လှမ်းစကားပြောနေရတာ အချိန်ပြည့်ပဲ။ ဦးစိုင်း သင်ပေးခဲ့တာကိုး၊ သမီးက သူ့ စိတ်ထဲမှာ ကျွန်မနဲ့ အရင်းနှီးဆုံးဖြစ်မှာမို့ စိတ်နဲ့အမြဲ လှမ်းစကားပြောပြီး အားပေးနေရမယ်၊

အိုးကျူးနေရမယ်၊ အပြစ် လုံးဝ မတင်ရဘူးတဲ့လေ။

ကိုယ်မသိတဲ့နေရာတစ်ခုမှာ တစ်ယောက်နဲ့တစ်ယောက် ခဏလေး အဆက်အသွယ်ပြတ်သွားရင်တောင် စိတ်က အတော်ပူကြရတာဆိုတော့ နေ့လယ် ထမင်းစားပြီး အမျိုးသားကို ဖုတ်တယ်ကို သေချာပြန်ရောက်ရဲ့လား မေး၊ ပြီးတော့ သမီးဆီ ပြန်သွားဖို့ အပေါ်က ဒူးလောက်ရှည်တဲ့ အနွေးထည်ကြီး ဝတ်၊ အမျိုးသားယူလာခဲ့တဲ့ ပန်းရောင်ဦးထုတ်ပျော့ကြီးကို ဆောင်းပြီး ရေသန့်ဘူးအေးအေးကို လက်ထဲကိုင်ပြီး သမီးဆီကို ပြန်ထွက်လာခဲ့တယ်။ ထီးကိုတော့ အမျိုးသားအပြန်မှာ ပေးလိုက်ပြီ။ အခန်းတွေ အဆင့်ဆင့်ကျော်ပြီး သမီးအခန်းထဲအဝင် ' သမီးရေ မေမေရောက်ပြီ ' လို့ ပြောပြီး သူ့ ဖန်ပေါင်းချောင်ထဲ ငုံ့ကြည့်လိုက်တော့ သမီး မဟုတ်တော့ဘူး။ မျက်လုံးကို ပြူးပြူးသေချာငုံ့ကြည့်ပြန်တော့ သမီးမဟုတ်တဲ့ နောက်ထပ်ကလေးတစ်ယောက်။ ' ဟမ် . . . သမီးရော ' လို့ အခန်းထဲက လူတွေကို အော်မေးလိုက်တော့ တစ်ခါမှမတွေ့ဖူးတဲ့ တာဝန်ကျ သူနာပြုတွေက ကိုယ့်ကို အူကြောင်ကြောင်ပဲ ပြန်ကြည့်ကြတယ်။

' စစ္စတာရေ . . . စစ္စတာ ဆယ်လ်မာ . . . ကျွန်မ သမီးရော ' လို့ အော်မေးပြီး reception ကို အမြန်ပြေးတော့ နောက်တစ်ခန်းကျော်လောက်ကနေ ဒေါက်တာ အာမတ်က မြန်မြန်ထွက်လာပြီး ' ငြိမ်းရေ . . . စိတ်မပူနဲ့၊ စိတ်လျှော့ စိတ်လျှော့၊ ကလေးက အခြေအနေတိုးတက်လို့ နောက်တစ်ခန်း ပြောင်းလိုက်ပြီ ' တဲ့။ ' ဘယ်မှာလဲ၊ အဲဒီအခန်းက ဘယ်မှာလဲ ' လို့ ဆက်မေးတော့ သူက ညာဖက် နောက်တစ်ခန်းကျော်က ကလေး ၆ ယောက်ကြားကို ကိုယ့်ကို ခွဲခေါ်သွားတယ်။ ဖြူဖြူ ဝဝတုတ်တုတ် ကလေးကြီးတွေကြားမှာ မည်းမည်းပိန်ပိန် သေးသေး ကျွန်မရဲ့ သမီးလေးက ခြေပစ်လက်ပစ် အိပ်နေတာ။ လက်က ပိုက်တွေ မရှိတော့သလို အောက်ဆီဂျင်ကလည်း ပေးတယ်ဆိုရုံလောက် ကလေးပဲ ပေးထားတာ။ တော်ပါသေးရဲ့ သမီးရေ။ ခုန သမီးကို မတွေ့တဲ့အချိန်ကနေ အသက်ရှူမိရဲ့လား မသေချာခဲ့တာ၊ ကလေးမျက်နှာ ပြန်တွေ့ရမှပဲ ဟူးခနဲ သက်မချမိတဲ့အထိ။

ဒေါက်တာက ရယ်ရယ်မောမော လုပ်၊ အားပေးပြီး ပြန်ထွက်သွားတော့မှ အခန်းထဲက သူနာပြုတွေအခြေအနေကို လှည့်ပတ်ကြည့်ရတယ်။ ကိုယ်မမြင်ဖူးတဲ့ အသစ်တွေလေ။ တော်ကြာ သမီးကို ဂရုမစိုက်မှာ၊ သမီး အော်ငိုလို့ စိတ်မကြည်မှာ ပူရပြန်တာပေါ့။ ဒါပေမဲ့ အိန္ဒိယနွယ်ဖွားတွေဖြစ်ပုံရတဲ့ သူတို့က ခပ်တည်တည်ပဲ ကိုယ်လုပ်စရာရှိတာတွေ ဆက်လုပ်နေကြတယ်။ ကျွန်မကတော့ နို့သွားမညှစ်ခင် သမီးနားကပ်ပြီး တိုးတိုးလေး စကားတွေပြောနေတာ။ သမီး အရမ်းတော်

တဲ့အကြောင်း. . . အခု တိုးတက်လို့ သမီး ကြိုးစားလွန်းလို့ နောက်တစ်ခန်းကို ပြောင်းရပြီဆိုတဲ့ အကြောင်း။

နို့ညှစ်ပြီး သမီးအနားမှာ ပြန်ထိုင်၊ စာရင်းထိုင်လုပ်နေတဲ့ သူနာပြုဆရာမ တစ်ယောက်ကို အကဲစမ်းပြီး စကားစရတော့တယ်။ ဆရာမက အိန္ဒိယကလား၊ မြန်မာနိုင်ငံကို သိလားပေါ့။ ကျွန်မက အိန္ဒိယနယ်စပ်မြို့ကို ရောက်ဖူးပြီး အရမ်းလှတယ်၊ ခုချိန်ဆို စိမ်းစိုနေမှာပဲ၊ ဒီမှာက အရမ်းပူတယ်ပေါ့၊ ဆရာမတို့ ရှုပီးငွေသုံးတာ မဟုတ်လားပေါ့။ အိန္ဒိယဇာတ်ကားတွေ မင်းသားတွေ ကျွန်မတို့နိုင်ငံမှာ အရမ်း ခေတ်စားတယ်ပေါ့။

အစပိုင်း စကားစပြောတုန်းက အလုပ်ရှုပ်ရတဲ့ကြားထဲ ဘာတွေလာပြောနေတာလဲဆိုတဲ့ ပုံစံတွေနဲ့ သိပ်မကြည်သလိုဖြစ်နေပေမယ့် ဆာရီတွေ လှတဲ့အကြောင်း၊ ငှက်ပျောပင်တွေ များတဲ့အကြောင်း၊ ပဲတွေလည်း အရမ်းစားကောင်းကြောင်းတွေ စီကာပတ်ကုံး ပြောပြီးတဲ့အချိန်မှာ သမီး အခန်းထဲက အိန္ဒိယသူနာပြုတွေနဲ့ ကျွန်မ ခင်သွားပြီ။ သမီးအတွက်တော့ စိတ်သိပ်မပူရတော့ဘူး. . . အိုခေပြီ။ ကျွန်မ သမီးကို ဘယ်လိုမွေးရကြောင်း၊ ဘယ်လောက် စိတ်ပူကြောင်းတွေ ဆက်ပြောတော့ သူတို့က ရယ်ရယ်မောမော ပြန်ပြောကြတယ်။ သိတယ်တဲ့။ ဒီ ward တစ်ခုလုံးမှာ လေယာဉ်ပေါ်မှာ ကလေးမွေးပြီး ရုတ်တရက် ဆေးရုံလာတက်ရတာ ကျွန်မနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က လက်ဘနွန်က အမျိုးသမီးပဲ ရှိတယ်တဲ့လေ။ ဩော်. . . ဒါဆို သူတို့ အကုန်သိနေကြပြီးသားပေါ့။

နေစောင်းတော့ အဆောင်မှာ ရေပြန်ချိုးဖို့ သမီးဆီက ခဏပြန်၊ ပြီးတော့ ရေမိုးချိုး အဝတ်အစားလဲ၊ အမျိုးသားလည်း သူ့ဟိုတယ်က ပြန်ထွက်လာမှာဆိုတော့ ဆေးရုံပေါက်ဝမှာ ပြန်စောင့်၊ ပြီးတော့ သမီး အခန်းပြောင်းရတဲ့အကြောင်းကို ဝမ်းသာအားရ ပြောပြဖြစ်ခဲ့တယ်။ သမီးဘေးမှာ လင်မယားနှစ်ယောက် ထိုင်လိုက် ထလိုက် စကားပြောလိုက်နဲ့ နောက်ထပ် ဂျူတီ ချိန်းမယ့် သူနာပြုတွေအပြောင်းကို စောင့်၊ ကိုယ်က တစ်နာရီကျော်ကြာအောင် နို့ထပ်ညှစ်၊ ပြီးတော့ ဆရာမအဟောင်းတွေနဲ့ အသစ်တွေကြား သမီးအကြောင်းပြောတာတွေကို သေချာနားထောင်ပြီး စိတ်ချရတော့မှ ပြန်တော့မယ့်အကြောင်း ပြောပြီး နှုတ်ဆက်၊ ကလေးကို သေချာအပ်ပြီး ဆေးရုံက ထွက်လာခဲ့တယ်။

အမျိုးသား ဦးဆောင်ခေါ်သွားတဲ့ တိုက်ဂါးဟိုတယ်ဆိုတာက ဆေးရုံရဲ့ ညာဘက်က ကားပါကင်လမ်းအတိုင်း ဆင်းသွားပြီး ဘယ်ဘက်ချိုး၊ လမ်းမပေါ်တည့်တည့် အဆုံးထိ လျှောက်

နှင့်လျှောက်၊ မလျှောက်ချင်ရင် ရန်ကုန်က ဝင်ဒါမီယာလို့ ခေါ်ကြတဲ့ အိမ်အကြီးကြီးတွေရှိတဲ့ ရပ်ကွက်ထဲ ချိုးဝင်ပြီး ပတ်လျှောက်။ နောက်ဆုံး လူနေရပ်ကွက်အသစ်ပုံစံ တိုက်ခန်းတွဲတွေ ဆိုင်တွေကို တွေ့ရတော့မှ ဘယ်ဖက်ထပ်ချိုးပြီး ဆက်လျှောက်။ လမ်းဆုံးလို့ မတ်စကတ်မြို့ရဲ့ ဘတ်စ်ကားတွေ ကားတွေသွားတဲ့ လမ်းမကြီးကိုမရောက်ခင် လမ်းသွယ်တစ်ခုထဲ ချိုးဝင်သွားရင် ဟိုတယ်ရောက်ပြီ။

အဲဒီလောက် ဖေးမယ်မထင်ထားတော့ လမ်းလျှောက်ရင်း အမျိုးသားကို အတော်အံ့ဩမိတာ၊ ဆေးရုံက ကုန်းအမြင့်ပေါ်မှာဆောက်ထားတော့ မနက်တစ်ခေါက်၊ အပြန် နေမွန်းတည့် တစ်ခေါက်၊ ညနေစောင်းတစ်ခေါက်၊ ညဖက် ခု ကိုယ်နဲ့အတူ တစ်ခေါက်. . . ဒီလမ်းကို ပြုံးပြုံးရွှင် ရွှင် လျှောက်နေခဲ့တာ။ အကွာအဝေးက တစ်နာရီနီးပါးလျှောက်ရတော့ (သူကတော့ မြန်မြန် လျှောက်ရင် နာရီဝက်လောက်ဆိုရောက်တယ် ပြောတာ) ရပ်ကွက် သုံးခုစာလောက် ဝေးတာကိုး လေ။ လျှောက်ရင်း ဟိုတယ်လမ်းထိပ်နားက စူပါမားတက်ရောက်တော့ နေ့လယ်ကတည်းက ဆန်၊ ရေ၊ ကြက်ဥတွေ ဝယ်ထားတဲ့အကြောင်း သူပြောပြနေတယ်၊ ဟင်းက ကြက်ဥပြုတ်သုပ်ပဲ။ ဒါပေမဲ့ သူ့ကို ကျွန်မတို့ အခု လမ်းတွေ ဒီလောက်လျှောက်လာနိုင်ခဲ့ပြီ၊ သံမီးလည်း အခြေအနေ တိုးတက်လို့ နောက်တစ်ခန်းကို ပြောင်းရပြီ။

အဲဒီတော့ ဂုဏ်ပြုတဲ့အနေနဲ့ ညစာ ဆိုင်မှာစားကြရအောင်. . . ဒီနားမှာ အာရှဆိုင် တစ်ဆိုင်ရှိတယ်လို့ ဆေးရုံက သူနာပြုတွေ ညွှန်ထားတယ်လို့ သူ့ကို ပြောလိုက်တယ်။ ပြီးတော့ ဟိုတယ်ကို အရင်ဝင်၊ သုံးလွှာက အခန်းကျယ်တစ်ခုမှာ အထုပ်အပိုးတွေကို နေရာတကျ သူက စီစဉ်ထားပြီးသား။ ဟိုတယ်ဝန်ထမ်းတွေကို အရင်ပြုံးပြလိုက်တော့ သူတို့လည်း တအံ့တဩ နွေး နွေးထွေးထွေး ပြန်ပြုံးပြကြတယ်။

ပြီးတော့ လမ်းထိပ်ပြန်ထွက်ပြီး Asian ဆိုတဲ့ အာရှစာရတဲ့ စားသောက်ဆိုင်ကို ရှာ၊ ထမင်းကြော်၊ ဆူရှီနဲ့ တုံယမ်းဟင်းချို တစ်ဝစားပစ်လိုက်ကြတယ်။ ကုန်ကျစရိတ်က အဲဒီက ဟိုတယ်တစ်ရက်စာထက် ပိုများတယ်. . . ဒါပေမဲ့ ကျွန်မတို့ စားလိုက်သင့်တယ်လေနော်. . .။

■ ■ ■

## ချစ်ရပါသော အိုမန်နီ ( ၂၆ )



နှို့ညှစ်ခန်းထဲမှာ တစ်ခါတလေ
တစ်နာရီကျော်လောက်ကြာပေမယ့်
သမီးဆီ ပြန်ရောက်လာလို့
ကိုယ်ရလာတဲ့ နို့ဘူးလေး အမျိုးသားကိုပြ၊
နာ့စ်မတွေ၊ ဆရာဝန်တွေကို
လိုက်ကြွားနဲ့ ပျော်ရတာ။

မတ်စကက်မြို့မှာ နွေရာသီ ကုန်တော့မယ်ထင်တယ်။ နွေနှောင်းပန်းလို့ ယူဆရတဲ့ ပန်းရောင်စုံတွေ နေရာတိုင်းမှာ ပွင့်နေကြပြီ။ အရိပ်ရ အပင်ကြီးကြီးမရှိပေမယ့် အသီးကြွေတွေ ဖြန့်ကြဲနေတဲ့ စွံပလွံပင်တွေ၊ စပယ်ပင်ခြုံလေးတွေ၊ အဝါရောင်လမ်းဘေးပန်းတွေအပြင် မြေပြင်နဲ့ ကပ်ပေါက်တဲ့ နှယ်ပန်းပင်လေးတွေကအစ ရောင်စုံပန်းပွင့်တွေ ပွင့်နေကြပြီ။

လေယာဉ်မထွက်ရတဲ့ နေ့တွေတိုင်း ခဏခဏလာတွေ့တဲ့ အိုမန်လေကြောင်းလိုင်းက အစ်မတွေပြောတဲ့ အရမ်းလှတဲ့ မတ်စကတ်မြို့ရဲ့ ဆောင်းရာသီရော ရောက်တော့မလားမသိဘူး။ မနက်စောစောကတည်းက တိမ်တွေက ကြည်စင်နေပြီး နေရောင်ကလည်း လင်းလက်နေတာပဲ။ ပြီးတော့ လေတွေလည်း စတိုက်နေပြီ။

တိုက်ဂါးဟိုတယ်ကနေ ဆေးရုံကိုသွားတဲ့ လမ်းတစ်လျှောက်မှာတော့ သစ်ပင်အကြီးကြီးတစ်ပင် ရှိတဲ့နေရာကို ဖြတ်သွားရတယ်။ အဲဒီနေရာရောက်တာနဲ့ တစ်လမ်းလုံး အရိပ်မရှိဘဲ နေပူပူထဲ လျှောက်လာသမျှ ခဏမတ်တပ်ရပ်ရင်း အမောဖြေရတာပဲ။ ပြီးတော့ အဲဒီ အပင်ကြီး (ကုလားမန်ကျည်းလို့ ခေါ်တတ်ကြတဲ့ ပင်စည်ကြီးကြီးနဲ့ သစ်ပင်) အောက်မှာ ရပ်လိုက်တာနဲ့ တိုက်နေတဲ့ လေတွေက ပိုအေးသလိုပဲ။ အရှေ့ဘက်ကိုကြည့်လိုက်ရင် တောင်ကုန်းအမြင့်ပေါ်မှာ ဆောက်ထားတဲ့ ရှိုင်ရယ်ဆေးရုံကြီးနဲ့၊ သက်ဆိုင်ရာ အဆောင်ခွဲတွေ၊ ပြီးတော့ ဆေးရုံဝန်ထမ်းနဲ့ လူနေအဆောင်ခွဲတွေ။ မျက်နှာချင်းဆိုင်တည့်တည့်မှာတော့ ကွင်းပြင်အကျယ်ကြီး ရှိတယ်။ အဲဒီ ကွင်းပြင်ကြီးရဲ့ အနားသတ်ခြံစည်းရိုးကို ရန်ကုန်က အဝါရောင်ပန်းပွင့်နဲ့ ချုံပင်တွေနဲ့ တံတိုင်းခတ်ထားပြီး ကျော်ကြည့်လိုက်ရင်တော့ ဗလီအဆောက်အအုံတွေကို ခပ်ဝေးဝေးမှာတွေ့ရတယ်။ ဇီးပင်လို့ထင်ရတဲ့ အပင်တွေကိုလည်း လှမ်းတွေ့နေရတော့ နေရော၊ လေရော၊ အမြင်ရော ပေါင်းလိုက်ရင် ကိုယ်ရောက်နေတာ အညာဒေသလိုပဲ။

ခြံဝန်းကျယ်တွေနဲ့ တိုက်ကြီးတွေရှေ့မှာ စိုက်ထားတဲ့ စွံပလွံပင်တွေမှာလည်း အသီးတွေ ပြွတ်သိပ်နေပြီး ပိုက်ကွန်တွေနဲ့တောင် အောက်က ခံထားကြတယ်၊ မခံထားတဲ့ အပင်တွေကတော့ ဒုနဲ့ဒေးပဲ။ အဲဒီအပင်တွေအောက်က ဖြတ်လျှောက်ရင်း စွံပလွံသီးတွေကောက်ပြီး အမျိုးသားနဲ့ ကျွန်မက လမ်းလျှောက်ရင်း စားသွားကြသေးတာ။ မိုးမရွာတဲ့ဒေသဆိုတော့ ခေါင်မိုးချွန်မရှိတဲ့ လေးထောင့်စတုရန်းပုံစံ တိုက်ခပ်ကြီးကြီးတွေကို ကျော်သွားရင် တိုက်တန်းလျားတွေ၊ တိုက်ခန်းတွဲတွေ။ အဲဒါတွေကို ဆက်ကျော်သွားရင်တော့ သမီးကိုထားတဲ့ ဆေးရုံကားပါကင်ဝင်းရဲ့ အောက်ခြေကို ရောက်ပြီ။

တောင်ကုန်းလိုဖြစ်နေတဲ့အပြင် နာရီဝက်လောက်လည်း လမ်းက လျှောက်လာရသေးတော့ ဒီကုန်းတက်ကြရင် ခြေသလုံးတွေ ကြွက်တက်မတတ်၊ ချွေးပေါက်ပေါက်ကျပြီး တက်ခဲ့ကြရတာ။ ကားအကောင်းစားကြီးတွေက ပါကင်အပြည့် အပြင်ကို တချို့ ပလက်ဖောင်းတွေပေါ် ကန့်လန့်တင်ပြီး ရပ်တာတို့၊ လမ်းဘေးမှာ ပုံစံတကျမဟုတ်ဘဲ ဖြစ်သလိုရပ်တာတို့၊ တချို့ကားတွေဆို လှေကားထစ်ပေါ် တစ်ဝက်ရပ်ပြီး အောက်မှာ တစ်ဝက်တင်ထားတာတို့တွေ အများကြီးပဲ။

မတ်စကက်မြို့မှာက လူတိုင်းလိုလို ကိုယ်ပိုင်ကားတွေ စီးကြပြီး ကားအမျိုးအစားတွေကလည်း ထိတ်ထိတ်ကြဲတွေချည်းပဲ။ ကားမှာ ဖုန်တင်နေတာတို့၊ ညစ်ပေနေတာတို့ဆိုရင် ယာဉ်ထိန်းရဲက မြို့အင်္ဂါရပ်ကို ညစ်နွမ်းစေတဲ့အတွက် ဖမ်းပြီး ဒဏ်ရိုက်ကြတယ်။ ဒဏ်ငွေကလည်း များတော့ ကားတိုင်းလိုလိုက သန့်ပြန့်နေအောင် ဂရုစိုက်ကြပြန်တယ်။ အဲဒီတော့ နေရောင်တောက်တောက်မှာ ကားတွေကိုထိပြီး အလင်းပြန်တဲ့ အရောင်လက်လက်တွေနဲ့ ပတ်ဝန်းကျင်တစ်ခုလုံးက စူးစူးရှရှပဲ။

ဆေးရုံကုန်းပေါ် ကုန်းကြောင်းလျှောက်ပြီး တက်တက်လာတဲ့ ကျွန်မနဲ့ အမျိုးသားကို ကားပါကင်က၊ ဆေးရုံက ထွက်လာတဲ့လူတွေက အထူးအဆန်းအဖြစ် လိုက်ကြည့်တတ်ကြသေးတာ။ ဒီမှာက လမ်းလျှောက်တဲ့သူ မရှိသလောက်နည်းသလို အမျိုးသားနဲ့ အမျိုးသမီးလည်း တွဲသွားတွဲလာ သိပ်မလုပ်ကြဘူး။

ဆေးရုံဝင်းထဲမှာတော့ လူနာစောင့်ထိုင်ခုံတွေကအစ အမျိုးသား သပ်သပ်၊ အမျိုးသမီး သပ်သပ်ပဲ။ ပြီးတော့ ရွယ်တူစုံတွဲတွေထက် အမျိုးသမီးငယ်ငယ်တွေနဲ့ အမျိုးသား အသက်ကြီးကြီးတွေကို ပိုတွဲပြီး တွေ့ခဲ့ရတယ်။ ဒါတောင် ရင်းနှီးတဲ့ပုံစံတွေ မဟုတ်ဘူး။ မီးဖွားပြီး ဆေးရုံဆင်းလာတဲ့ အမျိုးသမီးက ကလေးချီ၊ အမျိုးသားက အထုတ်တွေသယ်ပြီး ကားပေါ်တင်၊ ကားမောင်း ခပ်တည်တည်တွေပဲ။ နူးနူးညံ့ညံ့ ဂရုတစိုက်ပုံမျိုးတွေ တွေ့ရခဲတော့ ကျွန်မနဲ့ အမျိုးသား လက်ချင်းတွဲသွားရင်၊ တစ်ခါတစ်ရံ ပုခုံးဖက်ထားရင်၊ ချွေးသုတ်ပေးရင် သေသေချာချာ လိုက်ကြည့်တတ်ကြတယ်။

ဆေးရုံပေါက်ဝရောက်ရင်တော့ အထဲမဝင်သေးဘဲ ခဏနား၊ ရေသောက်ပြီး သမီးဆီ တန်းသွားကြရတော့တာပဲ။ သမီးက ခု အောက်ဆီဂျင်ပိုက်လည်း ဖြုတ်လိုက်ရပြီဆိုတော့ ပါးစပ်ထဲ ထည့်ထားတဲ့ နို့ပိုက်တစ်ခုပဲ ကျန်တော့တယ်။ သမီးကို ချီတာ၊ ဒိုက်ဘာလဲပေးတာ၊ သန့်ရှင်းရေးဝိုင်းလုပ်ပေးကြတာ အကုန်လုံး ကျွန်မနဲ့အတူ အမျိုးသားက ဝိုင်းကူနေတော့ ဆေးရုံထဲရောက်နေတဲ့

တခြားဖခင်တွေလည်း အတော်ပြောင်းလဲလာကြတယ်။ အရင်က မိန်းမ နို့ညှစ်ခန်းဝင်ရင် ကလေးနားမှာလည်း သိပ်မနေကြဘဲ အပြင်ထွက်သူတွေက ခု အမျိုးသားလိုပဲ ကလေးဘေးမှာ စကားတွေ ပြောလာကြပြီ။ မိန်းမ ကလေးချီနေချိန် ရှောင်ဖယ်ရှောင်ဖယ်နဲ့ သပ်သပ်စီနေသူတွေလည်း ခု သူတို့ပါ ထရံအကာလေးထဲဝင်ပြီး ကလေးချီကြပြီ။ ဒိုက်ဗာလဲချိန်တွေ အမြဲ နောက်တွန့်နေသူတွေလည်း ခု ပျော်ပျော်ရွှင်ရွှင် ဒိုက်ဗာတွေ ဝင်လဲလာကြပြီ။ ပြီးတော့ မိန်းမဖြစ်သူတွေကိုလည်း ကလေးအနားမှာထိုင်ရင်း ပုခုံးဖက်တာ၊ လက်ကိုင်ထားတာတွေ တွေ့လာရတော့ ကြည့်ရတာ ကြည်နူးစရာပဲ။

တစ်နေ့က နို့ညှစ်ခန်းထဲက အမျိုးသမီးမှာလိုက်တဲ့အတိုင်း 'ဖီနိုဂရိ' ဆိုတဲ့ အစေ့တွေကို ညဘက်မှာ လိုက်ရှာဝယ်တော့ မြန်မာလို 'ပဲနံ့သာစေ့' လို့ခေါ်တဲ့ အစေ့တွေဖြစ်နေတယ်။ ရေဆူဆူနဲ့ပြုတ်လိုက်ရင် အဝါရောင်အရည်တွေ ထွက်လာပြီး အရသာကတော့ ခါးတယ်။ ဒါပေမဲ့လည်း တခြား ဆန်ပြုတ်တို့၊ နို့တို့ ထည့်မနေတော့ဘဲ ဒီအတိုင်း မော့သောက်ပစ်တာပါပဲ။ ရေအစားထိုးအနေနဲ့ အဲဒီပြုတ်ရည်ကိုပဲ တောက်လျှောက်သောက်ခဲ့တာ နှစ်ရက်လောက်မှာ နို့လည်း တော်တော်ထွက်လာတယ်။ တစ်ခါညှစ်ရင် ၅၀ ml လောက်ကနေ ၇၀၊ နောက် တဖြည်းဖြည်းနဲ့ ၈၀၊ ၉၀ ပေါ့။ နို့ညှစ်ခန်းထဲမှာ တစ်ခါတလေ တစ်နာရီကျော်လောက်ကြာပေမယ့် သမီးဆီ ပြန်ရောက်လာလို့ ကိုယ်ရလာတဲ့ နို့ဘူးလေး အမျိုးသားကိုပြ၊ နာ့စ်မတွေ ဆရာဝန်တွေကို လိုက်ကြွားနဲ့ ပျော်ရတာ။ အမျိုးသားရော သူနာပြုတွေရော ဘာမှမဟုတ်တဲ့ ဒီနို့လေး ml လောက် တက်တက်လာတာကို ကိုယ်နဲ့အတူ လိုက်ပျော်ပေးခဲ့ကြတာကိုတော့ တကယ် ကျေးဇူးတင်မိတယ်။

ဘာပဲပြောပြော စက်က တစ်ခါစုပ်လိုက်တိုင်း နို့တွေ ဘူးထဲကျလာရင် ကိုယ်နာကျင်ရသမျှ အကုန်မေ့တဲ့အထိ ပျော်လေရောပဲ. . . နာပေမယ့် တန်တယ်လေ။ တကယ်ဆို နို့ညှစ်ခန်းထဲမှာ ကျွန်မက ကိုယ်လုံး အသေးဆုံးလိုဖြစ်ပေမယ့် (မိခင်တော်တော်များများက ခပ်ဝဝ၊ ခပ်ဖိုင့်ဖိုင့်၊ ထောင်ထောင်မောင်းမောင်း၊ ရင်သားကြီးကြီးတွေ) အသံမထွက်ဆုံးကလည်း ကျွန်မပဲ ဖြစ်မယ်ထင်တယ်။ စက်တွေရဲ့ စုပ်အားနဲ့ နာကျင်မှုကို အသားကျလာတော့ အခန်းထဲက နို့လာညှစ်သူလူသစ်တွေကိုတောင် ခု ဆရာပြန်လုပ်နေပြီလေ။ ခါးမကုန်းထားနဲ့၊ စိတ်လျှော့ပြီး နောက်ကိုမှီထား၊ နို့ခွက်ကို လက်တစ်ဖက်ကကိုင်ပြီး တစ်ဖက်က စက်ရဲ့နှုန်းကို ညှိနေ၊ သေချာရေဆေး. . . စသဖြင့် ကိုယ့်တုန်းက ကြုံခဲ့ရသမျှတွေကိုလည်း ပြန်လိုက်ပြောပြတတ်နေပြီဆိုတော့ နို့ညှစ်ခန်းထဲမှာ သူနာပြုတွေက 'ငြိမ်းရေ. . . ပြလိုက်ပါဦး' ဆိုပြီးလည်း ကိုယ့်ကို တာဝန်လွှဲပေးနေပြီ။ မြန်


မာနိုင်ငံနဲ့ မတူတဲ့အချက်က နို့ညှစ်ခန်းထဲမှာ အမိက တားဆီးထားတဲ့စည်းကမ်းက ကိုယ့်နို့ရည် မဟုတ်ဘဲ တခြားမိခင်နို့ရည် တစ်စက်တောင် အဝင်မခံဖို့၊ ဘယ်လောက် အံထွက်နည်းနည်း၊ ကိုယ့်နို့ရည်သာ ကလေးအတွက် ဖြစ်စေဖို့ပဲ။ နို့တွေ ခဲထားတဲ့ နေရာတွေမှာလည်း ဆရာမတွေ နို့ထုတ်မှားမှာ အရမ်းစိုးရိမ်ကြတယ်၊ ကျွန်မကတော့ အဲဒီအတွက် စိတ်နည်းနည်း အေးရတာ ပေါ့လေ။ ကိုယ့်မှာ ခဲထားစရာ နို့ရည်မပြောနဲ့ တစ်နေ့စာတောင် မနည်းညှစ်ထုတ်နေရတာကိုး နော်။

အမျိုးသားက နေ့လယ် နေပူပူမှာ ဟိုတယ်ပြန်ပြီး ဟင်းချက်မယ့်အချိန် ကျွန်မက အဆောင်မှာ ခဏနားပြီး သမီးဆီပဲ ပြန်လာမှာ။ အဆောင်က မိခင်တွေနဲ့လည်း အတော်ရင်းနှီးနေတဲ့အပြင် ခု. . . ကျွန်မ သမီးလေးရောက်နေတဲ့အခန်းမှာ အဆောင်က တစ်ယောက်လည်း လှမ်းတွေ့လိုက်ရလို့ သွားနှုတ်ဆက်ခဲ့ပြီ။ အင်္ဂလိပ်လို စကားသေချာမရပေမယ့် ကလေးနာမည်ကို ' ဟမ်းဇပ် ' လို့ ပြောပြတတ်တော့ အဆောင်မှာ နေ့လယ်စာ စားချိန်ဆို စကားနည်းနည်းပြောလို့ရပြီ။ ဟမ်းဇပ်ရဲ့မေမေ နေတာက မတ်စကတ်မြို့ရဲ့အဝေးက ' ဆာလာလာ ' ဆိုတဲ့ ဒေသကတဲ့။

ဆာလာလာဆိုတာ ဆေးရုံက ဆရာဝန်တွေ ကျွန်မကိုပြောပြလို့ အပင်စိမ်းစိမ်းစိုစို တွေရှိပြီး ခုချိန် ခရီးသွားတွေနဲ့ပြည့်နေတဲ့နေရာဆိုတာ သိနှင့်နေခဲ့ပြီ။ အမျိုးသားက နေရပ်မှာ ကျန်ခဲ့ပြီး တစ်လ တစ်ကြိမ်၊ နှစ်ကြိမ် သူ့ကိုလာတွေ့တယ်ဆိုတော့ ဆေးရုံရောက်နေတာ အတော် ကြာပြီပေါ့။ ကလေးက ခု. . . ၅ လကျော်လို့ သူပြောတော့ အံ့ဩပြီး ' ဟုတ်လား. . . ခု အခြေ အနေရရော ဆင်းရတော့မလား၊ တစ်နေ့တစ်နေ့ ကုန်လိုက်မယ့် ပိုက်ဆံတွေနော် ' လို့တွေးမိတော့ ကိုယ်မေးသမျှကို သူက အားငယ်နေသလို ပြုံးပဲပြတယ်။ သူ့ကို အားပေးရင်းပဲ နေ့လယ်တစ်ခေါက် နေပူပူထဲ ကိုယ်စီ သားသမီးတွေရှိတဲ့နေရာကို အလျှိုအလျှို ပြန်ချီတက်ကြရတော့တာပါပဲ လေ. . .။

■ ■ ■

# ချစ်ရပါသော ဒိုမန်နီ (၂၇)



လက်ထဲကျန်နေတဲ့ လက်ကျန်ငွေတွေကို သေချာပြန်တွက်တွက်ပြီးပဲ ဟိုတယ်ခ ရှင်းလိုက်၊ အစားအစာတွေ ဝယ်လိုက် (မဖြစ်မနေ သောက်ရေ၊ ဟင်းချက်စရာနဲ့ ဆန်)၊ နို့တွက်ဆေးနဲ့ တခြားပစ္စည်းတွေအတွက် ကုန်ကျလိုက်နဲ့ တိုက်ဂါးဟိုတယ်မှာ နေနေတာတောင် သုံးလေးရက် ရှိနေပါပြီ။

အမျိုးသားကလည်း တွေ့သမျှ အသီးအရွက်၊ ရသမျှ ဟင်းချက်စရာ အကုန်ဝယ်ပြီး သူ့မှာပါလာတဲ့ ကျွန်မတို့ရဲ့မင်္ဂလာဦး စွယ်စုံရ ထမင်းပေါင်းအိုးလေးနဲ့ပဲ ဖွယ်ဖွယ်ရာရာတွေ ဆက်တိုက်ချက်နေပြီး လက်ရာလည်း တကယ်ကို တက်လာတာပါ။ ဟင်းချက်ဖို့အတွက် မီးဖိုချောင်ကို ပေးမသုံးတော့လည်း အခန်းကျယ်ပြီး အသက်ရှူချောင်တဲ့ ဒီဟိုတယ်အခန်းထဲမှာပဲ ဟင်းချက်တဲ့နေရာ (ပလပ်ပေါက်နဲ့အနီးဆုံး) သတ်မှတ်ပြီး ချက်ကြပါတယ်။ ကျွန်မကတော့ အကူပေါ့။ တစ်ခါတော့ အဲဒီပေါင်းအိုးလေး ပျက်သွားပါသေးတယ်. . . ဒါပေမဲ့ ဟိုတယ်က ဝက်အူလှည့်တို့ tester တို့ ငှားပြီးပြန်ပြင်လို့ အဆင်လည်း ပြန်ပြေခဲ့ပါတယ်။ (စကားမစပ် ကျွန်မတို့ မင်္ဂလာဆောင်မှာ အဲဒီ ထမင်းပေါင်းအိုး လက်ဖွဲ့ခဲ့သူကိုလည်း တကယ်ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေနော်. . . တကယ်ကို အသုံးဝင်ခဲ့ပြီး ခုချိန်ထိ လက်ထဲသိမ်းထားမိတဲ့ ထမင်းအိုးလေးပါ။)

အမျိုးသားက နေ့လယ်ဖက် ဆေးရုံကအပြန် တစ်ခါတည်း ဈေးဝင်ဝယ်ပြီး ရုံးပတီသီး၊ ခရမ်းကြွတ်သီး၊ အာလူး၊ ခရမ်းချဉ်သီး၊ ကြက်ဥ၊ ကြက်သားတွေကို အဆင်ပြေသလိုတွေ အမျိုးမျိုး ချက်ပြုတ်ပြင်ဆင်ထားတာမျိုးပါ။ ညနေ ကျွန်မနဲ့တစ်ခေါက် ဟိုတယ်ပြန်မှ ပြန်နွေးပြီး အတူစားကြပေမယ့် ဆေးရုံကပြန်ချိန်က ည ၉ နာရီကျော်၊ တစ်ခါတလေ ၁၀ နာရီဝန်းကျင်ဆိုတော့ အရသာထက် ဗိုက်ပြည့်ဖို့ အာရုံစိုက်၊ မြန်မြန်စားပြီး မြန်မြန်အိပ်ကြရပါတယ်။ မနက်စောစောလည်း သမီးဆီတစ်ခေါက် ပြန်ကြရတာကိုးလေ။

' သမီး ဘယ်တော့ဆေးရုံဆင်းရမလဲ ' လို့ ဆရာဝန်တွေကိုမေးတိုင်း ' တစ်လလောက်တော့ အနည်းဆုံး နေရဦးမှာပေါ့၊ ကလေးအခြေအနေကိုလည်း သိရဲ့သားနဲ့ ' လို့ အမြဲ ပြန်ဖြေတတ်ကြတာမို့ ကမ္ဘာပေါ်မှာ တတိယ ငွေကြေးတန်ဖိုးအမြင့်ဆုံးဆိုတဲ့ အိုမန်နိုင်ငံရဲ့ တစ်ရက်တာကုန်ကျစရိတ်နဲ့ အဲဒီ တစ်လတာကိုရော အဆင်ပြေအောင်နေဖို့ ရင်ပူပူနဲ့ တွက်ချက်ကြရပါတယ်။ အမျိုးသားကလည်း မတ်စကတ်မြို့ရဲ့ သတင်းစာတွေ၊ ဝဘ်ဆိုက်တွေကို တတ်နိုင်သမျှ လိုက်ဖတ်ရင်း မတော်လို့ ဓာတ်ပုံလေးများ ရိုက်ခွင့်ရမလား၊ ဘာပဲပြောပြော တစ်ရက်စာဖြစ်ဖြစ် ဝင်ငွေများ ရမလားဆိုတဲ့ အတွေးတွေနဲ့ ပြည့်နေခဲ့ကြပါတယ်။ အိမ်က မိသားစုဝင်တွေ၊ မန္တလေးနဲ့ နယ်က

အမျိုးတွေအပြင် အမေရိကားက အသိအစ်မတွေကပါ ပိုက်ဆံလွှဲပေးမယ်လို့ ခဏခဏပြောကြပေမယ့် ကျွန်မတို့ ဘယ်သူ့ကိုမှ အပူမပျချင်လို့ လင်မယားနှစ်ယောက် တိုင်ပင်ပြီးပဲ ငြင်းခဲ့ကြတာပါ။

တိုက်ဂါးမှာနေတာ လေးရက်မြောက်နေ့မှာတော့ ကျွန်မသွားခဲ့တဲ့ ခရီးစဉ်ရဲ့ အကြီးအကဲ နီရမ်ဆီက မေးလ်ရောက်လာပါတယ်။ အဓိကအကြောင်းရင်းက ကျွန်မကို ခုချိန်ထိ သေသေချာချာ ကူညီပေးခဲ့ရတာမျိုး မရှိသေးတဲ့အတွက် အားမနာဘဲ လိုအပ်တဲ့ငွေပမာဏကို ပြောဖို့၊ ဘန်ကောက်ကနေ အိုမန်ကို အမျိုးသားလိုက်လာနိုင်ဖို့ လေယာဉ်စီစဉ်ပေးခဲ့တာကလွဲရင် ကျွန်မက ငွေထောက်ပံ့မှု လက်မခံခဲ့တဲ့အတွက် စိတ်မကောင်းကြောင်းနဲ့ သူတို့ လုပ်ငန်းအစီအစဉ်တွေအတွက် ဘတ်ဂျက်ငွေမဟုတ်ဘဲ သာရေးနာရေးအတွက် သီးသန့်ဖယ်ထားတဲ့ ငွေသက်သက်ရှိကြောင်းကို သေချာရှင်းပြထားတဲ့ မေးလ်ပါ။ အစပိုင်း အထောက်အပံ့ကိုငြင်းခဲ့တာက ခုလောက်ထိ ကြာမယ်လည်း မထင်၊ ကုန်ကျစရိတ်တွေ ခုလောက်များလိမ့်မယ်လည်း မထင်ခဲ့တာကြောင့်ဖြစ်ပြီး ခုတော့ နောက်ထပ်တစ်လ ဆက်နေရဦးမယ်လို့ အကြမ်းဖျဉ်းသိထားတဲ့အကြောင်းနဲ့ တစ်ရက်တာ ဟိုတယ်ခနဲ့ တစ်လစာ ကုန်ကျငွေကို သေချာတွက်ချက်ပြီး အားနာနာနဲ့ပဲ စာပြန်ပို့လိုက်ပါတယ်။

ကိုယ့်ကိစ္စ ကိုယ့်အရေးကို တခြားသူကို အသုံးချသလို မထင်စေချင်တာကြောင့် လိုအပ်တဲ့ ငွေပမာဏထက် အပိုငွေတွေ တစ်ကျပ်မှမပါကြောင်းလည်း သေချာရှင်းပြခဲ့ပါတယ်။ ဒါပေမဲ့ နီရမ်က မမျှော်လင့်ဘဲ ချက်ချင်း မေးလ်ပြန်ပို့ခဲ့ပြီး ခုချက်ချင်းကို အဲဒီငွေကို လွှဲပေးမှာဖြစ်ကြောင်း၊ ခုလို လက်ခံတဲ့စာရတဲ့အတွက် ဝမ်းသာမိကြောင်းနဲ့ လုံးဝ သံသယမရှိကြောင်း ပြန်ရေးခဲ့ပါတယ်။ အိုမန်ငွေ ရီရယ်လ်နဲ့ပဲ တွက်ချက်ပြီး ငွေလွှဲလက်ခံလို့ရတဲ့ ဘဏ်နှစ်ခု မတ်စကတ်မြို့မှာရှိပြီး အမျိုးသားလည်း ခပ်မြန်မြန်ပဲ အဲဒီဘဏ်တွေကို လိုက်ရှာရပါတော့တယ်။

ပထမတစ်ခေါက်မှာ ဘဏ်ပိတ်သလိုလို၊ ငွေလွှဲတယ်ဆိုတာကို မယုံကြည်သလိုလိုတွေ ဖြစ်ပြီး ငွေလည်း ထုတ်လို့မရတာကြောင့် လေယာဉ်နားတဲ့ မသစ္စာကိုပဲ အကူအညီတောင်းပြီး နောက်တစ်ခေါက် ထပ်သွားမှ ငွေက ထုတ်လို့ရခဲ့တာပါ။ လက်ထဲ ပိုက်ဆံရောက်တာနဲ့ ရရှိကြောင်း၊ ကျေးဇူးတင်ကြောင်း သေသေချာချာ စာပြန်ရေးပို့ခဲ့ပြီး ဟိုတယ်မှာလည်း လဝက်စာ ငွေကြိုသွင်းခဲ့ပါတယ်။ အဲဒီအကြောင်းကို မိသားစုဝင်တွေ၊ အမျိုးတွေ၊ နီးစပ်ရာ မိတ်ဆွေတွေကို ပြောပြခဲ့ပြီး ကျွန်မတို့နှစ်ယောက်ကတော့ စိတ်ဖိစီးမှု ခပ်ကြီးကြီးတစ်ခု လျော့သွားတဲ့အတွက် တော်တော်ကို ပျော်နေခဲ့ကြပါတယ်။

မနက်ပိုင်းတောက်လျှောက် အမျိုးသားတစ်ယောက်တည်း ငွေလက်ခံတဲ့ ကိစ္စတွေ

တာဝန်ယူလုပ်နေခဲ့သလို ကျွန်မကတော့ သမီးအနားမှာ ဖြစ်ပျက်နေတာတွေကို သမီး သိမလား မသေချာပေမယ့် ထိုင်ပြောပြနေခဲ့ပါတယ်။ ခုဆိုရင် သမီးက နို့ပိုက်တစ်ခုတည်းပဲ ကျန်တော့သလို ဖန်ပေါင်းချောင်ထဲမှာပဲ တစ်ချိန်လုံး ငြိမ်ငြိမ်မနေဘဲ ခြေကန်လက်ကန် လှုပ်ရှားလိုက်တွေ လုပ်တတ်နေပါပြီ။ သမီးကို ဝမ်းသာစရာတွေ ပြောပြီး ' မေမေ နို့ညှစ်သွားဦးမယ်နော်၊ တစ်နာရီလောက်ပဲ ' လို့ နှုတ်ဆက်၊ နို့ညှစ်ခန်းဘက်ကိုသွားရင်း လမ်းမှာ စစ္စတာ ဆယ်လ်မာတို့ကို ထောက်ပံ့ငွေရတဲ့ အကြောင်း ဝမ်းပန်းတသာ ပြောပြ၊ နို့ညှစ်ထုတ်ပြီး ပြန်လာ၊ သမီးဆီအရောက်မှာ ရုတ်တရက် လန့်သွားတာက သမီးက ဆော့လွန်းလို့ သူ့အနီးထဲ ခေါင်းပါဝင်နေတာပါ။ ခြေထောက်မှာ တပ်ထားတဲ့ ကိုယ်တွင်း အောက်ဆီဂျင်တိုင်းတဲ့ စက်လေးကလည်း မီးလင်းနေပေမယ့် သူနဲ့တွဲထားတဲ့ ကွန်ပျူတာက အချက်ပေးသံ မထွက်လာတော့ သူနာပြုတွေလည်း မသိပါဘူး။ ' လုပ်ကြပါဦး ' လို့ ပါးစပ်က ရုတ်တရက်ထွက်သွားတော့ သူနာပြုဆရာမတစ်ယောက် အနားကိုပြေးလာပြီး သမီး ဖြစ်ပုံကို မြင်မှ အော်ရယ်ပါတော့တယ်။

အဲဒီတော့မှ ကိုယ်လည်း ရယ်ချင်လာ၊ ခါတ်ပုံမြန်မြန် ထုတ်ရိုက်ပြီး အနီးပတ်ထဲက ပြန်ဆွဲထုတ်၊ သူနာပြုက အနီးပြန်ထုပ်ပေးပေမယ့် လက်ကလေးနှစ်ချောင်းရအောင် မြန်မြန်ထုတ်လိုက်ပြီး ပြန်ဖြေတတ်တဲ့ ဆော့လွန်းတဲ့ သမီးကို အံ့သြမိပါတော့တယ်။ ဆရာမက ' ငြိမ်းရေ နင့်သမီးကလေ မှောက်ထားရင် ဖင်ကြီးကုန်းထချင်တယ်၊ အနီးထဲ လက်ထည့်ထုပ်ရင် ခဏနေ ချက်ချင်း လက်အပြင်ရအောင် လုပ်နိုင်တယ်၊ အနီးပိုင်းလေး ခေါက်ပြီး ဘေးနားမှာထားရင် ခြေထောက်နဲ့ လိုက်ကန်ပြီး incubator ကိုတောင် ကန့်လန့်လိုက်ကန်တတ်တယ်။ သူများတွေငိုရင် လိုက်မငိုဘဲ စပ်စုပြီး လိုက်ကြည့်တယ်၊ သူ ဗိုက်ဆာရင် ကဆုန်ပေါက်တတ်တယ်။ နို့ပိုက်ကို ကိုက်ရင်ကိုက်၊ မကိုက်ရင် ဆွဲဖြုတ်တယ်။ အသေးဆုံး ကလေးမို့လို့ပဲ စူပါပါဝါများ ရထားသလား ' လို့ ကိုယ့်ကို တိုင်သလို ပြောပါတော့တယ်။

သမီးကို မငြီးငြင်အောင် ပြန်ပြုံးပြ၊ သူနဲ့ စကားလိုက်ပြောရင်း အဲဒီအကြောင်းတွေ အမျိုးသားနဲ့ အိမ်ကို ပြန်ပြောဖို့ အဆောင်ခဏ ပြန်လာခဲ့ပါတယ်။ အဆောင်က စာရေးမ ဂျန်ကို လည်း ခါတ်ပုံပြ၊ သူပါ ရယ်မောရင်း စကားစပ်မိတော့ ဖိလစ်ပိုင်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမေဂျာနဲ့ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသူလေး ဂျန်က ကျောင်းဆက်မတက်ဘဲ အိုမန်မှာ အလုပ်လာလုပ်နေတာ ၂ နှစ်ရှိပြီလို့ သိလိုက်ရတယ်။ ' ၂ နှစ်တောင်၊ အိမ်ကို မလွမ်းဘူးလား ' လို့ မေးတော့ အစ်ကိုနဲ့ အဖေအမေတွေကို အင်တာနက်ကနေ အမြဲဆက်သွယ်တယ်၊ ငွေကြေးတန်

ဖိုးမတူတော့ အိုမန်မှာဝင်တဲ့ငွေက တစ်မိသားစုလုံးကို ထောက်ပံ့နိုင်တယ်တဲ့။ ကျောင်းက ဘာလို့ ဆက်မတက်တာလဲဆိုတော့ မိသားစုအကြွေးတွေကြောင့် ကျောင်းမတက်ဖြစ်ကြောင်း ပြောပြတာမို့ ကျောင်းပြီးအောင် သေချာတက်ပြီး အိုမန်ကိုပြန်လာ၊ ဝင်ငွေပိုကောင်းတဲ့အလုပ် ဆက်လုပ်ပါလို့ပဲ အကြံပေးမိပါတော့တယ်။

ခဏနားပြီး အမျိုးသားနဲ့ သမီးဆီ တစ်ခေါက်ထပ်သွား၊ ထောင့်ဆုံးက သမီး ခုတင်လေးရောက်တော့ ဒီမှာလေ ကျားကျားရဲ့ သမီးဆိုပြီး ပြလိုက်တာ ကလေးဝတုတ်ကြီး တစ်ယောက် ထပ်ဖြစ်နေပြန်ပါတော့တယ်။ ' ဟယ်. . . လုပ်ပြန်ပြီ။ ဘယ်ရောက်သွားတုန်း ကျွန်မသမီး ' ဆိုပြီး လန့်အော်မိတော့ သူနာပြုဆရာမတွေ ရယ်မောပြီး ကိုယ်တွေဆီကိုပြေးလာပါတယ်။ ' ငြိမ်းရေ. . . နင့်သမီးက အခြေအနေ ထပ်တိုးတက်သွားတာမို့ နောက်တစ်ခန်းကို ဆက်ပြောင်းရပါတယ်၊ နင်တို့ဖြတ်လာတဲ့ အလယ်ခန်းထဲမှာပါ ' တဲ့။ ' သမီးတစ်ယောက်တည်း အထီးမျှား ကျန်နေမလား၊ ကျွန်မတို့ကိုများ မျှော်နေမလား၊ သူနာပြုနဲ့ရော အဆင်ပြေပါ့မလား ' ဆိုတဲ့ ငယ်ထိပ်ရောက်အောင် ပူနေတဲ့စိတ်နဲ့ ကလေးထားတဲ့အခန်းကို ထပ်ပြေးရှာကြပါတော့တယ်။

ဒီတစ်ခါကတော့ ကလေးငါးယောက်ပဲ ထားတဲ့အခန်းဖြစ်ပြီး သမီးအပါအဝင် ဒီဘက်ခြမ်းက ကလေးနှစ်ယောက်က ဖန်လုံအိမ်ထဲမှာ၊ နောက်တစ်ခြမ်းက ကလေးငယ်တွေကတော့ ခြင်းပက်လက်လေးလို ဖန်လုံအိမ်အပြင်ဘက် ခုတင်ပေါ်မှာ။ စောင်တွေ၊ အကျီတွေ၊ ဘောင်းဘီတွေ အထပ်ထပ်နဲ့ အဲဒီကလေးတွေက ဖန်လုံအိမ်ထဲ ထည့်စရာမလိုတော့ဘဲ စိမ့်နေအောင် အေးတဲ့ အခန်းအပူချိန်နဲ့ ပထမဆုံး စထိတွေ့ခွင့်ရပြီ။ ' အေးဆေးပဲ ' ဆိုတဲ့ ဒီဇိုင်းနဲ့ မှောက်လျက်ကြီး အိပ်ပျော်နေတဲ့ သမီးတော်က ကိုယ်တွေအနားရောက်လို့ ခပ်တိုးတိုး စကားတွေပြောပြီဆိုတာနဲ့ ပြန်နိုးလာပြီ။ သားအဖနှစ်ယောက် စကားပြောတာကို ထားခဲ့ပြီး နို့ထပ်ညှစ်ထုတ်၊ သမီးဆီ ပြန်လာတော့ သူနာပြုတွေလည်း ဂျူတီထပ်ပြောင်းသွားကြပြီ။

တစ်ခါမှ မတွေ့ဖူးတဲ့ ခပ်ဝဝ အရပ်ပုပု ဖိုင့်ဖိုင့် အိန္ဒိယသူနာပြုဆရာမကြီးက သမီးနဲ့ ဘေးက ကလေးကို တာဝန်ယူရမှာဆိုတော့ ကိုယ်တွေလည်း ပြာပြာသလဲ နှုတ်ဆက်၊ သမီးအကြောင်း ရှင်းပြ၊ ဂရုစိုက်ဖို့ အထပ်ထပ် မှာနေမိတယ်။ ဆရာမကြီးက ' နောက် ၂ ရက်လောက်ဆို ကလေးကိုယ်တွင်း အောက်ဆီဂျင်ပမာဏပြည့်ရင် ပေါင်းချောင်ထဲက ထုတ်ရမယ်၊ အဲဒီအတွက် အကျီတွေ၊ ဘောင်းဘီတွေနဲ့ အနှီးတွေ များများလိုတယ် ' လို့ပြောတာကို နားထောင်ရင်း နိုးနေတဲ့ သမီးက မျက်လုံးကြီး စောင်းကြည့်လိုက် ' ချီပါ ' လို့ ပြောနေသလို အော်ငိုလိုက်နဲ့ လိုမ့်နေတာမို့

စိတ်က မချမ်းသာဘူး။ သမီးကို ချီခွင့်ကလည်း မရှိတော့၊ အေးပါ သမီးရယ်. . . အိပ်နော်၊ မနက်မှ ချီမယ်နော်၊ ဘာညာပြော၊ သူကလည်း အသံပြုကြီးနဲ့ ကော့ကလန်တွေထိုးပြီး အော်နဲ့ ဆူညံနေပါတော့တယ်။ အဲဒီအချိန်မှာ သူနာပြုဆရာမ ဝဝကြီးလည်း ကိုယ်တွေအနား ပြန်ရောက်လာပြီး ဖန်အိမ်ကို ဖွင့်၊ အနှီးကို ကျစ်နေအောင် ခပ်တင်းတင်းတုတ်၊ ' အရမ်းဆိုးတဲ့ ကလေးလား ' လို့ ခပ်မာမာပြောပြီး သမီးကိုမှောက်ကာ ဖင်ကို ခပ်ကြမ်းကြမ်း ပုတ်ရင်း သိပ်ပါတော့တယ်။

သူနာပြုဆရာမကြီး အဲဒီလိုလုပ်တာနဲ့ ချက်ချင်း အငိုတိတ်ပြီး အိပ်ပျော်သလို မျက်လုံးမှိတ်သွားတဲ့ သမီးက ဘေးခုတင်က ကလေးထအော်လို့ ဆရာမ သူ့အနားက ပြေးတာနဲ့ ချက်ချင်း မျက်လုံးပြန်ဖွင့်ပြီး အဖေနဲ့ အမေကို ' ခု. . . ဘယ်လိုလုပ်ကြမလဲ ' ဆိုတဲ့ အကြည့်နဲ့ လှမ်းကြည့်ပါတော့တယ်။ သူ့အဖေ ကိုဝေယံလည်း အံ့ဩပြီး သူ့သမီးကိုကြည့်ကာ အော်ရယ်၊ ကျွန်မက ဘယ်လိုလုပ်ရမလဲ မသိလို့ စိတ်ကပူ၊ မရယ်ဖို့ ကိုဝေယံကို အော်နဲ့ နောက်ဆုံး သူနာပြုက အရမ်းမိုးချုပ်ပြီ. . . ပြန်ကြပါ။ ကလေး ဘာမှ မဖြစ်ဘူး. . . သူတာဝန်ယူတယ်ဆိုပြီး ပြန်ခိုင်းပါတော့တယ်။

ဟိုတယ်ပြန်တဲ့ လမ်းမှာ သမီးပုံကို ပြန်ပြန်တွေးပြီး ကိုဝေယံက အော်ရယ်၊ ကျွန်မက ကလေးကို သူနာပြုများ ဘာလုပ်မလဲလို့ စိတ်ပူရင်း သူ့ကိုပြော၊ နောက်ဆုံး စိတ်ပူတတ်တဲ့ နှန်းကို လျှော့ချဖို့ သူဖျောင်းဖျရင်း ကိုယ့်စိတ်ကို လျှော့ချရင်းနဲ့ တစ်ရက်တာ ထပ်ကုန်ခဲ့ပါတော့တယ်။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၂၈)



အမြဲ ရယ်မောနေတတ်ပြီး အနားမှာ
သူငယ်ချင်းအဖော်တစ်ယောက်မှ မရှိဘဲတောင်
မနေတတ်ခဲ့တဲ့ ကျွန်မအတွက်တော့
တစ်ယောက်တည်းကျော်ဖြတ်ရတဲ့
ခဏတာ အချိန်လေးတွေကတောင်
ပင်ပန်းလွန်းလှပါပြီ။

ကျွန်မတို့ နိစ္စဓူဝ ဆင်တူနေ့ရက်တွေကို ကျော်ဖြတ်ရတာ လွယ်ကူတယ်လို့ ထင်ပါသလား။ အမြဲ ရယ်မောနေတတ်ပြီး အနားမှာ သူငယ်ချင်းအဖော်တစ်ယောက်မှ မရှိဘဲတောင် မနေတတ်ခဲ့တဲ့ ကျွန်မအတွက်တော့ တစ်ယောက်တည်းကျော်ဖြတ်ရတဲ့ ခဏတာ အချိန်လေးတွေကတောင် ပင်ပန်းလွန်းလှပါပြီ။ သမီးအတွက် အမြဲတမ်း ပူနေရတဲ့စိတ်ကိုလည်း နေ့ရက်တွေ တစ်ရက်ချင်းစီမှာ တဖြည်းဖြည်းချင်းစီ လျှော့ချတတ်လာပြီ။ ဟိုတယ်ကို အမျိုးသားတစ်ယောက်တည်း ပြန်တဲ့အချိန် နာရီပိုင်းလောက်တောင် လမ်းမှာဘာများဖြစ်မလဲဆိုတဲ့ ပူပန်မှုကိုလည်း မသိချင်ယောင်ဆောင်တတ်လာပြီ။ ပြီးတော့ ပြန်ရမယ့်ရက်ကိုလည်း ရင်တထိတ်ထိတ်နဲ့ မျှော်နေခဲ့ပါပြီ။

ကုန်းမြင့်တစ်ခုပေါ်မှာ ကျယ်ဝန်းခမ်းနားစွာ ဆောက်လုပ်ထားတဲ့ ဒီ တော်ဝင်ဆေးရုံကြီးက ခု ကိုယ်နဲ့ အကျွမ်းတဝင်ဖြစ်နေပြီ၊ သံလွင်ပင်လမ်းတွေနဲ့ အလှစိုက် အပင်ပုတွေ၊ ကြက်ဥခွံရောင် လူနေဆောင်တွေ၊ ဆေးရုံရောက်နေချိန် ဝတ်တက်မပျက်ရအောင် စီမံထားတဲ့ သပ်သပ်ရပ်ရပ် ဗလီနဲ့ ဝတ်စုံပြည့်လူတွေ၊ အကောင်းစားကားတွေ. . .။ တစ်နေ့တစ်နေ့ ဒါတွေချည်းမြင်နေရတော့ ငြီးငွေ့နေသလို ခံစားရပေမယ့် ရာသီပြောင်းလာတဲ့ (နွေရာသီ ကုန်စပြုလာတဲ့) ဒီကာလမှာ ညနေပိုင်းတွေက သိသိသာသာ လွမ်းစရာ ကောင်းလာပါတယ်။

နေ့မှူပူထဲ ပြေးပြေးလွှားလွှား သမီးဆီကို အသွားအပြန်လုပ်ချိန် ပျောက်နေခဲ့တဲ့ အလွမ်းရသကလည်း ညနေစောင်း နေဝင်ပြီး ဆည်းဆာအချိန် တစ်ယောက်တည်း သမီးဆီက အပြန်၊ ဒါမှမဟုတ် နောက်တစ်ခေါက် သမီးဆီကိုထပ်သွားရင်း အမျိုးသားကိုစောင့်နေရတဲ့ အချိန်မှာ အလုအယက်ကို တိုးဝင်လာပါတယ်။ ကိုယ့်အဆောင် လမ်းထိပ်ကနေ လှမ်းမျှော်ကြည့်လိုက်ရင် မြူတွေဆိုင်းနေတဲ့ ခပ်ဝေးဝေးက တောင်တန်းတွေ၊ နောက် နေရောင်မဟုတ်တော့တဲ့ နေဝင်ခါစ ကျန်နေရစ်တဲ့ ဆည်းဆာအလင်းနဲ့ လေတဖြူးဖြူးတိုက်ရင်း သယ်လာတဲ့ စံပယ်ခြုံတွေဆီက ရနံ့တွေ။ ကျွန်မကို လွမ်းစေပါပြီ ။

တိုးတက်လာတဲ့ သမီးအတွက် ပျော်ပေမယ့် အိမ်ကို လွမ်းတဲ့စိတ်၊ ကိုယ့်နေရပ် အထူးသဖြင့် ညနေခင်း မနေ့ဖြူမြို့မှာ စက်ဘီးစီးရင်း ဘူးသီးကြော်ခပ်ထူထူ ပူပူရှုရှုတွေ သွားဝယ်တဲ့ ငယ်ငယ်က ကာလတွေ၊ ရုံးအဆင်း ရန်ကုန်မြစ်ဘက် ဒါမှမဟုတ် အလင်းရောင်တွေ စုံနေတဲ့ သူငယ်ချင်းတွေရှိရာ ဆိုင်တွေဘက်ကို လှမ်းခဲ့တဲ့ကာလတွေ၊ ကြည့်လေရာ တောင်တန်းတွေ အပြည့်နဲ့ မြန်မာနိုင်ငံက နယ်မြို့တွေရဲ့ ညနေခင်း လမ်းလျှောက်ထွက်ခဲ့တဲ့ကာလတွေက နည်းနည်းလေး သတိမထားမိတာနဲ့ ရင်ထဲကိုတိုးဝင်ရင်း လွမ်းမောစေပါပြီ။

'ဒီလို ညနေခင်းတွေမှာ ငိုချင်သလို ဖြစ်နေတယ်' လို့ အွန်လိုင်းမှာ ကိုယ့်ခံစားချက်ကို ချရေးတော့ ကိုယ့်မိသားစု၊ မိတ်ဆွေတွေနဲ့ ချစ်လှစွာသော အမျိုးတွေလည်း စိတ်ပိုပူကြပြီ။ သတိထားဖို့၊ သွေးဆေးလေးများရှိနိုင်ရင် ရှာသောက်ဖို့၊ အိပ်ပျော်အောင်အိပ်ဖို့၊ ဘာဖြစ်ဖြစ် စားပစ်လိုက်ဖို့တွေနဲ့ ဗျာဗျာသလဲ ဂရုစိုက်တဲ့ စာတွေကြောင့်သာ အလွမ်းကို ငြိမ်းနိုင်တော့တယ်လေ။

အမျိုးသားက သူ့ ဗီဇာသက်တမ်းတိုးရမယ့်ကိစ္စအတွက် ဆေးရုံ၊ လူမှုရေးအဖွဲ့က ထောက်ခံချက်တွေယူပြီး ကားတစ်စီးငှား၊ နိုင်ငံကူးလက်မှတ်ရုံးကို နေ့လယ်က သူတစ်ယောက်တည်း သွားခဲ့သေးတယ်။ သူရတဲ့ ဗီဇာကာလက တစ်လတည်းဆိုတော့ ဒီနေ့က နောက်ဆုံးနေ့၊ အပြေးအလွှား သက်တမ်းသွားတိုးလေတယ်ပေါ့။ အိုမန်က အငှားယာဉ်မောင်းတွေကလည်း တစ်ခြား နိုင်ငံအသီးသီးကလိုပဲ မျက်နှာစိမ်းရင်၊ ကိုယ့်နိုင်ငံသား မဟုတ်ရင်၊ နေရပ်မကျွမ်းကျင်ရင် ဂျင်းထည့် (သုံးလေးဆ ပိုတောင်း)တတ်ကြသေးတာဆိုတော့ ကိုယ့်မှာ စိတ်ပူရပြန်တာပေါ့။ ကိုယ့်အမျိုးသားက ဈေးဆစ်ဖို့လည်း အလွန်နှုတ်နှေးတတ်တာကိုးလေ။ ပြီးတော့ သူက ပတ်စ်စပို့ရုံးကအပြန် သမီးအတွက် အဝတ်အစားပိစိလေးတွေလည်း ရအောင်ဝယ်ရဦးမှာဆိုတော့ တစ်ယောက်တည်းဖြစ်ပါ့မလားဆိုတဲ့ စိတ်ကလည်း ရှိနေပြန်၊ ကိုယ်တိုင်လိုက်ဖို့ကျပြန်တော့ သမီးအတွက် နို့ညှစ်ထုတ်ရမယ့်အချိန်၊ သမီးကို ချိုရမယ့်အချိန်၊ စကားပြောရမယ့် အချိန်တွေကိုလည်း နှမြောပြန်သေးတာဆိုတော့ နောက်ဆုံးတော့ သူတစ်ယောက်တည်းပဲ ထွက်သွားလေရဲ့။

အလွမ်းတွေနဲ့ ခပ်ငူငူဖြစ်နေတဲ့ကိုယ့်မှာ အဆောင်ကနေထွက် ဖြည်းဖြည်းချင်း လမ်းလျှောက်ရင်း ပျော်နေတဲ့ ဆေးရုံဆင်းသူ မိသားစုတွေကို ငေး၊ အရောင်စုံတဲ့ တိမ်တွေကို ငေးရင်း သမီးအခန်းထဲ မဝင်သေးဘဲ ဆေးရုံပေါက်ဝမှာ ငုတ်တုတ်ထိုင်နေမိတယ်။ အမျိုးသားကိုလည်း စောင့်ရင်းပေါ့။

ခဏကြာတော့ အဝတ်အိတ် တစ်ပုံတပင်နဲ့ ကျွန်မအမျိုးသားလည်း ပြုံးပြုံးရွှင်ရွှင် ရောက်လာပြီး သမီးဆီကို သွားကြတယ်။ လမ်းမှာ ကားငှားရတာ အဆင်ပြေတယ်၊ ကားသမားက သဘောအရမ်းကောင်းတယ်ဆိုတာကို ပျော်ပြီးပြောနေတဲ့ အမျိုးသားကို ငေးရင်း ' ကားခရော အဆင်ပြေရဲ့လား။ ဘယ်လောက်ပေးခဲ့ရလဲ ' လို့ မေးလိုက်တယ်။ ' အသွားအပြန်ဆိုတော့ အားလုံးပေါင်း ၈ ရီရယ်လား၊ ဒါမှမဟုတ် ဈေးထပ်လျှော့ပေးလေသလား ' လို့ စိတ်က တွေးရင်းပေါ့။ အမျိုးသားက ပြုံးပြီး ပြန်ပြောတယ်. . . အားလုံးပေါင်း ရီရယ် ၂၀ ကျတယ်၊ ကားသမားက ကွမ်းငုံသလို ငုံဆေးတောင် ထုတ်ပေးလိုက်သေးတယ်တဲ့။

ဘာ. . . ရီရယ် ၂၀. . . ဘယ်လောက်လဲ မြန်မာငွေ ဘယ်လောက်ကျလဲ ခေါင်းထဲ မြန်မြန်တွက်ပြီး ' အမလေး. . . ရှစ်သောင်းလောက် ပေးလိုက်ရတာပါလား ' ဆိုပြီး အလွှမ်းတွေလည်း ကြက်ပျောက်ငှက်ပျောက်ဖြစ်။ ဘာကိစ္စ အဲဒီလောက် ပေးလိုက်ရတာတုန်းဆိုတော့ သူက ကြည်ကြည်လင်လင်ပဲ ပြန်ပြောတယ်။ ' မိန်းမရေ. . . သူက ဗီဇာကိစ္စအတွက် လိုက်မေးပေးတယ်၊ တန်းတောင် ဝင်စီပေးလိုက်သေးတယ်၊ ရေတိုက်တယ်၊ မုန့်စားမလားတောင် မေးသေးတယ် ' တဲ့။ သြော်. . . ကောင်းပါပြီ ကောင်းပါပြီ။ အဆင်ပြေရင် ကျေနပ်ပြီ။ ကိုယ့်အလွှမ်းတွေလည်း ပျောက်ကုန်ပြီး စိတ်နဲ့ကိုယ်နဲ့ အစေးကပ်ပြီး ကြည်ကြည်လင်လင်တောင် ဖြစ်လာပြီ။ မှန်းစမ်း . . . သမီး အတွက် ဘာတွေဝယ်လာသလဲ။

အိပ်ပျော်နေတဲ့ သမီးအနားမှာထိုင်ရင်း သူဝယ်လာတဲ့အထုပ်ထဲက ပိစိညှောင့် တောက်တွေကို ငုံ့ကြည့်မိတယ်။ ဒါ. . . သမီးအတွက် အတွင်းခံတွေလေ။ ဟမ်. . . အတွင်းခံ ပိစိလေးတွေက ၁၀ ထည်လောက်တောင် ရှိတယ်၊ နောက်ပြီး ဘောင်းဘီဖင်ကျပ် သေးသေးလေး တွေ၊ အနီးအစားထိုး ဇစ်နဲ့ပိတ်လို့ရတဲ့ ကလေးထည့်တဲ့ အိတ်လေးတွေ၊ ဂါဝန်ပိစိလေးတွေနဲ့ ခေါင်း စည်းတွေတောင် ပါလိုက်သေး။ ' မိန်းမ သေချာမှာတဲ့ ဒိုက်ဖာဝတ်ရလွယ်တဲ့ တဆက်တည်း အင်္ကျီတွေရော ' လို့ မေးတော့ ' ယူမလို့ဘဲ မိန်းမရယ်. . . ဒါပေမယ့် ဒါလေးတွေက ချစ်ဖို့ကောင်း တယ်၊ ပြီးတော့ ဒစ်စ်ကောင့်ချနေတာ။ အမလေး. . . မိန်းမကြီးတွေကြားထဲမှာနေ ကျားကျား တစ်ယောက်တည်း ရွေးတာ။ အစကတော့ ရှော့ပင်းစင်တာထဲရောက်နေတဲ့ ယောကျာ်းကြီးတွေက ကွက်ကြည့်ကွက်ကြည့်လုပ်ကြတာ။ ဒါပေမဲ့ ခဏကြာတော့ သူတို့လည်း သူတို့သမီးလေးတွေ အတွက် ကျားကျားနဲ့အတူ ဝင်ရွေးကြတယ်. . . သိလား ' တဲ့။

အော်. . . ဟုတ်ပါပြီ။ သူနာပြုဆရာမတွေလည်း အဲဒီ ဘောင်းဘီလေးတွေ အင်္ကျီ လေးတွေကို အံ့သြပြီးကြည့်၊ နောက် အခန်းထဲက ကလေးတွေရဲ့မိဘတွေလည်း လှမ်းလှမ်းကြည့် ကြ၊ သမီးအဖေကတော့ မြောက်ကြွကြွနဲ့ပေါ့။ ပြီးတော့ သူနာပြုဆရာမဆီ သမီးကို ချီချင်ကြောင်း လှမ်းခွင့်တောင်းရပါတယ်။ ဒီတစ်ခါတော့ အမျိုးသားအလှည့်ပေါ့။ သူလည်း သေသေချာချာ မ ချီဖူးသေးတော့ ခုတစ်ခေါက် သူ့ကို ပေးချီလိုက်ပါမယ်လေ။ အရင်ကလို ပိုက်တွေမရှုပ်၊ မျက်လုံးအုပ်တွေ မပါတော့တဲ့ သမီးတော်ကလည်း အိပ်နေသလား၊ အိပ်ချင်ယောင်ဆောင်နေသလား မသိ. . . သူ့အဖေ လက်ထဲရောက်တော့ ပြုံးစိစိလုပ်သေးတာ။ သားအဖတွေလိုက်လည်း လိုက်ပ့ါ။ တွေ့သမျှ သူနာပြုတွေက ' ငြိမ်း. . . ဆောရီးပါ. . . နင့်သမီးက သူ့အဖေနဲ့ တစ်ပုံစံတည်းနော်၊


ဝေယံရေ နင့်သမီးက နင်နဲ့ ချွတ်စွပ်ပဲ ' လို့ အမြဲ ပြောနေကြလေ။

သမီးအတွက် နို့ထုတ်ပေး၊ အချိန်တန်လို့ ဟိုတယ်ကိုပြန်ကြတော့ အမျိုးသားက လမ်းလျှောက်နေရင်း လက်ထဲကို ကြက်ဥပြုတ်တစ်လုံး ထည့်ပေးတယ်။ ပြန်ရင် အနည်းဆုံး ၄၅ မိနစ်လောက် လမ်းလျှောက်ရတော့ ည ၉ ခွဲလောက် ဆေးရုံကထွက်လာရင် ၁၀ နာရီကျော်မှ အခန်းပြန်ရောက်၊ ညစာစားချိန်က ၁၁ နာရီဝန်းကျင် ဖြစ်နေကြဆိုတော့. . . အစာတွေလည်း လွန်ကုန်တာပေါ့လေ။ ဆေးရုံဝင်းရဲ့ နောက်ဆုံးထွက်တဲ့လမ်းမှာ ကားပါကင်ကျယ်ကျယ်ရှိပြီး တောင်ကုန်းလိုနေရာဆိုတော့ မျက်နှာချင်းဆိုင်က တိုက်ပြတ်ပြတ်တွေ၊ တောင်ရိပ်နဲ့ လအကြီးကြီး သာနေတာကို တွေ့ရတယ်။ လေလည်းတိုက်နေတော့ လကြီးကိုငေးပြီး လမ်းလျှောက်ရတာ သဘောကျစရာပဲ။ ရန်ကုန်မှာ ဒီလောက်ကြီးတဲ့လကို အနီးကပ် မမြင်ဖူးဘူး။ တောင်ပေါ်ဒေသတွေ ရောက်ပြန်တော့လည်း လပြည့်ရက်နဲ့လွဲတော့ အင်တာနက်ကနေပဲ မြို့ထဲဝင်နေတဲ့ လပြည့်ကြီး တွေကို တအံ့တဩ ကြည့်ခဲ့ရတာ။

လက်ထဲက ကြက်ဥပြုတ်ကိုစားရင်း လကိုငေးရင်း ရောက်တတ်ရာရာတွေ မနား တမ်းပြောရင်း (ငြိမ်နေရင် အမျိုးသားက ကျွန်မ တစ်ခုခုများ ဝမ်းနည်းနေမလားလို့ စိတ်ပူတတ်လို့) ကုန်းဆင်းအတိုင်း လျှောက်လာကြတယ်။ ည ၉ နာရီခွဲဝန်းကျင်ဆို ဆေးရုံရဲ့ ညာဖက်အခြမ်း ခပ်ဝေးဝေးက အာရှမှာ အကြီးဆုံးလို့သတ်မှတ်ထားတဲ့ အဆောက်အအုံကြီးရဲ့ ထိပ်ချွန်းပိုင်းတွေ နားကို ဖြတ်ဖြတ်ပျံသွားတဲ့ လေယာဉ်တစ်စင်းလည်း ရှိတယ်။ ဆေးရုံကနေ ကျွန်မတို့ ညဖက် ပြန်ချိန်ဆို အဲဒီလေယာဉ်ကို လှမ်းငေးနေကြ၊ တစ်နေ့ အဲဒီလေယာဉ်နဲ့ပဲ သမီးကိုချီပြီး အိမ်ပြန် ခွင့်ရမယ်လို့လည်း ဟုတ်ဟုတ် မဟုတ်ဟုတ် အချင်းချင်း ပြောနေကြပဲ။

' ဟိုမှာ. . . မိန်းမရေ. . . လေယာဉ် ပျံတက်သွားပြီ. . . ကျားကျားတို့ အဲဒီလေယာဉ် နဲ့ သိပ်မကြာခင် ပြန်ကြရတော့မှာနော် ' လို့ ပြောတဲ့စကားသံကို နားထောင်ရင်း ဆရာဝန်တွေရဲ့ ' ငြိမ်းရေ. . . သမီးလေးကို နောက်ဆုံးအခန်းကို မနက်ဖြန်ရွှေ့တော့မယ်. . . မကြာခင် အိမ်ပြန်ရ တော့မယ်နော် ' လို့ နေ့လယ်က ပြောခဲ့တာကို ပြန်ကြားယောင်မိတယ်။ ဟုတ်တယ် . . . ပြန်ရ တော့မယ်. . . အိမ်ပြန်ရောက်ရင် ဘာတွေ ချက်စားမယ်၊ ဘယ်လို အိပ်ပစ်မယ်၊ ဘယ်ခရီးတွေ ထွက်မယ်လို့ ရယ်ရယ်မောမော အားတင်းစကားတွေပြောကြရင်း ခြေလှမ်းတွေတောင် ပိုသွက် ခဲ့ကြရပြန်တယ်၊ သီတင်းကျွတ် လပြည့်နေ့မှာတော့ မိသားစု၊ မိတ်ဆွေတွေနဲ့အတူ ပြန်ဆုံချင် ပါပြီလေ။

# ချစ်ရပါသော အိုမန်နီ (၂၉)



ည ၉ နာရီ နို့တိုက်ချိန်ပြီးရင်
မပြန်နိုင်သေးဘဲ တာဝန်ကျဆရာမကို
တောင်းတောင်းပန်ပန်နဲ့ စိတ်ရှည်ဖို့၊
သမီးက ခွက်နဲ့သောက်ရတာ
သိပ်အဆင်မပြေလို့ ဂရုစိုက်ဖို့တွေ
စောင့်ပြောကြရပါတယ်။

သမီးကို နောက်ဆုံးအခန်းကို ပြောင်းကြတော့မယ်တဲ့။ ဆရာဝန်နဲ့ သူနာပြုတွေ လာပြောကြတော့ ကျွန်မ ပျော်လွန်းလို့ ထခုန်မိမတတ်ဘဲ။ ' ခု တစ်ခါတည်း ပြောင်းကြမှာ ' လို့ ပြောတော့ ကျွန်မ ဘာကူရမလဲမေးရင်း လက်ထဲက ညဘက် သူ့အကျီလေးတွေ လျှော်ပြီး ခေါက်ထားတဲ့ အိတ်လေးကို လွယ်အိတ်ထဲ ပြန်ထည့်လိုက်တယ်။

ကလေးအဝတ်လေးတွေ၊ အနှီးလေးတွေကို သုံးနာရီတစ်ခါလောက် ဒိုက်ဖာလဲချိန်တိုင်းလိုလို လဲကြရပြီး လဲပြီးသားတွေကို ကျွန်မက အဆောင်ပြန်ယူသွားပြီး လျှော်ပါတယ်။ ပြီးတော့ ခြောက်သွားတဲ့ အဝတ်လေးတွေကို ပြန်ယူလာ၊ ပြန်လဲနဲ့ နေ့တိုင်း လျှော်ရတာမျိုးပါ။ ' ဘာပစ္စည်းမှ သယ်စရာမလိုဘူး ' လို့ ဆရာဝန်တွေက ပြောပြီး ကလေးထည့်ထားတဲ့ incubator လေးကိုပဲ အောက်ခံလှည်းဗီရိုကနေတစ်ဆင့် တွန်းယူသွားတယ်၊ ပြီးတော့ ကျွန်မ နို့ညှစ်ပစ္စည်းတွေထည့်တဲ့ ဆေးရည်စိမ်ဘူးနဲ့ လိုအပ်တဲ့ စာရွက်စာတမ်းတွေ၊ ကလေးအဝတ်နဲ့ ဒိုင်ဖာတွေကိုတော့ လှည်းရဲ့ အောက်ဘက် ဘီရိုဖွင့်ထည့်သွားတယ်။ အဲဒီတော့ ကျွန်မက ဘေးကနေပဲ သမီးနောက်လိုက်ရုံပဲ။ သမီးကို ရွှေ့သွားတာက maternity ward 2 ရဲ့ ဝင်ဝင်ချင်းအခန်း။ အခန်းထဲမှာ ကလေး ၆ ယောက်စာ နေရာရှိပြီး တစ်ဖက်သုံးယောက်နဲ့ တာဝန်ကျသူနာပြုက နှစ်ယောက်ရှိတယ်။ maternity ward 1 က ကျွန်မ တစ်ပတ်တာတည်းခဲ့တဲ့ မွေးလူနာဆောင်ဖြစ်ပြီး အဲဒီ ward နှစ်ခုကြားမှာ ဆုတောင်းခန်းလို အခန်းတစ်ခန်းရှိတယ်။ ယောကျ်ားလေးနဲ့ မိန်းကလေးအတွက် သီးသန့် ခြားထားပြီး အခန်းထဲ ဝင်နားလို့လည်းရပေမယ့် ကျွန်မတို့ကတော့ တစ်ခါမှ ဝင်မနားဖြစ်ခဲ့ဘူး။

ခု နောက်ပိုင်းတော့ ဟိုတယ်ကနေ ဆေးရုံကိုရောက်ပြီဆိုတာနဲ့ သမီးအနားက မခွာကြတော့တာ ညနေရောက်တဲ့အထိတောင် ကြာတတ်တယ်။ ဆေးရုံက ဈေးသက်သာတဲ့ ကင်တင်းကိုလည်း အပေါ်ထပ်မှာတက်ပြီး ရှာတွေ့ခဲ့ပြီဆိုတော့ တစ်ခါစားရင် ၁ ရီရယ်နဲ့ ကျွန်မတို့ နေ့လည်စာ သက်သက်သာသာ စားလို့ရပြီ။ ကလေးအတွက် လိုအပ်တဲ့ အားဆေးတွေနဲ့ ဘယ်လို တိုက်ကျွေးရမယ်ဆိုတာကို တာဝန်ကျဆရာမတွေကလည်း သေချာသင်နေပြီဆိုတော့ သူ တစ်နှစ်စာအတွက် လိုသမျှဆေးကို ကျွန်မတို့ပဲ ဆေးစာရွက်နဲ့ အပြင်ထွက်ဝယ်လိုက်ကြတယ်။ ဆေးဝယ်ရတဲ့ ကုန်ကျစရိတ်က များပေမယ့်လည်း ပြန်ရမယ့်ရက် ရောက်တော့မှာဆိုတဲ့ စိတ်နဲ့ သိပ်ပူမနေတော့ဘူး။

ဖန်ပေါင်းချောင်မဟုတ်တော့ဘဲ ဖန်ခွက်ပက်ပက်တလေးထဲမှာ သမီးကို အကျီအထပ်ထပ် စောင်အထပ်ထပ်နဲ့ အားပါးတရ အိပ်ပျော်နေတာတွေ့ရတိုင်း ကျွန်မတို့ အေးချမ်းမိပါတယ်။

နောက်ထပ် သီတင်းတစ်ပတ်လောက်အကြာမှာ ကလေးကို နို့ပိုက်ဖြုတ်ပြီး ကျွန်မနို့ကို ကိုယ်တိုင် စို့သောက်စေကြည့်တော့ အိုမန်နီလေးကလည်း အလွယ်တကူ သောက်တတ်၊ နို့ဘူးနဲ့ တိုက်တော့လည်း အဆင်ပြေပေမယ့် ဆက်တိုက်ဆိုသလို ပုံစံပြောင်းလာတာက နို့ကို ခွက်နဲ့ စောင်းတိုက်တာပါ။

ကလေး သေးသေးလေး၊ နို့ကို ခွက်နဲ့သောက်ရတာ ဘယ်လိုမှ အဆင်မပြေပေမယ့် ဆေးရုံရဲ့ ကလေးတိုးတက်မှုအပေါ် သတ်မှတ်ထားတဲ့အဆင့်မျိုးဆိုတော့ ကျွန်မတို့ ဘုရားတပြီးပဲ တိုက်ကြရပါတယ်။ နို့တိုက်တဲ့အချိန်၊ သန့်ရှင်းရေးလုပ်တဲ့အချိန်က သုံးနာရီခြားတစ်ခါဆိုတော့ နေ့ဘက်တွေမှာ အဆင်ပြေပေမယ့် ညဘက် ၁၂ နာရီ၊ ၃ နာရီ၊ မနက် ၅ နာရီတွေမှာတော့ အိပ်မောကျနေတဲ့ ကလေးတွေအတွက် အဆင်မပြေလှပါဘူး။ သူနာပြုတွေကလည်း သတ်မှတ်ထားတဲ့ နို့ပမာဏကိုဝင်အောင် တိုက်ကြရတော့ ကလေးတစ်ယောက်နဲ့ သူနာပြု လုံးခြာလည်လိုက်ပြီး ကလေးနောက်တစ်ယောက်က ဗိုက်ဆာဆာနဲ့ စောင့်၊ အဲဒီလိုပုံစံကြောင့် ကျွန်မ အရမ်းစိတ်ပူမိပါတယ်။ ကျွန်မတို့ရှိနေတဲ့အချိန် ခွက်နဲ့တိုက်ရင် သမီးက မသောက်ဘဲ တင်းခံနေရင်တောင် ဘေးကနေ ' သောက်လိုက်ပါ သမီးလေးရေ့ မေမေတို့ ဖေဖေတို့ရှိတယ်၊ အဲဒါမှ အားရှိမှာနော် ' စတဲ့ စကားတွေ ဆက်တိုက်ပြောနေမှ အိုမန်နီက သောက်တာ။ ဒါပေမဲ့ အချိန်ယူရတာက ကြာမြန်ရော။ အဲဒါကြောင့် ည ၉ နာရီ နို့တိုက်ချိန်ပြီးရင် မပြန်နိုင်သေးဘဲ တာဝန်ကျဆရာမကို တောင်းတောင်းပန်ပန်နဲ့ စိတ်ရှည်ဖို့၊ သမီးက ခွက်နဲ့သောက်ရတာ သိပ်အဆင်မပြေလို့ ဂရုစိုက်ဖို့တွေ စောင့်ပြောကြရပါတယ်။ အဲဒီညကတော့ တာဝန်ကျတဲ့ မျက်နှာသစ် အိန္ဒိယဆရာမ ချောချောလေးကို သေချာမှာပြီး ဟိုတယ်ပြန်ခဲ့ပေမယ့် ရင်ပူနေခဲ့တယ်။

နောက်နေ့မနက်စောစော ဆေးရုံပြန်ရောက်ပြီး သမီးအခန်းဆီ အပြေးသွားမိတော့ ကလေးက အခန်းထဲမှာ မရှိတော့ပါဘူး။ တာဝန်ကျသူနာပြုတွေကလည်း ပြောင်းသွားပြီဆိုတော့ မျက်နှာသစ်တွေကပဲ ဖုန်းတွေဆက်ပြီး သမီးကို ရှာရပါတယ်။ ရင်တွေပူ၊ လက်ဖျားခြေဖျားတွေ အေးပြီး ဘာကိစ္စဖြစ်တာပါလိမ့်၊ လည်ပင်းထဲအထိ ဆို့နစ်ပြီး သမီးကို ထပ်ရှာကြရပါပြီ။

စစ္စတာကြီးတွေ ဖုန်းပြန်ဖြေတာက ညက နို့သောက်တာ သီးသွားပြီး အောက်ဆီဂျင်ပြတ်တဲ့အထိ ဖြစ်သွားလို့ အရေးပေါ် အခြေအနေနဲ့ အရင်အခန်းကို ပြန်ပို့ထားရပါတယ်တဲ့။ သူ့ကို အရင်ကထားတဲ့ NICU ဘက်ကို လင်မယားနှစ်ယောက် ပြန်ပြေးကြ၊ အခန်းတွေမှာ လိုက်ရှာ၊ နောက်ဆုံး သူ့ကို ပထမဆုံးပြောင်းထားတဲ့အခန်းမှာ အောက်ဆီဂျင်ပိုက်တွေ၊ ကြိုးတွေနဲ့ ငြိမ်ငြိမ်လေး တွေ့လိုက်ရပါတယ်။

သမီးရယ်. . . မေမေထင်တယ်၊ ညက သူ့ အရမ်းအိပ်ပျော်နေတဲ့အချိန် နှိုးပြီး ခွက်နဲ့တိုက်တုန်း သီးသွားတာ။ ဒေါ်သကလည်းကြီးတော့ အော်ဒိုသောင်းကျန်းရင်း အောက်ဆီဂျင်ပါ ပြုတ်၊ နှလုံးခုန်နှုန်းတွေပါ ပြောင်းသွားတာ။ မျက်ရည်မကျအောင် အားတင်းပြီး တာဝန်ကျ ဆရာဝန်ကိုပဲ မေးရပါတယ်။ ဘယ်မလဲ အဲဒီသူနာပြု။ ကျွန်မ သေသေချာချာကို မှာခဲ့ပါတယ်။ ချစ်တာချင်းတူပေမယ့် တခြားမိဘတွေလို ကလေးဆီကအပြန်မှာ ချက်ချင်းထွက်သွားကြတာ မဟုတ်ပါဘူး။ တာဝန်ကျတဲ့ ဘယ်ဆရာမကိုမဆို ကလေးအကြောင်း အစကနေ ရှင်းပြရ၊ ကျွန်မတို့ ဘယ်လိုစိတ်ပူတတ်ကြောင်း ပြောပြရနဲ့ တကယ်ကို အချိန်ကုန်ခံပြီး ရှင်းပြခဲ့ကြတာပါ။

ဆံပင်အရင်းတွေမှာ ဒိတ်ဒိတ်မြည်နေတဲ့အထိ ထွက်တဲ့ဒေါသကို လျှော့ရင်း ဆရာဝန်တွေရှင်းပြတဲ့ စကားတွေကိုနားထောင်ရင်း သမီးမျက်နှာပဲ ငေးနေရပါတယ်။ သမီးက အောက်ဆီဂျင်ပိုက် နှာခေါင်းထဲသွင်းထားရင် မကြိုက်လွန်းလို့ လက်နဲ့ဖယ်တတ်တော့ ပါးတွေရော ခေါင်းမှာပါ တိတ်တွေနဲ့ ကပ်၊ နို့ပိုက်ပါ ပြန်တပ်ထားရတာပါ။ သမီးအနားမှာနေရင်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိတာက ဘာလို့ ပျော်လိုက်မိတာလဲ. . . ဟိုရက်တွေက စိတ်တွေကြည်လင်ပြီး ဘာလို့ ပျော်နေခဲ့တာလဲ၊ အဲဒီ ဘယ်ကစောင့်ကြည့်နေမှန်းမသိတဲ့ နတ်ဆိုးနဲ့ ကံကြမ္မာက ကျွန်မ ပျော်တာမြင်ရင် မနာလိုဖြစ်ဦးမှာ။ ချက်ချင်း လာထိုးနှက်ဦးမှာ။ ကျွန်မကို နိုင်တာလည်း သမီးပဲ ရှိတော့ သမီးလေးကိုများ သက်ရောက်မှုရှိမလား။

အတက်အကျတွေ များလွန်းတဲ့စိတ်ကို ဖြေးဖြေးလျှော့ပြီး သမီး မျက်နှာကြည့်၊ စိတ်ပုံဖုံးချ တွေးမိတာက ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ ဆိုတာကိုပါ။ ကောင်းဖို့ ဖြစ်လာတာ တွေချည်းပဲဆိုတော့ ဘယ်သူ့ကိုမှ အပြစ်မတင်တော့ဘူးလို့ ဆုံးဖြတ်ချက်ချပြီး မျက်နှာငယ်လေးနဲ့ အပြစ်မကင်းသလို ဖြစ်နေတဲ့ ညနေပိုင်းဝင်လာသူ သူနာပြုကိုလည်း အေးအေးဆေးဆေး ဆက်ဆံနိုင်ခဲ့ပါတယ်။

ကျွန်မသမီးကို တုန်နေအောင်ချစ်တဲ့ ဖိလစ်ပိုင်က သူနာပြုဆရာမ ရှုဘီကတော့ ကျွန်မကို အချိန်ရတာနဲ့ ခပ်တိုးတိုး လာအားပေးမြဲပါ။ စိတ်မပူဖို့နဲ့ သူ့အခန်းမဟုတ်လည်း သူ အဆင်ပြေအောင် သမီးအနား အတတ်နိုင်ဆုံး သွားသွားကြည့်ပေးပါ့မယ်တဲ့။ ရှုဘီကို ကျေးဇူးတင်ရင်း နောက်နှစ်ပတ်လောက်ဆို အိမ်ပြန်လာတော့မယ်နော်လို့ မေကြီးကို ပြောမိတဲ့ စကားကိုလည်း ပြန်ဖျက်သိမ်းရတော့တာပါပဲ။

ခု ပြန်ရောက်နေတဲ့အခန်းက အဆောင်တူနေ အမျိုးသမီးရဲ့သားလေး ဟမ်ဇက်နဲ့

တစ်ခန်းတည်း ပြန်ဖြစ်တာမို့ လွန်ခဲ့တဲ့ လေးလကတည်းက ဆေးရုံတက်နေတဲ့ သူ့ကိုကြည့်ပြီးပဲ အားတင်းရပါတော့တယ်။ နောက်ထပ်နေ့ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးချိန်မှာ သမီးလေးလည်း အရင်ကအတိုင်း အခန်းတွေ တစ်ခန်းပြီးတစ်ခန်း အစဉ်လိုက် ပြန်ထပ်ပြောင်းရင်း အချိန်တစ်လဆိုတာလည်း ဖြုတ်ခနဲ ကုန်ရပြန်ပါပြီ။

ဆရာဝန်တွေ သူနာပြုတွေပြောတဲ့ သိပ်မကြာခင် အိမ်ပြန်ရတော့မယ်ဆိုတဲ့ စကားကို အရင်ကလို ရင်သိပ်မခုန်တော့ဘဲ ' ဒါ ကျွန်မတို့ကို နှစ်သိမ့်နေကြပါလား၊ ရှေ့ဆက် အားတင်းနိုင်ဖို့ အားပေးနေကြပါလား ' လို့ ပြောင်းတွေးတတ်လာပါပြီ။ အမျိုးသားရဲ့ တစ်လစာ ဗီဇာကလည်း ကုန်ခါနီးပြီမို့ ဗီဇာကြေးသွင်းဖို့ ကားငှားဖို့ တစ်ခါ ပြန်တွက်ချက်ကြ ဒါမှမဟုတ် ဗီဇာမကုန်ခင်ဘဲ ကျွန်မတို့ ရုတ်တရက် ပြန်ခွင့်ရမလား စတဲ့ အစီအစဉ်တကျရော စိတ်ကူးယဉ်တာရော ရှုပ်ယှက်ခတ်နေတဲ့ အတွေးတွေနဲ့ နေ့တွေ ကုန်ဆုံးလာပါတယ်။

ဟိုးအောက်ခြေထိ ကျနေတဲ့စိတ်ဓာတ်ကိုတော့ တစ်ယောက်ကိုတစ်ယောက်တောင် ထုတ်မပြောတော့ဘဲ မြင်သမျှ ဟာသအဖြစ် ပြောင်းပြီး အော်ရယ်တတ်ခဲ့ကြပါပြီ။

လေအေးအေးတွေတိုက်တဲ့ အဲဒီနေ့ ညနေခင်းမှာတော့ နို့ညှစ်တဲ့အခန်းထဲမှာ သတင်းထူးတစ်ခုက ထပ်ရောက်လာပါတယ်။ နို့ညှစ်နေတဲ့ ကျွန်မကို ' ငြိမ်းရေ. . . နင်သိပြီးပြီလား. . . မနက်စောစောက ဆေးရုံကို ကိုယ်ဝန် ၂၄ ပတ် (၆လ)နဲ့ ရုတ်တရက်မွေးလာတဲ့ လူနာရောက်လာတယ်. . . သူက ထိုင်းကနေ အိုမန်ကိုအလည်လာရင်း ရုတ်တရက် မွေးထွက်သွားတာ. . . ' ဆိုတဲ့ စကားကို သယ်လာသူက ရင်းနှီးနေတဲ့ သူနာပြုတွေထဲက တစ်ယောက်ပါ။

အမျိုးသားက အမေရိက,ကနေ လာမှာကို အားလပ်ရက်မှာ အိုမန်ကနေ တစ်ယောက်တည်း ကြိုစောင့်ရင်း ရုတ်တရက် ကလေးမွေးသွားတယ်ဆိုတဲ့ ထိုင်းမလေးကိုလည်း စိတ်ပူသွားပါတယ်။ တစ်ယောက်တည်းဆိုတော့ ဘယ်ဖြစ်မလဲ။ လက်ထဲရှိတဲ့ ပိုက်ဆံလေး မျှပေးကူဦးမယ်. . . အစားအသောက်ရော အဆင်ပြေပါ့မလားမသိ. . . ခေါက်ဆွဲထုပ်နဲ့ အအေးဘူးတွေတော့ ရအောင်သွားပို့ဦးမှပဲ အဓိက သူတစ်ယောက်တည်း ဒီလိုဖြစ်တာမဟုတ်ဘူး. . . ကျွန်မရှိတယ်ဆိုတာကိုပါ သိအောင် သွားအားပေးရမယ်ဆိုတဲ့ စိတ်က ကိုယ့်အပူတွေကို ခဏ မေ့စေပြန်ပါတော့တယ်။

■ ■ ■

## ချစ်ရပါသောကမ္ဘာ [illegible] (၁၀၈)



တကယ်ဆို
ကမ္ဘာ့တတိယမြောက် ငွေကြေးတန်ဖိုး
အမြင့်ဆုံးနိုင်ငံဖြစ်တဲ့ အိုမန်မှာ
နိုင်ငံတကာက တရားဝင်ရော
တရားမဝင်ပါ အလုပ်လာလုပ်တဲ့
ရွှေ့ပြောင်း အလုပ်သမားတွေ
ဒုနဲ့ဒေးပါ။

ငြိမ်ငြိမ်လေးတစ်ယောက်တည်း နို့ညှစ်ခန်းထဲမှာ နို့ညှစ်ထုတ်နေတုန်း ကိုယ့်နောက်နားကို အမျိုးသမီးတစ်ယောက် ဝင်လာတယ်။ လှည့်မကြည့်မိပေမယ့် သူ ခုံယူ၊ ပလပ်ပေါက်ထိုး၊ စက်ဖွင့်၊ နို့ညှစ်ထုတ်တဲ့ ဂဒီး ဂဒီး စက်စုပ်သံပါ ကြားနေရတယ်။ ကိုယ့်မှာ ဘယ်ကိုမှ မကြည့်နိုင်ခပ်ငိုင်ငိုင်ပဲ နို့ညှစ်ထုတ်ရင်း တောင်စဉ်ရေမရတွေ လျှောက်စဉ်းစားနေမိတယ်။ ထိုင်းမလေးကဆေးရုံက မွေးလူနာဆောင်မှာဆိုတော့ သူဘယ်အဆောင်မှာပါလိမ့်၊ ခု သွားတွေ့ရင်ကောင်းမလား၊ ဆေးရုံအပြင်ဘက်နားမှာ စတိုးဆိုင်ရှိတော့ ငှက်ပျောသီး၊ ပန်းသီး၊ နို့ဘူးတွေ ဝယ်သွားပြီးမှ သွားတွေ့ရမလား စဉ်းစားနေလိုက်တယ်။

ခဏအကြာ ဖျတ်ခနဲ ကိုယ့်ကိုကျော်ပြီး ရှေ့မှာရှိတဲ့ ဘေစင်ရေဘုံဘိုင် ဖွင့်တာကို လှမ်းတွေ့လိုက်တယ်။ လက်နှစ်ဖက်၊ လက်သည်းအရှည်တွေ၊ ပန်းရောင်ဆေးရုံအကျီ၊ ရေစိုမှာစိုးလို့ လက်က အကျီကိုပင့်တင်လိုက်တဲ့အချိန် ဟိုး. . . တက်တူးတွေ။ ဖြတ်ခနဲ မျက်နှာကို လှမ်းကြည့်လိုက်တော့ တစ်ဖက်လှည့်ထားတဲ့ အမျိုးသမီးတစ်ယောက်၊ နီညိုရောင် ဆံပင်တွေကို ဖားလျားချထားတယ်။ သူ လက်ဆေးပြီးတဲ့အထိ စောင့်ပြီး ကိုယ့်ဘက် မျက်နှာပြန်လှည့်လိုက်တဲ့အချိန် အာရှသူလေး၊ သေချာတယ်၊ ထိုင်းမလေးပဲ။ မျက်ခုံးနေရာ ဖောက်ပြီး နားကပ်အသီးတွေ တပ်ထားတဲ့ ခပ်မာမာ မျက်နှာလေးနဲ့ မိန်းကလေးကို ' ဟယ်လို. . . ကျွန်မ ငြိမ်းပါ၊ မြန်မာနိုင်ငံကပါ ' လို့ မြန်မြန်နှုတ်ဆက်လိုက်တယ်။ သူကလည်း သိနေတယ်ဆိုတဲ့ မျက်လုံးတွေနဲ့ ပြန်ပြုံးပြပြီး လက်အုပ်လေးချီ၊ ' ကျွန်မ နီဒါ ပါ ' လို့ ပြန်ပြောတယ်။

သူ စကားပြောဖို့ ပါးစပ်ဟလိုက်တဲ့အချိန် သူ့ခံတွင်းထဲက လျှာကိုဖောက်ပြီး နားကပ်ကွင်းတစ်ခု တပ်ထားတာကို တွေ့ဖြစ်အောင် တွေ့မိလိုက်သေးတယ်။ ' နီဒါ ' အမိုက်စား ထိုင်းမလေးပေါ့။ ' ကျွန်မ ဘာကူညီရမလဲ၊ အစားအသောက်အဆင်ပြေရဲ့လား၊ ဆေးရုံကနေဆင်းရင် ဒီဝင်းထဲမှာ မိခင်ဆောင်ရှိတယ်၊ ကျွန်မနဲ့ အတူနေမလား၊ အမျိုးသားကို အကြောင်းကြားပြီးပြီလား၊ ကလေးက ဘယ်လိုဖြစ်တာလဲ ' ပါးစပ်ကနေ ဆက်တိုက်ထွက်သွားတဲ့ မေးခွန်းတွေမှာ နွေးထွေးမှုတွေပါနေမှာ နီဒါ ခံစားမိမှာပါ။

သူက မျက်လွှာလေးပြန်ချပြီး ' ငြိမ်း. . . ကျွန်မမှာ ကိုယ်ဝန်ရှိမှန်း သေချာမသိခဲ့ဘူး၊ မသိလို့ ဒီလိုခရီး ထွက်လာတာပေါ့၊ အမျိုးသားကလည်း မသိဘူး၊ ခု. . . သူ အမေရိက,ကနေလိုက်လာဖြစ်လား၊ မလာဘူးလားဆိုတာလည်း မသေချာဘူး ' လို့ ခပ်တိုးတိုး ပြန်ပြောတယ်။

' ဟမ်. . . ဘာပြောတာလဲ၊ ကလေးရှိတာ မသိဘူး၊ ၆ လတောင်လေ၊ နီဒါ. . . နင့်

ယောကျ်ားက စိတ်ပူပြီး လိုက်လာရမှာလေ. . . ငါ အကြောင်းကြားပေးရမလား၊ နင့်ယောကျ်ားကို ဆက်သွယ်ပေးမယ်လေ ' လို့ ပြောလိုက်တယ်။

သူက မပွင့်တပွင့်ဘဲ ဆက်ပြီး ' နေပါစေတော့ ငြိမ်း. . . ငါ အဆင်ပြေတယ်၊ ငါ့မှာ ဖုန်းရှိတယ်၊ အဆောင်မှာ မနေဘူး၊ အပြင်မှာ နေမှာ ' လို့ ဆက်ပြောနေတယ်။သူ့ဆီက ဖုန်းနံပါတ် တောင်း၊ ကိုယ့်ဖုန်းနံပါတ် ပေး၊ ခု. . . တစ်ခုခု ငါ သွားဝယ်ပေးရမလားဆိုတော့လည်း သူက အတင်းငြင်းနေပါတယ်။

အဲဒီအချိန် နို့ခန်းထဲကို အပြင်က သူနာပြုတစ်ယောက်ဝင်လာပြီး ' ဟေး. . . ဆေးရုံကို ထိုင်းသံရုံးက တာဝန်ရှိသူတွေ လာကြတယ်၊ ဘယ်သူ့ကိုတွေ့ချင်လို့လဲ မသိဘူး ' လို့ လာအော်ပြောပါတယ်။ သူက ချက်ချင်း စကားစဖြတ်ပြီး နို့ညှစ်ခန်းထဲက မြန်မြန်ထွက်သွားပါတော့တယ်။ ကျွန်မလည်း အော်. . . အိုမန်မှာ ထိုင်းသံရုံးရှိတော့ ကောင်းလိုက်တာ၊ တစ်ခုခုဆို အရမ်းဂရုစိုက်ကြတာပဲလို့ တွေးရင်း သမီးဆီ ပြန်လာခဲ့ပါတယ်။ ပြီးတော့ အမျိုးသားကိုလည်း နီဒါအကြောင်းပြောပြ၊ အခန်းထဲက သူနာပြုတွေကပါ အနားရောက်လာပြီး ' ငြိမ်းရေ. . . နင်က အရမ်း ကူညီချင်နေလို့ ငါတို့ သတိပေးမလို့ ' ဆိုပြီး စကားစလာပါတယ်။

အိုမန်နိုင်ငံမှာက တရားဝင် လက်ထပ်မထားဘဲ ကိုယ်ဝန်ရှိရင်၊ ကလေးမွေးရင် မိခင်က ဒဏ်ရိုက်ခံရသလို နိုင်ငံသားမဟုတ်ရင်လည်း နိုင်ငံက နှင်ထုတ်ခံရနိုင်ပါတယ်။ ခု နီဒါက တရားဝင် လက်ထပ်ထားပုံ မပေါ်ဘူးဆိုတော့ ပြဿနာရှိပြီး သူပြောတဲ့စကားတွေကလည်း ရှေ့နောက်မညီတာတွေ ရှိနေတာပါ။ ဥပမာ - ကိုယ်ဝန် ၆ လကို မသိဘူးငြင်းတာမျိုး၊ အိုမန်ကို အလည်ခရီးရောက်နေတယ်ဆိုတာမျိုးတွေပေါ့။ တကယ်ဆို ကမ္ဘာ့တတိယမြောက် ငွေကြေးတန်ဖိုး အမြင့်ဆုံးနိုင်ငံဖြစ်တဲ့ အိုမန်မှာ နိုင်ငံတကာက တရားဝင်ရော တရားမဝင်ပါ အလုပ်လာလုပ်တဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ ဒုနဲ့ဒေးပါ။

ဖိလစ်ပိုင်၊ ထိုင်း၊ အိန္ဒိယ၊ နီပေါ စတဲ့ အာရှနိုင်ငံတွေက အလုပ်သမားတွေရှိသလို အနောက်နိုင်ငံတွေကပါ အလုပ်လာလုပ်တတ်ကြပါတယ်။ ဒီတော့ ထိုင်းနိုင်ငံသူ နီဒါလည်း တရားမဝင် အလုပ်လုပ်ကိုင်သူတစ်ယောက်ဖြစ်နိုင်ပြီး တကယ်လို့ သူ့မှာသာ သေချာတဲ့ အထောက်အထား ဗီဇာတွေမပြနိုင်ရင် ကလေးမွေးတာအတွက်ရော၊ တခြားပြစ်မှုတွေပါ မြောက်နိုင်ပါသေးတယ်။ အဲဒီတော့ ကိုယ်ကူညီနိုင်ပါ့မလား၊ သူကရော ကိုယ့်ကို တကယ်အမှန်အတိုင်းတွေ ထုတ်ပြောပါ့မလားဆိုတာ မသေချာတော့ပါဘူး။

'ဒါပေမဲ့ နီဒါအတွက် ထိုင်းသံရုံးက ခုနက လာတွေ့တယ်ထင်တယ်နော်၊ ဘာပဲပြောပြော သူ အားရှိတာပေါ့ ' လို့ ကျွန်မ ဆရာဝန်တွေကို မော့ပြီးပြောလိုက်တော့ ထိုင်းသံရုံးက လူတွေနဲ့ သူ မတွေ့သွားကြောင်းဘဲ ပြန်ပြောပါတယ်။ အော်. . . ဒါဆိုလည်း သူတို့ ထပ်တွေ့မှာပေါ့လို့ပဲ ပေါ့ပေါ့ပါးပါး တွေးနေလိုက်တယ်။

သမီးက အခန်းတွေ တစ်ဆင့်တစ်ဆင့် အစဉ်လိုက် ပြန်ပြောင်းလာတာ ခု နောက်ဆုံးအခန်းကို ပြန်ရောက်လာပြန်ပါပြီ။ သမီးအတွက် ဆေးတွေ၊ ပိုက်တွေ၊ သန့်ရှင်းရေးလုပ်တာတွေ အကုန်လုံးလည်း ကျွန်မတို့ လင်မယားနှစ်ယောက်စလုံး သူနာပြုတွေကို ကူလုပ်ပေးရင်း အတော်လေး ကျွမ်းကျင်နေပါပြီ။

ခဏကြာတော့ အမျိုးသားက ဟိုတယ်ပြန်၊ ကျွန်မက အဆောင်ပြန်ချိန် အီးမေးလ်ပြန်စစ်ကြည့်တော့ ကျွန်မ အလုပ်လုပ်နေတဲ့ မြန်မာတိုင်းမ်သတင်းစာတိုက်က စီအီးအို ထိုင်းလူမျိုး မစ္စတာ ကဝီက စာပို့ထားပါတယ်။ သူနဲ့လည်း တောက်လျှောက်အဆက်အသွယ်ရှိနေတာမို့ ဘာတွေမှာပြီး အားပေးစကား ထပ်ပြောမလဲလို့ မေးလ်ဖွင့်ဖတ်လိုက်တော့ ကျွန်မကို အဆင်ပြေမပြေမေးဖို့၊ အားပေးဖို့ အိုမန်နီ့ငင်ငံ ထိုင်းသံရုံးက သူ့မိတ်ဆွေကို ဒီနေ့ လွှတ်လိုက်ပါတယ်တဲ့။

ဟယ်. . . ဒါဆို ခုနကလာတွေ့တဲ့ ထိုင်းသံအဖွဲ့က ကျွန်မဆီ လာကြတာပေါ့။ ကလေးအဆောင်ထဲ ဝင်ခွင့်မရတော့ အပြင်ဘက်က ဆေးရုံလူမှုရေးအဖွဲ့မှာပဲ ထိုင်စောင့်၊ ကိုယ့်နာမည်လည်း သေချာမထွက်တတ်၊ ဆေးရုံထဲမှာပဲ သတင်းပို့မှုကလည်း ကြန့်ကြာနေတော့ ကျွန်မတို့ လွဲသွားတာပေါ့။ ' ဟူး. . . ဘယ်လိုပါလိမ့်၊ နောက်တော့ တွေ့နိုင်ကောင်းပါရဲ့ ' လို့ စဉ်းစားရင်း ကိုယ့်ကို ဂရုစိုက်သူတွေရှိနေတာကိုက ကံကောင်းခြင်းပဲလို့ ကြည်ကြည်လင်လင် တွေးနေမိပါတယ်။ အဲဒီအချိန်ပဲ ကျွန်မဆီကို ဖုန်းတစ်ခုဝင်လာပါတယ်။ ကိုင်လိုက်တော့ အင်္ဂလိပ်လို ခပ်ဝဲဝဲအသံတွေနဲ့ ' ကျွန်မကို ဆေးရုံက ဆင်းခွင့်ရပြီ၊ မဂျန်ဟိုတယ်မှာ ဆက်နေရမယ် ' လို့ ဆေးရုံလူမှုရေးအဖွဲ့က လူတစ်ယောက်က ပြောနေပါတယ်။

ကျွန်မလည်း အံ့သြပြီး သူ့ကို ' ခဏနေဦး၊ ခုထိ ဆရာဝန်တွေက ဘာမှမပြောသေးဘူး၊ ဘယ့်နှယ် ဆင်းရမှာတုန်း၊ ဆင်းရင်လည်း ကျွန်မတို့နိုင်ငံ ပြန်ရမှာလေ ' လို့ ပြန်ရှင်းတော့ ' မဟုတ်ဘူး. . . မဟုတ်ဘူးပဲ 'ပြောပြီး ဖုန်းချသွားပါတယ်။ သေချာအောင် အဲဒီဖုန်းကို မတ်ဆေ့ချ်ပို့လိုက်တော့ ပြန်ပို့လာတာက သူ့နာမည်က Mr.Said ဖြစ်ကြောင်း၊ ကျွန်မတို့နဲ့ ကာတာလေကြောင်းလိုင်းကြားမှာ တာဝန်ယူပြီး ညှိနှိုင်းပေးမယ့်သူဖြစ်ကြောင်း ပြောပါတယ်။ ' ခု မကြာခင်

ကလေးဆေးရုံက ဆင်းရတော့မှာဖြစ်လို့ ဟိုတယ်မှာ ဆက်နေရဦးမယ် ' လို့ ပြောလာပါတယ်။

ကျွန်မလည်း ပျော်ရမလို၊ ယုံရမလို၊ မယုံရမလိုတွေ ဖြစ်ပြီး ချက်ချင်း ဆေးရုံဆီ ပြန်ပြေးသွားပြီး ဆရာဝန်ကြီးတွေနဲ့ သူနာပြုဆရာမကြီးတွေကို လိုက်ရှာ၊ ရှင်းပြပါတော့တယ်။ သူတို့က ' ဟုတ်တယ်၊ မနက်ဖြန် သဘက်ခါ ကလေးကို ကာကွယ်ဆေးထိုးပြီး ဆေးရုံက ဆင်းခွင့်ပေးတော့မယ်၊ ဒါပေမဲ့ လေယာဉ်စီးခွင့်တော့ မရသေးဘူး၊ ဒါကြောင့် မဂျန်ဟိုတယ်မှာ ဆက်နေရဦးမယ် ' လို့ ပြောပါတယ်။

' ကျွန်မက ခု တည်းနေတဲ့ တိုက်ဂါးဟိုတယ်မှာ တည်းလို့မရဘူးလား ' လို့ မေးတော့ မဖြစ်နိုင်ကြောင်း၊ မဂျန်က ဟိုတယ်အဆင့်မီ နာမည်ကြီးဖြစ်ပြီး သန့်ရှင်းကြောင်း၊ ကလေးရော အမျိုးသားပါ အတူနေရမှာဖြစ်ကြောင်းတွေ ပြောပါတယ်။ ကျွန်မတို့ စားသောက်ဖို့အတွက်လည်း ကာတာက ဟိုတယ်ကို ပြောထားကြောင်းနဲ့ ကုန်ကျစရိတ်ခံမယ့်အကြောင်း ပြောလာပါတယ်။ ယုံတစ်ဝက် မယုံတစ်ဝက်နဲ့ ကျွန်မ အမျိုးသားကိုစောင့်ပြီး သတင်းပို့ပါတယ်။ ပြီးတော့ ခုနက ဆက်သွယ်လာတဲ့ မစ္စတာ ဆာအစ် (ကျွန်မ အစက said ဆိုတော့ ' ဆတ်ဒ် ' လို့ အသံထွက်တာပါ။ ဒါပေမဲ့ နာမည်အမှန်က ဆာအစ် ဖြစ်နေပါတယ်)ကို အမျိုးသားနဲ့ သွားတွေ့ပါတော့တယ်။ သူက ကျွန်မတို့ကို ' စိတ်မပူဖို့နဲ့ ခု အမျိုးသားကလည်း နောက်ထပ်တစ်လ ဗီဇာကုန်ပြီဖြစ်တဲ့အတွက် သက်တမ်းသွားတိုးကြဖို့လိုကြောင်း၊ ကျွန်မတို့က အတတ်နိုင်ဆုံး ကူညီစေလိုကြောင်း အချင်းချင်းညှိနှိုင်းကြပြီး နောက်ဆုံးမှာ မနက်ဖြန် သူကိုယ်တိုင် ပတ်စ်ပို့ကိစ္စ လိုက်လုပ်ပေးမယ် ' လို့ပြောရင်း နှုတ်ဆက်ခဲ့ပါတယ်။

ကျွန်မတို့လည်း ဇဝေဇဝါနဲ့ ကလေးဆီကို ပြန်၊ အမျိုးသားကိုလည်း ဆေးရုံဆင်းရလို့ ပျော်ရမလိုဖြစ်ပေမယ့် တစ်ခါ မပြန်ရသေးပဲ၊ မဂျန်ဟိုတယ်မှာ ဆက်နေရဖို့ မအီမလည်ကြီး ဖြစ်နေရတာတွေကို ထုတ်ပြောရင်း အထုပ်အပိုးတွေ သိမ်းဆည်းကြပါတော့တယ်။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၃၁)



'ဟုတ်ပါပြီ. . . လိမ္မာလိုက်တဲ့သမီးလေး။
မေမေရှိတယ်နော် ' လို့ ကျွန်မက မြန်မာလို
ပြောလိုက်ပေမယ့် ဘေးနားက
သူနာပြုတွေကပါ ' မေမေရှိတယ် '
ဆိုတဲ့အသံကို လိုက်ပြောကြပါတယ်။

မနက်စောစောကတည်းက အမျိုးသား ဗီဇာသက်တမ်းတိုးဖို့ လိုအပ်သမျှ စာရွက်တွေ၊ ထောက်ခံစာတွေ တစ်ပွေ့တစ်ပိုက်နဲ့ သမီးဘေးနားရောက်နေပြီး စိတ်ပူပူနဲ့ အခြေအနေကို စောင့်ကြည့်နေပါတယ်။ သမီးဘေးခုတင်က ကလေးကို ရေချိုး၊ သန့်ရှင်းရေးလုပ်၊ ဆေးထိုးတဲ့ စင်လေးပေါ် တင်ပြီး ဆေးထိုးဖို့ တာဝန်ကျသူနာပြုနှစ်ယောက် ပြင်ဆင်ကြ၊ နောက်ဆုံး ဆေးထိုးချိန်မှာ ဒူးခနဲ အော်ဟစ်ငိုယိုတဲ့ ကလေးငယ်လေးကို ကြည့်ရင်း သမီးအလှည့်ရောက်မှာကို ရင်တွေပူလှပါတယ်။ အော်ငိုတာမရပ်တော့တဲ့ ကလေးကို သူ့မိဘတွေက ဘေးနားက ချော့နေကြချိန် ကျွန်မသမီး အိုမန်နီလေးကို စင်ပေါ် တင်လိုက်ပါတယ်။ အဲဒီအချိန် ကျွန်မကို မစ္စတာ ဆာအစ်နဲ့ သူနာပြုဆရာမကြီးတွေက ပြောစရာရှိတယ်လို့ အကြောင်းကြားလာတာကြောင့် အမျိုးသားကို ကလေးအနားထားခဲ့ပြီး သူတို့ဆီ အပြေးသွားရပါတယ်။

ကာတာက တာဝန်ရှိသူတစ်ယောက် ခုနကပဲ လာတွေ့သွားကြောင်း၊ သမီးအတွက် ကုန်ကျစရိတ်ငွေ ပေးချေသွားကြောင်း၊ ဒီနေ့ပဲ ဆေးရုံက ဆင်းခွင့်ရမှာဖြစ်ပြီး ကျွန်မအမျိုးသားအတွက် ဗီဇာကို လိုက်လုပ်ပေးမယ့်အကြောင်းနဲ့ ကျွန်မကို အိတ်တွေသယ်လာဖို့ ဝိုင်းပြောကြပါတယ်။ ' အိုခေ ' လို့ ပြန်ပြော၊ သမီးဆီ ပြန်ပြေးတော့ သမီးက ခပ်တည်တည်နဲ့ စူပုတ်ပုတ်မျက်လုံးမှိတ်ပြီး ငြိမ်နေပါတယ်။ အမျိုးသားကို ဆေးထိုးပြီးပြီလားလို့မေးတော့ ' ပြီးပြီ၊ မငိုဘူး ' လို့ ပြန်ဖြေတယ်။ ' ဟုတ်ရဲ့လား။ သူ အရမ်းနာနေမယ်ထင်တယ်၊ ပေါင်ရော လက်မောင်းရော ထိုးတာဆိုတော့ ရှန်းလား ' စတဲ့မေးခွန်းတွေ တရစပ်မေးပြန်တော့ ' အဲ့ 'လို့ တစ်ချက်ပဲ အော်တယ်။ ပြီးတော့ သူ့ဖာသာ စူပုပ်ပြီး ပြန်ငြိမ်နေတယ်တဲ့။

' ဟုတ်ပါပြီ. . . လိမ္မာလိုက်တဲ့သမီးလေး။ မေမေရှိတယ်နော် ' လို့ ကျွန်မက မြန်မာလိုပြောလိုက်ပေမယ့် ဘေးနားက သူနာပြုတွေကပါ ' မေမေရှိတယ် ' ဆိုတဲ့အသံကို လိုက်ပြောကြပါတယ်။ အဓိပ္ပါယ်ကို သူတို့လည်း သိနေကြပြီး ကျွန်မ ခဏခဏပြောမိတဲ့ စကားလုံးမို့လို့ တွေ့တာနဲ့ ' မေမေရှိတယ် ' လို့ ဝိုင်းအော်ကြတာပါ။

အဲဒီအချိန် လူမှုရေးဌာနက ဖုန်းဝင်လာလို့ ကျွန်မနဲ့ အမျိုးသားလည်း စာရွက်တွေစုပြီး ဆာအစ်ဆီ အမြန်ပြေးကြရပါတယ်။ ဆာအစ်က ' ဘာလို့ နောက်ဆုံးနေ့မှ ဗီဇာသက်တမ်းကို တိုးရတာလဲ၊ မရတော့ရင် တစ်ရက်ဆိုရင်တောင် ဒဏ်ငွေက မနည်းဘူး ' လို့ ဆီးကြိုပြီး ဆူပါတော့တယ်။ ' ဟုတ်ကဲ့. . . ကျွန်မတို့ မှားသွားပါတယ် ' လို့ပဲ မျက်လွှာလေးချ ပြန်ပြောလိုက်ရပေမယ့် စိတ်ထဲမှာတော့ ဘယ်အချိန် ပြန်ခွင့်ပေးမလဲ၊ ခု အမျိုးသားလိုက်လာတဲ့ နှစ်လတာ

အတွင်းမှာများ ရုတ်တရက် ပြန်ခွင့်ပေးမလားလို့မျှော်ရင်း ဗီဇာသက်တမ်း မတိုးတာပါလို့ စိတ်မကောင်းစွာ ရှင်းပြနေခဲ့မိပါတယ်။

သက်တမ်းတိုးမယ့် ကုန်ကျငွေကလည်း ကိုယ့်အိတ်စိုက်ငွေပဲမို့ ခုတစ်ခါတိုးရင် ဗီဇာအတွက်ချည်းပဲ သုံးခါ ကုန်ကျရတာပါ။ သူက ကျွန်မတို့ မျက်နှာပျက်နေတာကို သတိထားမိပုံရပြီး ‘ အိုခေ. . . ကျွန်တော်ကိုယ်တိုင် လိုက်လုပ်ပေးမယ်၊ သွားကြစို့ ’ လို့ ပြောရင်း နေပူပူမှာပဲ ကားပါကင်ရှိရာကို ချီတက်ကြပါတော့တယ်။ ကားပါကင်မှာ စီထားတဲ့ အလှဆင် နေပူခံကျောက်ပြားတွေပေါ်ကို တစ်စောင်းတင်ရပ်ထားတဲ့ ကားတစ်စီးကို လက်ညှိုးထိုးပြပြီး ‘ တွေ့လား. . . ဒါ ကျွန်တော့်ကား၊ လူတွေမရပ်မယ့်နေရာမှာ ရပ်လိုက်တော့ ဘယ်သူမှ နေရာလာမလုတော့ဘူးလေ. . . ဟားဟား ’ ဆိုပြီး ဆာအစ်က ရယ်ရယ်မောမောပြောပါတယ်။

ကားပေါ်ဝင်ထိုင်ပြီး ဆေးရုံနဲ့ အလှမ်းဝေးတဲ့ ပတ်စ်ပို့ဌာနရှိရာကို ဆောက်လက်စအဆောက်အအုံတွေ (အိုမန်လေဆိပ်သစ် ဖြစ်ပြီး ခုချိန်မှာတော့ ဖွင့်လှစ်လိုက်ပါပြီ)အကြောင်း၊ လိုင်စင်အကြောင်း၊ လူတွေအကြောင်း၊ မြန်မာနိုင်ငံက ရိုဟင်ဂျာနဲ့ ဘင်္ဂါလီ အခေါ်အဝေါ်တွေအကြောင်းကို ဆာအစ်က အားပါးတရ ပြောပါတော့တယ်။ အရပ်ခြောက်ပေကျော်၊ လူကောင်ခပ်ထွားထွား၊ မုတ်ဆိတ်မွေး ပသိုင်းမွေးတွေနဲ့ ခေါင်းပေါင်စ အနီရောင်၊ ကိုယ်လုံးပြည့် အဖြူရောင်ဝတ်စုံဝတ်ထားတဲ့ ဆာအစ်က ကျွန်မကို ညီမလေးလို့ခေါ်ပြီး တစ်ခုခုဆို အားမငယ်ဖို့ သူရှိကြောင်း၊ ဖုန်းဆက်စေလိုကြောင်းတွေ ဆက်တိုက်ပြောပါတယ်။ ဒါပေမဲ့ သူလှမ်းပေးတဲ့ သူ့ ပင်လယ်ကွေ့ခြောက်နိုင်ငံ ယာဉ်မောင်းခွင့်လိုင်စင်ထဲမှာတော့ သူ့အသက်က ခုမှ ၂၄ နှစ်ပဲ ရှိသေးတာပါ။

နေခပ်ပြင်းပြင်းထဲမှာပဲ အဆောက်အအုံတွေ တစ်ခုပြီးတစ်ခု ဝင်ထွက်၊ အမျိုးသားရဲ့ စာရွက်အကုန် သူက ကိုင်ပြီး လူကြီးတွေနဲ့ လိုက်တွေ့၊ ကျွန်မနဲ့ အမျိုးသားကတော့ အတူထိုင်လို့မရတဲ့ အမျိုးသားခုံတန်းနဲ့ အမျိုးသမီးခုံတန်းတွေမှာ နေရာယူပြီး ရင်တမမနဲ့ သူ့ကို ထိုင်စောင့်ရပါတယ်။

ဒီနေ့ပဲ ကလေးအတွက် မွေးစာရင်းထုတ်ရမှာဖြစ်တဲ့အပြင် ဆေးရုံ မွေးစာရင်းထုတ်ပေးတဲ့ ဌာနကတော့ ကျွန်မတို့ မိဘနှစ်ယောက်စလုံးမှာ အလုပ်အကိုင် နံပါတ်မရှိတဲ့အတွက် မထုတ်ပေးနိုင်ဘူးလို့ ငြင်းထားခဲ့ပါတယ်။ ‘ အလုပ်လုပ်တာ မဟုတ်ဘူး၊ လေယာဉ်ပေါ် ကလေးမွေးရင်း အရေးပေါ် ရုတ်တရက်ဆင်းရတဲ့ နိုင်ငံပါ ’ လို့ ဘယ်လောက်ရှင်းပြပြ၊ အမျိုးသားရဲ့ပတ်စ်ပို့ကို ကိုင်၊ မြန်မာနိုင်ငံဆိုတာနဲ့၊ ကိုးကွယ်တဲ့ဘာသာမှာ ဗုဒ္ဓဘာသာဆိုတာနဲ့ကို မျက်နှာတွေ ပျက်ပြီး

မောင်းထုတ်ခံရတာပါ။

ခဏအကြာ မစ္စတာ ဆာအစ် ပြန်ရောက်လာပြီး လိုအပ်တဲ့စာရွက်တွေ ပြန်ပေးပါတယ်၊ နံပါတ်ကိုလည်း သေချာမှတ်ခိုင်းပြီး ဒီနေ့ အဆင်မပြေကြောင်း၊ ကျွန်မတို့ ကိုယ့်ဖာသာမနက်ဖြန် ဆက်လုပ်စေချင်ကြောင်းနဲ့ ကလေးနဲ့ အမျိုးသမီးကိုတော့ ဟိုတယ်မှာပဲ ထားခဲ့စေလိုကြောင်းတွေ ပြောပြပါတယ်။

စိတ်ပျက်အားလျော့သွားတဲ့ အမျိုးသားကို ဘာမှမဖြစ်ဘူး၊ ' မနက်ဖြန် အဆင်ပြေမှာပေါ့ ကျားကျားရဲ့၊ ခု အားလုံး အဆင်သင့်ပဲဟာ ' လို့ မြန်မြန်အားပေးပြီး ဆေးရုံကို တစ်ခါ ပြန်လာကြပါတယ်။ သမီးဆီရောက်တော့ သူ့အတွက် လိုအပ်တဲ့စာအုပ်တွေ၊ ဆေးတိုက်ပုံ စနစ်တွေ၊ ထားရမယ့် အဲကွန်းနံပါတ်ကအစ သူနာပြုတွေက ဝိုင်းရှင်းပြကြပါတယ်။ အဆင်သင့်ဖြစ်ရင် ကျွန်မ အိတ်တွေသွားယူပြီး ဆေးရုံကားနဲ့ ဟိုတယ်ကို လိုက်ပို့မယ်၊ အခန်းကလည်း ရပြီလို့ ပြောတာကြောင့် ကျွန်မနဲ့ အမျိုးသား အဆောင်ကို ပြန်ပြေးပြီး အိတ်တွေ သွားသယ်ကြပါတယ်။ ပြန်ရင်လက်ဆောင်ပေးဖို့ အားခဲထားတဲ့ လန်ဒန်ကဝယ်လာတဲ့ ချောကလက်ချောင်းတွေကို အိတ်လိုက်ပဲ သူနာပြုဆရာမကြီး ဆယ်လ်မာနဲ့ တခြားဆရာဝန်တွေကို ပေးလိုက်ပါတယ်။ ပြီးတော့ သူတို့အတွက် ရည်ရွယ်ပြီး အမျိုးသား သေချာဝယ်လာတဲ့ ကြာပွင့်လေးထဲကနေ လက်တစ်စုံပုံ ဖန်ရုပ်တုလေးကို ထုတ်ပေးလိုက်ပါတယ်။ ' ကလေးတွေကိုမွေးဖွားပြီး ကျန်းမာစွာကြီးပြင်းစေတဲ့ လက်တစ်စုံ ' လို့ ကျွန်မတို့ ရည်ရွယ်တဲ့အကြောင်းကိုလည်း သေချာရှင်းပြလိုက်ပါတယ်။

တအံ့တဩဖြစ်ပြီး ' အို. . . ငြိမ်းရယ် ငါတို့က နင့်ကို ချောကလက်ကျွေးရမှာ၊ လက်ဆောင်ပေးရမှာပါ ' လို့ မျက်ရည်တွေဝဲရင်း သူနာပြုဆရာမကြီးက ပြောပါတယ်။ နှစ်လကျော်ရက်ပေါင်း ၇၀ အတူနေခဲ့တဲ့၊ ကိုယ့်ဒုက္ခ၊ သုခ၊ ပျော်ရွှင်ခြင်း၊ ဝမ်းသာဝမ်းနည်းခြင်းတွေကို လိုက်ပါခံစားပေးတဲ့ ဝေမျှခွင့်ပေးတဲ့ ဒီ NICU က ဆရာဝန်တွေ၊ သူနာပြုတွေဟာ ကျွန်မတို့နဲ့ မိသားစုဝင်တွေလို ဖြစ်နေခဲ့တာပါ။

နောက်ထပ် ဘယ်လောက်ကြာကြာ ဟိုတယ်မှာနေရဦးမယ် မသိသေးဘဲ၊ နောက်နှစ်ပတ်အကြာမှာ ကလေးမျက်လုံး စစ်ဖို့ (အောက်ဆီဂျင်ပြည့်မှ မျက်ကြည်လွှာ အားကောင်းပြီး သေချာမြင်နိုင်မှာမို့) ရက်ပြန်ချိန်းပါတယ်။ ဒါဆို သီတင်းနှစ်ပတ်နေပြီးရင် ကျွန်မတို့ ဆေးရုံကို နောက်တစ်ခေါက်ပြန်လာရဦး ဆေးရုံကနေ တစ်ခါတည်း လေဆိပ်ဆင်း၊ နိုင်ငံပြန်ခွင့်ရရင် ကောင်းမှာလို့ နှုတ်ဆက်ပြီး ဆေးရုံပေါက်ဝကို ထွက်ခဲ့ပါတယ်။

မွန်းလွဲ နှစ်နာရီဝန်းကျင်ဖြစ်နေတော့ ချစ်ချစ်တောက်ပူနေတဲ့ နေရောင်အောက်မှာ အရှေ့ပေါ်ကားက အသင့်စောင့်နေတာပါ။ ကျွန်မနဲ့ အမျိုးသားကို ကားပေါ် အရင်တက်စေပြီး ကလေးချီပြီး လိုက်ပို့တဲ့ ဖိလစ်ပိုင်သူနာပြု ဖက်ရီလေက ပြုံးပြီး ကျွန်မလက်ထဲ ကလေးကို ထည့်လိုက်ပါတယ်။

ကားစထွက်ချိန်မှာ ပြင်ပနေရောင်စူးစူးကို မရဖူးတာမို့ သမီးက မျက်လုံးတွေ အတင်းပိတ်၊ မျက်မှောင်ကျုံ့နေခဲ့ပြီး ကျွန်မကတော့ ' ဒီကားနဲ့ မိန်းမ လေယာဉ်ကွင်းကနေ ဆေးရုံလာတာ များလား မသိဘူး၊ ဦးစိုင်းကို သတိရလိုက်တာ ' လို့ အမျိုးသားကို ဘယ်နေရာမှာ ဘယ်လိုပုံစံလိုက်လာကြောင်းတွေ ပြန်ရှင်းပြနေပါတယ်။ ဟိုတယ်ရောက်ပြီး ဆေးရုံကားပေါ်က ဆင်းတာနဲ့ ကားသမားကို နှုတ်ဆက်၊ ကားသမားလည်း ပြန်ထွက်သွားပါတယ်။ အထုတ်အပိုးတွေနဲ့ ကလေးလည်း ပွေ့ချီထားတဲ့ ကျွန်မကို ဟိုတယ်ဧည့်ခန်းမှာ ခဏထားပြီး အမျိုးသားက ဟိုတယ်တာဝန်ရှိသူတွေနဲ့ စကားသွားပြောပါတယ်။

ခဏအကြာ အမျိုးသားက ကျွန်မဆီ ပြန်လာပြီး အခန်းမယူထားကြောင်း၊ ကာတာလေကြောင်းလိုင်းနဲ့လည်း အဆက်အသွယ်မရှိကြောင်း ပြန်လာပြောပါတယ်။ ဒေါသတွေ အလိပ်လိုက် ထွက်ပြီး ကျွန်မကို ကွေ့ပတ်ရှောင်နေတဲ့ အဲဒီလေကြောင်းလိုင်းက လူကို ကုတ်ဖဲ့ချင်စိတ်က ငယ်ထိပ်ရောက်နေပါတယ်။ ချက်ချင်း ဆာအစ်ဆီရော ဆေးရုံက သူနာပြုဆရာမကြီးတွေဆီရော ဖုန်းတွေ လိုက်ဆက်ပြီး အခြေအနေကို ရှင်းပြပါတယ်။ အကုန်လုံးကို အဲဒီ ကာတာတာဝန်ရှိသူ ဆေးရုံမှာလာပြောတုန်းက အခန်းအဆင်သင့်၊ စားစရာ မပူရ ဆိုပြီး ကတိတွေ အထပ်ထပ် ပေးခဲ့တာပါ။ ကျွန်မကို ဆာအစ်တို့လည်း ' ခဏစောင့်ပါ၊ အဲဒီလူကို ဆက်သွယ်ပြီး အခန်းရအောင် လုပ်ပါ့မယ် ' လို့ ပြန်ပြော၊ ကျွန်မလည်း ကလေးပိုက်ပြီး ငုတ်တုတ်စောင့်ရတာ တစ်နာရီနီးပါး ကြာသွားပါတယ်။

ဟိုတယ်ဝန်ထမ်းတွေ တစ်ယောက်ပြီးတစ်ယောက် လာစပ်စုတဲ့ လာမေးတဲ့ ဒဏ်ကိုလည်း ဒေါသထွက်နေတာကြောင့် ကောင်းကောင်းပြန်မရှင်းပြနိုင်တော့ပဲ reception မှာ အခန်းရမရ စောင့်နေတဲ့ အမျိုးသားနဲ့ ရင်ခွင်ထဲက သမီးကိုပဲ သနားမိနေပါတော့တယ်။ တစ်နာရီ အတိမှာ ဆာအစ်ကို ထပ်ဆက်ပြီး အဆင်မပြေရင် ကျွန်မ ချက်ချင်း ဆေးရုံပြန်လာမယ့်အကြောင်း ပြောလိုက်တော့ ဆာအစ်က ဖုန်းကို ဟိုတယ်မန်နေဂျာကို ပေးခိုင်းပြီး အချင်းချင်း ရန်တွေဖြစ်တဲ့အထိ ပြောကြပါတော့တယ်။ နောက်ထပ် နာရီဝက်အကြာမှာတော့ အခန်းရပြီဖြစ်ကြောင်း၊ ဒါပေမဲ့


တစ်ယောက်အခန်းပဲဖြစ်ကြောင်း၊ အစားအသောက်မပါကြောင်းနဲ့ အမျိုးသားအတွက်လည်း မပါကြောင်း ဟိုတယ်မန်နေဂျာက လာပြောပါတယ်။

ဒေါသတွေထွက်ပြီး အသံတောင်တုန်နေတဲ့ ကျွန်မက မတည်းနိုင်ကြောင်း၊ ခုချက်ချင်း ကာတာက လူရဲ့ဖုန်းကို ကျွန်မကိုပေးပြီး ကျွန်မ ဆက်မေးမယ်ဆိုတာကို ရန်ဖြစ်သလို ပြောမိပါတော့တယ်။ အစကတည်းက လူကိုအထင်သေးတဲ့ မျက်လုံးတွေနဲ့ ကြည့်တတ်တဲ့ မဂျန်ဟိုတယ်ဝန်ထမ်းတွေကို ကာတာက ဗလောင်းဗလဲလူနဲ့အတူ ကျွန်မ ချက်ချင်း ဓာတ်ဆီလောင်း မီးရှို့ချင်စိတ်တွေ ဖြစ်နေတာပါ။ ဆာအစ်နဲ့ သူနာပြုတွေက ဖုန်းထပ်ဆက်လာပြီး စိတ်အရမ်းမလှုပ်ရှားဖို့နဲ့ သမီးအခြေအနေကို မေးပြီး စိတ်အေးအေးထားဖို့ ချော့မော့ကြပါတယ်။ နောက်ဆုံး သဘောတူညီချက်ရတာက မိသားစုအခန်းရမယ်၊ စားစရာ ကျွန်မအတွက် ပါမယ်၊ အမျိုးသားတည်းရင် ပိုက်ဆံပေးရမယ်၊ စားစရာ အမျိုးသားအတွက် မပါဘူးဆိုတာပါ။

ကျွန်မက ' အဲဒီအခန်းကို ခုချက်ချင်း လိုက်ပို့၊ ငါ့သမီး အပြင်မှာနေတာ နှစ်နာရီရှိတော့မယ်၊ တစ်ခုခုဖြစ်ရင် နင်တို့ပါ တာဝန်ယူရမယ် ' လို့ ပြောဆိုပြီး အမျိုးသားနဲ့အတူ အခန်းရှိရာကို သူတို့နောက်က လိုက်သွားပါတယ်။ ဟိုတယ်ခန်းထဲမှာ ဆေးရုံကမှာထားတဲ့အတိုင်း လေအေးစက်အပူချိန်ကို ညှိပြီး ကလေးကို ကုတင်အလယ်မှာ သိပ်လိုက်ပါတယ်။ ပြီးတော့ ဘေးနားမှာ ကျွန်မရော အမျိုးသားပါ အတူလှဲအိပ်လိုက်ရင်း မောမိတဲ့ စိတ်ပူပူကို ဟူးခနဲ မှုတ်ထုတ်လိုက်ကြပါတော့တယ်။

■ ■ ■

## ချစ်ရပါသော အိုမန်နီ ( ၁၂ )



တံခါးပေါက်အလယ်
တည့်တည့်မှာတော့ လျှော်ထားတဲ့
သမီးအင်္ကျီလေးတွေ လှန်းထားတယ်။
ညနေခင်း နေရောင်လင်းလင်းက
သမီးအင်္ကျီလေးတွေအပေါ် ကျနေပြီး
အပြာရောင်လဲ့လဲ့ အလင်းပြန်မှုက
အဲဒီအခန်းထောင့်လေးကို
လင်းနေစေတယ်။

မှန်ပြတင်းပေါက်ကို ကာထားတဲ့ ဇာခန်းဆီးပဝါဖြူကို အလယ်ကနေ ဘေးနှစ်ဖက်ကို ခွဲသိမ်းပြီး တံခါးပေါက်အလယ်တည့်တည့်မှာတော့ လျှော်ထားတဲ့ သမီးအကျီလေးတွေ လှန်းထားတယ်။ ညနေခင်း နေရောင်လင်းလင်းက သမီးအကျီလေးတွေအပေါ် ကျနေပြီး အပြာရောင်လဲ့လဲ့ အလင်းပြန်မှုက အဲဒီ အခန်းထောင့်လေးကို လင်းနေစေတယ်။ ကျွန်မက သမီးကို ပွေ့ချီထားပြီး အမျိုးသားကတော့ သူ့ရုံးအလုပ်တွေကို အင်တာနက်နဲ့ချိတ်ပြီး ကွန်ပျူတာတစ်လုံးနဲ့ လုပ်နေတယ်။

ခုတင် ခြေရင်းမှာရှိတဲ့ တီဗီကနေ စူပါမန်းကားပြနေပြီး ကျွန်မကတော့ တောင်တောင်အီအီတွေ လျှောက်တွေးနေမိတယ်။ ကာတာလေကြောင်းလိုင်းက ထောက်ပံ့တာက ကျွန်မအတွက် နေ့လယ်စာနဲ့ ညစာဆိုတော့ အမျိုးသားက အခန်းတွင်းမှာပဲ ဖြစ်သလို ချက်စားရတယ်။ အမိက,က ထမင်းချက်တယ်၊ ပြီးတော့ ခေါက်ဆွဲပြုတ်၊ ကြက်ဥပြုတ်၊ ငါးသေတ္တာ အဲဒါတွေနဲ့ပဲ။ ဟိုတယ်ပြန်ရောက်ပြီးနောက် သီတင်းတစ်ပတ်တာက အီးဒ်ပွဲတော်ကျင်းပမှာမို့ ဆေးရုံ၊ ကျောင်း အပါအဝင် အစိုးရဌာနတွေ အကုန်ပိတ်ကြမှာ၊ အဲဒီတော့ အမျိုးသားကလည်း သူ့ ဗီဇာသက်တမ်းတိုးတဲ့ကိစ္စကို သူတစ်ယောက်တည်းပဲ သွားစီစဉ်ပြီး တိုးခဲ့ပြီ။ ကလေးငယ်နဲ့မို့ ရာသီဥတုပြင်းတဲ့ ဟိုတယ်အပြင်ဘက်ကို ဆေးရုံကလည်း သွားခွင့်မပြုခဲ့ဘဲ ကျွန်မက ကလေးပိုက်ပြီး ဟိုတယ်မှာ တစ်ယောက်တည်း နေရစ်ခဲ့ချိန် အမျိုးသားတစ်ယောက်တည်းပဲ သမီး မွေးစာရင်းကိစ္စတွေပါ အကုန် လိုက်လုပ်နေခဲ့ရတယ်။

နောက်ဆုံး ဆေးရုံကို အခေါက်ခေါက်အခါခါ သွားပြီးချိန်မှာတော့ သမီးအတွက် မွေးလက်မှတ်လေး ထုတ်ယူနိုင်ခဲ့ပြီး ကလေးကိုးကွယ်တဲ့ ဘာသာနေရာမှာ ခရစ်ယာန်လို့ သူတို့ ဘာသာထည့်လိုက်ကြတယ်။ အိုမန်မှာက အစ္စလာမ်ဘာသာ အဓိကနဲ့ တခြားနိုင်ငံက လာရောက် နေထိုင်ကြတဲ့ အလုပ်သမားတွေအများစုက ခရစ်ယာန်ဘာသာဝင်တွေဖြစ်တော့ ကိုယ်တွေကို လည်း ခရစ်ယာန်ဘာသာဝင်လို့ ထင်နေကြပုံပါပဲ။ ဒါပေမဲ့ လက်ထဲ မွေးစာရင်းကဒ်ရဖို့တောင် မနည်းကြိုးစားခဲ့ရတာဆိုတော့ ဘာသာရေးကိစ္စကို ပြန်မငြင်းချင်တော့ဘူး။ မြန်မာနိုင်ငံကဖြစ်လို့ ဗိုင်းပြီး မကြည်မလင်ဖြစ်ကြ၊ အချိန်ဆွဲကြတဲ့ ဒဏ်တွေခံရပြီးတာတောင် ' ဗုဒ္ဓဘာသာ ပြောင်းထည့်ပေးပါ ' လို့ပြောလိုက်ရင် အဲဒီအချိန် ဘင်္ဂါလီအရေး၊ ဗုဒ္ဓဘာသာအရေးတွေကြောင့် သွားပြန်ငြင်းမယ့် ကိုယ့်အမျိုးသားအတွက်တောင် စိုးရိမ်ရတဲ့အခြေအနေ။ ဒါပေမဲ့လည်း ကျွန်မ လေယာဉ်ပေါ် ကဆင်းချိန် အတူလိုက်ဆင်းပေးပြီး ကူညီပေးခဲ့တဲ့ ဖိုးဖိုးစိုင်းက ခရစ်ယာန်ဘာသာရေးဆရာ ဆိုတော့ ခုလို သမီးလေး ဘာသာနေရာမှာ သူနဲ့တူတာ ထည့်ပေးထားတာမြင်ရင် ကြည်နူးနေမ

လားပဲ။ သမီးနာမည်ကို မိသားစုတွေကတော့ အိုမန်နိုင်ငံမှာ မွေးဖွားခဲ့တာမို့ ' အိုမန်နီ ' လို့ ချစ်စနိုးခေါ်ရာကနေ ' အိုမန်နီ ' လို့ပဲ ဆက်ခေါ်ဖြစ်ခဲ့ပါတော့တယ်။

ဆေးရုံကအဆင်း ဟိုတယ်အကူးအပြောင်းကာလမှာ ကျွန်မတို့ဘက်က မားမားမတ်မတ် ရပ်တည်ပြီး ကူညီပေးတဲ့ ဆေးရုံလူမှုရေးဌာနက မစ္စတာ ဆာအစ်ကိုလည်း အမျိုးသားနဲ့ ကျွန်မ နှစ်ယောက်တိုင်ပင်ပြီး ထိုင်းကဝယ်လာတဲ့ ကိန္နရီမောင်နှံ ကမာစားပွဲတင်ရုပ်လေး လက်ဆောင်ပေးဖြစ်ခဲ့တယ်။ သူက တစ်ချိန်လုံး ကူညီနေရင်းက ' နင်တို့နိုင်ငံကို ငါတို့ အစ္စလာမ်ဘာသာဝင်တွေ လာလို့ရပါတယ်နော်၊ ဗုဒ္ဓဘာသာအစွန်းရောက်တွေက ပြဿနာများရှာမလား ' လို့လည်း ခဏခဏ မေးတတ်သေးတော့ မနည်းရှင်းပြခဲ့ရတာ။ နိုင်ငံတကာမှာ ပေါက်ရောက်နေတဲ့ သတင်းတွေကလည်း ပြည်တွင်းမီဒီယာက တင်ဆက်ပုံတွေနဲ့မတူလေတော့ ပဋိပက္ခအပေါ် အမြင်တွေလည်း မတူကြတော့ဘူး။

ကုန်ခဲလူတဲ့အချိန်တွေကို ခုလို ရောက်တတ်ရာရာတွေ ငြိမ်ငြိမ်လေး ထိုင်တွေးနေမိတာ ခုဆို သီတင်းနှစ်ပတ်တောင် ပြည့်တော့မယ်။ ဖြတ်ခနဲ ပြတင်းပေါက်ကို လှမ်းကြည့်မိတော့ ခုနက အလင်းရောင်စူးစူးက မရှိတော့ဘဲ နေရောင်မဟုတ်တဲ့ ခပ်ငြိမ်ငြိမ်အလင်းပဲ ကျန်ခဲ့တော့တယ်။ ညနေ စောင်းနေပြီ။

အိပ်ပျော်နေတဲ့ သမီးကို ခုတင်ပေါ် အသာတင်ပြီး သူ့အဝတ်လေးတွေ ရှုတ်ဖို့ ပြတင်းပေါက်နား တိုးသွားလိုက်တယ်။ အမျိုးသားက ရတဲ့ပလတ်စတစ်ကြိုးကို ကျစ်ပြီး အကျီတန်းလေးအဖြစ် လုပ်ပေးထားတော့ သမီးအဝတ်တွေ အပြင်ဖက် ထုတ်လှန်းစရာမလိုဘဲ မှန်ပြတင်းမှာပဲ အခန်းအတွင်းပိုင်းကနေ ကပ်လှန်းရတယ်။ အဝတ်ရှုတ်ရင်း ခန်းဆီးတွေနဲ့ကွယ်၊ အပြင်ကို လှမ်းကြည့်လိုက်တော့ ပြတင်းပေါက်အပြင်ဖက် တည့်တည့်က ဟိုတယ်ရေကူးကန်မှာ ကလေးတွေရော လူကြီးတွေပါ ရေဆော့နေကြတာ ဆူညံနေရောပဲ။ ပျော်နေကြတဲ့ အရွယ်စုံလူတွေကိုကြည့်ရင်း ကိုယ်ပါ ရောပြုံးမိလာတယ်၊ ပြီးတော့ အမျိုးသားကို လှမ်းခေါ်ပြီး အဲဒီလူတွေ ပျော်နေကြပုံကို နှစ်ယောက်သား ပြတင်းပေါက်နောက်ကွယ်ကနေ သူတို့နဲ့အတူ လိုက်ပြုံးရင်း အသာကြည့်နေခဲ့ကြတယ်။ ကျွန်မတို့အတွက်ရော ဘယ်တော့ အဲဒီလို လွတ်လပ်ပျော်ရွှင်ရမှာလဲ။

သမီးအတွက် ဆေးရုံက ညွှန်ကြားတဲ့အတိုင်း ဆင်းမလက် (လမစေ့ပဲ မွေးလာသူများအတွက် သီးသန့်) နို့မှုန့်ဘူးကို အမျိုးသား ဈေးထွက်ဝယ်ရင်း တစ်ခါတည်း ဆေးဆိုင်မှာ ဝယ်ခဲ့ဖို့နဲ့ လိုအပ်တဲ့ ဒိုက်ပာ၊ သောက်ရေ ကြက်ဥ၊ ဆန်တွေ စာရွက်လေးမှာ ချရေးလိုက်တယ်။ အရင်

လို သိပ်မတက်ကြွတော့ဘဲ ငြိမ်နေတတ်တဲ့ အမျိုးသားကိုလည်း ကျွန်မ အားနာလှပြီ။ ညမှောင်ခါ စမှာ သူ နီးစပ်ရာဆိုင်တွေကို ခပ်မြန်မြန် ဈေးသွားဝယ်ပြီး ဟိုတယ်အခန်းထဲကိုပဲ ချက်ချင်းပြန်လာ၊ လုံးဝ နောက်ထပ် အပြင်မထွက်တော့ဘဲ ငြိမ်ကုတ်နေတာကိုလည်း ကျွန်မ နားလည်တယ်။

ကျွန်မတောင် နေ့လယ်စာ၊ ညစာတွေ ထမင်းစားခန်းထဲ သွားစားရင် ဝန်ထမ်းတွေက စူးစမ်းလိုစိတ်နဲ့ သေချာလိုက်ကြည့်တဲ့ဒဏ်ကို ခံရတာဆိုတော့ အမျိုးသားအချင်းချင်း နှိမ်သလို ကြည့်ကြရင် ကိုယ်လည်း နာကျင်မိမှာပဲ ရှေးချယ်တုံ့ပြန်စရာ နည်းလမ်းလည်း မရှိတော့လေ။ သီတင်းနှစ်ပတ်နေရင် တစ်ခေါက်ပြန်ပြရမယ့် ဆေးရုံရက်ချိန်းအတွက်ပဲ ကျွန်မတို့ အချိန်ပြည့် အာရုံစိုက်နေကြပြီး အဝတ်တွေလည်း အကုန်အဆင်သင့်ပြင်ထားကြတယ်။ ဆေးရုံသွားပြပြီး ပြန်ခွင့်ရပြီလို့ ပြောလိုက်တာနဲ့ ချက်ချင်း နေ့မဆိုင်းဘဲ လေယာဉ်ကွင်းတန်းဆင်းပြီး ပြန်ကြဖို့လည်း စိတ်က လောနေခဲ့ကြတယ်။ မေကြီးနဲ့ ကျွန်မအမျိုးသားရဲ့ မိသားစုတွေကိုလည်း အခြေအနေ အားလုံးကို လှမ်းပြောပြထားရတယ်။ အဆင်ပြေ၊ ခွင့်ပြုတာနဲ့ ပြန်ခဲ့မယ့်အကြောင်းတွေပေါ့။ အမြန်ဆုံး ပြန်ချင်နေကြပြီ။

သမီးလေး အိုမန့်နီကတော့ ဆေးရုံက ဆင်းကာစရက်တွေမှာ အဆင်ပြေပေမယ့် နောက်ရက်တွေကစပြီး ဝမ်းမသွားတော့ဘဲ ဝမ်းချုပ်နေခဲ့တယ်။ ကလေးသေးသေးလေးနဲ့ ကျွန်မတို့ လင်မယားနှစ်ယောက်ပဲ ရှိနေတာမို့ အချိန်ပြည့် မျက်တောင်မခတ်စတမ်း စောင့်ကြည့်ရတဲ့ အခြေအနေမှာ သူ ဝမ်းချုပ်တာလည်း ကျွန်မတို့အတွက်တော့ ခေါင်းမီးတောက်စရာ ကိစ္စကြီးပဲ။

ဆေးရုံက ဆရာဝန်တွေ၊ သူနာပြုတွေကို ဖုန်းတွေလိုက်ဆက်၊ အင်တာနက်ကနေ လိုက်မေးတော့ မွေးစကလေးငယ်တွေ ဒီလိုပဲ ဖြစ်တတ်ကြတယ်လို့ ဝိုင်းအားပေးကြတယ်။ အမျိုးသား ဈေးသွားဝယ်ပြီး ပြန်အလာ၊ ည ၈ နာရီလောက်မှာ စိတ်ပူပူနဲ့ ကျွန်မ ထမင်းစားခန်းသွားတော့ စားသောက်ခန်းက ဝန်ထမ်းတွေက ကျွန်မ မျက်နှာမကောင်းသလို အစားလည်း မစားနိုင်တဲ့ ရက်တွေ များလာတာကို သတိထားမိပြီး ဝိုင်းမေးကြတယ်။ ကလေးအကြောင်းပြောပြတော့ အားလုံး ပြာပြာသလဲတွေ ဖြစ်တုန်ကြပြီး အတွေ့အကြုံရှိတဲ့ အမေတွေ အဖေတွေက စိတ်မပူဖို့နဲ့ ဖြစ်တတ်ကြောင်းတွေ ဝိုင်းအားပေးကြတယ်။

စားသောက်ခန်းအတွက် တာဝန်ယူထားရတဲ့ ခရစ္စတင်း၊ မာရီယာနဲ့ အိန္ဒိယနွယ်ဖွား ဦးလေးကြီးတစ်ယောက်ကတော့ ကိုယ့်ကို တော်တော်ကရုဏာသက်နေကြပုံပဲ။ စိတ်မပါဘဲ စားစရာတွေ ထည့်နေတုန်း ဖိလစ်ပိုင်နိုင်ငံသူ မာရီယာက ' နာမည်က အသံဘယ်လိုထွက်လဲ၊ ငြိမ်း၊

ငြိမ်း. . . ဟုတ်ပြီ ' ဆိုပြီး ကျွန်မအနားမှာ စကားတွေ လာပြောနေတယ်။

အစပိုင်းမှာ အံ့ဩမိပေမယ့် သူက ခပ်တည်တည်နဲ့ ' ငြိမ်း. . . နင်အခု ဒီမှာ ညစာစားတော့ အမျိုးသားအတွက်ရော ' လို့ မေးလာတယ်၊ ' အင်း. . . သူ့ဖာသာ အဆင်ပြေအောင် စားပါတယ် ' လို့ ပြန်ဖြေလိုက်တော့ သူက ဝေ့ပတ်ပြီး ' နင်. . . ခု ဒီမှာ ထမင်းလာစားနေတာ ကလေးကိုထားခဲ့လို့ အဆင်ပြေပါ့မလား ' လို့ ထပ်မေးတယ်။ ' အဆင်ပြေတယ်ရယ်လို့ မဟုတ်ပေမယ့် ပထမတစ်ခါ အစားအစာကို အခန်းထဲ ယူသွားခွင့်တောင်းတော့ ဟိုတယ်က ပိုက်ဆံထပ်ပေးရမယ် ' လို့ ပြောခဲ့တာကို ပြန်ပြောပြလိုက်တယ်။

မာရီယာက ပါးစပ်အဟောင်းသားနဲ့ ' အံ့ဩလိုက်တာ၊ စိတ်ဓာတ်မကောင်းတဲ့ ကောင်တွေ၊ ငြိမ်း. . . နင် ခုချိန်ကစပြီး နင်စားချင်တာတွေ ပန်းကန်ထဲထည့်၊ ဟင်းရည်လည်း သပ်သပ်ထည့်၊ အသုပ်တွေနဲ့ အချိုပွဲလည်း ထည့်။ ပြီးရင် ငါ ဝန်ထမ်းတစ်ယောက်ကို နင့်အခန်း ပို့ခိုင်းလိုက်မယ် ' လို့ ပြောလာတယ်။ ကျေးဇူးတင်တဲ့အကြောင်း သေချာထုတ်မပြောမိပေမယ့် ကျွန်မမော့ကြည့်တဲ့ မျက်လုံးထဲမှာ ကိုယ့်ကို ဂရုတစိုက် လာဆက်ဆံပြီး နွေးထွေးတဲ့အပေါ် ကြည်နူးကျေနပ်နေကြောင်း သေချာပေါ်နေမှာပါ။ ဟင်းတွေ ပန်းကန်တစ်ချပ်ထဲ ခပ်သွက်သွက်ထည့်ပြီး သူ့စားပွဲပေါ် သွားတင်ပေးလိုက်တယ်။ ' ဟင်းရည်ရော. . . နင် ဟင်းရည်သောက်မှ နို့ထွက်မှာ ' လို့ ပြောတာကြောင့် ' အင်း ' လို့ ပြုံးပြပြီး ဟင်းရည်ခွက်လေးတစ်ခွက် ထပ်ထည့်၊ အချိုပွဲနည်းနည်းထည့်ပြီး ဗန်းပေါ် တင်ပေးလိုက်တယ်။ ပြီးတော့ ကျွန်မ ညစာစားပြီးဆိုတဲ့ လက်မှတ်ထိုးနေတုန်း သူက တခြားဝန်ထမ်းတွေရော အဲဒီစားသောက်ခန်းထဲမှာ ရောက်နေကြတဲ့ ဧည့်သည်တွေပါ မကြားအောင် ကျွန်မကို ' ငြိမ်း. . . နင်ယူတာတွေက နည်းလိုက်တာ၊ နင့်ယောကျ်ားအတွက်ပါ တစ်ခါတည်း ထည့်၊ ဘာမှမစိုးရိမ်နဲ့၊ ငါရှိတယ် ' လို့ အသံအုပ်အုပ်နဲ့ ပြောလာတယ်။

' ကျွန်မက ရပြီ။ တကယ် ကျေးဇူးတင်ပါတယ် ' လို့ ပြန်ပြောရင်း အခန်းဆီပဲ ခပ်မြန်မြန် ပြန်ပြေးလာခဲ့တယ်။ အမျိုးသားကို ဟိုတယ်မှာ သူငယ်ချင်းအသစ်တွေရပြီ ဆိုတဲ့အကြောင်း ဝမ်းသာအားရ ပြန်ပြောပြနေတုန်း အခန်းတံခါးခေါက်သံကြားလို့ သွားဖွင့်လိုက်တော့ ဝန်ထမ်းအမျိုးသားတစ်ယောက် မတ်တပ်ရပ်နေပြီး ခုနရွေးထားတဲ့ စားစရာတွေနဲ့ ဗန်းကို ကျွန်မဆီ လှမ်းပေးလိုက်တယ်. . .။ သူ့ကိုပြုံးပြပြီး ဗန်းကိုလှမ်းယူကာ နှုတ်ဆက်လိုက်မိတယ်၊ ' ကျေးဇူးတင်ပါတယ်၊ ကောင်းသောညပါ ဦးလေး '။

■ ■ ■



ဆေးရုံကိုရောက်တော့
အရင်က သမီးတက်ခဲ့တဲ့ **NICU** ကို
အရင်ဝင်၊ မနက်စောစော သူနာပြုတွေက
ကိုယ်တွေမိသားစုကို လှမ်းအတွေ့. . .
မတွေ့တာကြာတဲ့ မိသားစုဝင်တွေလို
ဖက်လဲတကကင်း အော်ကြ၊ နှုတ်ဆက်ကြတယ်။

ဒီနေ့ ကျွန်မတို့ကလေး ဆေးရုံဆင်းတာ သီတင်းနှစ်ပတ်ပြည့်ပြီး နောက်တစ်ကြိမ် ဆေးရုံကို ပြန်ပြရမယ့်နေ့၊ ချိန်းထားတဲ့အချိန်ထက် အတော်လေးစောပြီး ဆေးရုံကို ရောက်နေတယ်။ အမှန်က ညကတည်းကပြန်ဖို့ အိတ်တွေပြင်၊ အဝတ်တွေ သေချာခေါက်ထည့်၊ အစီအစဉ်တကျတွေလုပ်ပြီး ရင်တခုန်ခုန်နဲ့ ကောင်းကောင်းကို မအိပ်နိုင်ခဲ့တာ။ ဟိုတယ် ဧည့်ကြိုဌာနမှာ 'ဆေးရုံသွားချင်လို့ ကားငှားလို့ရမလား' မေးတော့လည်း အမျိုးသမီးဝန်ထမ်းတစ်ဦးက 'ရတယ်၊ ခဏစောင့်၊ ပိုက်ဆံပေးစရာ မလိုဘူး' လို့ ပြန်ပြောတယ်။ ပြီးတော့ ဟိုတယ်ကားတစ်စီး ရောက်လာပြီး ကျွန်မတို့မိသားစုကို ဆေးရုံကို အခမဲ့ လိုက်ပို့ပေးတယ်၊ ဘယ်လောက် ကံဇာတာတွေ တက်နေသလဲလို့။

ဆေးရုံကိုရောက်တော့ အရင်က သမီးတက်ခဲ့တဲ့ NICU ကို အရင်ဝင်၊ မနက်စောစော သူနာပြုတွေက ကိုယ်တွေမိသားစုကို လှမ်းအတွေ့ . . . မတွေ့တာကြာတဲ့ မိသားစုဝင်တွေလို ဖက်လဲတကင်း အော်ကြ၊ နှုတ်ဆက်ကြတယ်။ သမီးမျက်လုံးကို စစ်ဖို့ နှစ်သိမ့်ဆွေးနွေးတဲ့ အခန်းမှာ ထိုင်စောင့်နေတုန်း တာဝန်ကျသူနာပြုတွေက မျက်စဉ်း ၃ ကြိမ် လာခတ်ပေးတယ်။ သမီးက မျက်လုံးကို ဖွတ်အတင်းပိတ်ထားတာမို့ ချော့မော့ပြီး မျက်စဉ်းခတ်နေတုန်း ကိုယ်တွေရှိနေတဲ့ အခန်းထဲ ရှေ့ဆင့်နောက်ဆင့် ဝင်လာကြတာက ဟာမ်းဇတ်နဲ့ သူ့အမေ (မိခင်ဆောင်မှာ အတူတက်ခဲ့တဲ့ အမျိုးသမီး) ရယ်၊ ကျွန်မကို နှိုထွက်အောင် 'ဖိနိုဂရိ' ဆိုပြီး ပဲနံ့သာစေ့တွေ ပြုတ်သောက်ခိုင်းခဲ့တဲ့ အစ်မနဲ့ သူ့သားလေး။ 'ဝေး . . .' လို့ အော်ဟစ်နှုတ်ဆက်ကြရင်း ကျွန်မတို့ စကားတွေ ပြောမဆုံးနိုင်အောင်ပါပဲ။

ကျွန်မသမီးထက် သုံးလဝန်းကျင်လောက် ပိုကြီးကြတဲ့ သူတို့ရဲ့ သားတွေအကြောင်း၊ မိသားစုက ဘယ်လို ဂရုစိုက်ကြကြောင်းနဲ့ စကားပြောရင်း ခဏခဏ သန်းဝေပြီး အိပ်ငိုက်လာတဲ့ ကျွန်မကို အနားယူဖို့လိုကြောင်း၊ အားရှိအောင်နေစေချင်ကြောင်းတွေ ဝိုင်းပြောကြတယ်။ ကျွန်မတို့မိသားစုကို အရမ်းချစ်တဲ့ ဖိလစ်ပိုင် သူနာပြုမလေး ရှုဘီနဲ့ ဖရေလေက အမှုအရာနဲ့ နောက်နေ့ ဟိုတယ်ကို လာတွေ့မယ်ဆိုတဲ့အကြောင်း လှမ်းပြောသေးတယ်။ နောက် ကလေးကို ဆရာဝန်တွေက မျက်လုံးစစ်တဲ့အခန်းထဲ ခေါ်သွားပြီး ဘယ်လိုအဖြေထွက်မလဲလို့ ကိုယ်တွေ ရင်တမမစောင့်နေချိန်၊ ဆေးစစ်ခန်းထဲက သမီးရဲ့အော်ငိုသံကလည်း ခုနှစ်သံချီ ထွက်ထွက်လာပြန်တော့ မျက်စိမျက်နှာတွေပျက်တာ သူနာပြုတွေ လာချော့မော့ကြတဲ့အထိပဲ။

ခဏအကြာ ဟာမ်းဇတ်နဲ့ နောက်ဆုံးရောက်လာတဲ့ ကလေးလေးကိုပါ ချီခေါ်သွား

ကြပြီး ကျွန်မတို့ မိဘတွေကတော့ အသက်ပြင်းပြင်းတောင်မရှူနိုင်ဘဲ စောင့်နေခဲ့ကြရတယ်။ နာရီဝက်လောက်ကြာတော့ ကလေးတွေကို ကျွန်မတို့ဆီ ပြန်လာပို့ရင်း ကျွန်မသမီးလေး အိုမန်နီရဲ့ မျက်လုံးတွေက ပုံမှန်ကလေးတစ်ယောက်အဆင့်ကို ရနေပြီဖြစ်ကြောင်း၊ မျက်စဉ်းခတ်စရာ မလိုတော့ကြောင်းနဲ့ နောက်ထပ် မျက်လုံးနဲ့ပတ်သက်ပြီး ဆရာဝန်တွေကိုပြဖို့ မလိုတော့ကြောင်းတွေ ဆရာဝန်တွေက ရှင်းပြကြတယ်။

ရင်ထဲက အပူလုံးကြီး ကျပြီး အရမ်းပျော်သွားပေမယ့် ဟမ်းဇတ်နဲ့ နောက် ကလေးလေးကတော့ မျက်လုံးတွေ ပုံမှန်အဆင့်မရောက်သေးလို့ နောက်နှစ်ပတ်နေရင် ခုလို မျက်လုံး ထပ်စစ်ဖို့၊ အောက်ဆီဂျင် လည်ပတ်မှုကောင်းအောင် ဘယ်လိုထားဖို့ စတာတွေပြောနေတာမို့ စိတ်ပျက်သွားတဲ့ မိဘတွေကို ကိုယ်ချင်းစာပြီး ကျွန်မတို့လင်မယား ပြုံးတောင်မပြုံးမိခဲ့ကြဘူး။ နောက်. . . အမျိုးသားက ခုတစ်ခေါက်လာတာ နောက်ဆုံးအကြိမ်လည်း ဖြစ်နိုင်တာမို့ ဆေးရုံက NICU ဝန်ထမ်းတွေနဲ့ ဓာတ်ပုံရိုက်ပေးပါတယ်။ အားလုံးကလည်း သေချာနှုတ်ဆက်ကြရင်း သမီးကို ထပ်ပြရမယ့် ဆေးရုံရဲ့ ပြင်ပလူနာဌာနကို လိုက်ရှာခဲ့ကြပါတော့တယ်။

ပြင်ပလူနာဌာနက ဆေးရုံရဲ့ပထမထပ်မှာ ရှိနေတာမို့ သက်သက်ထပ်ရှာပြီး သွားရတယ်၊ အခန်းတွေ အဆင့်ဆင့်ကျော်ဖြတ်ပြီး နောက်ဆုံး ဆေးခန်းဆိုတဲ့ နေရာလေးရောက်သွားတော့ အရွယ်အစားအမျိုးမျိုး ကလေးငယ်တွေနဲ့ ကိုယ်တွေလိုပဲ မိဘတွေ စုရုံးစုရုံးလုပ်နေကြတဲ့ အဆောင်တစ်ခုဖြစ်နေတယ်။ နာမည်စာရင်းသွင်းတဲ့နေရာမှာ ဝန်ထမ်းက ကိုယ်တွေလို မြန်မာနိုင်ငံကဆိုတာ တစ်ခါမှ မလာဖူးတဲ့အပြင် အလုပ်အကိုင်နံပါတ်လည်း မပါတာမို့ အစပိုင်းက ရစ်နေခဲ့တယ်။ ရှင်းပြနေရင်း ဒေါသထွက်လာလို့ အသံမာမာနဲ့ ' ကဲ နင်မယုံရင် NICU ကို ခု ဖုန်းဆက် ' ဆိုတော့ ဖုန်းဆက်ရင်း နောက်ဆုံး ထုံပေပေပုံစံနဲ့ မပေးချင်သလို လုပ်နေပြီးမှ ဆရာဝန်နဲ့တွေ့ဖို့ ကဒ်ထုတ်ပေးတယ်။

ကိုယ့်နာမည်ခေါ်မယ့်အချိန်ကို အပြင်မှာ တခြားသူတွေနဲ့အတူ ထိုင်စောင့်နေခဲ့ပြီး အလှည့်ရောက်တော့ ကလေးကို ပေါင်ချိန်၊ အရပ်တိုင်း၊ ရင်တာမမနဲ့ တွေ့သမျှသူနာပြု မျက်နှာချိုသွေးရင်း ကိုယ့်ကလေးရဲ့ တိုးတက်လာတဲ့ ပေါင်ချိန်နံပါတ်ကိုကြည့်ရင်း ပျော်ရတယ်။ ပြီးတော့ ဆရာဝန်နဲ့ ဝင်တွေ့တော့ ဒေါက်တာ ဘီလယ်ဖြစ်နေပြီး ' ငြိမ်းရေ အဆင်ပြေလား ' လို့ မေးလာတယ်၊ အဆင်ပြေကြောင်း အိမ်ပြန်လို့ရရင် အမြန်ပြန်ချင်ကြောင်းတွေပြောတော့ ' အင်း. . . ခု ဆေးသွားဝယ်ခဲ့ပါ၊ ကလေးနှလုံးက အဓိကတစ်ခုကို စစ်စရာရှိတယ်၊ အဲဒါလည်း စစ်ဖို့လိုအပ်

တယ်။ ခု ဆေးစာရေးပေးလိုက်မယ်၊ ဆရာဝန်တွေနဲ့လည်း တိုင်ပင်ဦးမယ် ’ လို့ ဒေါက်တာက ပြောတာမို့ သူရေးပေးတဲ့ ဆေးစာရွက်လေးကိုင်ပြီး ဆေးရုံရဲ့ ငွေရှင်းကောင်တာကို မယောင်မလည် ရောက်သွားကြပါတော့တယ်။ အဲဒီမှာ ခုလို ပြင်ပလူနာအဖြစ် လာပြတဲ့အတွက် ကျသင့်ငွေက မြန်မာငွေ နှစ်သိန်းဝန်းကျင် (အမေရိကန်ဒေါ်လာ ၂၀၀ နီးပါး) ဖြစ်နေပြီး ပေးချေခဲ့ရသလို လို အပ်တဲ့ ဆေးတွေလည်း ထပ်ဝယ်ခဲ့ရပါတယ်။

ကာတာက တာဝန်ယူတယ်ဆိုပြီး ခုကျတော့ ဆေးဝယ်သမျှ၊ စမ်းသပ်ခ၊ အစအဆုံး ကိုယ်တိုင်ပေးရတော့ ခြစ်ခြုတ်ထားတဲ့ ပိုက်ဆံထဲက သုံးသိန်းလောက် တစ်ထိုင်တည်း ထွက်သွား ပါတယ်။ နောက်ထပ် ကလေးနှလုံး ရိုက်ဖို့က မမျှော်မှန်းနိုင်တဲ့ငွေပမာဏ ထပ်ကုန်ဦးမှာမို့ ကျွန်မ တို့လည်း မျက်လုံးတွေပြူးတဲ့အထိ အံ့သြကြပြီး ဆာအစ်ရှိမယ့် ရုံးခန်းကို အပြေးသွားကြပါတော့ တယ်။ ဒါပေမဲ့ မစ္စတာ ဆာအစ်က ခွင့်ယူထားခဲ့တာမို့ လက်လျှော့ပြီး ကျွန်မတို့ စောစောက ပြ ခဲ့တဲ့ ပြင်ပလူနာဌာနကိုပဲ ပြန်သွားခဲ့ကြပါတယ်။

ဒေါက်တာ ဘီလယ်အပြင် ဒေါက်တာ ပရာကာတ်ရှ်ပါ ရောက်နေပြီး ကျွန်မတို့ကို လေယာဉ်စီးရင် ကြုံရမယ့်အခက်အခဲတွေ၊ စိတ်မချရမှုတွေ၊ ကလေးအတွက် စိုးရိမ်စရာအခြေ အနေတွေ ပြောပြပြီး လတ်တလော ပြန်ခွင့်မပြုနိုင်ကြောင်းနဲ့ နောက်ထပ် သီတင်းပတ်နှစ်ပတ် အကြာမှာ ထပ်လာပြဖို့ ရက်ချိန်းစာရွက် ထုတ်ပေးပါတယ်။ ပြီးတော့ ကြားထဲက သီတင်းပတ်မှာ ကလေးနှလုံးကို အစအဆုံးပြန်စစ်ဖို့ ဆေးရုံကနှလုံးဆောင်မှာ သွားပြဖို့လည်း စာရွက်ထုတ်ပေး ပါတယ်။ အဲဒီအဖြေကို ကျွန်မတို့က နောက်ထပ်နှစ်ပတ်မှာမှ ပြန်ပြရင်း ထပ်ဆွေးနွေးရမှာပါ။

ဝုန်းခနဲ ထပ်ကျသွားတဲ့ စိတ်ဓာတ်ကို ပွေ့ထားတဲ့ကြားက တုန်တုန်သွားတတ်တဲ့ သမီးလေး အိုမန်နီကို တင်းတင်းချီရင်းပဲ သမီးအဆင်ပြေမှ ပြန်လို့ဖြစ်မှာပေ့ါ၊ ငါတို့ အတ္တသိပ်ကြီး နေပြီလို့ ပြန်ဖြေတွေးကြရင်း အမျိုးသားနဲ့အတူ ဟိုတယ်ကို ပြန်ခဲ့ကြပါတယ်။ ပြင်းတဲ့နေရှိန်ကြောင့် သမီးအတွက် မဖြစ်မနေ ကားငှားရင်း ကိုယ့်နိုင်ငံသားမဟုတ်တာနဲ့ ကျွန်မတို့ကို နှစ်ဆ သုံးဆ အမြတ်တင်တဲ့ ကားသမားကြီးနဲ့ ရန်ဖြစ်ရင်းပဲ ဟိုတယ် ပြန်ရောက်ခဲ့ကြပါတယ်။

အခန်းထဲပြန်ရောက်တော့ သမီးလေးကို အလယ်မှာထား၊ လင်မယားနှစ်ယောက် စလုံး စကားမပြောနိုင်တော့ဘဲ သိမ်းထားတဲ့အိတ်လေးတွေ ပြန်ဖွင့်၊ ဟိုတယ်က သတ်မှတ်တဲ့ နေ့လယ်စာအချိန်ကျော်နေပြီမို့ ထမင်းကိုယ့်ဖာသာချက်၊ ကြက်ဥပြုတ်ရင်း ငြိမ်နေမိပါတယ်။ အိမ် ကိုလည်း အဆင်မပြေကြောင်းနဲ့ ပြန်မလာဖြစ်သေးကြောင်း လှမ်းပြောရင်း ပေါက်ခနဲကျလာတဲ့

မျက်ရည်ကို အမျိုးသားမသိအောင် သုတ်၊ သမီးဘေး ခဏလှဲရင်း အိပ်ချင်ယောင်ဆောင်နေမိပါတယ်။ နှစ်ယောက်စလုံး ဘယ်လောက်တောင် အိမ်ပြန်ချင်နေခဲ့တယ်ဆိုတာ ထုတ်မပြောဘဲ ဖုံးဖိလေ သိလေပဲမို့ တခြားစကားတွေ ပြောချင်စိတ်လည်း မရှိတော့ပါဘူး။

အမျိုးသားလည်း ဝမ်းနည်းနေမှာသေချာတာမို့ ငြိမ်နေမိတုန်း အခန်းထဲမှာရှိတဲ့ ဖိုတယ်ဖုန်းက ထမြည်လာပါတယ်။ ကောက်ကိုင်လိုက်တော့ ကျွန်မတို့အခန်း ဒီနေ့ပဲ အခန်းယူရက်ပြည့်ပြီမို့ ချက်ချင်း အခန်းအပြင်ဘက်ထွက်ပေးဖို့ ဧည့်ကြိုကောင်တာက ဖုန်းလှမ်းဆက်တာပါ။ ဆံပင်တွေထောင်တဲ့အထိ ခေါင်းကြီးသွားရပြီး ' ဟာ. . . ကာတာလေကြောင်းလိုင်းက အခန်းယူထားတာလေ. . . ငါတို့ကို ဆေးရုံက နောက်နှစ်ပတ် ထပ်ချိန်းတယ် ' လို့ ပြန်ပြောပေမယ့် မရကြောင်း၊ ခုချက်ချင်း အခန်းအပြင်ထွက်ပေးဖို့ အော်ငေါက်ရင်း ပြောလာပါတော့တယ်။

' အိုခေ. . . ခဏနေရင် နင့်ကို ပြန်အကြောင်းကြားမယ် ' လို့ ပြန်ပြောရင်း ဖုန်းမြန်မြန်ချ၊ အမျိုးသားကို ပြန်ပြောပြ၊ နောက် ဆာအစ်ဆီကို ဖုန်းဆက်တော့လည်း ဆာအစ်က မကိုင်၊ အခန်းခတွက်ကြည့်တော့ တစ်ရက်ကို မြန်မာငွေ တစ်သိန်းခွဲဝန်းကျင်၊ ဒီနေ့လည်း ဆေးရုံမှာ ကုန်ကျတာများတာမို့ လက်ထဲကျန်တဲ့ပိုက်ဆံကို သမီးအတွက် လိုတာကလွဲပြီး အထိမခံချင်တော့ပါဘူး။ ဆာအစ်ကို ခွင့်ယူထားတာ နားလည်ကြောင်း၊ အားနာပေမယ့် ခု အရေးကြီးလို့ မဖြစ်မနေ ဖုန်းကိုင်ဖို့ တောင်းပန်ကြောင်းတွေ မက်ဆေ့ချ်ပို့လိုက်တော့ မစ္စတာ ဆာအစ်က ချက်ချင်း ဖုန်းဆက်လာပါတယ်။ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်တော့ သူ အခု ကာတာလေကြောင်းနဲ့ ပြန်ဆက်သွယ်ပြီး နောက်ထပ် သီတင်းနှစ်ပတ် (ဆေးရုံရက်ချိန်းအထိ) အခန်းဆက်ယူဖို့ ပြောပေးပါ့မယ်၊ အခန်းအပြင် ထွက်စရာမလိုဘူး၊ တကယ်လို့ ဝန်ထမ်းတွေလာဆွဲထုတ်ရင် ချက်ချင်း ဖုန်းဆက်လို့ အားပေးရင်း သူက ပြောပါတယ်။

ကျွန်မလည်း ' အိုခေ ' လို့ပဲ ခပ်မြန်မြန်ပြန်ပို့ပြီး ဟိုတယ်မန်နေဂျာနဲ့တွေ့ဖို့ သမီးကို အမျိုးသားနဲ့ထားပြီး အခန်းအပြင်ထွက်ခဲ့ပါတယ်။ မန်နေဂျာကိုမတွေ့ရဘဲ ကောင်တာမှာ သိမ်းငှက်မျက်နှာနဲ့ ကျွန်မတို့ကို အမြဲ ရန်လိုနေတဲ့လူပဲ တွေ့တာမို့ ဒေါသသံနဲ့ပဲ အခု ကာတာကို ဆက်သွယ်နေကြောင်း၊ ငွေဆက်ရှင်းပြီး အခန်းမှာ ဆက်နေမယ့်အကြောင်း ပြောပစ်ပြီး ပြန်လှည့်ထွက်ခဲ့ပါတော့တယ်။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၁၄)



ရှုဘီတို့ ခလာရင်တို့နဲ့ ကလေးကို
တစ်ယောက်တစ်လှည့်စီ ချီရင်း
စကားပြောရင်း ထမင်းစားကြရတာ
ကျွန်မနဲ့ အမျိုးသားအတွက်တော့
တကယ့်ကြည်နူးမှုပဲ၊ ကိုယ့်ကို အပြည့်အဝ
နားလည်ပေးနိုင်တဲ့ လူတွေလို့လည်း
သူတို့ကို ကျွန်မယုံကြည်တယ်။

အမျိုးသားနဲ့ ကျွန်မရဲ့ စကားပြောသံတွေ၊ ဖုန်းမြည်သံတွေကြောင့် နိုးလာတဲ့ သမီးလေးကို အသာပွေ့ချီရင်း နို့တိုက်နေခဲ့တယ်။ စိတ်ထဲမှာတော့ ဆာအစ်ဆီက အဆင်ပြေ မပြေ ပြန်ဖြေတဲ့ အသံကို အမြန်ဆုံး ကြားချင်နေမိခဲ့တာ၊ တကယ်လို့သာ ကာတာလေကြောင်းလိုင်းက ဒီအခန်းခပါ ထပ်မပေးနိုင်တော့ဘူးဆိုရင် ကျွန်မတို့ လက်ထဲကျန်တဲ့ ပိုက်ဆံနဲ့ သီတင်းနှစ်ပတ်တာ ၁၄ ရက်တည်းနိုင်မယ့် ဟိုတယ်ကို ကလေးပိုက်ပြီး ထပ်ပြောင်းရမှာပဲ။ စားသောက်စရိတ်၊ ကလေးဆေးဖိုးတွေနဲ့ ဘယ်လိုလုပ်ရပ့်မလဲ၊ အိမ်ကိုပဲ ပိုက်ဆံလှမ်းတောင်းလိုက်ရမလား၊ ဒီလက်ကျန်ငွေကိုပဲ အကုန်သုံးပစ်လိုက်ရမလားဆိုတာ အမျိုးမျိုး တွေးနေမိခဲ့တယ်။

နောက်ထပ် တစ်နာရီလောက်နေတော့ မျှော်နေခဲ့တဲ့ ဖုန်းသံက ဝင်လာပြီး ဆာအစ်က ' အခန်းခ နောက် ၂ ပတ်စာ သွင်းပြီးသွားပြီဖြစ်ကြောင်းနဲ့ စိတ်ချလက်ချနေလို့ရပြီ ' လို့ ပြောလာတယ်။ အထပ်ထပ်အခါခါ ကျေးဇူးတင်ကြောင်းပဲ ထပ်ပြောမိတော့တယ်။ သူလည်း ခုတစ်မျိုး တော်ကြာတစ်မျိုးလုပ်နေတဲ့ ကာတာကို စိတ်ပျက်နေပြီ။ သူနဲ့ ဖုန်းပြောလို့အပြီးမှာ ကျွန်မ ချက်ချင်းပဲ ဟိုတယ်ဧည့်ကောင်တာကို လှမ်းဆက်လိုက်တယ်။ ' အခန်းခ ဝင်နေပြီမလား၊ နောက်နှစ်ပတ်မှာ ငါတို့လည်း တကယ်ကို ပြန်ချင်နေပါတယ်။ ဒီဟိုတယ်မှာ ထပ်နေချင်စိတ်က လုံးဝကို မရှိတော့တာပါ ' လို့ မြန်မြန်ပြောပြီး ဖုန်းချလိုက်တယ်။

တစ်နေကုန် ပင်ပန်းနေတဲ့စိတ်ကြောင့် ကျွန်မတို့ တစ်မိသားစုလုံး ခဏ ပြန်အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာ ကျွန်မအဖေ၊ ကျွန်မ အရမ်းချစ်ရတဲ့အဖေကို မက်နေကြအတိုင်းပဲ သမီးလေးနဲ့အတူ ထပ်မက်တယ်။ လွန်ခဲ့တဲ့ငါးနှစ်က ဆုံးသွားတဲ့ ' ဖေကြီး 'လို့ ချစ်မြတ်နိုးစွာ ခေါ်ရတဲ့ ကျွန်မအဖေအတွက်ရော တခြား ကျွန်မတို့ သားအဖနှစ်ယောက်ကို သိတဲ့လူတွေအတွက်ပါ ကျွန်မက နာမည်ကျော် အဖေချစ်သမီးပဲ။ အဖေ့ကို နေ့နေ့ညည လွမ်းလွန်းလို့ အရူးလိုဖြစ်ခဲ့ရတဲ့ အချိန်တွေကုန်ခဲ့ပြီး ကျွန်မ ပြန်လည်ပျော်ရွှင်လာခဲ့တယ်. . . ဒါပေမဲ့ ရုတ်တရက် ခုလိုဖြစ်တဲ့အချိန်မှ လန်ဒန်မှာဆေးရုံတက်ရတဲ့ အချိန်ကတည်းက ဖြတ်ခနဲ၊ မှေးခနဲ အိပ်ပျော်ရင်တောင် ကျွန်မ အဖေက အနားမှာရောက်နေတယ်ဆိုတဲ့ အိပ်မက်ပဲ အမြဲမက်တယ်။ လေယာဉ်ပေါ် မှာ ကလေးမွေးထွက်လာပြီး အိုမန်ကို ရောက်ကတည်းကလည်း တစ်နေ့တစ်နေ့ ပင်ပန်းလွန်းတဲ့စိတ်တွေ၊ ပြဿနာတွေကို မှေးခနဲ အိပ်ပျော်တာနဲ့ အိပ်မက်ထဲရောက်လာတဲ့ ဖေကြီးကို အကုန်တိုင်ပင်ဖြစ်တယ်။ ပြီးတော့ အားရှိတဲ့စိတ် ဖြစ်ရတယ်။

ဒါပေမဲ့ ကြောက်စရာ အိပ်မက်ဆိုးတွေချည်းပဲ၊ အဲဒီတော့ အိပ်ပျော်တယ်ဆိုတဲ့

အချိန်လေးက အကြာဆုံးဆို တစ်နာရီလောက်လေးပဲမို့ ၅ မိနစ်ကနေ မိနစ် ၆၀ လောက် အိပ်ပျော်မိတာကိုပဲ ကျေးဇူးတင်ရတယ်။ ခုလည်း အိပ်မက်ထဲမှာ ပင်လယ်ကမ်းစပ်လိုနေရာကို ကျွန်မရောက်နေတယ်၊ ဒီရေညစ်ညစ်တွေက လမုပင်လေးတွေ ထိပ်ဖျားနားထိ မြုပ်အောင်တက်နေပြီး ရေထဲမှာ အမှိုက်တွေလည်း ပြည့်နေတယ်။ လေလည်းတိုက်နေတော့ ချမ်းသလိုဖြစ်လာပြီး ရေကမ်းစပ်နားကို လှမ်းကြည့်လိုက်တော့ ဖေကြီးက ရေထဲကို ငုံ့ကြည့်နေတယ်။ ပြီးတော့ ကျွန်မကို မျက်နှာပျက်ပျက်နဲ့ လက်ယပ်လှမ်းခေါ်နေတယ်။ ပြေးပြီး ဖေကြီးအနားကို ပြေးသွား၊ သူနဲ့အတူ ရေထဲကို ငုံ့ကြည့်လိုက်တော့ အမှိုက်တွေပြည့်နေတဲ့ ရေထဲမှာ ကလေး အလောင်းတစ်လောင်း၊ အမလေး. . . ကျွန်မ သမီးရော၊ ခု ရေထဲက ကလေးက သမီးလေးများလား၊ လုပ်ကြပါဦးဆိုပြီး ရေမကူးတတ်တဲ့ကြားက နွံနွံရေတွေထဲ ပြေးဆင်းသွားပြီး မျောနေတဲ့ ကလေးအလောင်းနောက် လိုက်မိတယ်။ မျက်ရည်တွေလည်း ပေါက်ပေါက်ကျပြီး ' ရင်ဘတ်ထဲမှာလည်း နာနေပြီ သမီးရေ ' လို့ ထပ်ခါထပ်ခါ အော်ခေါ်နေရင်းပေါ့။

အသက်ရှူမဝသလိုဖြစ်လာရင်း ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်တော့ ကျွန်မရဲ့ ညာဖက်မှာ သမီးလေးနဲ့ သူ့အဖေ အိပ်မောကျနေကြတယ်။ ကလေး အသက်ရှူရဲ့လားလို့ ဗိုက်လေးလှုပ်တာကို မျက်တောင်မခတ်ဘဲကြည့်၊ ရင်ဘတ်နား နားသွားကပ်ထောင်၊ သမီး အိပ်နေတာ သေချာပြီဆိုမှ သက်ပြင်းချရတယ်။ တော်တော်ဆိုးတဲ့ အိပ်မက်တွေ. . .။

ကျွန်မ ဖုန်းယူပြီး အင်တာနက်ဖွင့်ကြည့်လိုက်တော့ သီတင်းကျွတ်တော့မှာမို့ ရုံးနားက ရေကျော်ပွဲဈေးလည်း ဖွင့်ပြီ။ မိတ်ဆွေတိုင်းလိုလို ရေကျော်ပွဲဈေးရောက်တဲ့ပုံတွေ တင်ကြ live တွေ လွှင့်ကြတော့ ကိုယ်တောင် ပွဲဈေးထဲရောက်သွားသလိုပဲ။ အစကတော့ သီတင်းကျွတ်လပြည့်နေ့အမီလေး အိမ်ပြန်ရောက်ချင်ပေမယ့် ခုတော့ ဘယ်တတ်နိုင်ပါ့မလဲလေ။ ခုလို ဟိုတယ် တစ်ခုမှာ ကောင်းကောင်းမွန်မွန် မိသားစုလိုက် အတူနေခွင့်ရတာပဲ ကံကောင်းလွန်းတာ မဟုတ်လား။ ရေချိုး၊ အဝတ်လျှော်ပြီး သမီးကို နို့တိုက်၊ သန့်ရှင်းရေးလုပ်၊ အဝတ်တွေလဲပေးပြီး အမျိုးသား ရေချိုးတာ စောင့်နေခဲ့တယ်။

ဒီနေ့ည ရှုဘီတို့ ဟိုတယ်ကိုလာခေါ်ပြီး အပြင်လိုက်ပို့ပေးမယ်၊ ညစာအတူ စားကြမယ်လေ။ ညနေစောင်းလို့ နေ လုံးဝမရှိတော့တဲ့အချိန် ည ၇ နာရီလောက်မှာ ရှုဘီနဲ့ ခလာရင် ရောက်လာကြတယ်၊ ပြီးတော့ သူတို့ကားလေးနဲ့ပဲ မတ်စကက်မြို့စွန်က ကမ်းခြေကို ထွက်လာခဲ့ကြတယ်။ ကမ်းခြေက သဲသောင်ပြင်ဧရိယာ သိပ်မရှိဘဲ လူတွေများနေတယ်။ မြို့နဲ့ တစ်ဆက်တည်း

ဆိုတော့ ကမ်းခြေတစ်လျှောက် လေ့ကျင့်ခန်းလုပ်တဲ့သူတွေ၊ ညစာ စားစရာဆိုင်တွေ၊ ကားတွေနဲ့ လူတွေအပြည့်ပဲ။ ကျွန်မတို့ မိသားစုပုံလေးကို ကမ်းခြေနောက်ခံနဲ့ ရှူဘီတို့က ဓာတ်ပုံရိုက်ပေးတယ်၊ ကျွန်မကတော့ မြန်မာပြည်က ငွေဆောင် ဒါမှမဟုတ် ချောင်းသာကမ်းခြေကိုပဲ လွမ်းပါတယ်။

ပြီးတော့ ညစာစားဖို့ ဆိုင်ရွေးကြတော့ အရင်ကလည်း အိုမန်လေကြောင်းက မသစ္စာတို့နဲ့ ညစာတွေ သွားစားဖူးနေလို့ မတူတဲ့ဆိုင် ရွေးဖြစ်ကြတယ်။ ကမ်းခြေနဲ့သိပ်မဝေးတဲ့ ရပ်ကွက်တစ်ခုထဲက ထိုင်းဆိုင်လေးတစ်ဆိုင်။ ရှူဘီတို့ ခလာရင်တို့နဲ့ ကလေးကို တစ်ယောက်တစ်လှည့်စီ ချီရင်း စကားပြောရင်း ထမင်းစားကြရတာ ကျွန်မနဲ့ အမျိုးသားအတွက်တော့ တကယ့်ကြည်နူးမှုပဲ၊ ကိုယ့်ကို အပြည့်အဝ နားလည်ပေးနိုင်တဲ့လူတွေလို့လည်း သူတို့ကို ကျွန်မ ယုံကြည်တယ်။ ရှူဘီတို့မှာ ဟိတ်ဟန်မရှိဘူး၊ ဖိလစ်ပိုင်အကြောင်းလည်း ကောင်းကောင်းဆိုးဆိုး ထုတ်ပြောတာပဲ၊ ပြီးတော့ သမီးလေး အိုမန်နီကို သူတို့ သိပ်ဂရုစိုက်ကြတယ်။

ထမင်းစားပြီး သူတို့အလစ်မှာ ကျွန်မတို့ လင်မယား ကုန်ကျစရိတ်အကုန်လုံးကို ခပ်မြန်မြန် ပေးချေလိုက်ကြတယ်။ ရှူဘီတို့သိတော့ စိတ်တွေဆိုးပြီး နောက်တစ်ခေါက် ထပ်စားကြမယ်နော်လို့ ထပ်ခါထပ်ခါ ချော့ရတယ်။

အပြန်မှာ ကော်ဖီဆိုင်လေးတစ်ဆိုင် ခဏ ဝင်ထိုင်ကြသေးတယ်။ သမီးကတော့ အပြင်ထွက်တာနဲ့ မျက်မှောင်ကုတ်ပြီး မျက်လုံးမှိတ်ထားတယ်၊ နို့ဘူးမသောက်တော့ဘဲ အမေ့နို့ပဲ စို့တော့တာ။ အခန်းပြန်ရောက်တော့ သမီးကို ဒိုက်ပါနဲ့ အဝတ်လဲ၊ နို့ဘူးတိုက်၊ သေချာသိပ်ပြီး ပြန်ပေါ့ပါးနေပြီဖြစ်တဲ့ ကိုယ့်စိတ်ကို အံ့သြမိတော့တယ်။ အတက်အကျတွေ၊ လှုပ်ရှားမှုတွေ၊ ငြိမ်သက်မှုတွေ၊ ကြောက်ရွံ့စိုးရိမ်မှုတွေ ပြည့်နေခဲ့ပေမယ့် ခဏတာ အနားယူပြီး မိသားစုနဲ့ ကမ်းခြေဘေး မတ်တပ်ရပ်မိခဲ့တာ အဲဒီဖိစီးမှုတွေကို တော်တော်သက်သာစေခဲ့ပါလားဆိုတာလည်း သတိထားမိတယ်။ နည်းနည်းလေးပျော်မိတာနဲ့ ချက်ချင်း အထိတ်အလန့်ဖြစ်စရာ အခြေအနေကို ခဏခဏ ကြုံရတာဆိုတော့ အပြည့်အဝတော့ ဘယ်ပျော်နိုင်ပါ့မလဲလေနော်။

■ ■ ■

# ချစ်ရပါသော အိုမန်နီ (၃၅)



ဒီတစ်ခါ ပြင်ပလူနာဌာနကို
မသွားတော့ဘဲ နှလုံးအထူးကုအဆောင်ကို
တန်းသွားရတယ်။
အဆောင် တစ်ခုနဲ့တစ်ခုက
လမ်းမှာ ပန်းခြံတွေ၊ ကားပါကင်တွေ
ခြားထားတော့ နေပူပူနဲ့ဆို
ပိုဝေးနေသလိုပဲ။

မွေးစ ကလေးငယ်တွေ၊ လမစေ့ဘဲ မွေးလာတဲ့ ကလေးငယ်တွေ၊ အားနည်းနေတဲ့ ကလေးငယ်လေးတွေ တစ်ကိုယ်လုံး တုန်တုန်ပြီး တက်သလိုဖြစ်ဖြစ်နေတဲ့ သမီးကို စိတ်ပူပူနဲ့ ပွေ့ချီပြီး ဆေးရုံသွားဖို့ ဟိုတယ်ပေါက်ဝမှာ တက္ကစီစောင့်နေမိတယ်။ ဒီမနက်မှာတော့ ကံဆိုးချင်တယ်ပဲ ပြောရမလားမသိဘူး၊ အရင်တစ်ခေါက်က အခမဲ့ ကားစီးလို့ရအောင်စီစဉ်ပေးတဲ့ ဟိုတယ်ဝန်ထမ်း အမျိုးသမီးနေရာမှာ မျက်နှာပေါက်ခပ်ဆိုးဆိုးနဲ့ ကိုယ်တွေ နာမည်ပြောင်ပေးထားတဲ့ သိမ်းငှက်ကောင်က ရောက်နေတယ်။ ‘ ဆေးရုံသွားချင်လို့ ကားရမလား ’ လို့မေးတော့ ‘ ရတယ်၊ ခဏစောင့် ’ဆိုပြီး ထုံးစံအတိုင်းပဲ အပြင်က အငှားကားကို ဖုန်းလှမ်းဆက်ပြီး ကိုယ်တွေမှာ ကားခ နှစ်ဆပေးပြီး ဆေးရုံသွားလိုက်ရတယ်။ အပြင်ထွက်ငှားဖို့ဆိုတာလည်း သမီးနဲ့ကျတော့ နေက ပူလွန်းနေခဲ့တယ်။

ဒီတစ်ခါ ပြင်ပလူနာဌာနကို မသွားတော့ဘဲ နှလုံးအထူးကုအဆောင်ကို တန်းသွားရတယ်။ အဆောင်တစ်ခုနဲ့ တစ်ခုက လမ်းမှာ ပန်းခြံတွေ၊ ကားပါကင်တွေ ခြားထားတော့ နေပူပူနဲ့ဆို ပိုဝေးနေသလိုပဲ။ သမီးကိုချီပြီး နှလုံးကုဌာနက တာဝန်ရှိသူကို ဆေးစာရွက်တွေ၊ ပြီးခဲ့တဲ့ သီတင်းပတ်က ဆရာဝန်တွေ ရေးပေးလိုက်တဲ့ စာရွက်တွေပေးလိုက်တော့ သူတို့က ငွေအရင်သွင်းရမယ်တဲ့။ သွင်းရမယ့် ငွေပမာဏက များလွန်းနေခဲ့ပြန်တော့ ကျွန်မအမျိုးသားနဲ့ တိုင်ပင်ပြီး အဲဒီစာရွက်တွေကို ကိုင်ပြီး ဆေးရုံရဲ့ တစ်ဖက်ခြမ်းက ပြင်ပလူနာဌာနနားမှာရှိတဲ့ လူမှုအဖွဲ့အစည်းက ဆာအစ် မရှိရင်တောင် တစ်ယောက်ယောက်ကို အကူအညီတောင်းဖို့ သူတစ်ယောက်တည်းပဲ သွားခွင့်ပြုလိုက်တယ်။ ကျွန်မကတော့ သမီးကိုချီပြီး နှလုံးကုဆောင် အောက်ထပ်အဝင်နားမှာ ကျန်ရစ်ခဲ့တာပေါ့။

အဲဒီရက်ပိုင်းတွေမှာ အိုမန်နိုင်ငံမှာ ဗိုင်းရပ်စ်တစ်မျိုးပြန့်နေတယ်ဆိုတဲ့ သတင်းလည်း ကြားရပြီး ဘယ်ဝန်ထမ်းမဆို သက်ဆိုင်ရာ အလုပ်အဖွဲ့အစည်းတွေကနေ တာဝန်ယူပြီး ကာကွယ်ဆေးတွေ ထိုးပေးနေတယ်။ ကျွန်မရောက်နေတဲ့ နှလုံးကုသဆောင် အောက်ထပ်မှာလည်း ဆရာဝန်တစ်ဖွဲ့က အခမဲ့ ဆေးထိုးပေးဖို့ စောင့်နေကြပြီး ကျွန်မတို့ကိုလည်း လာမေးနေတယ်။ ဒါပေမဲ့ ကိုယ့်မှာ ကိုယ်ပိုင်နံပါတ်၊ အလုပ်အကိုင် သက်သေပြစရာလည်း မရှိ၊ ခုလို ‘ ရုတ်တရက် ကလေးမီးဖွားပြီး လေယာဉ်ပေါ်ကနေ ဒီနိုင်ငံဆင်းရပါတယ် ’ လို့ ရှင်းပြလည်း ပုံပြင်နားထောင်နေကြသလိုပဲဆိုတော့ ကျွန်မ ဆေးမထိုးဖြစ်ဘူး။ ပြီးတော့ နှလုံးစမ်းသပ်ရမယ့် ကိစ္စနဲ့ ကုန်ကျစရိတ်ကို တကယ်လို့ ဆေးရုံကသာ မပေးခဲ့ရင် ကျွန်မတို့ ရှိသမျှ အကုန်ပေးပစ်ခဲ့ရမယ်ဆိုတာလည်း စိတ်ထဲ တွက်နေမိတော့ ကာကွယ်ဆေးထိုးမယ့်ကိစ္စကို ခေါင်းထဲ သိပ်မရှိဘူး။

၄၅ မိနစ်လောက် စောင့်ပြီးတော့ ချွေးတရွှဲရွှဲနဲ့ အမျိုးသား ပြန်ရောက်လာတယ်၊ ခုနက ယူသွားတဲ့ သူ့လက်ထဲက စာရွက်တွေမှာလည်း ငွေရှင်းပြီးကြောင်း တံဆိပ်တုံးတွေ ထုပေးထားတယ်၊ ဆေးရုံက ကူညီပေးလိုက်တယ်တဲ့။ ကျွန်မတို့ ခပ်မြန်မြန်ပဲ အဲဒီစာရွက်တွေကိုင်ပြီး ကောင်တာကို သွားမေးပြီး အဲဒီကတစ်ဆင့် ဒုတိယထပ်မှာရှိတဲ့ နှလုံးစမ်းသပ်တဲ့နေရာကို ဆက်သွားကြတယ်။ ခန်းမထဲမှာ ကျွန်မတို့လိုပဲ မိခင်တွေနဲ့ ကလေးတွေ ရှိနေကြပြီး အမျိုးသားနဲ့ အမျိုးသမီးထိုင်ဖို့ နေရာပေးထားတာက ခန်းမရဲ့ တစ်ခြမ်းဆီမှာဖြစ်လို့ ကျွန်မကတော့ သမီးကိုချီရင်းပဲ အမျိုးသမီးဖက်မှာ စောင့်နေခဲ့တယ်။ ခန်းမထဲက မိခင်တွေ၊ ကလေးငယ်တွေ တဖြည်းဖြည်းလျော့သွားပေမယ့် ကျွန်မတို့နာမည်ကို လုံးဝ ကိုမခေါ်တဲ့ ဆေးကောင်တာကိုလည်း ကျွန်မ မယောင်မလည်နဲ့ ခဏခဏ သွားကြည့်တယ်။ နောက်ဆုံး ကျွန်မဖြစ်ပျက်ခဲ့သမျှကို တာဝန်ကျနေတဲ့ ဆရာမတစ်ယောက်ကိုပြောပြတော့ အံ့သြပြီး ' အဲဒါကြောင့် နင်တို့မှာ ဘာသက်သေပြစရာ အထောက်အထားမှ မရှိတာကိုးတဲ့၊ ခု နေ့လယ်စာ နားတော့မယ်။ ပြီးရင် ပြန်ခေါ်မယ်၊ ဒီမှာပဲ စောင့်နေပါ ' ဆိုပြီး အခန်းထဲ ပြန်ဝင်သွားတယ်။

ကျွန်မနဲ့ အမျိုးသားလည်း ကလေးကို နို့တိုက်လိုက်၊ လမ်းလျှောက်လိုက်၊ စကားပြောလိုက်နဲ့ အဆင်ပြေပါ့မလား ရင်ပူပူနဲ့ နာမည်ခေါ်မယ့်အချိန်ကို စောင့်နေခဲ့တာ မွန်းလွဲ ၂ နာရီ ဝန်းကျင် ရောက်လာတဲ့အထိပဲ။ အခန်းထဲမှာလည်း ကျွန်မတို့မိသားစုပဲ ကျန်တော့တာဆိုတော့ ဆရာဝန်တွေ၊ သူနာပြုတွေက ကွက်ကြည့်ကွက်ကြည့် လုပ်နေကြတဲ့အပြင် မကြာခင် ဒီနှလုံးအထူးကုစင်တာ ပိတ်တော့မှာမို့ သန့်ရှင်းရေးအလုပ်သမားအဖွဲ့လည်း ရောက်လာပြီး ကြမ်းတွေတိုက်နေကြပြီ။ နောက်ဆုံး ' မရသေးဘူးလား၊ ကျွန်မတို့ ဒီမှာ မနက်ကတည်းက ရောက်နေတာ တစ်နေကုန်တော့မယ်၊ တောင်းပန်ပါတယ်၊ မြန်မြန်လေးကြည့်ပေးပါတော့ ' လို့ သွားပြောတော့ ဆေးရုံ ပင်မဌာနကို ဖုန်းတွေဆက်ပြီး သူတို့ ထပ်မေးကြတယ်။ ပြီးတော့မှ ဝင်လာခဲ့လို့ သူတို့လှမ်းခေါ်လို့ မြန်မြန်ဝင်ပြီး ညာဖက်ခြမ်းက အခန်းငယ်လေးတွေထဲက တစ်ခန်းမှာ သမီးကို ခုတင်လေးပေါ် တင်လိုက်ရတယ်။ သမီးကိုဝတ်ထားတဲ့ အကျီတွေ အကုန်ချွတ်ပေးရပြီး ဆရာဝန်အမျိုးသမီးတစ်ယောက်နဲ့ ဆရာဝန်အမျိုးသားတစ်ယောက်က ကလေးရဲ့ ဗိုက်တစ်ပြင်လုံးကနေ ရင်ဘတ်အပေါ် ဘက်အထိ ဂျယ်လ်တွေလိမ်းပြီး စက်တစ်ခုနဲ့ စမ်းသပ်ကြတယ်၊ အာထရာဆောင်းရိုက်သလို စက်နဲ့ရိုက်ထားတဲ့ ကွန်ပျူတာမှာ အတွင်းပိုင်းက ဆေးပညာနဲ့ သတ်မှတ်ပုံဖော်ထားတဲ့ အခြေအနေတွေ ပေါ်လာတယ်။

အတွင်းပိုင်းအထိ စက်ကိုဖိပြီး လိုက်ရွှေ့တော့ ကျွန်မက သမီး တစ်ခုခု နာကျင်သွား

မှာ စိုးရိမ်နေပြီး ဆရာဝန်တွေကလည်း ကျွန်မကို စိတ်မပူဖို့ ပြောကြတယ်၊ အဲဒီအချိန် သမီးက နို့တွေ တဗွမ်းဗွမ်း ထအန်၊ အမြန် တစ်ရှူးတွေနဲ့ သုတ်၊ စိတ်ကပူနဲ့ အလုပ်ရှုပ်သွားကြသေးတာ။ ဒါပေမဲ့ သေချာစေ့စပ်လွန်းတဲ့ ဆရာဝန်တွေက ကလေး နို့ဝင်တဲ့လမ်းကြောင်းနဲ့ နှလုံးလုပ်ပုံ အဆင့်ဆင့်ကိုပါ တစ်ဆင့်ချင်း ကျွန်မတို့ကို ပြန်ရှင်းပြတယ်။

ကျွန်မက ‘ ဒါဆို ကလေးနှလုံးက ပုံမှန်ကလေးတွေလို ဖြစ်ပြီပေါ့၊ နောက်တစ်ပတ်ဆေးရုံရက်ချိန်းကနေ ငါတို့ လေယာဉ်စီးပြီး ပြန်လို့ရပြီလား ’ လို့မေးတော့ ‘ ရပါပြီ၊ အဆင်ပြေပြီ၊ ငါတို့ ထောက်ခံတဲ့ လက်မှတ်ထိုးပေးရဦးမလား ’ တဲ့။ ‘ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ’ လို့ သေချာပြောပြီး သူတို့ထုတ်ပေးတဲ့ စာရွက်ကိုအိတ်ထဲထည့်၊ အခန်းထဲကပြန်ထွက်တော့ နှလုံးကုသဆောင်တောင် ပိတ်နေပြီ။ အချိန်လည်း ၃ နာရီကျော်ပြီလေ။ အဲဒီအဆောင်ဘက်က ဆေးရုံရဲ့အတွင်းပိုင်းဆိုတော့ အငှားကားတွေကလည်း တော်ရုံမလာကြဘူး။ ကျွန်မနဲ့ အမျိုးသားလည်း ဆေးရုံပေါက်ဝမှာ ခဏစောင့်ကြည့်ပြီး မထူးတော့တဲ့အဆုံး နေပူပြင်းပြင်းမှာပဲ ကလေးကိုချီ၊ အနှီးတွေနဲ့ အပေါ်ကခြုံ၊ ထီးဆောင်းပြီး ဆေးရုံအနောက်ဖက် ကားပါကင်ရှိတဲ့ ဖြတ်လမ်းကုန်းဆင်းကနေပဲ ဟိုတယ်ဘက်ကို လမ်းလျှောက်ခဲ့ကြတော့တယ်။

ချွေးတွေ တစ်ပေါက်စီကျတဲ့အထိ နေကပြင်းတော့ လမ်းလျှောက်ရင်း ရင်ခွင်ထဲကသမီးကို ငုံ့ငုံ့ကြည့်ပေမယ့် သူကတော့ မျက်မှောင်ကုတ်ပြီး မျက်စိမှိတ်ထားတယ်၊ ဆေးရုံဝတ်စုံဘောင်းဘီနဲ့ အကျီလက်ရှည်ဝတ်ပြီး အစ္စလာမ်အမျိုးသမီးတွေ ဆောင်းတဲ့ ခေါင်းပေါင်းပဝါကိုခြုံထားတဲ့ အမျိုးသမီးနှစ်ယောက်က သွားတဲ့လမ်းမှာ ကိုယ့်ရှေ့က ဖြည်းဖြည်းလျှောက်ရင်း စကားပြောနေကြတာမို့ ‘ တဆိတ်လောက်နော်၊ ကျေးဇူးပါ ’ လို့ ပြောပြီး သူတို့ကို ကျော်တက်လိုက်တယ်။

နောက်တစ်ပတ် ပြန်ခွင့်ရပြီ၊ သေချာပြီဆိုတဲ့အပျော်နဲ့ အမျိုးသားနဲ့စကားပြောရင်း ခပ်သုတ်သုတ် လမ်းလျှောက်နေတုန်း နောက်ကနေ ‘ ဒီမှာ ’ လို့ လှမ်းခေါ်သံကြားလို့ လှည့်ကြည့်တော့ ခုနက ကျော်တက်ခဲ့တဲ့ အမျိုးသမီးနှစ်ယောက်။ ကျွန်မတို့ကို ‘ သမီးလေးလား၊ ဆေးရုံဆင်းတာလား ’ လို့မေးတော့ ‘ ဟုတ်တယ် ’ လို့ပဲ တိုတိုတုတ်တုတ်နဲ့ ပြုံးပြီး ဖြေခဲ့တယ်။ အဲဒီထဲက အမျိုးသမီးတစ်ယောက်က ‘ ဘယ်ကိုပြန်မှာလဲ ’ လို့ ဆက်မေးတော့ ‘ မဂျန် ဟိုတယ်တင် ’လို့ ပြန်ဖြေ၊ သူက ‘ လမ်းလျှောက်မှာလား၊ ကားရော ’ လို့ ဆက်မေး၊ ကိုယ်က ‘ ဟင့်အင်း . . . ကားမရှိဘူး၊ လမ်းလျှောက်ရမှာ ’ ဆိုတော့ ‘ ဘုရားရေ ’ ဆိုပြီး လန့်သွားကြတယ်။

ပြီးတော့ ချက်ချင်းပဲ ‘ ခဏနေဦး၊ ငါတို့မှာ ကားပါတယ်၊ ရတယ် . . . ငါ့ကားနဲ့ပဲ

လိုက်ပို့မယ်နော်၊ ရှေ့မှာ ငါ့ကား၊ လာတက် ’လို့ အတင်းခေါ်ပြီး ကားပါကင်မှာ ရပ်ထားတဲ့ကား တစ်စီးပေါ်ကို ကျွန်မတို့မိသားစုကို တက်ခိုင်း၊ သူ့သူငယ်ချင်းကို နှုတ်ဆက်ရင်း ကားမောင်းထွက်ခဲ့တယ်။ လမ်းမှာ သိပ်ရှည်ရှည်ဝေးဝေးလည်း မပြောပြဖြစ်တော့ဘဲ သူမေးတဲ့ မြန်မာနိုင်ငံဆိုတာနဲ့တင် ဟိုတယ်က ရောက်ပြီလေ။ ကျေးဇူးအလွန်တင်ကြောင်း နှစ်ယောက်စလုံး ဦးညွှတ်နှုတ်ဆက်၊ တစ်ခါမှမမြင်ဖူးတဲ့ အမျိုးသမီးက သမီးလေးကိုကြည့်ပြီး ‘ အလ္လာရ်အရှင်မြတ် စောင့်ရှောက်ပါ ’ လို့ ဆုတောင်းပေး၊ ပြီးမှ ကားမောင်းထွက်ပြီး ပြန်သွားတယ်။

ဟိုတယ်ပေါက်ဝမှာ ကျွန်မတို့မိသားစု ကားပေါ်က ဆင်းကတည်းက အကဲခတ်သလို လှမ်းကြည့်နေကြတဲ့ သိမ်းငှက်တို့အဖွဲ့ကိုတော့ ကျွန်မတို့က မျက်နှာထားတည်တည်နဲ့ ကျော်လျှောက်လာခဲ့တယ်။ ဒါပေမဲ့ အိုမန်အမျိုးသားဝတ်စုံ ဝတ်ထားတဲ့ ညေ့ကြိုကောင်တာက အမျိုးသားနှစ်ယောက်ကတော့ ကျွန်မတို့ကို တခြားသူတွေနဲ့မတူဘဲ ကရုဏာသက်စွာ အမြဲ စကားပြောတာမို့ သူတို့က ‘ အခြေအနေ ဘယ်လိုလဲ ’ လို့ မေးဆတ်ပြတာကို လက်မထောင် ပြုံးပြဖြစ်ခဲ့တယ်။ အခန်းထဲပြန်ရောက်တော့ ထမင်းစားဖို့ ရှိတာလေးနဲ့ ပြင်ဆင်ကြပြန်တယ်၊ ထမင်းစားခန်းကလည်း နေ့လယ် နှစ်နာရီလောက်အထိပဲဆိုတော့ အခုက အချိန်ကျော်သွားပြီလေ။ ဒါပေမဲ့ ကိစ္စတော့ မရှိပါဘူး။ သမီးရဲ့ နှလုံးစစ်ချက်ကလည်း အဆင်ပြေတယ်၊ နောက်အပတ်ဆို တကယ်ပြန်လို့ ရလောက်ပြီဆိုတဲ့ အတွေးနဲ့ ပျော်နေခဲ့တာကိုး။

■ ■ ■

## ချစ်ရပုံဒေသက အိုမန်နိုင်ငံ ပုံပြော



အိုမန်နိုင်ငံမှာ
နေခဲ့စဉ်တစ်လျှောက် ကူညီခဲ့တဲ့
မြန်မာလူမျိုး လေယာဉ်မယ်တွေထဲက
မမေ၊ အမြွာအစ်မ၊ မသစ္စာတို့နှင့် . . .

နောက်သီတင်းပတ်မှာ ပြန်ရမှာ သေချာသလောက်ဖြစ်နေပြီမို့ အိုမန်လေကြောင်းလိုင်းက အစ်မတွေနဲ့ အပြင်မှာတွေ့ပြီး နှုတ်ဆက်ညစာစားဖို့ ကြိုးစားကြတယ်။ အမွှာအစ်မ မဆုဝေနှင်းနဲ့ မဆုဝေထွန်းတို့က သမီးအတွက် အင်္ကျီတွေ လက်ဆောင်ထပ်လာပေးကြ၊ မရွှေရွှေတို့ အန်းအန်းတို့ မမေနဲ့ တခြားအစ်မတွေက ဆေးရုံဆင်းခါနီးကတည်းက သမီးအတွက် အဝတ်တွေ အိပ်ယာတွေကအစ လာပေးထားကြတာမို့ သေချာပြန်သိမ်းဆည်း၊ မသစ္စာလက်ဆောင်ပေးတဲ့ အင်္ကျီတွေအပြင် ကလေးဆော့တဲ့ ဆော့စရာကြိယ်လေးကအစ ခုတင်ပေါ်မှာ သမီးမြင်အောင် သေချာလုပ်ပေးထားတာတွေကို ပြန်သိမ်းဆည်းနဲ့ အဲဒီရက်ပိုင်းတွေက အလုပ်အတော်များပါတယ်။ ဖိလစ်ပိုင်သူနာပြုတွေဖြစ်တဲ့ ရှဘီတို့ကလည်း ကျွန်မအမျိုးသားဆီမှာ ဓာတ်ပုံနဲ့ ဗီဒီယိုရိုက်နည်းတွေလာသင်ကြ၊ ကမ်းခြေကအနောက်တိုင်းဆိုင်တစ်ဆိုင်မှာ ညစာလိုက်ကျွေးနဲ့ ပျော်ပျော်ရွှင်ရွှင် နှုတ်ဆက်မိပါတယ်။ သူတို့က ဘယ်လ်ဂျီယံနိုင်ငံက အပန်းဖြေစခန်းတစ်ခုကို ခွင့်ရက်ရှည်နဲ့ သွားလည်ကြတော့မှာမို့ တကယ်လို့ သူတို့ပြန်လာချိန် ကျွန်မတို့ အိုမန်မှာ မရှိတော့မှာလည်း ကြိုတွက်ပြီး အချိန်ပေး တွေ့ဆုံဖြစ်ကြပါတယ်။

ဒီတစ်ခါချိန်းတဲ့ ဆေးရုံရက်ချိန်းကတော့ ကျွန်မတို့အတွက် နောက်ဆုံးပဲဆိုတဲ့စိတ်နဲ့ ကားငှားပြီး ဆေးရုံကိုသွား၊ ဆရာဝန် ပရာကတ်ချ်နဲ့တွေ့တဲ့အချိန် ခပ်မြန်မြန် တိုးတက်လာတဲ့ သမီးလေး အိုမန်နီရဲ့ကိုယ်အလေးချိန်ကြောင့် ကျွန်မတို့ ချီးကျူးခံရပါတယ်။ ကြည်ကြည်နူးနူးနဲ့ နှုတ်ဆက်ထားတဲ့အဖြေကို ထုတ်ပြပြီး ' ပြန်လို့ရပြီလား ' လို့မေးတော့ အစည်းအဝေး ခဏထိုင်ရဦးမှာမို့ အပြင်က ပြန်စောင့်ပါတဲ့။

အခန်းအပြင်ဘက် မိဘတွေစောင့်တဲ့နေရာမှာ ကမ္ဘာပေါ်မှာ လူတွေကိုးကွယ်သမျှဘုရားတွေအကုန် ရှိခိုးတောင်းပန်ဆုတောင်းပြီး ' နီရမ် ' လို့ ခပ်ဝဲဝဲခေါ်လိုက်တဲ့ နာ့စ်တစ်ယောက်အသံကြားတာနဲ့ ချက်ချင်း ဆရာဝန်အခန်းထဲ ပြန်ပြေးကြရပါတယ်။ ဒေါက်တာ ပရာကတ်ချ်က ' ခုနကပဲ NICU က ဆရာဝန်ကြီးတွေနဲ့ သမီးအကြောင်း ဆွေးနွေးပြီးကြောင်း၊ သမီးက ခုကျန်းမာနေပေမယ့် သူ တကယ်မွေးဖို့လကတော့ မရောက်သေးကြောင်း၊ လေယာဉ်အတွင်းပိုင်း လေဖိအားက အမြင့်ပေများလေ အားကြီးလေဖြစ်တာကြောင့် သွေးကြောတွေ စိုးရိမ်ရကြောင်း၊ အိုမန်ကနေ မြန်မာနိုင်ငံကိုပြန်ရင် လေဆိပ်မှာ စောင့်ရတဲ့အချိန်ပါ စုစုပေါင်းလိုက်ရင် ၁၀ နာရီဝန်းကျင်ရှိတာမို့ (လေယာဉ်ကလည်း နှစ်ဆင့်စီးရမှာ) အရမ်းနုတဲ့ ကလေးမှာ ဗိုင်းရပ်စ်တွေကူးနိုင်ကြောင်း ' စသဖြင့် သေချာရှင်းပြပါတယ်။

ဝဲတက်လာတဲ့ မျက်ရည်တွေကို သမီးအတွက်ပဲလေလို့ စိတ်တင်းပြီး မျက်တောင်နဲ့ မြန်မြန်ပုတ်ထုတ်၊ အမျိုးသားရဲ့ ညှိုးငယ်သွားတဲ့မျက်နှာကို လှမ်းကြည့်ပြီးပဲ 'ကျွန်မတို့ အတင်းပြန်လို့ မရဘူးလားဆရာ ' လို့ အရဲစွန့်ထပ်မေးလိုက်တော့ 'ပြန်မယ်ဆိုရင်တောင် သမီးက အိုမန်၊ ဘော်ဝင်ဆေးရုံနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့အတွက် ပြန်ခွင့်မပြုနိုင်ပါဘူး၊ အမျိုးသားက အလုပ်ကြောင့် ပြန်ဖို့လိုအပ်ရင် စောပြန်လိုက်ပါ၊ ကလေးတစ်ခုခုဖြစ်ရင် ဒီဆေးရုံက ကြိုးစားထားသမျှ အလဟဿဖြစ်ပြီမို့ ကလေးကိုတော့ မထည့်နိုင်ပါဘူး ' လို့ ဆရာဝန်က ခပ်ပြတ်ပြတ် ပြောပါတော့တယ်။ 'ကောင်းပါပြီ ဒေါက်တာရေ၊ ကျွန်မတို့ ဘယ်တော့ထပ်လာပြရမလဲ ' လို့ မေးတော့ စာရွက်ပြန်စစ်၊ ကွန်ပျူတာနဲ့ချိတ်ပြီး နောက်ထပ် စာအသစ်တစ်စောင်ထုတ်ပေးတာက ထုံးစံအတိုင်း နောက်ထပ် သီတင်းနှစ်ပတ်ရက်ချိန်းပါတဲ့။ အဲဒီ ရက်ချိန်းစာရွက်လေးကိုယူ၊ သမီးအတွက် ဝယ်ရမယ့် ဆေးစာရွက်ကိုပါ အိပ်ထဲထည့်ပြီး အဆင်သင့်တွေ့တဲ့ အငှားကားတစ်စီးနဲ့ ခေါင်းငိုက်စိုက်ချပြီး ဟိုတယ်ပြန်လာခဲ့ပါတယ်။

ဟိုတယ်ရောက်၊ အခန်းထဲ ခုတင်ပေါ် ထိုင်ကြတုန်း၊ လန့်ခုန်ချင်စရာ အခန်းတွင်း ဖုန်းက အသံမြည်လာပါတယ်။ ခပ်ပြတ်ပြတ်အသံက ထုံးစံအတိုင်းပဲ၊ 'နင်တို့ ရက်ပြည့်ပြီ၊ ခုချက်ချင်း အခန်းထဲက ထွက်ပေးပါ၊ အိတ်တွေ သယ်ထုတ်ဖို့ ဝန်ထမ်းတစ်ယောက်လွှတ်လိုက်မယ် ' လို့ ပြောပြီး ဖုန်းချသွားပါတယ်။ သိမ်ငယ်တဲ့စိတ်၊ မျှော်လင့်ထားသမျှ အရာမထင်တဲ့စိတ်၊ ပင်ပန်းလွန်းနေတဲ့စိတ်တွေကြောင့် ဒေါသက ထောင်းခနဲထွက်သွားပြီး ဆေးရုံက လူမှုရေးတာဝန်ခံ ဆာအစ်ဆီပဲ ချက်ချင်း ဖုန်းဆက်ပြီး အပူကပ်ရပါတော့တယ်။ ဆာအစ်ကလည်း 'ခဏစောင့်ဦး ငြိမ်း၊ ကာတာကို ထပ် ဆက်ပေးမယ် ' လို့ ပြော၊ ကျွန်မလည်း ဟိုတယ်က ဖုန်းခဏခဏဆက်ပြီး ခြိမ်းခြောက်နေတဲ့ လူကို ဖုန်းပြန်ဆက်ပြီး ခပ်မာမာပဲ အခြေအနေကိုပြောပြလိုက်ပါတယ်။

ခဏကြာ အခန်းခနှစ်ပတ်စာ ကြိုတင်ငွေသွင်းပေးလိုက်ကြောင်း ဆာအစ်က အကြောင်းကြားလို့ ဟိုတယ်ကိစ္စအဆင်ပြေသွားပေမယ့် ကျွန်မ မွန်းကျပ်နေတဲ့စိတ်နဲ့ နေ့လည်စာ မစားနိုင်တော့ပါဘူး၊ ပျော်လိုက် စိတ်ဆင်းရဲလိုက်နဲ့ ခဏခဏဖြစ်ရလွန်းလို့ ကျွန်မ ထပ်လည်း မပျော်ချင်တော့ပါဘူး။ တီဗီလိုင်းက ထပ်ခါထပ်ခါ လွှင့်နေတဲ့ စူပါမင်းအာတ်ကားရယ်၊ သရဲကားတစ်ကားနဲ့ ခေတ်လွန် သိပ္ပံကားတွေကို အလွတ်ရနေတဲ့အထိ ထိုင်ကြည့်ချင်ကြည့်၊ မကြည့်ချင်ရင် မိချောင်းဖမ်း၊ ငါးဖမ်းကြတဲ့ discovery အစီအစဉ်ကိုကြည့်၊ သမီးကတော့ ဘယ်အချိန်ဖြစ်ဖြစ် လက်ပေါ်က မချစတမ်း တစ်ယောက်တစ်လှည့် ပွေ့ချီထားမိကြရင်းပေါ့။

ညစာထွက်ယူချိန်မှာ ကျွန်မကို စိတ်မကောင်းတဲ့မျက်နှာနဲ့ သတင်းလာမေးတဲ့ ဝန်ထမ်းတစ်ယောက်စီတိုင်းကို ' ဘာမှမဖြစ်ဘူး၊ ခုလို နေခွင့်ရတာကိုက ကျေးဇူးတင်စရာပါ ' လို့ ပြုံးပြုံးရွှင်ရွှင် ပြန်နှုတ်ဆက်မိပါတယ်။ သူတို့ရဲ့ ဂရုစိုက်နွေးထွေးမှုကို အလေးထားရမယ်လေနော်။ စားသောက်ခန်းထဲက လက်ထောက်မန်နေဂျာလို့ထင်ရတဲ့ တစ်ယောက်ကတော့ ' အိန္ဒိယက မိသားစုဆို လေယာဉ်ပေါ် ရောက်မှ ကလေးငယ်လေးက နှာခေါင်းထဲကပါ နို့ရည်တွေ ပြန်ထွက်၊ သီးတဲ့အထိ အန်လို့ အရေးပေါ် ပြန်လှည့်လာရတယ်၊ ခု စိတ်ချရမှပြန် ' လို့ ပြောလာပါတယ်။ အမျိုးမျိုးသော နွေးထွေးမှုတွေအတွက် ကျေးဇူးတရားတလည်း တကယ်ကြီးမားပါတယ်။

ဒီ ၁၄ ရက်မှာ ဘာအလုပ်မှမရှိဘဲ ဆက်နေဖို့ဆိုတာ မဖြစ်တော့တဲ့အတွက် အမျိုးသားက သူ့ရုံးက ဗီဒီယိုဖိုင်တွေကိုတည်းဖြတ်ဖို့ အာရုံနှစ်ပြီး ကျွန်မကတော့ သမီးအိပ်နေချိန်ဆို လုပ်စရာမရှိတဲ့အဆုံး ယူကျူက လေ့ကျင့်ခန်းတွေ လိုက်လုပ်ပါတော့တယ်။ ဝမ်းနည်းပြီး စိတ်ဓာတ်ကျနေမယ့်အစား ကြုံလာသမျှကိုကျော်ဖြတ်ဖို့ စိတ်ရောလူပါ ခွန်အားရှိဖို့လိုအပ်တယ်ဆိုတာ သေချာသိနေပြီဆိုတော့ ကျွန်မ လေ့ကျင့်ခန်းလုပ်တယ်၊ အမျိုးသားရဲ့အစ်မတွေ ထည့်ပေးလိုက်တဲ့ ဆုကော်ဖီကြမ်းမှုန့်တွေကို ရေဖျော်ပြီး အသားအရည်လှအောင် scrub လုပ်တယ်၊ ပြီးတော့ facebook မှာ live လွှင့်ပြီး မိတ်ဆွေအကုန်လုံးနဲ့ စကားပြော၊ ပျော်ပျော်ရွှင်ရွှင် နေပါတယ်။

စက်တင်ဘာ ၂၃ ရက်နေ့က ကျွန်မမွေးနေ့ဆိုတာကိုလည်း ကြိုးစားမေ့ထားပေမယ့် အဲဒီနေ့ည ၁၂ နာရီမှာတော့ အမျိုးသားက သူသောက်ထားတဲ့ ကော်ဖီလက်ကျန်တွေနဲ့ ' Happy Birthday ' မိန်းမဆိုပြီး ရေချိုးခန်းထဲမှာ ချရေးထားခဲ့ပါတယ်။ မိတ်ဆွေတွေရဲ့ မွေးနေ့ဆုတောင်းတွေဖတ်ရင်း ကြည်နူးမိပေမယ့် အနားမှာ ဘာမှမလုပ်ပေးရလို့ စိတ်မကောင်းဖြစ်နေတဲ့ အမျိုးသားကိုတော့ ' ကျွန်မမွေးနေ့တိုင်း အလှူအတန်းတစ်ခုခု ရအောင်ကို လှူပစ်တတ်တယ်၊ ဒီတစ်နှစ်ကတော့ လှူဖို့နေနေသာသာ အလှူပြန်ခံရမယ့်ပုံပဲ ' လို့ ဟာသလုပ်ရင်း ရယ်ရယ်မောမော ပြောဖြစ်ခဲ့တယ်။

နေ့လယ်ဘက် အခန်းသန့်ရှင်းရေးလာလုပ်တဲ့အချိန်ဆို ကျွန်မတို့ အခန်းအပြင်ဖက်က ရေကူးကန်လေးမှာ မိသားစုလိုက် ခဏသွားထိုင်ကြတယ်၊ အမျိုးသားကလည်း စိတ်ဓာတ်ကျနေတော့ အပြင်လူတွေများတဲ့အချိန်ထက် လူတစ်ယောက်မှမရှိတဲ့ နေ့ခင်းအချိန်ကြီးပဲ ခဏသွားဖြစ်ခဲ့ကြတယ်။ တစ်နေ့တော့ ကျွန်မ လက်ကိုင်ဖုန်းကို ဗီယက်နမ်နိုင်ငံကုဒ်နဲ့ ဖုန်းတစ်ခု ဝင်လာတယ်၊ ဗီယက်နမ်နိုင်ငံ မြန်မာသံရုံးကဖြစ်ပြီး ' သမီး မြန်မာနိုင်ငံကို ပြန်ဖို့အတွက် ခွင့်ပြုတဲ့ CI

ကဒ် လုပ်နေကြောင်း၊ ဘယ်ကို ပို့ပေးရမလဲဆိုတာတွေ မေးလာပါတယ်။ ကျွန်မလည်း ကျေးဇူး အလွန်တင်ကြောင်း၊ အဲဒီအစ်မရဲ့ မေးလ်ကိုမေးပြီး မဂျန်ဟိုတယ်ရဲ့လိပ်စာကို ပြောပြလိုက်ပါ တယ်။ ဘယ်ကဘယ်လို ဗီယက်နမ်နိုင်ငံကို ရောက်သွားတယ်ဆိုတာတော့ နားမလည်နိုင်အောင်ပါ ပဲ။ အဲဒီသံရုံးက နောက်နေ့ပို့လိုက်မယ်ဆိုတဲ့ သမီးအတွက် နိုင်ငံဝင်ခွင့်ကဒ်ကိုလည်း သီတင်း တစ်ပတ်ကြာတဲ့အထိ မရခဲ့တော့ မေးလ်တွေ အထပ်ထပ်ပို့မေး၊ သံရုံးက ပို့လိုက်ပြီလို့ ပြန် အကြောင်းကြား၊ ကျွန်မတို့က လိုက်ရှာနဲ့ ရင်ပူလိုက်ရပါသေးတယ်။ အမှန်က ကျွန်မတို့ဆီကို သမီး ရဲ့ကဒ် ရပြီဆိုတာနဲ့ ကာတာလေကြောင်းက မြန်မာနိုင်ငံကို အတင်းပြန်ပို့မှာ ဆေးရုံအဖွဲ့က စိတ် ပူခဲ့ကြပါတယ်။ ဒါကြောင့် ဆာအစ်တို့က ကြားကနေ အဲဒီကဒ်နဲ့ သမီးမွေးစာရင်းလက်မှတ်၊ သမီး လေယာဉ်ဆင်းခွင့်ပြုတဲ့ ဆေးစာရွက်ကအစ သေချာသိမ်းထားခဲ့ပြီး ဆေးရုံက ပြန်ခွင့်ပြုမှ ကျွန်မ တို့လက်ထဲ အပ်ခဲ့တာပါ။

ဒီသီတင်းပတ်ရက်ချိန်းမှာသာ တကယ်လို့ ပြန်ခွင့်မရခဲ့ရင် အမျိုးသားလိုက်လာတာ လည်း သုံးလပြည့်ပြီ၊ နောက်ထပ် တစ်လတာထပ်နေခွင့် ဗီဇာအစကနေ ပြန်လျှောက်ရတော့မှာပါ။ သမီးကို သေချာပြင်ဆင်ပေးပြီး ဆေးရုံရက်ချိန်းကိုထပ်လာ၊ မစ္စတာ ဆာအစ်နဲ့ ဆေးရုံက တာဝန် ရှိသူတွေကို နှုတ်ဆက်ပြီး ဆရာဝန်နဲ့တွေ့တော့ ' ဒီတစ်ခါတော့ ပြန်ခွင့်ပြုမှ ရမယ်ထင်တယ် ' လို့ ဒေါက်တာ ဘီလယ်ရော ပရာကတ်ချ်တို့ကပါ ပြုံးပြီး ပြောလာပါတယ်။ အမှန်ဆို နောက်ထပ် တစ်လ ထပ်နေရမှာမို့ ကျွန်မတို့လည်း သမီး အဓိကဖြစ်ကြောင်းနဲ့ ခု သမီးကို ယုံကြည်ကြောင်း ပြောပြလိုက်တော့ လိုအပ်တဲ့ဆေးစစ်ချက်တွေ အကုန်ပြန်စစ်ပြီး လေယာဉ်စီးဖို့ ထောက်ခံတဲ့ စာရွက်တွေ ထုတ်ပေးကြပါတော့တယ်။

ထခုန်မိမတတ် ဝမ်းသာနေတဲ့ ကျွန်မတို့ကို လေယာဉ်ပေါ် မှာ သမီးကို နှာခေါင်းထဲ ထည့်ဖို့ ဆေးရည်၊ လေယာဉ်အတက်နဲ့ အဆင်းမှာ လေဖိအား အပြောင်းအလဲရှိတဲ့အတွက် နားနဲ့ နားထင်ဝန်းကျင်ကို နှိပ်ပေးဖို့နဲ့ မေးရိုးတစ်လျှောက် လှုပ်ရှားမှုရှိအောင် နို့ရအောင် တိုက်ဖို့ သေချာ သင်ပေးပါတယ်။ ကျွန်မတို့လည်း ပျော်တဲ့စိတ်ကြောင့် ကတုန်ကယင်နဲ့ ဆေးစာရွက်တွေ၊ လိုအပ် တဲ့ ဆေးပုလင်းတွေ အကုန်ယူပြီး ဟိုတယ်ကို ခပ်သုတ်သုတ် ပြန်လာခဲ့ကြပါတော့တယ်။ မနက်ဖြန် တကယ် အိမ်ပြန်ခွင့်ရပြီ. . . ။

■ ■ ■


ချစ်ရပါသော အိုမန်နီ (၃၇)

အိမ်ပြန်ဖို့ ခဏခဏ အဆင်သင့် ထုတ်ပိုးထားတတ်တဲ့အတွက် သိပ်ပြင်ဆင်စရာ မလိုတော့ဘဲ ဟိုတယ်အခန်းထဲမှာ ပျော်တဲ့ရင်ခုန်တဲ့စိတ် တစ်ပြိုင်နက်တည်း သမီး ခံနိုင်ရည်ရှိပ့ါမလားဆိုတဲ့ စိတ်နဲ့ ယောက်ယက်ခတ်နေမိခဲ့ကြတယ်။ ကာတာလေကြောင်းလိုင်းကလည်း ချက်ချင်း ဆက်သွယ်လာပြီး ကျွန်မ ဘယ်အချိန်ပြန်ချင်သလဲ၊ ပြန်ဖို့အတွက် လေယာဉ်လက်မှတ်ကို ကျွန်မတစ်ယောက်တည်းအတွက် စီစဉ်ပေးမယ်။ အမျိုးသားနဲ့ ကလေးအတွက်ကတော့ လက်မှတ်ဝယ်ပါလို့ ပြောလာပါတယ်။

ကျေးဇူးတင်ပါတယ်။ ကျွန်မနဲ့ အမျိုးသား လေယာဉ်အချိန်ဇယားတွေ စုံစမ်းလိုက်တော့ မနက်ဖြန် သောကြာနေ့ ညနေ ၅ နာရီလေယာဉ်နဲ့ ဒိုဟာလေဆိပ်ကို တစ်နာရီ စီးနိုင်ပြီး ဒိုဟာကနေမှ မြန်မာနိုင်ငံကို ငါးနာရီကြာ ထပ်စီးလို့ရမယ့် ခရီးစဉ်ရှိနေပါတယ်။ တကယ်လို့ အဲဒီလေယာဉ်မမီတော့ဘူးဆိုရင် စနေ၊ တနင်္ဂနွေ၊ တနင်္လာ သုံးရက်ခြားပြီး အင်္ဂါနေ့ နေ့လယ်ပိုင်းမှာမှ အိုမန်-ထိုင်း-ရန်ကုန် လေယာဉ်ရှိနေပါတယ်။ ဒါဆို အမျိုးသားအတွက်တော့ အဆင်မပြေတော့ပါဘူး။ သူက ဒီရက်ပိုင်းမှာပဲ ဗီဇာရက်စေ့ပြီမို့ မနက်ဖြန် သောကြာမှာ ရက်ထပ်တိုးရမှာပါ။ မနက်ဖြန်လေယာဉ်နဲ့ပဲ ပြန်မယ်လို့ ကျွန်မတို့ ပြန်အကြောင်းကြားလိုက်တော့ သူတို့က အမျိုးသားနဲ့ ကလေးအတွက် လက်မှတ်ဝယ်လိုက်ပါ၊ သူတို့ ပြန်ဆက်သွယ်ပ့ါမယ်လို့ ထပ်ပြောလာပါတယ်။

အမှန်တော့ ကျွန်မတို့မှာ လက်မှတ်ဖိုးလည်း မလောက်တော့ပါဘူး (အမျိုးသားနဲ့ ကလေးအတွက် နှစ်ယောက်ပေါင်းဆို လေယာဉ်လက်မှတ်ဖိုးက မြန်မာငွေ ၁၃ သိန်းဝန်းကျင်ပါ)။ ဒီတော့ ခပ်မြန်မြန်ပဲ လန်ဒန်က အဖွဲ့အစည်းဖြစ်တဲ့ နီရမ်တို့ကို အကျိုးအကြောင်း လှမ်းပြောပြီး အကူအညီတောင်းလိုက်ပါတယ်။ နီရမ်ကလည်း ဝမ်းသာအားရနဲ့ပဲ လန်ဒန်မှာရှိတဲ့ ကာတာလက်မှတ်အရောင်းဌာနမှာ မနက်ဖြန်အတွက် လက်မှတ်ဝယ်လိုက်ပြီး ကျွန်မတို့ကို လှမ်းအကြောင်းပြန်ပါတယ်။ ဒါပေမဲ့ လက်မှတ်ဝယ်တာ အဆင်မပြေတဲ့ ကိစ္စတွေကလည်း ရှိပြန်၊ ကာတာဘက်ကလည်း ကျွန်မအတွက် မနက်ဖြန်လေယာဉ် သေချာမှုရှိမရှိလည်း အကြောင်းမပြန်နဲ့ဆိုတော့ ညစာမစားနိုင်အောင် ကျွန်မနဲ့ အမျိုးသား စိတ်လှုပ်ရှားနေခဲ့ကြပါတယ်။ ဆက်တိုက်ဆိုသလို အလွဲတွေပဲ ကြုံခဲ့ရတော့ တကယ်လို့ ကျွန်မတို့ မနက်ဖြန်လေယာဉ် အဆင်မပြေရင်ဆိုတဲ့ အတွေးကိုပါ ဆက်တွေးနေခဲ့ရပါတယ်။

ညဖက်မှာတော့ မသစ္စာနဲ့ အမြွာအစ်မတို့ရယ်၊ ဘယ်လ်ဂျီယံက ပြန်ရောက်လာကြမယ့် ရှူဘီတို့ရယ်ကို ဖြစ်ကြောင်းကုန်စင် လှမ်းပြောပြလိုက်ပါတယ်။ သူတို့လည်း မနက်ဖြန် ဟို

တယ်ကိုရောက်အောင်လာပြီး လေဆိပ်ကိုလိုက်ပို့ပေးမယ်လို့ ဝမ်းသာအားရ အကြောင်းပြန်ကြပါတယ်။ ပြန်မယ့် အကြောင်းကိုတော့ မသေချာပြန်တဲ့အတွက် မြန်မာနိုင်ငံက•မိသားစုက လွဲရင် မိတ်ဆွေတွေကို ကြိုမပြောထားတော့ပါဘူး။

နောက်နေ့ မနက်စောစောမှာ ဟိုတယ် မနက်စာ စားခန်းမှာပဲ ' ညနေပြန်ဖြစ်မလား မသိဘူး ' လို့ မာရီယာတို့ ခရစ္စတင်းတို့ကို ပြောပြလိုက်တော့ အားလုံး ထအော်ကြတဲ့အထိ ပျော်သွားကြပါတယ်။ ပြီးတော့ ' နေ့လယ်စာ ဘာစားချင်လဲ ' လို့ ဝိုင်းမေးကြတယ်။ ' ဆိတ်သားနှပ်၊ ကြက်ပြောင်းဖူးစွပ်ပြုတ်နဲ့ အကြော်တစ်ခုခု ' လို့ ရယ်ရယ်မောမော အော်ပြောပြီး အခန်းဘက်ပြန်လာ (အခန်းနဲ့ ထမင်းစားခန်းက ၅ မိနစ်လောက် လျှောက်ရတယ်)၊ ကာတာက တာဝန်ရှိသူကို အခြေအနေလှမ်းမေးတော့ ညနေလေယာဉ်မှာ ကျွန်မအတွက် ထိုင်ခုံကျန် မကျန် မသေချာသေးပြန်ဘူးတဲ့။

ဒေါသတွေကို မြိုချ၊ အတတ်နိုင်ဆုံး စိတ်ကိုလျှော့၊ ဒါနောက်ဆုံး ဖြတ်ကျော်မှုပဲလို့ နှလုံးသွင်းပြီး အားလုံး အဆင်သင့်ပြင်ဆင်ထားလိုက်တယ်။ ခဏအကြာ အခန်းဘဲလ်တီးသံကြောင့် တံခါးဖွင့်လိုက်တော့ နှစ်ယောက်စာတောင် စားလို့မကုန်တဲ့ ထမင်းနဲ့ ဟင်းတွေ ဗန်းနဲ့အပြည့်။ ကြည်နူးတဲ့စိတ်နဲ့ ဝင်သလောက်စားပစ်ရပေမယ့် တကယ်တော့ ထမင်းဟင်းတွေရဲ့ သုံးပုံတစ်ပုံတောင် မကုန်နိုင်ခဲ့ပါဘူး။ ထမင်းစားနေတုန်း မသစ္စာတို့က ဖုန်းဆက်၊ သူတို့ ထွက်လာတော့မယ်ပေါ့၊ ပြီးတော့ ရှာဘီတို့ကလည်း ဟိုတယ်လာနေပြီတဲ့။

ထမင်းကို လက်စသတ်၊ သမီးကိုချီပြီး ဟိုတယ်ဧည့်ခန်းထဲ ထွက်စောင့်တော့ သိမ်းငှက်လူက မျက်နှာသိပ်မကောင်းဘဲ ကျွန်မတို့ကို လှမ်းကြည့်နေတာတွေ့လိုက်တယ်။ ဟိုတယ်တစ်ခုလုံးက ဝန်ထမ်းတွေက ကျွန်မတို့မိသားစုနဲ့ ပျော်ရွှင်နှုတ်ဆက်နေတဲ့အချိန် သူက လှမ်းကြည့်ပြီး ကောင်တာနောက်ဖက် အခန်းထဲ ဝင်သွားတယ်။ ကျွန်မတို့နဲ့ ခရစ္စတင်း၊ မာရီယာတို့ အမှတ်တရ ဓာတ်ပုံတွေ ရိုက်ကြ၊ ကျွန်မကို ဖက်နမ်းပြီး ဆုတောင်းကြနဲ့ တကယ့်ညီအစ်မတွေလို ဖြစ်ခဲ့ကြတယ်။

အဲဒီအချိန်ပဲ ရှာဘီနဲ့ ကာလာရင်းတို့ ရောက်လာပြီး ဘယ်လ်ဂျီယံက ကျွန်မတို့အတွက် အမှတ်တရ ဝယ်လာတဲ့ ကြေးခွက်လေးနဲ့ ချောကလက်တွေ လက်ဆောင်ပေးတယ်၊ မြန်မာနိုင်ငံကို ရောက်အောင်လာပြီး ပုဂံမှာ မီးပုံးပျံစီးပါ့မယ်လို့ ကတိတွေပေးပြီး သူတို့ ပြန်သွားကြတယ်။ အချိန်ကလည်း ညနေ ၃ နာရီထိုးတော့မှာမို့ အခန်းထဲက အိတ်တွေကို ဟိုတယ်ဝန်ထမ်းတစ်ယောက်ကို သယ်ရွှေ့ခိုင်းလိုက်တယ်၊ အဲဒီအချိန်ပဲ မသစ္စာနဲ့ မအမြွာတို့ ရောက်လာကြပြီး ကျွန်မတို့ မိသားစုကို

ခေါ်ကာ လေယာဉ်ကွင်းကို မောင်းခဲ့ကြတော့တယ်။

အိုမန်လေယာဉ်ကွင်းက မျှော်မှန်းထားသလောက် သိပ်မကြီးဘူး။ ဒီလေယာဉ်ကွင်းကိုပဲ ပြီးခဲ့တဲ့ သုံးလကျော် လေးလနီးပါးက ညသန်းခေါင်ကြီး အသည်းအသန်ဖြတ်လာခဲ့တဲ့ ကျွန်မက လေယာဉ်ကွင်းထဲမှာ သမီးကိုပိုက်ပြီး ကာတာက တာဝန်ရှိသူကို စောင့်နေခဲ့တယ်။ ကျွန်မရဲ့ ပတ်စ်ပို့နဲ့ လေယာဉ်လက်မှတ်က သူ့ဆီမှာ၊ အမျိုးသားနဲ့ ကလေးအတွက်ကတော့ နီရမ်က မေးလ်ပို့ထားတဲ့အတွက် လေဆိပ်မှာ ပြလိုက်ရုံပဲ။ ခဏအကြာ တစ်ခါမှမမြင်ဖူးတဲ့ ကာတာလေကြောင်းလိုင်းက ခပ်သန့်သန့် အမျိုးသားတစ်ဦးရောက်လာပြီး ကျွန်မကို ပတ်စ်ပို့စ်နဲ့ လေယဉ်လက်မှတ်ပေးတယ်၊ ကျွန်မက ' မိသားစုလိုက် အတူထိုင်ချင်တယ် ' လို့ တောင်းဆိုတော့ ' လေယာဉ်ပေါ်မှာ ကိုယ့်ဖာသာ တောင်းဆိုလိုက်ပါ ' တဲ့။ ' အိုခေပါ ' လို့ ပြောပြီး ကျွန်မတို့ကို နှုတ်ဆက်ဖို့ အမြန်ရောက်လာကြတဲ့ အိုမန်လေကြောင်းက မမေတို့အဖွဲ့တွေနဲ့ ဓာတ်ပုံတွေ ရိုက်ကြ၊ နှုတ်ဆက်ကြ၊ မသစ္စာနဲ့ မအမ္ဗြာတို့ကတော့ ကလေးအတွက် စိတ်ပူနေခဲ့ကြတယ်။ နောက်ဆုံး သူတို့ကို နှုတ်ဆက်ပြီး လူဝင်မှုကြီးကြပ်ရေးကို ဖြတ်ဖို့ အပေါ်ထပ်တက်တယ်။ တကယ်တမ်း immigration ကို ဖြတ်တဲ့အချိန်ကျတော့ ကျွန်မရဲ့နိုင်ငံကူးလက်မှတ်ကို ဝန်ထမ်း တစ်ယောက်ပြီးတစ်ယောက် ယူကြည့်ပြီး ပြန်မပေးဘဲ ထွက်သွားကြတယ်။

ခေါင်း ဆင်နင်းသလို လန့်ပြီး ' ဘာဖြစ်တာလဲ ' လို့ လိုက်မေးတော့ ' နှင့် ဗီဇာသက်တမ်းက ကုန်တာကြာနေပြီတဲ့၊ အဲဒါကြောင့် ပေးမသွားနိုင်ဘူး ' တဲ့၊ ချက်ချင်း ကာတာလေကြောင်းကို ဖုန်းဆက်ပြီး မြန်မြန်လာရှင်းဖို့ ခေါ်လိုက်တယ်။ လေယာဉ်မီပါ့မလားလည်း စိတ်က ပူနေတာ၊ ပြီးတော့ ဆာအစ်ဆီကိုလည်း ဖြစ်သမျှကို စာပို့ထားလိုက်တယ်။ သမီးကိုပိုက်ပြီး အမျိုးသားနဲ့ လူဝင်မှုကြီးကြပ်ရေး ကောင်တာပေါက်ဝက ခုံလေးမှာ ထိုင်နေရင်း ရင်တွေခုန်တာ၊ စိတ်တွေပူတာ ဘယ်လိုမှ ထိန်းမရခဲ့ဘူး။ ကာတာလေကြောင်းက တာဝန်ရှိသူကလည်း ပေါ်မလာတော့ ထပ်ခါထပ်ခါ ဖုန်းဆက်နေမိခဲ့တယ်။

နောက်ဆုံး လေဆိပ်ရောက်စကတွေ့တဲ့ ခပ်သန့်သန့် ကာတာဝန်ထမ်းက ကျွန်မတို့ကို စိတ်ပျက်တယ်ဆိုတဲ့ပုံစံနဲ့ လှမ်းကြည့်ပြီး ကျွန်မတို့ရှေ့က ဖြတ်လျှောက်၊ လူဝင်မှုကြီးကြပ်ကောင်တာနောက်က တံခါးပေါက်ကနေ ရုံးခန်းထဲ ဝင်သွားခဲ့တယ်။ မိနစ် ၂၀ လောက်ကြာတော့ သူနဲ့ ခုနက ကျွန်မတို့ကို ပေးမသွားနိုင်ဘူးလို့ ပြောတဲ့လူကြီး ပြန်ထွက်လာကြပြီး ကျွန်မလက်ထဲကို ပတ်စ်ပို့စ် ပြန်ထည့်ပေးခဲ့တယ်။ ' ကျေးဇူးတင်ပါတယ် ' လို့ ခပ်မြန်မြန်ပြောပြီး လေယာဉ်ထွက်ခွာ

မယ့် ကောင်တာကို သုတ်ခြေတင် ပြေးခဲ့တော့တယ်။

ပြီးတော့ လေယာဉ်ရောက်လာတာကို ခဏစောင့်၊ တစ်နာရီဝန်းကျင် စီးရတဲ့ လေယာဉ်ပေါ် ပြတင်းတံခါးကနေ ပင်လယ်နဲ့ထိစပ်နေတဲ့ လင်းလင်းလက်လက် မြို့တော် အိုမန်ကို အမျိုးသားနဲ့အတူ ငုံ့ကြည့်ရင်း ကျော်ဖြတ်ခဲ့ကြတယ်။ သမီးကတော့ နို့စို့လိုက်၊ အိပ်လိုက်နဲ့ ရင်ခွင်ထဲမှာ အေးဆေးသလောက် ကျွန်မတို့ အသက်တောင် ရှူမိခဲ့ရဲ့လား မမှတ်မိခဲ့ဘူး။

ဒိုဟာလေဆိပ်ကိုရောက်တော့ မြန်မာနိုင်ငံဘက်သွားမယ့် ကောင်တာက ဝေးတာကြောင့် ခပ်မြန်မြန် ပြေးသွားကြပြီး ကောင်တာနားက သန့်စင်ခန်းမှာ သမီးကို ဒိုင်ဗာလဲ၊ သန့်ရှင်းရေးလုပ်၊ ပြီးတာနဲ့ ကောင်တာဆီတန်းသွားတော့ ကျွန်မတို့မိသားစုပဲ လေယာဉ်ပေါ်တက်ဖို့ ကျန်တော့တာ။

လေယာဉ်ပေါ်မှာ ထိုင်ခုံက ခပ်ကျဉ်းကျဉ်း နှစ်ခုံတည်းရပေမယ့် လေယာဉ်မယ်လေးတွေကို ကျွန်မရဲ့ဖြစ်စဉ်ကို သေချာပြောပြထားတယ်။ ကလေးတစ်ခုခုဖြစ်ရင် မြန်မြန်လုပ်ရမယ့် အရာတွေလည်းရှိတော့ သူတို့အားလုံးကို ပေးသိမှာဖြစ်မယ်လေ။ ဒိုဟာက ပြန်ထွက်လာတဲ့ လေယာဉ်က အိုမန်နိုင်ငံကို တစ်ခါ ပြန်ဖြတ်ကျော်ပြန်တယ်။ သမီးက မျက်လုံး လုံးဝမဖွင့်ပဲ နို့စို့လိုက်၊ အိပ်လိုက်နဲ့ ရင်ခွင်ထဲမှာ နွေးနွေးထွေးထွေးပဲ၊ လေယာဉ်မယ်တွေ လာပေးကြတဲ့ စားသောက်စရာတွေကိုတောင် ကျွန်မတို့ သေချာမစားဖြစ်ကြဘဲ သမီးဆီမှာပဲ အာရုံတစ်ခုလုံးကို စူးစိုက်ထားတယ်။

'မကြာခင် မြန်မာနိုင်ငံ၊ မင်္ဂလာဒုံလေဆိပ်ကို ဆင်းပါတော့မယ်' ဆိုတဲ့ လေယာဉ်ပေါ်က အသိပေးနှုတ်ဆက်သံကို ကြားချိန်မှ သက်မချ ရှူမိတယ်။ ကျွန်မ လေယာဉ်ပေါ်က ဆင်းရင်များ တင်းထားသမျှ အရည်ပျော်ပြီး ပစ်လဲမလား၊ မေ့မျောသွားမလား၊ နေမကောင်း ဆက်တိုက်ဖြစ်မလားလို့ တွေးထားမိခဲ့ပေမယ့် တကယ် လေယာဉ်ဆိုက်ပြီး လေဆိပ်ထဲဝင်ချိန်မှာ အားအင်အပြည့်နဲ့ တက်ကြွနေခဲ့တယ်။

လူဝင်မှုကောင်တာကို ဖြတ်ပြီး ဝင်မလာခင် လာကြိုတဲ့သူတွေကို မှန်ချပ်ခြားပြီး လှမ်းမြင်နေရတယ်။ သနပ်ခါးတွေ အဖွေးသားနဲ့ လွန်ခဲ့တဲ့ လေးလကထက် တစ်ဝက်နီးပါးလောက် ပိန်သွားတဲ့ ကျွန်မရဲ့အမေ မေကြီး၊ အမျိုးသားရဲ့အစ်မကြီး မထားနဲ့ သူ့အမျိုးသား၊ ပြီးတော့ မငြိမ်းရဲ့အမျိုးသား၊ မှန်ခန်းအတွင်းထဲထိ လာကြိုတာက အမျိုးသားရဲ့ အစ်မငယ် မငြိမ်းနဲ့ တူမလေး ပိုးသံသာ။

အားလုံးကို လှမ်းပြုံးပြနှုတ်ဆက်ပြီး သမီးလေး အိုမန်နီရဲ့ ပြည်ဝင်ခွင့်ကဒ်ကို သက်ဆိုင်ရာ လူဝင်မှုကောင်တာမှာ အပ်လိုက်တယ်။ ပြီးတော့ လေဆိပ်ထဲက လှမ်းထွက်လာခဲ့တဲ့

ခြေလှမ်းတွေမှာ ကြည်လင်ပျော်ရွှင်မှုတွေ အပြည့်. . . ပြီးတော့ အိမ်အပြန်လမ်းမှာ သမီးလေး ဖိုမန့်နီကို ရင်ခွင်ထဲပိုက်ပြီး ဘေးက ကျွန်မအမေ တစ်ဖြစ်လဲ မိခင်တစ်ယောက် တတွတ်တွတ် ပြောနေတဲ့ သူ့ရဲ့သမီးလေးကို လွမ်းဆွတ်တမ်းတတဲ့ အကြောင်းတွေကို ထပ်တူကျတဲ့ ရင်ခုန်သံနဲ့ နားထောင်နေမိခဲ့တယ်. . . ရင်ဘတ်နဲ့ ရင်းပြီးလည်း နားလည်မိတယ်. . . ကျွန်မလည်း မိခင် အမျိုးသမီးတစ်ယောက်ပဲ မဟုတ်လား။

■ ■ ■

## ပြေဦး စာပေတိုက်မှ ထွက်ရှိပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁။ | မြန်မာနိုင်ငံရှိ မြေအမျိုးမျိုးအကြောင်းနှင့် မြေဆိုးအန္တရာယ် ကာကွယ်ရေးလမ်းညွှန် | ပဥ္စလက်ကိုခိုင် |
| ၂။ | ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ် ၁ | မိုးဇော်စိုး |
| ၃။ | ကလေးနှင့် ပန်းချီ | ကိုမင်းမင်း |
| ၄။ | မညိုးပန်းပွင့်ကဗျာများ | မြတ်မိုးဖြူ |
| ၅။ | လိမ္မာယဉ်ကျေး နေထိုင်ရေး | လင်းသက်ခိုင် |
| ၆။ | အနုပညာ(ပန်းချီ) သင်ထောက်ကူစာအုပ် | ဦးထွန်းထွန်းဦး |

## ဆက်လက်ထွက်ရှိမည့် စာအုပ်များ

| | | |
|---|---|---|
| ၇။ | ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ် ၂ | မိုးဇော်စိုး |
| ၈။ | " ဟယ်လိုဖေဖေ "နှင့် မေတ္တာပေါင်းကူး ခံစားမှုစာစုများ | မီမို |
| ၉။ | ရှဉ့်နီပြောသော တိရစ္ဆာန်လေးများ | မိုးဇော်စိုး |
| ၁၀။ | ကာတွန်းရေးဆွဲနည်းအဆင့်ဆင့် | ကာတွန်းဇော်ဝိတ် |

**ပြေဦး** စာပေတိုက်နှင့် ဖြန့်ချိရေး

တိုက် ၁၂၈ အခန်း ၆၄၊ ပြည်ရိပ်မွန် ၆ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၇၃၀၆၀၂၆၉၊ ၀၉ ၇၇၀၈၅၀၄၆၄

လေယာဉ်ပေါ်မှာ ရုတ်တရက် ကလေးမီးဖွားခဲ့ပြီး
အရှေ့အလယ်ပိုင်းနိုင်ငံတစ်ခုမှာ ဆင်းကျန်ရစ်ခဲ့ရတဲ့
မြန်မာအမျိုးသမီး မိခင်တစ်ဦးရဲ့ ခွန်အားနဲ့
ကျော်ဖြတ်ခဲ့တဲ့ စိန်ခေါ်မှုများ...

# ချစ်ရပါသော အိုမန်နီ

## ငြိမ်းအိအိထွေး

